


www.burmeseclassic.com

www.burmeseclassic.com

ရှင်မြတ်နိုး

# ချစ်ပါတယ် ရှင့်ကို



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်သန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (မြ-၁၀၀၉၈)
(ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ။
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀ ကျပ်
ဖြန့်ချိရေး - ဖိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၁၃၇၆၄၊ ၀၉-၅၀၀၉၈၉၄

၈၉၅.၈၃

ရှင်မြတ်နိုး
ချစ်ပါတယ် ရှင့်ကို/ရှင်မြတ်နိုး။ ရန်ကုန်။
ရဲအောင်စာပေ၊ ၂၀၁၃။
(၂၈)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) ချစ်ပါတယ် ရှင့်ကို


အခန်း ( ၁ )

"မင်းနာမည်က ဖြူဖြူစင်စင်လား"

"ဟုတ်ကဲ့ ... cv form ထဲမှာ အားလုံးဖြည့်ထားပါတယ် ဦးမိုးထက်မြင့် ..."

"ဘာ ... မင်းက ကိုယ့်နာမည်ကို ဘယ်လိုလုပ်ပြီး သိနေရတာလဲ ..."

"ရှင် ..."

သွားပါပြီ။ စင်က သတိမေ့လျော့သွားရကာ ဦးမိုးထက်မြင့် နာမည်ကို လွှတ်ခနဲ ပြောလိုက်မိသွားသည်။ တည်တင်းနေတဲ့ သူ့မျက်ဝန်းအကြည့်တွေက နဂါးမင်းရဲ့ မျက်စောင်းကဲ့သို့ စူးရှပြင်းထန်လွန်းစွာ သူမခန္ဓာကိုယ်လေး ပြာကျမတတ်ပင်။

ဦးမိုးထက်မြင့်ကို စင် သိနေတာ တစ်လကျော်ပင်ရှိနေသည်။ စင် တွေ့ဖူးတာက ဓါတ်လှေကားထဲမှာပါ။ မိုးထက်မြင့်နှင့် စင်တို့နှစ်ယောက်ထဲ ဓါတ်လှေကားအတူတူစီးခဲ့ကြဖူးတာ ဦးမိုး



www.burmeseclassic.com

www.burmeseclassic.com



ထက်မြင့်က ခေါ်မိတာဘဲ ဖြစ်၏။ အပြင်ထွက်ကြတော့လည်း အတူတူ။

ဒါပေမဲ့လည်း ဦးမိုးထက်မြင့်ရဲ့ မျက်နှာထားကြီးက တည်တည်ကြီး။ ပတ်ဝန်းကျင်ကိုလည်း စိတ်ဝင်စားဟန်မရှိ။ သူ့ကုမ္ပဏီရုံးခန်းကို လျှောက်သွားသည်။

"ဟဲ့ ... စင် ... နင်နဲ့ခါတ်လှေကားအတူတူစီးလာတာလေ၊ အဲဒါ ... ငါတို့ကုမ္ပဏီရဲ့ မန်နေဂျာလေ ... ဦးမိုးထက်မြင့်တဲ့"

"ဟယ် ... စင်လေ သူ့ကို ခါတ်လှေကားအတူတူစီးလာထဲက စိတ်ဝင်စားနေတာ ချောလိုက်တာချစ်ရယ် ... ယောကျ်ားပီသတယ်၊ သူ့အသားအရည်လေးကလေ ဖြူနုဥနေတာပဲ ... နာမည်က ဦးမိုးထက်မြင့်တဲ့လား ... ဒီနေ့ကစပြီး နင်တို့ကုမ္ပဏီမှာ ဘာအလုပ်ပဲရရ စင် လျှောက်တော့မယ် ... "

သူငယ်ချင်း ချစ်ချစ်ဖော်ဆီ လာလည်ရင်း ဦးမိုးထက်မြင့်နှင့် မထင်မှတ်ဘဲ ဓါတ်လှေကားအတူတူစီးမိပြီး ဖူးစာရေး နတ်မင်းကြီးက မှင်ရည်ကျဲလိုက်ပြီးလားပင် မသိတော့။ စင့်နှလုံးသားနုနုလေးထဲသို့ ဦးမိုးထက်မြင့်က နေရာယူခဲ့လေသည်။

"နင်က ဘွဲ့တွေရထားတာ Diploma တွေလည်း ယူထားသေးတယ် ... လောလောဆယ် သန့်ရှင်းရေးပဲ ခေါ်တာဟ"

"သန့်ရှင်းရေးဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ်ဟာ ... လျှောက်မယ်၊ နောက်မှ တဖြည်းဖြည်း စင်ရထားတဲ့ဘွဲ့တွေနဲ့ ကိုက်ညီမယ့်နေရာ ရွှေ့ပစ်မယ်ဟာ ... "





"စင် ... "

"လုပ်မနေနဲ့ ... နင်တို့မန်နေဂျာကို ဖြူဖြူစင်စင် အရမ်းခိုက်သွားပြီဟာ ... သန့်ရှင်းရေးလုပ်ရလဲတန်တယ်"

"စင် ... အရူးမ"

"နင်သိပါတယ်နော် ချစ် ... ယောကျ်ားလေးတွေကို ဘယ်တော့မှ စိတ်မဝင်စားလို့ ဖြူဖြူစင်စင်ကို မာနမင်းသမီးလေးအဖြစ် ဘယ်လောက်အထိ နာမည်ကျော်ခဲ့လဲ ... "

ချစ်လည်းအသိဆုံး။ တစ်လောကလုံးမှာလည်း ရည်းစားမထားဘူးတဲ့ မာနခဲလေး။ ယောကျ်ားလေးတွေကို လုံးဝစိတ်မဝင်စားတဲ့ ဖြူဖြူစင်စင် ကောင်မလေး။ ကုမ္ပဏီတစ်ခုခုမှာ *အရေးပါ* အရာရောက်တဲ့ လူတစ်ယောက်ယောက်ရဲ့ အတွင်းရေးမှူးမလေး ဖြစ်ချင်လို့ လိုအပ်တဲ့ Diploma တွေ၊ Certificate တွေ တစ်ခုပြီး တစ်ခု အရယူနေခဲ့သူပါ။

"ဖြူဖြူစင်စင်"

"ရှင်"

"မင်း အခုလာလျှောက်တဲ့အလုပ်က ဘာအလုပ်မျိုးလည်းဆိုတာ မင်းသိတယ်နော် ... "

"ရှင် ... ဘာအလုပ်လဲ၊ ဟုတ် ... သိပါတယ်၊ ကုမ္ပဏီရဲ့သန့်ရှင်းရေးဝန်ထမ်းပါ ... သိပါတယ် ... "

စင် အတွေးတွေ လွန်သွားပြီးမှ ဦးမိုးထက်မြင့်အသံကြောင့် စိတ်ကူးယဉ်အတွေးနုနုတွေ မုန်တိုင်းကြမ်းကြမ်းကြီးနှင့် ရင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ဗွေ့လိုက်ရသလို တစစီ လွင့်မျောပျောက်ပျက်သွားရသလို မျက်ခမ်းမြူးမြူးလေးတွေနှင့် အလန့်တကြား မော့ကြည့်မိသည်။

"ခင်း ဘာသဘောနဲ့ ဒီအလုပ်ကို လာလျှောက်ရတာလဲ၊ ခင်းရဲ့ CV form ထဲမှာ မင်းရတဲ့ ဘွဲ့ရော၊ Diploma တွေရော Certificate တွေရော ထည့်ထားတယ်၊ မင်းခဏအပြင်ထွက်ပြီး အခန်းဝမှာ ထောင်ထားတဲ့ White Board မှာ သန့်ရှင်းရေးဝန်ထမ်းတစ်ယောက်ရဲ့ ရှိရမယ့်အချက်အလက်တွေ ကပ်ထားတယ်၊ သွားကြည့်ပါ ... "

"ဟို ... ဟိုလေ ... ကျွန်မ အားလုံးဖတ်ထားပြီးပါပြီ၊ ကျွန်မ တစ်ခုလောက်မေးချင်ပါတယ်၊ ကျွန်မ ဝါသနာပါရင် သန့်ရှင်းရေးအလုပ်ကိုလုပ်လို့ မရဘူးလားဟင်"

"မရဘူး"

"ရှင်"

"မင်းပုံစံက လက်ကျောတင်းမယ့်ပုံ မပေါ်ဘူးလေ၊ မင်းလက်သဲတွေက ရှည်တယ် ... ပြီးတော့ အလှအပဆေးချယ်ထားသေးတယ် ... မင်းလက်ချောင်းတွေက တံမြက်စည်းတံကိုတောင် ဆုပ်ကိုင်နိုင်မှာမဟုတ်ဘူး ... မင်းသာ ဦးကျောက်ပုံမှန်ဖြစ်နေမယ်ဆိုရင် သန့်ရှင်းရေးအလုပ်ကို လုံးဝမလျှောက်သင့်ဘူး ... ဖြူဖြူစင်စင် မင်းသွားနိုင်ပြီ"

"ဟိုလေ ... ဟို ... ကျွန်မ အလုပ်အရမ်းလိုနေလို့ပါနော်၊ ကျွန်မ အိမ်ငှားနေရတာပါ၊ အိမ်လခလည်း ပေးစရာမရှိဘူး၊ ထမင်း





စရိတ်လည်း ပြတ်နေလို့ပါ ... အလုပ်ကိုရတဲ့အလုပ် ... "

"နောက်တစ်ယောက် သွင်းပေးပါ"

"ကလင် ... "

"ဟူး ... ကွိုင်ပဲ"

သူမ သက်ပြင်းမောကြီးကို မှုတ်ထုတ်ပြီး သူ့အခန်းထဲကနေ လှမ်းထွက်လာခဲ့သည်။ နောက်တစ်ယောက်နှင့် အခန်းဝမှာ ဆုံမိကြ၏။ သူမပုံစံနှင့် လုံးဝဆန့်ကျင်ဘက်ပဲ။ စင်က သန့်ရှင်းရေးလျှောက်တာ ရှိုးအပြည့်နှင့်ပါ။ ဦးမိုးထက်မြင့်များ သူမအလှတွေမှာ မိန်းမောစီးမျောသွားမလားလို့ပါ။

ဟွန်း ... တစ်စက်လေးတောင် မကြည့်ဘူး။ ဝေဖန်ပြောဆိုလိုက်တာလည်း ပြစ်ပြစ်နှစ်နှစ် မှုချိုးမျှစ်ချိုး ခပ်နှိမ်နှိမ်။ စင် မကျေမနပ်နှင့် အပြင်သို့ရောက်လာခဲ့သည်။

"မင်းနာမည် ဖြူဖြူစင်စင်လား ... "

"ဟုတ်ကဲ့"

"မန်နေဂျာ ဦးမိုးထက်မြင့်က ဖုန်းလှမ်းဆက်ထားပါတယ်"

"ရှင် ... ဘာတဲ့လဲဟင် ... စင့်ကို အလုပ်ခန့်လိုက်ပြီလား"

"မဟုတ်ပါဘူး ... မင်းထွက်လာရင် ဟို White Boad မှာ ကပ်ထားတဲ့ စာရွက်ကို အသေအချာထပ်ပြီးဖတ်ဖို့ ညွှန်ကြားတာပါ"

"ဟွန်း ... "

စင် နှုတ်ခမ်းလေး တွန့်မဲ့ကောက်ကွေးသွားသည်အထိ မဲ့



www.burmeseclassic.com

www.burmeseclassic.com



သွားရသည်။ တကယ်ပါပဲ ... သေသေချာချာ ပြန်တွေးကြည့်လိုက်တော့ စင့်အဖြစ်က ရက်စရာကြီးပဲ။ သူ့ကိုလာငမ်းပြီး သန့်ရှင်းရေးအလုပ်သမားအဖြစ် လာလျှောက်သည်ဟု ထင်သွားပြီလေ။ ဟုတ်လည်းဟုတ်တာပဲ။ စင်ကလည်းစင်။ ခန္ဓာကိုယ်တစ်ခုလုံး ရှက်စိတ်တွေ ဖြန်းသွားရကာ ရှိန်းဖိန်း ထူထူပူပူကြီးနှင့် သူငယ်ချင်း ချစ်ချစ်ဖော် အနားရောက်လာသည်။

"ဟဲ့ စင် ... ဘယ်လိုလဲ ... နင့်မျက်နှာကြီးကြည့်ရတာ ရှုံ့တွနေတာပဲ ... ဒီအတိုင်းနေရင် ချောပါတယ်"

"တကယ်ပဲဟယ် ... သေချင်တယ် ... "

"သေချင်ရင် အဆိပ်သောက်မလားစင် ... ငါ့မှာ ကြွက်သတ်ဆေးရှိတယ်၊ အမေက ကြွက်တွေနှိမ်နင်းဖို့ မှာလိုက်လို့ဝယ်ခဲ့တာ"

"နင်ကလည်းတစ်မျိုး ... ဒီမှာ စင်ဘယ်လောက်အထိ စိတ်ညစ်ကြေကွဲလာရလဲသိလား ... ချစ် ... နင်တို့ မန်နေဂျာလေ"

"နင့်မန်နေဂျာပါ ... "

"ထားလိုက်ပါတော့ဟာ ... စင့် ... မန်နေဂျာပဲ၊ မျက်နှာကြီးတင်းပြီး ငါ့ကိုပုံစံတွေကောင်းကောင်းပေးလိုက်တယ်၊ ဘယ်လိုဟာကြီးလည်းမသိပါဘူး ... ရှက်လို့သေတော့မယ်၊ ရှက်တယ် ... အရမ်းရှက်တာပဲ ... "

သူနှင့်တွေ့ဆုံခဲ့တဲ့ အဖြစ်အပျက်တွေကို ပြောပြတော့ ချစ်က အူလှိုက်သည်းလှိုက် ရယ်မောနေသည်။ စင် မျက်နှာလေးကတော့ ရှုံ့တွသုန်မှုန်နေဆဲပင်။ ဦးမိုးထက်မြင့်အကြောင်းကို လုံးဝ





မတွေးချင်ပါဘူး။ စင်က မာနဘယ်လောက်ကြီးလဲ။ ပိုက်ဆံမချမ်းသာပေမယ့် အလယ်အလတ် အသင့်အတင့်နေနိုင်ပြီး တစ်ဦးတည်းသော သမီးလေးဖြစ်၍ မိဘတွေရဲ့ အလိုလိုက်ခြင်းကို ခံရသူပါ။ သူတွေ့တာလဲ အမှန်ပဲလေ။ ရှင်ကြီးကို အမှတ်မထင် ဆုံမိသွားရတာကိုး။

"စင်"

"ဟင်"

"စိတ်ဓာတ်မကျပါနဲ့ဟာ ... တစ်နေ့နေ့ အခွင့်အရေးရမှာပါ၊ ဟဲ့ ... ပြောလို့တော့ မရဘူးနော် စင်၊ သူကလည်း ဖြူဖြူစင်စင်ဆိုတဲ့နာမည်ဆန်းဆန်းလေးနဲ့ ကောင်မချောချောနုနုထွတ်လေးကို ရင်ထဲအသည်းထဲအထိ ခိုက်ချင်ခိုက်သွားနိုင်တယ်လေ"

မဖြစ်နိုင်ပါဘူး။ သူက စင့်ကို သေသေချာချာတောင် မကြည့်ပါဘူး။ အဖက်မလုပ်သလိုလို တင်းတည်နေတဲ့မျက်နှာထားကြီးက စင့်ခန္ဓာကိုယ်တစ်ခုလုံး လောင်မြိုက်ဝါးမျိုတော့မတတ်။

"ပြန်တော့မယ်ဟာ ... စင် ဒီအလုပ်လျှောက်မိတာ မှားသွားတယ် ... တကယ်ပါပဲဟယ် ... ငါယူထားတဲ့ ဘွဲ့တွေတင်ပြမိတာမှားတယ် ... "

စင် နေထိုင်ရတာ တကယ်ကိုအောက်သက်သက် ပူပူထူထူကြီး။ သူ့ကုမ္ပဏီက လူတွေကိုပင် မျက်နှာချင်းမဆိုင်ရဲတော့။ စင့်ကို ဘယ်လောက်အထိ ချွတ်လိုက်လဲ။ သူ့ဝန်ထမ်းကိုတောင် ဖုန်းဆက်ပြီး ပြောနေသေးတယ်။ အရမ်းမုန်းစရာကောင်းတဲ့ လူကြီး။ စင့်မှာ



www.burmeseclassic.com

www.burmeseclassic.com



[illegible] ချစ်ပါတယ်နော်။ တော်ပါပြီ … ရှင်ကြီးတို့ကုမ္ပဏီမှာ [illegible] အလုပ်မလုပ်တော့ဘူး။

"[illegible] … ဖြူဖြူစင်စင့်ကို ရှင်ကြီးလျှော့မတွက်နဲ့နော်၊ မာန [illegible] မိုးသိအောင်မြင့်နေတာ … တော်ရုံယောကျ်ားလေးတစ်[illegible]ယောက်ကို စိတ်ဝင်စားတာမဟုတ်ဘူး"

သူမ စိတ်ထဲကနေ မကျေမနပ် ဒေါသတကြီးကြိမ်းဝါးပြောဆိုရင်း ချစ်ချစ်ဖော် အနားကနေ ထပြန်လာခဲ့သည်။

"တကယ်ပါပဲဟယ် … ဖြူဖြူစင်စင် နင့်မာနတွေ ဘယ်ရောက်ကုန်ပြီလဲ၊ ယောကျ်ားတစ်ယောက်ကို နင်ကစပြီး မချစ်ဘူးလို့ ကြွေးကြော်နေခဲ့တာလေ … သူချစ်ကိုပဲ နင်ရှာချင်ခဲ့တာပါ။ အို … အချစ်ဆိုတာကိုတောင် လုံးဝမစဉ်းစားချင်တဲ့မိန်းမပါနော်"

သူမ ခြေလှမ်းတွေ တစ်လှမ်းလှမ်းမိတိုင်း ကိုမိုးထက်မြင့်ရဲ့ကုမ္ပဏီကြီးအား စွန့်ခွာသွားရပြီဆိုတဲ့ အသိက စင့်နှလုံးသားတွေကို အပ်တစ်ချောင်းနှင့် ထိုးစိုက်ခြင်းခံရသလို ရှုးနင့်နာကျင်ရသည်။ တကယ်မကျေနပ်ဘူး။ ဦးမိုးထက်မြင့်က စင့်နှလုံးသားကို ပိုင်စိုးသူဖြစ်နေ၏။ ဦးမိုးထက်မြင့်ရဲ့ ဟန်ပန်အမူအယာတွေက စင် လုံးဝမေ့ပစ်လို့မရတဲ့အရာ ဖြစ်သွားရသည်။

"ယောကျ်ားပီသတယ် … ပညာတွေလည်း အရမ်းတတ်တာပဲ … ချောလိုက်တာ … သူ့နှုတ်ခမ်းတွေက စိုရဲနေတယ်"

စင် … နင် ဘာတွေစဉ်းစားနေတာလဲဟယ်။ ဦးမိုးထက်မြင့်လိုလူမျိုးကိုများ အခြောက်တိုက်ဘဝင်မြင့်နေတဲ့ လူကြီး။ သူ့မှာ





ချစ်သူလည်း မရှိနိုင်ပါဘူး။ ဘယ်လိုမိန်းမမျိုးမှ ရှင်ကြီးက အထင်ကြီးရွေးချယ်မှာလဲ။ စင့်နှလုံးသားတွေ တဆစ်ဆစ်နာကျင်နေရသည်။

"ပြန်မယ် … တော်ပါပြီ၊ ရှင်ကြီးအလုပ်က ရွှေထွက်နေပါစေ၊ ကျွန်မကို လခတွေ သမ္မတလစာပဲ ပေးပေး ဘယ်တော့မှမလုပ်ဘူး … နောက်ထပ်လည်း မလျှောက်တော့ဘူး၊ မေ့ပစ်လိုက်တော့မယ်"

ရှင်ကြီး ကုမ္ပဏီရဲ့ဝန်ထမ်း ကျွန်မသူငယ်ချင်း ချစ်ကိုတော့ သူငယ်ချင်းအဖြစ်ကနေ ရပ်ဆိုင်းပစ်လိုက်မယ်။ ဦးမိုးထက်မြင့်ရဲ့ အပြုအမူတွေကို တွေးမိတိုင်း စင် ရှက်လွန်းလို့ ခြောက်ထပ်တိုက်ကြီးပေါ်ကပင် ခုန်ချပြစ်ချင်မိနေသည်။

"ရှက်လိုက်တာနော် … သေတောင်သေပစ်ချင်တယ်၊ သူ့ကိုငမ်းချင်လို့ ဒီအလုပ်လာလျှောက်တာ အသိသာကြီးဖြစ်သွားတယ်ခင်ရယ် … နင် ဘာဖြစ်လို့ မဆင်မခြင် လုပ်မိရတာလဲ"

စင် နောင်တတွေရနေသည်။ အတွေးတွေနှင့် ရှုပ်ထွေးထူပူနေရ၏။ အို … ဓါတ်လှေကားနားတောင် ရောက်နေပြီပဲ။ ဓါတ်လှေကားက ပြန်ပိတ်တော့မည်ဖြစ်၍ စင် အပြေးအလွှားနှင့် ဓါတ်လှေကားထဲ ပြေးဝင်လိုက်သည်။

"အမလေး … သရဲ … သရဲ … "

"ဟင် … "

ဓါတ်လှေကားထဲသို့ အလင်းထဲကနေ အပြေးအလွှား ပြေးဝင်လိုက်သဖြင့် မျက်လုံးတွေ ပြာဝေသွားရကာ ဓါတ်လှေကားထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မဲမဲသဏ္ဍာန်ကြီးတစ်ခု ရပ်နေတာတွေ့လိုက်သဖြင့် အလန့်တကြား [illegible] သေသေချာချာ ကြည့်လိုက်တော့ လူတစ်ယောက်ဖြစ်နေသည်။

"ဟင် ... ရှင် ... ရှင် ... "

ဘုရားရေ ... ဓါတ်လှေကားထဲမှာရပ်နေသူက ဦးမိုးထက်မြင့် ဖြစ်နေသည်။ သေလိုက်ပါတော့။ ဖူးစာရေးနတ်မင်းကြီး မှင်ရေကျဲပြန်ပြီလားမသိဘူး။ စိတ်ထဲမှာ ပျော်သွားသည်။

"ဟို ... ဟို ... ဦးမိုးထက်မြင့် တောင်းပန်ပါတယ်နော်၊ ရုတ်တရက်ဆိုတော့ စင်က လန့်သွားတယ် ... "

စင်က စကားရောဖောရောနှင့် နှုတ်ဆက်စကားပြောလိုက်တာပင် သူက အဖက်မလုပ်သလို နည်းနည်းလေးမှ လှည့်မကြည့်။ ဘေးမှာ လူတစ်ယောက်ရှိနေတာပင် သတိထားပုံမရ။ စင် ထပ်ပြီးရှက်ရပြန်သည်။

"ငါကလည်း ငါပဲ ... ဒီလောက်ချောမောခန့်ညားနေတဲ့ လူကိုများ သရဲလို့ထင်ရတယ်လို့"

သူ့ကိုလည်း မကြည့်ရဲတော့။ တစ်နေကုန် စင်လုပ်သမျှ အဆင်မချောဘဲ ပြဿနာတွေဖြစ်နေရသည်။ မလှုပ်ရဲတော့။ ကျောက်ရုပ်လေးတစ်ရုပ်ကဲ့သို့ တောင့်တောင့်လေး ရပ်နေမိ၏။ ဘယ်လိုလူကြီးမှန်း မသိပါဘူး။ မပြုံးမရယ်နဲ့ မာနကြီးလွန်းတယ်။ မြေညီထပ်ရောက်တော့ ဘေးပတ်ဝန်းကျင်ကို မကြည့်တော့ ထွက်သွားသည်။





"ဘယ်လိုလူကြီးမှန်း မသိပါဘူး၊ မာနတွေပြနေလိုက်တာ၊ တော်ပါပြီ ... စိတ်မဝင်စားတာပဲ ကောင်းပါတယ်"

စင်လည်း မျက်နှာထားတင်းတင်းလေးနှင့် အပြင်ဘက်ထွက်လာခဲ့သည်။

"ဟင် ... ဆုံပြန်ပါပြီ"

သူမ အပြင်သို့ ရောက်သည်နှင့် သူက အဖိုးတန်ကားအကောင်းစားကြီးပေါ် ကျော့ကျော့လေးတက်သွားပြီး မောင်းထွက်သွားလေသည်။

စင့်စိတ်တွေက ပျော့ညံ့တိမ်းညွတ်သွားရပြန် လေပြီ။ ဦးမိုးထက်မြင့်ကတော့ ဘယ်လိုပဲကြည့်ကြည့် ဘယ်လိုမှ မှန်းတီးလို့ မရ။

ဦးမိုးထက်မြင့်လို့သာ စင်ကခေါ်နေတာ။ အသက်က စင့်ထက် သုံးနှစ်လောက်ပဲကြီးမည်။ လေးစားကြည်ညိုမိနေ၍ ဦးတပ်ခေါ်မိတာ စင်ကသာ သူ့အကြောင်းအမျိုးမျိုးတွေးပြီး ရင်တွေခုန်နေရတာပါ။ ဦးမိုးထက်မြင့်ကတော့ သူမနှင့်အဝေးဆုံးမှာပဲ ရှိနေသည်။

*◆*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

ဆုံလည်း ဆုံတွေ့တတ်တဲ့ ဖြူဖြူစင်စင်ဆိုတဲ့ကောင်မလေးကို သူ နည်းနည်းလေး အမြင်ကတ်နေမိသည်။

သူ့ကုမ္ပဏီမှာ အလုပ် လာလျှောက်တာ မရိုးသားနိုင်ဟု ထင်မိနေ၏။ သူမရထားတဲ့ ဘွဲ့တွေ ဒီဂရီတွေနှင့် ဆန့်ကျင်ဘက် သန့်ရှင်းရေးအလုပ်တဲ့။ ဒီကောင်မလေး လုပ်ရပ်က မရိုးသားနိုင်ဘူး။

ဒါကြောင့် ... မိုးက ခပ်ပြတ်ပြတ်ပြောပစ်လိုက်တာပါ။ မိုးရဲ့ အခြေခံစိတ်ထဲမှာ ယောကျ်ားလေးတွေအပေါ် မြူဆွယ်ဖြားယောင်းချင်သော မိန်းမမျိုးကို မုန်းတီးနေမိသည်။

သူ့မိထွေးကိုပဲ ကြည့်လေ။ ကလေးတစ်ယောက်အမေဖြစ်ပြီး ဒက်ဒီလို အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီး တစ်ယောက်ကို မြူဆွယ်ဖျားယောင်း၍ လက်ထပ်ယူနိုင်ခဲ့၏။

အဲဒီတုန်းက မိုး အသက်ဆယ်နှစ်ကျော် ကျော်လေးပါ။ မာမီဆုံးသွားပြီး နှစ်နှစ်အကြာမှာပဲ ငယ်ချစ်ဦးဆိုပြီး အကြောင်းပြကာ





မိန်းမတစ်ယောက်ကို လက်ထပ်ယူခဲ့သည်။

"တကယ်တော့ မြတ်နိုးက ဒက်ဒီ့ငယ်ချစ်ဦးပဲသား၊ မင်းမာမီနဲ့က လူကြီးတွေအတင်းအကျပ် လက်ထပ်ပေးလို့ယူခဲ့ရတယ်၊ အချစ်မပါခဲ့ဘူးလေ ... "

မိုး ဆယ်နှစ်ကျော်ဆိုပေမယ့် ဒက်ဒီ့စကားတွေက ရင်ထဲသို့ အဆိပ်လူးထားတဲ့ မြှားတစ်စင်းပမာ ထိုးဝင်စိုက်ခဲ့သည်။ မာမီ့ကို ချစ်ဘဲနှင့် လက်ထပ်ခဲ့ရတယ်ဆိုတဲ့ ဒက်ဒီစကားလုံးတွေကြောင့် ဝင်။ မိုး မှတ်မိသလောက် မာမီက မိန်းမပီသစွာ ဒက်ဒီနှင့်မိသားစုကို ပြုစုရင်း ဒက်ဒီရဲ့ဥပေက္ခာတွေကို ကြိတ်မှိတ်ခံရင်း အိမ်ထောင်သည်ဘဝကို ဖြတ်သန်းခဲ့ရရှာသည်။

"မာမီ ဘာဖြစ်လို့ ငိုနေရတာလဲ ... ဒက်ဒီ ပြန်မလာသေးလို့ သားဟင်"

"မဟုတ်ပါဘူး သားရယ် ... မာမီ မျက်စိထဲ ပိုးကောင်ဝင်သွားလို့ပါ၊ ဒက်ဒီက မာမီတို့မိသားစုချမ်းချမ်းသာသာနေနိုင်အောင် ငွေတွေသွားရှာနေတာပါ ... "

မာမီ အမြဲတမ်းမျက်ရည်တွေကျနေတတ်တာ သူသိနေသည်။ မိုးစိတ်ထဲမှာတောင် ဒက်ဒီက ရက်စက်သည်ဟု ထင်မိခဲ့၏။ စီးပွားရေးလုပ်ငန်းတွေကို အကြောင်းပြ၍ အိမ်ကိုအချိန်မှန် မပြန်ခဲ့။

အဖွားပြောပြတာကတော့ မင်းဒက်ဒီက အဖွားတို့ပေးတဲ့ ချင်းအနီးတွေနဲ့ စီးပွားရေးလုပ်တာ အောင်မြင်တော့ မာနတွေနဲ့ ... မိုးမာမီကို လူကြီးတွေအတင်းပေးစားလို့ ယူလိုက်ရတာ



www.burmeseclassic.com

www.burmeseclassic.com



[illegible] ပါသလိုလိုနဲ့ သမီးရေ့ရေးအတွက် အဖွားရင်လေး [illegible]

အဖွား ဆုံးပြီး မကြာခင်မှာပဲ မာမီနှလုံးရောဂါဖြစ်လာ၍ [illegible]ကုသရင်း ဆုံးသွားခဲ့သည်။ မာမီဆုံးတော့ ဒက်ဒီက နိုင်ငံခြား[illegible]မှာ။ သဂြိုလ်ကာနီးမှ ဒက်ဒီရောက်လာခဲ့၏။ ဝမ်းနည်းကြေကွဲရိပ်တွေ ရှိမနေခဲ့။

ထိုအချိန်ထဲက သူ့နှလုံးသားနုနုလေးထဲမှာ မာမီ့အတွက် နာကျည်းခံ ပြင်းမူဝေဒနာတွေ ရှိလာခဲ့ရသည်။

"မိုး ... သူက တာတာတဲ့၊ ဒက်ဒီ့ငယ်ချစ်ဦးလေ၊ မင်းအမေလို့သတ်မှတ်ရမယ်၊ ဒက်ဒီနဲ့တာတာ လက်ထပ်ပြီးကြပြီ ... ဒါက မင်းညီလေး ရန်မခတဲ့ ... ရန်လို့ပဲခေါ်၊ မင်းထက် နှစ်နှစ်လောက်ငယ်တယ်"

မိထွေး ဒေါ်တာတာနှင့်သား ရန်မခတို့က မိုးနေထိုင်တဲ့ တိုက်ကြီးဆီ ရောက်လာပြီး မာမီ့နေရာအား အစားထိုးဝင်ရောက်၍ အရှင်သခင်မကြီး ဖြစ်လာသည်။

"မောင်ရယ် ... သားကြီးမိုးက တကယ့်ကိုယောကျ်ားပီသပြီး ခန့်ညားချောမောတာပဲ ... စာတွေလည်း အရမ်းတော်တယ်ဆို ... ထူးချွန်ထက်မြက်မယ့်သားပဲ ... "

ဒက်ဒီ့ကို မောင်တဲ့။ သူ့ နားထဲမှာ လုံးဝနားဝင်မချိုခဲ့။ ပြီးတော့လည်း တာတာဆိုတဲ့ နာမည်နှင့်လိုက်အောင် ဒက်ဒီ လက်မောင်းကိုဖက်တွယ်ချိတ်ဆွဲလျှက် ပြုစုယုယနေတာ မုန်းတီးမိသည်။





[illegible]ထွေးနှင့်ဒေါ်တာတာရဲ့သား ရန်မခကိုလည်း အမြင်ကတ်မိနေ၏။ အချောင်သမားတွေ ... ဒေါ်တာတာက သူ့ကို ဘယ်လောက်ပဲ ချော့မော့ချိုသာနေပါစေ မိုးကတော့ မာယာများလွန်းတဲ့ မိန်းမအဖြစ်ပဲ သတ်မှတ်နေခဲ့သည်။

"သားလေး မိုး ... ဘာဟင်းတွေကြိုက်လဲ၊ မာမီ ချက်ကျွေးမယ် ... သားကြီးက ညဆို အချိုရည်တစ်ခွက်တော့ အမြဲတမ်း သောက်တယ်ဆို ... "

"ကျွန်တော့် မာမီရှိတုန်းကပါ၊ အခု မသောက်တော့ပါဘူး၊ ပြီးတော့ ... ကျွန်တော့်ကို စကားပြောရင် မာမီဆိုတဲ့အသုံးအနှုန်း [illegible] မသုံးပါနဲ့ အန်တီ ... ကျွန်တော့်အမေနေရာမှာ ဘယ်သူနဲ့မှ အစားမထိုးနိုင်လို့ပါ ... "

သူ ခပ်ပြတ်ပြတ်ပဲ ပြောပစ်သည်။ ဒက်ဒီက သည်းသည်း[illegible]။ မိထွေးကပါတဲ့သားကို ချစ်နေ၏။ အလိုလိုက်အရေးပေးလွန်း[illegible]ဟု မိုး ထင်ခဲ့သည်။ ထိုနေ့ကစပြီး မိုးတစ်ယောက်ထဲ နေထိုင်[illegible]တဲ့အကျင့်စရိုက်တွေ ဖြစ်သွား၏။ ဒက်ဒီက မကြိုက်။ သူက [illegible]နေသည်။

"တာတာက သားကို အရမ်းချစ်တယ်လေ ... သူ့သားထက် [illegible] ချစ်တယ်တဲ့၊ သားဘက်က စိမ်းစိမ်းကားကား မလုပ်ပါနဲ့ [illegible]"

"နေပါစေ မောင်ရယ် ... သားကြီးမိုး နေတတ်သလို လွတ်[illegible]လပ်လပ်နေပါစေ ... တာ့ကို အားမနာပါနဲ့၊ တစ်နေ့နေ့ တာ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဂြိုင်းမေတ္တာတွေကို မိုးသိလာပါလိမ့်မယ်”

ဒက်ဒီလည်း ဘာမှမပြောတော့။ သူက ပညာရေးနှင့်ဘဝကို အောင်မြင်မှုတွေ ပိုင်ဆိုင်ရအောင် ကြိုးစားသည်။ အလုပ်ကိုပင် ဒက်ဒီ့ကုမ္ပဏီမှာ မလုပ်ခဲ့။ မာမီ့အစ်ကိုကြီးရဲ့ ကုမ္ပဏီမှာ အားကိုးအားထားပြုရတဲ့ မန်နေဂျာအဖြစ် ကြိုးစားလုပ်ကိုင်ခဲ့သည်။

“သားကြီးရယ် … ဒက်ဒီ အသက်ကြီးပါပြီကွာ၊ မင်းကို အား ကိုးချင်တယ်၊ ဒက်ဒီ့ကုမ္ပဏီမှာပဲလုပ်ပါ၊ မင်းညီကိုလည်း လက်တွဲ ခေါ်ပါ …”

သူ လက်မခံခဲ့ပေ။ ဒက်ဒီနှင့် လုံးဝမပတ်သက်ခဲ့။ တစ်တိုက် ထဲ အတူတူနေထိုင်ကြပေမယ့် မိုးက မိသားစုကို စိတ်မဝင်စားသူ ပြီးတော့လည်း မိထွေး ဒေါ်တာတာ သူ့အပေါ် ဘယ်လောက် ချိုသာနေပါစေ ဒက်ဒီ့အား ဖြားယောင်းမြူဆွယ်ခြင်း နည်းပ ယာယ်တစ်ခုဟုပဲ ထင်မှတ်ခံယူထားသည်။

ရန်မခက ဒက်ဒီ့ကုမ္ပဏီမှာ လုပ်နေ၏။ မိုး စိတ်မဝင်စား ရန်နှင့်လည်း မလွဲသာမရှောင်သာမှ စကားပြောဖြစ်သည်။

“ရန်က လူဆိုးလေးပါ မိုးရယ် … ပြောမှား ဆိုမှားရှိ ခွင့်လွှတ်ပေးဖို့ အန်တီတာ တောင်းပန်ပါတယ်”

“သူ့ဟာသူ ဘာတွေပဲဖြစ်နေဖြစ်နေ ကျွန်တော်နဲ့လာမပတ် သက်ဖို့ပဲ ပြောထားပါ”

ဒေါ်တာတာ့ကို မိုးပြတ်ပြတ်သားသား ပြောဆိုဆက်ဆံ တာကို ဒက်ဒီက မကြိုက်ပေ။ သူ့ကိုလည်း ဘာမှမပြောခဲ့။ ဒေါ်





တာနဲ့ရော ရန်နှင့်ပါ ပတ်ပတ်သက်သက် မလုပ်ခဲ့။ ဒက်ဒီ စိတ် မကောင်းဘူးမိုးရာ … မင်းခံစားချက်တွေကို ဒက်ဒီထည့်မတွက်ခဲ့ မိတာ နောင်တရတယ်ဟု ပြောသည်။

“ကျွန်တော့်အတွက် ဘာမှထည့်စဉ်းစားမပေးနေပါနဲ့ ဒက်ဒီ၊ ကျွန်တော့်ဘဝကို ကျွန်တော့်အစွမ်းအစနဲ့ပဲ ရပ်တည်ချင်ပါတယ်၊ ဒက်ဒီပျော်သလိုနေပါ … ပြဿနာ မရှိပါဘူး …”

မိုးတစ်ယောက်ထဲ နေထိုင်တတ်တဲ့အကျင့်ရှိသွားရသည်။ ချစ်ရယ်ဖို့ပင် သူမေ့နေပြီလားမသိတော့။ မလွဲသာမရှောင်သာ စီးပွား ရေးအရ တွေ့ဆုံခဲ့ရာမှာတော့ နှုတ်ခမ်းလေး တွန့်ကွေးရုံ ပြုံးတတ် သူအဖြစ် နာမည်ကြီးခဲ့၏။

သူက စည်းစနစ်ကြီးသည်။ တိကျ၏။ မာမီ့အစ်ကို သူ့ဘကြီး ကတော့ ယုံကြည်စွာ လုပ်ငန်းတစ်ခုလုံး သူ့လက်ထဲအပ်ထားခဲ့ သည်။

“မိုးက တိကျပြီး လုပ်ငန်းတွေကို ပြတ်ပြတ်သားသား ဆုံး ဖြတ်ကိုင်တွယ်တတ်တယ် … ဘဘကြီး အရမ်းအားကိုးတယ်ကွာ၊ ကြောင့်လည်း ဘဘကြီး စီးပွားရေးလုပ်ငန်းတွေ အောင်မြင်ခဲ့ တာပဲ …”

ဘဘကြီးက သူ့မိသားစုနှင့်လာရောက်နေထိုင်ဖို့ ခေါ်ခဲ့ပေ မယ့် သူ့မာမီ ခေါင်းချခဲ့တဲ့ တိုက်ကြီးကို မိုး ဘယ်နည်းနှင့်မှ မစွန့် နိုင်ခဲ့။

ဒက်ဒီ့ကိုလည်း သူချစ်သည်။ မိထွေးရဲ့ မာယာစက်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



[illegible]ရောက်နေမှာလည်း စိတ်ပူပင်၍ ဒက်ဒီနှင့်ပဲအတူတူ [illegible]ခဲ့၏။ ဒါပေမဲ့လည်း ... သူ အထီးကျန်စွာနေသည်။

သူအိမ် ပြန်ရောက်လာပြီး ကားပေါ်ကဆင်းတော့ ခြံထဲမှာ ရန်မဇ ကောင်မလေးတစ်ယောက်နှင့် ကြက်တောင်ရိုက်နေသည်။ သူအမြင်ကတ်တာ အဲဒါပဲ။ ဒီကောင် ရန်မခ အကျင့်စရိုက်တွေ မိုး လုံးဝ မနှစ်သက်မိ။ ဒက်ဒီအလိုလိုက်ထားသဖြင့် ဒီကောင်က ထင်တိုင်းကြဲနေသည်ဟု ထင်သည်။

"သားကြီး မိုး ... ပြန်လာပြီလား၊ သားဒက်ဒီ နေမကောင်း ဘူး ... ခဏလောက် သွားတွေ့လိုက်နော်၊ အန်တီတာ ထမင်းပွဲ ပြင်ထားပေးမယ် ... သားဝင်စားလိုက်နော် ..."

"ဟုတ်ကဲ့"

သူအခန်းထဲဝင်လာခဲ့သည်။ ဒက်ဒီ နေမကောင်းဘူးတဲ့။ သူ စိတ်ပူသွား၏။ တကယ်တမ်းကျတော့ ဒက်ဒီကို သူအရမ်းချစ်ခင် တွယ်တာခဲ့သည်။ မိုးရင်ထဲမှာ ထုတ်ဖော်မပြောတာပဲရှိမယ်။ ဒက်ဒီ ကို အသက်ရှည်ရှည်နေစေချင်မိ၏။

အဝတ်အစားတွေလဲပြီး ဒက်ဒီကို သွားကြည့်ရမယ်။

"ဩ ..."

"ဖောက် ..."

"ဩ ... ဖောက် ..."

"ဩ ... ဖောက် ..."

"တောက် ... ဒီကောင် ရန်မခ၊ ဒက်ဒီနေမကောင်းဖြစ်နေ





တာ ပျော်နေသေးတယ် ... အလိုက်ကန်းဆိုးမသိတဲ့ကောင်"

အန်တီတာကလည်း တားဆီးသင့်သည်ဟု ထင်သည်။ ကြက်တောင်ရိုက်သံ တရှိုးရှိုးနှင့် နားကြားမြင်းကတ်လာ၏။ ဒါပေမဲ့ ရန်မခ လုပ်ချင်တာလုပ် ဒက်ဒီ စိတ်မချမ်းမသာ ဖြစ်နေမှာ ရှောင် ရှားရင်း မသိချင်ယောင်ပဲ ဆောင်နေလိုက်သည်။

"ဩ"

"ဖောက်"

"ဩ ... ဖောက်"

သူ ရေချိုးခန်းထဲဝင်လာခဲ့သည်။ သူ စိတ်တွေက မဆီမဆိုင် သန့်ရှင်းရေးဝန်ထမ်း လာလျှောက်တဲ့ကောင်မလေး ဖြူဖြူစင်စင် ကို သတိရမိသွား၏။ သူ့စိတ်တွေ ဒေါသဖြစ်ရပြန်သည်။

"ဖြူဖြူစင်စင်ဆိုတဲ့ ကောင်မလေး မရိုးသ[illegible] ဘူး ... မိန်း ကလေးဖြစ်ပြီး အတင့်ရဲလိုက်တာ၊ အရှက်မရှိဘူး ... ယောက်ျားတစ် ယောက်ကို ပေါ်ပေါ်တင်တင်ကြီး ငမ်းတာအမြင်အကတ်ဆုံးပဲ တောက် ..."

အတွင်းရေးမှူးမလေးအဖြစ် လာလျှောက်တာဆိုရင် မိုး လက်ခံနိုင်သေးသည်။ သူ့အတွင်းရေးမှူးမလေးကလည်း လက်ထပ် သွားလို့ နိုင်ငံခြားကို လိုက်သွားတာ မကြာသေးဘူး။ အတွင်းရေး မှူးနေရာလည်း လစ်လပ်နေသေး၏။ သူခေါ်ဖို့ အစီအစဉ်ရှိသည်။

"ဖြူဖြူစင်စင်ရဲ့ ဘွဲ့တွေနဲ့ရုပ်ရည်အရ ကောင်မလေးကို ခန့် ချင့်တယ် ... ဟာ ... ငါဘာတွေ စဉ်းစားနေတာလဲ၊ အရည်အချင်း



www.burmeseclassic.com

www.burmeseclassic.com



[illegible] ကောင်မလေး မဟုတ်ပါဘူး ... ဦးနှောက်မှမရှိတာ”

သူနှင့်ဓါတ်လှေကားထဲမှာ နှစ်ခါလောက်ဆုံတယ်။ သူ့ကို တွေ့သည်နှင့် အရောတဝင်လုပ်ချင်နေသလို စကားတွေလာပြော နေတာလည်း မနှစ်သက်မိ။ ဖြူဖြူစင်စင့်အကြောင်း မစဉ်းစားတာ ဘဲ ကောင်းပါတယ်။

မိန်းမတွေကို သူဘယ်တုန်းကမှ အထင်မကြီးခဲ့။ မသိစိတ် ထဲမှာ မုန်းတီးရွံ့ရှာနေခဲ့သည်။

“ကျွန်မ အလုပ်အရမ်းလိုနေလို့ပါ၊ အိမ်လခလည်း ပေးစရာ မရှိတော့ဘူး ... ထမင်းစရိတ်တောင် ပြတ်နေလို့ပါနော်”

အလကားပြောတာ ... ဖြူဖြူစင်စင်ပုံစံ မရှိဆင်းရဲသား မဖြစ်နိုင်ဘူး။ မိုးကို မုယာမာယာတွေများပြနေတာပဲ ဖြစ်နိုင်သည်။

“မင်း တကယ်ပဲ အလုပ်လိုနေတာလား ... ငွေကြေး အခက်အခဲတွေဖြစ်နေတာလား ဖြူဖြူစင်စင် ... ဟာကွာ ... ဒီ ကောင်မလေး ဘာပဲဖြစ်နေ ဖြစ်နေ ... ငါနဲ့ဘာဆိုင်လို့လဲ၊ သူ့ကို ကြည့်ရတာ ပြည့်ပြည့်စုံစုံပုံစံပါ ... ”

ဖြူဖြူစင်စင့်ပုံစံလေးက သူ့အတွေးတွေထဲသို့ ဝင်ဝင်နှောက် ယှက်နေတတ်သည်။ အမှန်တကယ်ပဲ ငွေကြေးအခက်အခဲဖြစ်ပြီး ရရာအလုပ်ဝင်လုပ်တာလည်း ဖြစ်နိုင်တာပဲ။ မိုး မကူညီလိုက်မိတာ နောင်တရမိသလိုလို ဒက်ဒီ့ကိုသွားတွေ့ရဦးမယ်။ ကောင်မလေး အကြောင်း ဝင်ဝင်လာတာကိုလည်း သူ့ကိုယ်သူ ဒေါသဖြစ်ရသည်။

“တော်ပြီကွာ ... ငါရေချိုးတော့မယ်၊ မိန်းမတွေ ဘာအထင်





ကြီးစရာရှိလို့လဲ”

သူ ရေပန်းအောက်သို့ဝင်ပြီး ရေချိုးလိုက်သည်။

ဒက်ဒီ ဘာဖြစ်လို့လဲ။ အခုတလော သူတောင် ဒက်ဒီနှင့် မတွေ့ဖြစ်တာ ကြာပြီပဲ။ နိုင်ငံခြားကို သွားရသေးတယ်။ မိထွေး အန်တီတာက မောင် မောင်နှင့်အလွန်အကျွံ ပြုစုပေးနေတာလည်း မမြင်မတွေ့လိုပေ။ သူ့စိတ်တွေကို စီးပွားရေးလုပ်ငန်းကြားမှာ တမင် နှစ်မြှုပ်ထားခဲ့၏။

သူ ရေချိုးခန်းမှထွက်လာပြီး အဝတ်အစား အမြန်လဲမိသည်။ ပြီးတော့ ... ဒက်ဒီ့အခန်းကို ရောက်လာခဲ့၏။ ဒက်ဒီ အိပ်ရာပေါ်မှာ လှဲနေသလို မိထွေးဒေါ်တာတာကလည်း နှိပ်နယ်ပြုစုပေးနေသည်။

“သားကြီး ရောက်လာပြီလား ... ဒက်ဒီ အအေးမိသွားတာ ပါကွာ၊ စိတ်မပူရပါဘူး ... ဒက်ဒီ့ကို လာတွေ့တာစိတ်ချမ်းသာ လိုက်တာ သားရယ် ... ”

“မိုး အလုပ်တွေများနေလို့ပါ ဒက်ဒီ ... ဆရာဝန်ကိုရော သေသေချာချာပြရဲ့လား ... နိုင်ငံခြားကို သွားမလားဟင် မိုးလိုက် ပေးရမလား”

သားကြီး မိုးထက်မြင့်က ပညာကိုကြိုးစားပြီး ဘဝမှာထိခိုက် နာကျင်မှုတွေနှင့် ကြီးပြင်းလာခဲ့ရသူပါ။ ငယ်စဉ်လေးထဲက စိတ် ဒဏ်ရာတွေ ရခဲ့သည်။ သားကြီးမိုးရဲ့ မာမီ့ကိုလည်း မိမိက ဥပေက္ခာ ပြုထားခဲ့မိတာကပင် သားရင်ကို နာကျင်နေစေတာ မိမိမသိဘဲ နေ မလား။ သိသိကြီးနှင့်လည်း မိမိက စိမ်းကားခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က မိမိကိုယ်တိုင် ငယ်ရွယ်သူဖြစ် သားမာမိရဲ့ အပြုအမူတွေအပေါ် မနှစ်သက်မိဘဲ နာကြည်းနေခဲ့၏။

အတိတ်က အကြောင်းအရာတွေရဲ့ အမှန်တရားတွေကို သားကြီးမသိရှာ။ ပြောပိုင်ခွင့်လည်းမရှိတဲ့ အခြေအနေတွေ ဖြစ်နေခဲ့သည်။

"မောင်နဲ့သားကြီးမိုး စကားပြောနေကြဦးနော် ... တာထမင်းပွဲသွားပြင်လိုက်ဦးမယ်"

ဇနီးတာတာက အလိုက်သိပြီး စိတ်သဘောထား ပြည့်ဝသူပါ။ သားကြီးမိုးအတွက် မိထွေးဖြစ်နေတာပဲ ဆိုးဝါးသွားသည်။ သားငယ် ရန်ထက်ပင် သားကြီးမိုးအပေါ် ချစ်မြတ်နိုးပြီး သံယောဇဉ်ကြီးသည်။

"မိုး ... "

"ဗျာ ... ဒက်ဒီ"

"တာတာ့ကို သားစိမ်းစိမ်းကြီး ဆက်ဆံနေတာတွေ လျှော့ပစ်လိုက်ပါကွာ၊ မင်းအပေါ် ချစ်ပါတယ် ... တာတာက ဟန်ဆောင်လိမ်ညာမာယာများနေတာတော့ မဟုတ်ပါဘူး သားရယ်"

"ဒက်ဒီ့ကျန်းမာရေးကောင်းအောင်ပဲနေပါ ... ကျွန်တော်ဘာလုပ်ပေးနိုင်မလဲ၊ ကျွန်တော့်အတွက် ဒက်ဒီက လိုအပ်ပါတယ်"

ဒေါ်တာတာနှင့် ပတ်သက်တဲ့အကြောင်းတွေ ချီးမွမ်းနေတဲ့ ဒက်ဒီ့စကားတွေကို မိုးမကြားချင်ပေ။ မာမီဆို အမြဲတမ်း တင်းတင်းမာမာဆက်ဆံနေတတ်တဲ့ ဒက်ဒီက ဒေါ်တာတာ့ကိုတော့ အကြင်





နာတွေလွှမ်းနေသည်ဟု မိုးထင်မိနေခဲ့၏။

ဒက်ဒီ့ကျန်းမာရေး အကြောင်းတွေပဲ မေးမြန်းပြောဆိုပြီး မိုး ပြန်ထွက်လာခဲ့သည်။

✳◆✳

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

ရန် တမင် မိုးဆိုတဲ့ကောင်ကို အရွဲ့တိုက်နေမိသည် မိုးပေါ့။ အမြဲတမ်း တည့်တည့်တင်းတင်းကြီးနှင့် ရန့်ကို နည်းနည်းလေးမှ အဖက်မလုပ်ခဲ့။ သူတို့အိမ်မှာ ခိုကပ်နေထိုင်ရတယ်ဆိုပြီး နှိမ့်ချဆက်ဆံနေတာပါ။

ရန် လုံးဝမကျေနပ်ဘူး။ မာမီကလည်း မိုးကို အရေးပေးလွန်းပြီး မိုးနှင့်လုံးဝ ပြဿနာမဖြစ်ရဘူးတဲ့။ ကျန်တဲ့ကိစ္စတွေမှာ သားလွတ်လပ်စွာ နေခွင့်ရှိတယ်တဲ့။ နေတယ်လေ ဘာဖြစ်လဲ။ မိုးကို အမြင်ကတ်ကတ်နှင့် တစ်နည်းနည်းတော့လုပ်ပြပြီး ဆန့်ကျင်ပြနေခဲ့သည်။

"ရန်"

"ဟင်"

"ဘာတွေစဉ်းစားနေတာလဲ ... ဟိုလူ့ကိုကြည့်ပြီး ရန်ငိုင်သွားတယ်နော်"





ရန့်မျက်နှာလေး တစ်ချက်ကလေး ညှိုးရော်သွားရင်တောင် စိုးရိမ်ပူပန်တတ်တဲ့ ဒေဝီခင်ကတော့ ရန့်ကို မလွှတ်တမ်းကြည့်ပြီး တယုတယ မေးမိသည်။

"ဘာမှမဟုတ်ပါဘူး ဒေဝီ ... လာပါ ... ကိုယ့်အလုပ်ကိုယ်ပြန်လုပ်တာ အကောင်းဆုံးပဲ ... ရိုက်မယ် ... "

"ရှူး ... ဖောက်"

"ရှူး ... ဖောက်"

"ရှူး ... ဖောက် ... ဖောက်"

မိုး မင်းက မင်းအဖေအိမ်မှာကပ်နေတဲ့ကောင်ဆိုပြီး အထင်သေးနေတာလား။ မင်းဘယ်လောက် အထင်သေးမလဲ သေးစမ်းကွာ။ ရန်က လုံးဝမျိုးသိပ်မထားတတ်။ သူငယ်ငယ်လေးထဲက အနှိမ်ခံဘဝ။ မာမီကပါ မိုးမှမိုး။

"ရန်နော် ... အစ်ကိုမကြိုက်တာတွေ လုံးဝမလုပ်နဲ့၊ သူပြောတာလည်း သား သည်းခံရမယ် ... နားလည်လား ... မာမီတို့က သူ့မိဘအိမ်မှာ ကပ်နေရတာလေ သားငယ်ရဲ့ ... "

ဟိုကောင် မိုးထက်မြင့်ကို မာမီက သားကြီး၊ သားကြီးနှင့် ပါးစပ်ဖျားကမချ။ မျက်နှာရိပ်မျက်နှာကဲ ကြည့်နေရတာတောင် မိုးထက်မြင့်က ခပ်တည်တည်နှင့် အဖက်မတန်သလိုလို အမူအယာတွေ ဖြစ်နေသည်။

"မင်းက ဘာမို့လို့လဲ မိုး ... အရမ်းကြီးကျယ်ခမ်းနားပြမနေစမ်းပါနဲ့ကွာ ... ရန့်မခကိုလည်း လျှော့တွက်မထားနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



မိုးအကြောင်းအတွေးတွေ ဝင်လာတိုင်း ရန့်စိတ်က ဒေါသတွေ ဆူဝေတောက်လောင်လာရပြီး တစ်လောကလုံးကို သူလက်နှင့်ဆုပ်ကိုင်၍ စီစီညက်ညက်ခြေပစ်ချင်နေသည်။

"ရန် ... တော်ပြီကွာ၊ လက်တွေအရမ်းနာလာတယ်၊ ရန်က ဘယ်အညှိုးနဲ့များ ကြက်တောင်ကို တအားရိုက်ပြစ်နေရတာလဲ၊ မိုးထက်မြင့်ကြောင့်လား ... "

ရန် နှုတ်ဆိတ်နေသည်။

ညီအစ်ကိုချင်း ပြဿနာမှာ သူစိမ်း ဘယ်သူမှ ဝင်စွက်ဖက်နေတာမျိုးမကြိုက်။ တခြားသူကို ရင်ဖွင့်ပြောပြတတ်တဲ့ အကျင့်လည်း မရှိခဲ့။ ဒေဝီကတော့ သူနှင့်အနီးကပ်ဆုံးမှာ နေ၍ တချို့အတွင်းရေးတွေကို သိထားသည်။

ပြီးတော့ ... မာမီ့ သူငယ်ချင်းရဲ့သမီး။ မာမီတို့ဒက်ဒီတို့ငယ်စဉ်လေးထဲက အတွင်းသိ တွေ။

"ရန် ... တော်ကွာ"

ဒေဝီ ထိုင်ပစ်လိုက်သည်။ ရန်ကတော့ တဟားဟားအော်ရယ်နေရင်း သူမဘေးမှာ ထိုင်ချပစ်လိုက်၏။ ဒေဝီကလည်း ရန့်လက်မောင်းကို ဖက်တွယ်မိလိုက်သည်။

"ရန်"

"ဘာလဲ"

"ဒေဝီတို့က ချစ်သူတွေနော်"

"ဟုတ်လို့လား ... "





"ရန် ... အဲဒီလိုမလုပ်နဲ့ကွာ၊ ပြတ်ပြတ်သားသားပြောတော့ မေမေက မေးနေပြီ ... ရန်နဲ့ဘာလဲတဲ့ သိလား ... "

"ဘာညာလို့ ပြောလိုက်"

"ရန်နော် ... ဒေဝီနဲ့ပတ်သက်လာရင် ပေါ့ပျက်ပျက်နဲ့ တခြားကောင်မလေးတွေလိုတော့ လုပ်လို့မရဘူး ... ပြော ... "

"ဘာပြောရမှာလဲ"

"ချစ်တယ်လို့ ... "

"ဟား ... ဟား ... ဟား ... "

"ရန် ... ရှင် ... ရှင်က ... "

မိုး ပြတင်းပေါက်မှာ ရပ်နေတယ်။ ဒက်ဒီ နေမကောင်းဖြစ်နေတာ မိုးမျက်နှာရိပ် မျက်နှာကဲက အလိုက်ကန်းဆိုးမသိတဲ့ကောင်။ ပထွေးဖြစ်နေလို့ မထေမဲ့မြင်လုပ်နေတာလားဆိုတဲ့ အရိပ်အငွေ့သဘောထားတွေ လွှမ်းခြုံထားပြီး ကြည့်နေသည်။

"ဟား ... ဟား ... ဟား ... ဒေဝီ ... ဒေဝီ သနားစရာကောင်းလိုက်တဲ့ကောင်မလေးပဲ ... ရန်ဆိုတဲ့ကောင်က ဘယ်မိန်းကလေးကိုမှ ချစ်တယ်လို့မပြောခဲ့ဘူး ... မင်းလည်း မကြားချင်နဲ့"

"ရန်ရာ ... ဘာဖြစ်လို့ ပေါ့ပျက်ပျက်လုပ်နေရတာလဲ၊ ဒေဝီတို့တော့ အူတူတူ မလုပ်နဲ့နော် ... မေမေ့ကိုပြောလိုက်မယ်၊ အန်တီဘာ့ဆီမှာပြောပြီး လက်ထပ်ပေးတော့လို့ ... "

ရန် လန့်သွားရသည်။ ဒေဝီနှင့်လက်ထပ်ဖို့အထိတော့ ရန် စဉ်းစားမထားမိ။



www.burmeseclassic.com

www.burmeseclassic.com



ရန့်ကိုယ်တိုင်က အချစ်မရှိတာ။ သူ့ဒက်ဒီ့ကိုတော့ ချစ်ပါ ဘယ်လို သံယောဇဉ်လည်း တွယ်တာမိသည်။ ပထွေးဆိုပေမယ့် ရန့်ကို ချစ်တာပဲ၊ အလိုလည်း လိုက်တယ်။

ရန် ဒက်ဒီ့ကို ဘယ်တော့မှ ကလန်ကဆန် မလုပ်ခဲ့။ ချစ်ချစ်ခင်ခင် တရင်းတနှီးနှင့် ဖခင်တစ်ယောက်ကဲ့သို့ ဆက်ဆံခဲ့၏။

မိုးကသာ မာမီ့ကို ခုထိ မိထွေးတစ်ယောက်ကဲ့သို့ ဆက်ဆံနေခဲ့သည်။

"ရန် ... ဘာလဲကွာ၊ ဒေဝီတို့တွဲလာတာ ဘယ်နှစ်နှစ်ရှိနေပြီလဲ ... ဟိုညက ရှင်အရက်မူးပြီးလေ ဒေဝီ့ကို နမ်းခဲ့တာနော်"

"မူးပြီးနမ်းတာကိုတော့ အတည်မယူနဲ့နော် ဒေဝီ ... ရန်က မူးလာရင် ကောင်မလေးတွေကို နမ်းတတ်တယ်၊ အဆန်းမဟုတ်ဘူးနော် ... "

"ရန် ... "

ဒေဝီ အော်နေသည်။ ရန် ရယ်ပစ်သည်။ တကယ်လည်း ဒေဝီ့ကို ရန်မချစ်။ အရက်မူးရင်တော့ သူနမ်းပစ်ခဲ့တဲ့ကောင်မလေးတွေက အများကြီးပဲလေ။ ဘယ်နှစ်ယောက်မှန်းတောင် မသိတော့ဘူး။

ကလပ်မှာဆို သူနဲ့လာတွဲတဲ့ ဘယ်ကောင်မလေးမဆို နမ်းပြစ်လိုက်တာပဲ။ ဒေဝီ အရမ်းရယ်ရတယ်။

"ဟား ... ဟား ... ဟား ... "

"ရန်နော် ... မရယ်နဲ့၊ ဒေဝီနဲ့တွဲနေတာ တိုင်းသိပြည်သိပဲ၊





တော်ပြီ ... ရှင့်ကိုမေးမနေတော့ဘူး၊ လူကြီးချင်းပဲ စကားပြောမယ် ဒါပဲ ... "

"ဟော့ ... ဟော့ ဒေဝီခင် ... မင်းမှားမယ်နော်၊ ရန်ဆိုတဲ့ကောင်က လူရုပ်လူပွေ ဘာအရည်အချင်းမှလည်း မရှိဘူး ... မင်းက ဘာဖြစ်လို့ ယောကျ်ားအဖြစ် ပေါင်းသင်းချင်ရတာလဲ"

ရန် ပြောတာလည်း ဟုတ်ပါတယ်။ ဘယ်အရာမဆို အလေးအနက်မရှိဘဲ ရည်းစားလည်း အတည်တကျ မထားခဲ့။ ရန်တွဲနေတဲ့ကောင်မလေးတွေ အများကြီးပဲ။

ဒါပေမဲ့ ... ရန်က အစွမ်းအစမရှိ ပေမယ့် ယောကျ်ားပီသပြီးတော့ ... တိုင်လ်က အမိုက်စားပဲ။ အရပ်မြင့်မြင့်နဲ့ လူချောလေး။ မိဘက ချမ်းသာသည်။

ရန့်ကို ကုမ္ပဏီတစ်ခု ထောင်ပေးထားသေး၏။ လောလောဆယ်တော့ ရန့်ဒက်ဒီက ဦးစီးနေသည်။

"မိန်းကလေးဆိုတာ စဉ်းစဉ်းစားစားလုပ်သင့်တယ်နော် ဒေဝီ ... ရန့်ကို ရွေးချယ်ရင် မင်းနောင်တတွေ အကြီးအကျယ်ရသွားသိမှာမယ် ... သေသေချာချာ စဉ်းစားဦး၊ ရန်ကတော့ လူကြီးမိဘတွေ အတင်းယူခိုင်းရင် ယူမှာပဲ ... သစ္စာရှိတာတွေ တာဝန်သိဖို့တွေတော့ လာဖိအားမပေးနဲ့၊ အာမခံမှာမဟုတ်ဘူး ... "

"ရန် အရူး ... နင့်ကို ချစ်တယ်၊ ဒေဝီ ချစ်တယ်၊ ကဲ ... ဘာပြောချင်လဲ"

"အရူးက နင် ... "



www.burmeseclassic.com

www.burmeseclassic.com



ရန် ထလိုက်သည်။ ဒေဝီက သူ့လက်မောင်းကို လိုက်ဆွဲနေသဖြင့် ခပ်ကြမ်းကြမ်း ဆွဲဖယ်ပစ်၍ တိုက်ထဲဝင်လာခဲ့သည်။

သူ့ အမှန်အတိုင်း ဝန်ခံရလျှင် ဒေဝီ့ကို အပြင်းပြေတွဲနေခဲ့မိတာပါ။ အချစ်ဆိုတာတွေက ရန့်နှလုံးသားတွေ ဖြစ်ထွန်းလာခြင်း မရှိသေး။

ရန် တိုက်ထဲဝင်လာတော့ မာမီက သားငယ် အဖေ နေမကောင်းဘူး ဆင်ခြင်ပါတဲ့။ ရန်က ဘာလုပ်နေလို့လဲ။ ရန့်ကြောင့် ဒက်ဒီ စိတ်သောကရောက်ရတာလည်း မရှိဘူး။

မိုးကြောင့်ပဲ ... မိဘကိုတောင် အဖက်မလုပ်သလို အပြုံးအရယ်မရှိ။ ရန်သူတွေလို တင်းမာပြတ် သားနေတဲ့ မိုးကြောင့်ပဲ ဒက်ဒီ စိတ်ဆင်းရဲနေရတာ။

"ရန် ... မင်း ဒီည ဒက်ဒီ့အနားမှာပဲနေ၊ အပြင်မထွက်နဲ့တော့၊ အလိုက်သိသိ ဆင်ဆင်ခြင်ခြင် နေစမ်းပါ ရန်ရယ် ... "

မာမီကတော့ ရန်ကို အပြစ်မပြောရရင် နေမထိ ထိုင်မသာများ ဖြစ်နေလားမသိဘူး။ ဒက်ဒီ အရမ်းကြီး နေမကောင်းတာလဲ မဟုတ်ဘဲနဲ့။

"ဒေဝီ ပြန်တော့မယ်နော် ရန် ... အန်တီ ဒေဝီ ပြန်မယ်"

"နေဦး ဒေဝီ ... မင်းကို ရန်လိုက်ပို့ပေးမယ်၊ အန်တီထားနဲ့လည်း ဆွေးနွေးစရာစကားတွေရှိသေးတယ် ... ပြီးတော့ ဒီနေ့ ဒေဝီ့သူငယ်ချင်းမွေးနေ့လေ ... "

သားငယ်အချိုးကို ဒေါ်တာတာသိနေသည်။ စိတ်ညစ်ပါ





တယ်။ ဒီကောင်လေး နေထိုင်တာက သားကြီးမိုးထက်မြင့် စိတ်ချနေနိုင်၏။ ပြောမရ ဆိုမရ တမင်အရွဲ့တိုက်နေတာလည်း ဒေါ်တာတာ ဆိုဆုံးမ၍မရ။ ပထွေးကို သားက အရမ်းဖားနေရင် ဟိုကောင်မိုးက ပိုပြီးအမြင်ကတ်နိုင်တယ် မာမီ။ ဒီကောင့်ရှေ့မှာတော့ လုံးဝအရောတဝင် မနေပြနိုင်ဘူးဟုပဲ ပြောသည်။

"ရန် ... မင်းမသွားလို့မရဘူးလားကွယ်၊ ဒက်ဒီက မင်းကိုမျှော်နေတာ ... "

"ရန် မနက်က တစ်မနက်လုံး ဒက်ဒီနဲ့တွေ့ပြီးပါပြီ ... ဟိုကောင်က အခုမှ ဘယ်နှစ်နာရီလာတွေ့လို့လဲ"

"ရန် ... မင်းစကားပြောတာ မကာပ်နဲ့နော်၊ မိုးက သူ့သားအရင်း၊ မိုး ဘယ်လိုပဲနေနေ သင့်တော်တယ် ... မင်းက ရှိသေမှုပြရမယ်လေ"

"တစ်မနက်လုံး နေပြီးပါပြီဆိုမှ မာမီရာ ... ဒေဝီ မင်းပြန်ချင် ... ရန် လာခဲ့မယ်"

"အိုကေနော်ရန် ... ဒေဝီ ပြင်ဆင်ထားမယ်၊ လာဖြစ်အောင်လာခဲ့နော် ... ဒေဝီ စောင့်နေမယ်"

"အိုကေ"

ရန် ရေချိုးခန်းထဲဝင်လာခဲ့သည်။ မာမီကတော့ လင်ပါသားအရမ်းကြောက်နေတယ်။ သားကြီး ... သားကြီးနဲ့ ပြာယာခတ်အောင် ပြုစုယုယစောင့်ရှောက်နေခဲ့ပေမယ့် မိုးက နည်းနည်းမှ အသိအမှတ်မပြုခဲ့။ ကြာတော့ ရန်လည်း တစ်လောကလုံး



www.burmeseclassic.com

www.burmeseclassic.com



အား ဘောမနုပ်တွေ ဖြစ်လာခဲ့ရသည်။

ဒေဝီ ပြန်သွားၿ၏။ မိုးရှိနေတဲ့ အချိန်မှာတော့ ဒက်ဒီအနားမှာ ရှိမနေလိုပေ။ ကပ်ဖားကောင်လို့လည်း အမြင်မခံနိုင်။

သူ ရေချိုးအဝတ်အစားလဲပြီး အပြင်သို့ ထွက်လာခဲ့သည်။

"သားငယ် ... မင်းရင်ထဲက ခံစားချက်တွေကို မာမီနားလည်ပါတယ်ကွယ်၊ ဒါပေမဲ့ ... မာမီတို့ ကံကြမ္မာပဲလေ၊ ရှောင်လွှဲလို့မရနိုင်ဘူး၊ သားကြီးမိုးဆီက အမြင်ကြည်လင်လာဖို့ပဲ မာမီ မျှော်လင့်နေတယ်"

ရန် ဘာမှတုန့်ပြန်ပြောဆိုခြင်း မရှိခဲ့။ မာမီ လူ့လောကကြီးထဲကသာ ထွက်ခွာသွားတာတောင် မိုးထက်မြင့်ဆီက အမြင်ကြည်လင်မှုတွေ မရနိုင်ဘူးဆိုတာ ရန် သိနေခဲ့သည်။

"ရန်ကသာ ရန့်အဖေလို့ သတ်မှတ်ခဲ့တာပါ။ မိုးကတော့ သူ့အမေအစား မာမီ့ကို ထိုးမှာမဟုတ်ပါဘူးဗျာ"

ရန် ရင်ထဲကပြောမိသည်။ သူ အဝတ်အစားလဲပြီး အပြင်ထွက်ခဲ့၏။ မာမီက ရန်စောစော ပြန်လာခဲ့နော်၊ အရက်တွေ မူးမူးရူးရူးဖြစ်အောင် သောက်မလာနဲ့။ တတွတ်တွတ်လိုက်မှာနေသည်။

သူက အင်းမလုပ် အဲမလုပ်။ ရန် လူဆိုးဖြစ်ချင်လည်းဖြစ် သားငယ်က မလိမ်မာဘူး။ သားကြီးကမှ လိမ်မာတာဆိုတဲ့စကားကို ပတ်ဝန်းကျင်မှာ မာမီပြောနိုင်အောင်လို့ ရန်က လူဆိုးလုပ်ပြီး လုပ်ပေးနေရတာပါ။

ကားကို ဒလကြမ်းမောင်းပြီး ခြံထဲကထွက်တော့ မာမီ ...





တဟဲ့ဟဲ့နှင့် အရမ်းမမောင်းနဲ့လေ သားဆို ပြောမရ ဆိုမရနဲ့ဟု အော်နေ၏။ ရန် ဘာမှတုန့်ပြန်ပြောဆိုမနေတော့ဘဲ အပြင်ထွက်ခဲ့သည်။

"အား ... ဘယ်သွားရမလဲနော်၊ ဒေဝီ့ဆီလည်း မသွားချင်ဘူး၊ အာရုံနှောက်တယ် ... တွဲမိတာလေးနဲ့ပဲ တရားဝင်လက်ထပ်ယူရတော့မယ် ... ရန့်ကိုတော့ အမိလာဖမ်းလို့ရမယ်မထင်နဲ့၊ ကိုယ့်နှလုံးသားတွေကို ချုပ်ကိုင်လွှမ်းမိုးနိုင်မယ့် ကိုယ်အရမ်းချစ်လာမှ လက်ထပ်မယ် ဒေဝီရေ ..."

ဒေဝီက လူကြီးချင်း အတင်းအကြပ်ပြောဆိုစီစဉ်မှာတော့ ရန် ကြောက်သည်။ လွတ်လွတ်လပ်လပ်ပဲ နေချင်သေးတယ်။

ကလပ်တွေလည်း မသွားချင်။ ဘယ်သွားရင်ကောင်းမလဲ။ သူငယ်ချင်း ဒေါက်တာမင်းလွင်နိုင်ဆီ သွားမယ်။ မတွေ့တာလည်း ကြာပြီ။ မင်းလွင်နိုင်က ရပ်ကွက်တစ်ခုရဲ့ထိပ်မှာ ဆေးခန်းဖွင့်ထားတာ မကြာသေးပေ။ မင်းလွင်ကို သွားခေါ်ပြီး ဘီယာသောက်မယ်။ စကားတွေပြောမယ်။

ရန်လည်း ဆေးကျောင်းတက်ခဲ့တာပါပဲ။ ဆရာဝန်တော့ မဖြစ်ခဲ့။ လွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းက သူ့စိတ် အခြေအနေ အဆိုးဝါးဆုံးဖြစ်သွားခဲ့ရသည်။

မိုးကြောင့်ပဲ ... မင်းက ငါ့ညီမဟုတ်ဘူး မင်းတို့က ကပ်ဖား ကောင်တွေပဲ၊ ငါ့ဒက်ဒီပိုင်တဲ့ စည်းစိမ်ဥစ္စာတွေ တစ်ဝက်ယူချင်တာ ... မလုနဲ့ ယူသွား၊ ငါဆိုတဲ့ကောင်က ကိုယ်ပိုင်အစွမ်းအစတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အောင်ခြင်းအောင် ကြိုးစားမှာကွတဲ့။ သူ တစ်သက်လုံး နာကြည်းခံပြင်းသွားခဲ့ရသည်။

"မိုး ... မင်းမှတ်ထားဖို့က ရန်ဆိုတဲ့ကောင်ကလည်း မင်းထင်ထားသလို အချောင်သမားမဟုတ်ဘူးကွ၊ မင်းကြိုက်အောင် ကျေနပ်အောင် ငါဘယ်တော့မှ မလုပ်တော့ဘူး ..."

ရန် ဆုံးဖြတ်လိုက်သည်။ မာမီက သားကြီးသဘောကျအောင် ရန်အနေအထိုင် ဆင်ခြင်ပါတဲ့။ သူ လိမ်မာလည်း မိုးက ကပ်ဖားကောင်ထင်နေမှာပဲ။ ဒက်ဒီ ကျေနပ်အောင် လိမ်မာပြနေတာဟု ပြောဦးမည်။

ရန် အပြင်သို့ ကားမောင်းရင်း သူငယ်ချင်း ဒေါက်တာမင်းလွင်နိုင် ဖွင့်ထားတဲ့ဆေးခန်း ရောက်လာသည်။

"ဟော့ ... ရန် ... မင်းလာတာနဲ့အတော်ပဲ၊ ဒီမှာ ကိုယ့်ဆေးခန်းကလည်း လူနည်းတယ်၊ ဖွင့်ကာစဆိုတော့ အရမ်းမအောင်မြင်သေးဘူး၊ လူနည်းတယ်ကွ ... ညကျရင် အေးအေးဆေးဆေး စကားပြောရအောင် ..."

"ရန်လည်း မင်းဆီမတွေ့တာကြာလို့ လာခဲ့တာ ... တစ်ခုခုတော့ သောက်မယ်ကွာ ..."

မင်းလွင်နိုင် ဆေးခန်းက လူနာလည်းနေသည်။ အင်းလေ ဆရာဝန်ပေါက်စဆိုတော့လည်း ဘယ်သူက လာပြမှာလဲ။ မင်းလွင် ဆေးကုသခွင့် လက်မှတ်ရတာတောင် မကြာသေးဘူး။ မင်းလွင်က အခမဲ့နီးပါး ကုသိုလ်ဖြစ် ဆေးကုသပေးမှာတဲ့။





"ကိုယ်က အခမဲ့နီးပါးပဲ ... ကုသိုလ်ဖြစ်ကုပေးမှာ ဆိုင်းဘုတ်တော့ ကုသိုလ်ဖြစ်ဆေးခန်းလို့ တင်ထားတာကွ ..."

ရန်လည်း ဆရာဝန်ဖြစ်ချင်ခဲ့တာပါ။ သူပေတေမိသွား၍ ဆေးကျောင်းကနေ ထွက်လိုက်ရသည်။ ထိုအဖြစ်အပျက်ကပင် ရန့်ရင်ကို အမြဲတမ်း နာကျင်နေစေခဲ့ရ၏။

ငယ်စဉ်လေးထဲက မိုးထက်မြင့်ထက် မသာအောင် နေထိုင်ခဲ့ရတဲ့သူ့ဘဝ။ မာမီက အလွန်အကျွံ ဂရုစိုက်နေလွန်းခဲ့သည်။ မိုးမှ မိုးပဲ။ ရန် အပျော်တွေတွေးနေတာပဲ ကောင်းပါတယ်။

မင်းလွင် ဆေးခန်းက လူနည်း၍ သူနှင့်စကားတွေ အေးအေးဆေးဆေး ပြောဖြစ်ကြသည်။

❋◆❋

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၄ )

"အား ... ကျွတ် ... ကျွတ် ... မေမေရာ ဒုက္ခပါပဲ၊ စင် အရမ်းဗိုက်အောင့်နေတယ် ... သေပါပြီ ... အား ... "

ရုတ်တရက်ကြီးထပြီး စင်တစ်ယောက် ဗိုက်ကအောင့်နေ သည်။ ဘာအစား မှားသွားလို့လဲ။ လက်ဖက်တွေစားတယ်။ သရက် သီး ပြီးတော့ ... ခေါက်ဆွဲသုတ်၊ ထမင်း ... မေမေက စင့်အနား ရောက်လာသည်။

"စင် ... ညည်းလေး ဘယ်လိုဖြစ်နေရတာလဲ၊ အစားတွေ နင်းကန်စားပြီး ဗိုက်ကအောင့်ပြန်ပြီ၊ မေမေ ကြားဖူးတယ်နော်၊ ကောင်မလေးတစ်ယောက် တစ်နေ့လုံး အစာရှစ်မျိုးစားပြီး သေ တာတဲ့ ... "

"ဟင် ... အမလေး ... ဘယ်လိုလုပ်ရမလဲ၊ စင်လည်း အစား တွေတစ်ခုပြီးတစ်ခု စားနေတာ ... မေမေ၊ ရေတွက်ပါဦး ... ရှစ်မျိုး





ရှိသွားပြီလား"

"ပြောစမ်း ... သမီးစင် စားတဲ့အစားအစာတွေ"

"လက်ဖက်၊ သရက်သီးနဲ့ငံပြာရည်၊ အသုပ်၊ ချဉ်ပေါင်ဟင်း၊ ထမင်း၊ အချိုရည်၊ အမလေး ... မေမေ၊ ရှစ်မျိုးတောင်မကတော့ ဘူးထင်တယ်"

"ညည်းကတော့လေ ... မေမေ ပြောနေတယ်၊ အစားတွေ တစ်ခုပြီးတစ်ခု မစားနဲ့လို့၊ အကျင့်ကိုက မကောင်းဘူး ... မိန်း ကလေးက ဝတုတ်ကွဲပြဲနေရင် မလှတော့ဘူး၊ အစားလျှော့ပါလို့ ကြည့်စမ်း ... မေမေ သတိမထားရင် မထားသလိုဘဲ"

"အား ... အမလေး အောင့်တယ် ... သေပါပြီ၊ ကျွတ် ... ကျွတ် ... အား ... "

"အား ... ကျွတ် ... ကျွတ် ... ဗိုက်အရမ်းအောင့်နေတယ်၊ ဘယ်လိုလုပ်ရမလဲ မေမေ ... ကယ်ပါဦး ... "

"ဟဲ့ ... အရမ်းအောင့်နေတာလား သမီးစင် ... လူကြား မကောင်း သူကြားမကောင်းအေ ... ဆေးခန်းပြမှဖြစ်မယ်ထင် တယ် ... ဘယ်လိုလုပ်ရမလဲ၊ ဒီမှာ မေမေကလဲ ဟင်းအိုးကြီးတန်း လန်းနဲ့ စဉ်းစားပါဦး၊ ဒီနီးနီးနားနား ဆေးခန်း ... အမလေး အခုမှ သတိရတယ်၊ မေမေတို့မျက်စောင်းထိုးမှာ ဆေးခန်းလာဖွင့်ထား တယ် ... ဟိုမှာလေ ... သွားလိုက်၊ ညည်းတစ်ယောက်ထဲပဲ သွား မေမေနောက်မှ လိုက်လာခဲ့မယ် ... "



www.burmeseclassic.com

www.burmeseclassic.com



စင်ကတော့ ဗိုက်က မထင်မှတ်ဘဲ ထိုးထိုးအောင့်လာ၍ မျက်နှာလေး ရှုံ့မဲ့အော်ဟစ်ရင်း ကိုမိုးထက်မြင့်ဆိုတဲ့လူကို ပြေး၍ ခြင်ယောင်လာရသည်။

"ဟွန်း … ရှင်ကြီးကြောင့်သိလား … "

"ဟဲ့ စင် … ဘယ်သူ့ကြောင့် … ညည်းလေး အစားတွေ မတရားစားပြီး ဘယ်သူ့ကြောင့်လဲ၊ မဟုတ်မှလွဲရော ညည်း … ညည်း ဘာတွေလုပ်ခဲ့လဲ၊ ညည်းမှာ ချစ်သူရှိနေပြီလား၊ ညည်းတို့ လွှန်လွှန်ကျူးကျူး … "

"ဟာ … မေမေကလဲ ဘာတွေလာပြောနေတာလဲ၊ ဘာမှ မဟုတ်တော့ပါဘူး … အမလေး … အား … "

ရှင်ကြီးကြောင့်ဆိုတာက ကိုမိုးထက်မြင့်လေ။ သူနဲ့တွေ့ပြီး ဘာတစ်ခုမှ အဆင်မပြေဘဲ အရှက်တွေပဲ ကွဲခဲ့တာကြောင့် စိတ်တွေညစ်ပြီး အစားတွေ တစ်ခုပြီးတစ်ခု ထိုင်စားနေပြစ်မိသည်။ အခန်းထဲမှာ အောင်းနေတာ ဘယ်သူနှင့်မှလည်း တွေ့ချင်စိတ်မရှိ။ ဘာမှလုပ်ချင်စိတ်မရှိ၍ မေမေ ဆူလို့ အစားလျှော့စားနေတဲ့ စင်က စိတ်တွေညစ်ပြီး အစားတွေ ထိုင်စားနေခြင်းဖြစ်သည်။

"အား … ကျွတ် … ကျွတ် … အောင့်တယ်၊ အစားလေး ရှစ်မျိုးစားမိတာလေးများ … "

သူမစကားကြောင့် မေမေက မျက်လုံးပြူး မျက်ဆံပြူးနှင့် သူမကို ကြည့်သည်။ စင့်ကို ဝိတ်လျှော့ဖို့ အစားတွေ အရမ်းမစားဖို့





မိန်းကလေးဆိုတာ အလှအပလိုအပ်တယ်တဲ့။ တစ်ဦးတည်းသော သမီးလေး ဝက်ပုတ်မကြီးဖြစ်သွားမှာလည်း မေမေက အလွန်ပူပန် နေရှာသေးသည်။

"ဟင် … ရှစ်မျိုးတောင် ဟုတ်လား၊ ဘာဖြစ်လို့ အစားပုတ် ရတာလဲ မိစင် … ညည်းကို ငါဘာပြောထားလဲ၊ အောင့်တာတောင် နည်းသေးတယ် … သွား … ဟိုဆေးခန်းသွားလိုက်၊ လူလည်းရှင်း တယ် … ဖွင့်တာမကြာသေးဘူး … သွားလေ … "

"စင် တစ်ယောက်တည်းလား … "

"သွားလိုက်ပါ … မေမေ ဟင်းအိုးကြီးတန်းလန်းနဲ့ ညည်း အဖေ ဒီညပြန်လာမှာနော် … မေမေ ညစာအဆင်သင့်ဖြစ်နေမှ ဖြစ်မယ်၊ မေမေ သိတယ် … စင် ဘာမှမဖြစ်ဘူး … သွား … "

"အား … အောင့်တယ် … တကယ်အောင့်တာ မေမေရာ အား … "

"ရှေ့မှာ ကုသိုလ်ဖြစ်ဆေးခန်းရှိတာပဲ … သွားပြလိုက်၊ ဟင်းအိုးချပြီးရင် မေမေ လိုက်ခဲ့မယ် … "

"အင်း … သွားပြရမယ်၊ အမလေး … အောင့်တယ် … အား … "

"ဟဲ့ … စင် … တကယ်ပါပဲဟယ် … "

မေမေ့ကို ဘာမှပြောမနေတော့ဘဲ စင်တို့အိမ်ရဲ့ မျက်စောင်း ထိုးလေးမှာ လာဖွင့်ထားတဲ့ ကုသိုလ်ဖြစ်ဆေးခန်းကို ပြေးလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ လူနာလည်း မရှိဘူး။ တစ်ရပ်ကွက်လုံးမှာ စင်တစ်ယောက်တည်း ကျန်းမာရေး မကောင်းတာထင်တယ်။

"အား ... ကျွတ် ... ကျွတ် ... အမလေး ... "

အပြင်မှ လူနာတစ်ယောက်ရဲ့ ညည်းတွားသံကြောင့် ရန် ထွက်ကြည့်မိတော့ ချောမောလှပနုထွတ်နေတဲ့ ဖြူဖြူဝင်းဝင်း ကောင်မလေးတစ်ယောက် ဖြစ်နေသည်။

"လူနာလား ... အထဲဝင်ခိုင်းလိုက်လေ ရန် ... "

သူ့အကူ ကိုဘမောင်က မလာသေးပေ။ အနီးအနားမှာနေပြီး နောက်ကျနေသည်။ ဆေးခန်းကလည်း ဖွင့်စဆိုတော့ လူနာမှ မရှိတာဘဲ။

"မင်းလွင် ... ဒီလူနာကို ငါကြည့်မယ် ... မင်းအသာနေ"

"ဖြစ်ပ့ါမလား ရန်ရာ ... "

"ဖြစ်ပါတယ် ... ကိုယ်လည်း ရောဂါအကြောင်း နည်းနည်းတော့သိပါတယ်၊ မောင်ရင် ခဏပုန်းနေ ... "

"ပြဿနာတက်မယ်နော် ရန်မခ ... ရပ်ကွက်ကလူတွေဆိုတာက သိတဲ့အတိုင်းပဲ ... "

"ရပါတယ်ကွာ၊ မင်းဟိုဘီရိုနောက်ဝင်ပုန်းနေ၊ ကိုယ်ကြည့်လုပ်မယ် ... ကောင်မလေးက ခိုက်ချင်စရာကွ"

ဒေါက်တာ မင်းလွင်နိုင်ကို ပုန်းခိုင်းလိုက်ပြီး သူက အပြင်ထွက်၍ လူနာအား ဝင်ခဲ့လေဟု ပြောလိုက်သည်။





"ဝင်ခဲ့ပါ"

"ဟုတ်ကဲ့ ... အား ... ကျွတ် ... ကျွတ်"

ကောင်မလေးက မျက်နှာလှလှလေးကို ရှုံ့မဲ့နေရင်း သူမ ဗိုက်လေးကိုလည်း နှိပ်ထားရင်း အခန်းထဲဝင်လာသည်။

"ထိုင် ... ဘာဖြစ်တာလဲ"

"အောင့်လို့ပါ ... ကျွန်မ အစားတွေစားထားတာ အမျိုးအမည်များသွားလို့ထင်တယ် ... အရမ်းအောင့်နေပါတယ်"

"ဘယ်နှစ်မျိုးစားထားလို့လဲ"

"ရှစ်မျိုး ... "

"ဘာ"

ကောင်မလေးကို သေသေချာချာကြည့်မိသည်။ ချစ်စရာကောင်းလိုက်တာဟု ရန် တွေးမိနေသည်။ ကြိုက်သွားပြီ ... သူတွေ့ဖူးခဲ့တဲ့ မိန်းကလေးတွေထဲမှာ နုနုဖတ်ဖတ် ဝင်းဝင်းမွတ်မွတ်လေး အချောဆုံးပဲ။

"မင်းနာမည် ဘယ်လိုခေါ်လဲ ... "

"ဖြူဖြူစင်စင်"

"ဘယ်လို ... "

"ဖြူဖြူစင်စင်ပါ"

"သြော် ... "

နာမည်နှင့်လူကလည်း လိုက်ဖက်လွန်းနေသည်ဟု ရန် တွေး



www.burmeseclassic.com

www.burmeseclassic.com



မိနေသည်။ နာခေါင်းလေးက ချစ်စရာလေးပဲ။ ရန် စာအုပ်တစ်ခုမှာ ခေါင်းတည်တည်နှင့် ရေးခြစ်နေသည်။

"အစားတွေ ရှစ်မျိုးတောင်စားတယ်ဆိုတော့ မင်းတော်တော်လွန်တာပဲ … သေနိုင်တယ်နော် အမိ … "

"သိပါတယ်"

"ကဲ … ခုတင်ပေါ်တက်"

"ရှင်"

"မင်းကို စမ်းသပ်မယ်လေ"

"ဟင်"

ဆေးခန်းမှာက လူလည်းမရှိဘူး။ စင်နှင့်ဆရာဝန် နှစ်ယောက်ထဲ။ တခြားလူတွေလည်း မရှိပေ။ ဆေးခန်းအကူတို့ ဘာတို့လည်းမတွေ့ရ။ စင် နည်းနည်းတော့ ကြောက်သွားသည်။

"ခုပေါ်တက်လေ အမိ … ဘာဖြစ်လို့လဲ မယုံလို့လား၊ ဆရာဝန်ဆိုတာ လူနာကို စမ်းသပ်ရမယ်လေ … ဒါမှ မင်းရောဂါကို ဆေးပေးလို့ရမှာပေါ့"

"ဟို … ဟို … ဒီမှာက နှစ်ယောက်ထဲ အကူတွေ ဘာတွေ မရှိဘူးလား"

"မလာသေးတာပါ။ ဘာဖြစ်လို့လဲ … မင်းကို ဘာမှမလုပ်ဘူး၊ အခန်းတံခါးက ပိတ်ထားတာလည်း မဟုတ်ဘူးလေ … လိုက်ကာတွေ ကာရံထားတာပဲ … မင်းက လူနာလေ၊ ဘာလဲ မပြဘူး





လား"

"ဟို … ကျွန်မ ဗိုက်တော့ အရမ်းအောင့်နေပါတယ်၊ မစမ်းသပ်ဘဲ ဆေးပေးလို့ မရဘူးလား"

"ဘယ်ရမလဲကွ … ငါက ဒေါက်တာရမ်းကုမှမဟုတ်တာ၊ စမ်းသပ်ရမယ် … မင်းက ဗိုက်အောင့်နေတာဆိုတော့ သတိထားရမယ်၊ ဘယ်လိုလဲ အမိ … မပြချင်ဘူးဆိုရင်လည်း တခြားဆေးခန်းသွားပြတော့ … "

"ပြပါ့မယ် ဒေါက်တာ … "

မတတ်နိုင်တော့ဘူး။ ဆေးခန်းကလည်း အနီးအနားမှာမရှိတာ။ မေမေကလည်း လိုက်မလာသေးဘူး။ ဒုက္ခပါပဲ … အင်းလေ … အခန်းက အသေပိတ်ထားတာမှမဟုတ်တာ။ ဆရာဝန်စမ်းသပ်တာပဲ စင်ဘယ်လိုမှ မတတ်နိုင်တော့ဘဲ လူနာစမ်းသပ်တဲ့ခုတင်လေးပေါ် တက်လိုက်ရသည်။

"လှန်လေ … "

"ရှင် … ဘာလှန်ရမှာလဲ"

"ခက်ပါလားကွာ … မင်းဗိုက်ကို စမ်းသပ်ရမှာမို့ ဗိုက်ကိုလှန်လို့ ပြောနေတာကွ"

မလှန်လို့မဖြစ်ဘူးလား။ ဘယ်လိုဆရာဝန်လဲ။ နှာဘူးများလား။ ဆေးခန်းမှာလဲ နှစ်ယောက်ထဲဆိုတော့ စင် ကြောက်ရွံ့လာသည်။ ဘယ်လိုလုပ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ဆေးကုရတာ ဆရာဝန်သိက္ခာကျတယ် … ဘယ်လိုကောင်မလေးမျိုးလဲကွာ … ဒုက္ခပါပဲ … ဘယ်လိုလဲ အမိ၊ ဆေးထိုးဖို့လေးရမှာလား"

"ဟုတ် … ဟုတ်ကဲ့"

ကောင်မလေးက ရှက်ရှက်ရွံ့ရွံ့လေးဖြင့် ဝတ်ထားတဲ့ ထမိန်လေးကို ဖြေလျှော့ပေးကာ ဗိုက်သားလေးကို လှန်ပေးသည်။

"အားပါး … ဝင်းအိမှည့်နေတာပဲ၊ အပြစ်အနာအဆာတောင် မရှိဘူး၊ ဗိုက်သားဝင်းဝင်းဖွေးဖွေးလေးပေါ်မှာ မှည့်နက်လေးတစ်လုံး … "

ရန် တွေးနေမိသည်။ ကောင်မလေးက မျက်လုံးလေးကို မှိတ်ထားပြီး ငြိမ်နေသည်။ ရန် ရယ်ချင်လိုက်တာ။ ညစ်နွမ်းလေးလံနေတဲ့ သူ့စိတ်တွေပေါ့ပါးပျော်ရွှင်သွားရတော့၏။ အပျင်းပြေသွားပြီ ကောင်မလေးရေ။ ဝင်းအိမှည့်နေတဲ့ ကောင်မလေးရဲ့ ဗိုက်သားလေးပေါ် သူ့လက်ချောင်းလေးတွေ ထောက်လိုက်သည်။

"အား … အမလေး … "

"ဟော့ ဘာဖြစ်တာလဲ … လန့်လိုက်တာကွာ၊ မင်းကို ဘာမှ မလုပ်ရသေးပါဘူး"

"စမ်းသပ်လို့ ပြီးပြီလားဟင်"

"မပြီးသေးဘူး … ဒုက္ခပဲကွာ၊ မင်းကို ဆေးကုရတာ ရှုးချင်တယ်၊ အခုမှ စမ်းသပ်မှာကွ … "





"သေချင်လိုက်တာ"

ကောင်မလေးက ညည်းညည်းတွားတွားလေးနှင့် သူ့စမ်းသပ်တာကို မသက်မသာလေး ခံယူနေသည်။

"ဒီနေရာက အောင့်တာလား"

"ဟုတ်ကဲ့ … နေရာအနှံ့ပဲ၊ အား … နာတယ် … အား"

ရန်မခက မိန်းကလေးတွေနှင့်ပတ်သက်လာရင် မစိမ်းပေ။ ပြီးတော့လည်း … သူ ဆေးကျောင်းသားဖြစ်ခဲ့ဖူးသည်။ ဗိုက်အောင့်တာလောက်တော့ သူ စမ်းသပ်ကြည့်နိုင်၏။ ကောင်မလေး အူအောင်သွားတာပါ။

"ပြီးပြီ … ထတော့ … "

သူ စားပွဲမှာပြန်ထိုင်သည်။ ရယ်ချင်နေတဲ့ မျက်နှာထားကို အတော်လေး တည်အောင် ထိန်းချုပ်ထားရ၏။ ချစ်စရာကောင်းလှန်းတဲ့ကောင်မလေးတစ်ယောက်နှင့် မထင်မှတ်ဘဲ ဆုံမိသွားရပြီး မျက်လုံးသားတွေ တဆတ်ဆတ် တုန်ခါလာရသည်အထိ စိတ်လှုပ်ရှားသွားရလေသည်။

"မင်း … အူယောင်နေတယ်၊ အစာလည်း အဆိပ်ဖြစ်နေတယ်"

"ရှင် … စင် သေတော့မှာလား"

"မသေပါဘူး … ဆေးထိုးပေးမယ်၊ သောက်ဆေးပေးမယ် အစာပျော့ပျော့တွေပဲ စားရမယ် … ကဲ … မင်းကို ဆေးထိုးပေး



www.burmeseclassic.com

www.burmeseclassic.com



မယ်"

"အမလေး … စင်က ဆေးထိုးရမှာအရမ်းကြောက်ပါတယ် ဒေါက်တာ … သောက်ဆေးပဲပေးလို့မရဘူးလားဟင်"

"မရဘူး … မင်းကို အမြန်ဆုံးသက်သာအောင်လေ … ဘယ်လိုလဲ …"

မေမေကလည်း ကြာလိုက်တာ။ စင်သေတော့မယ်။ ဆရာဝန်ကလည်း စင်နဲ့ရွယ်တူလောက်ပဲရှိတာပါ။ ရှက်လိုက်တာနော်။ အူကလည်း ရောင်နေတယ်တဲ့။ အစာလည်း အဆိပ်ဖြစ်နေတာဆိုတော့ ဆရာဝန်ပြောတဲ့အတိုင်း လုပ်ယုံပဲရှိသည်။ ဆရာဝန်မျက်နှာကို စင်ကြည့်မိတော့ တည်တည်ငြိမ်ငြိမ် ရိုးသားမှုရှိနေသဖြင့် မတတ်သာတဲ့အဆုံး စင်ဆေးထိုးတာကို ခံယူရ၏။ ထမိန်ကို တင်ပါးပေါ်ရုံလေးပဲ လျှော့ပေးလိုက်သည်။

"မင်း … ဆေးထိုးလိုက်မှ ကောင်းသွားမှာမို့ပါ အမိ … အားတော့ နာပါတယ်"

ရန်ကတော့ အူယောင်တာလောက်တော့ ဆေးကုသတတ်နေသည်ဖြစ်၍ အတော်ပဲဖြစ်သွားရသည်။ ဖြူဖြူစင်စင်ဆိုတဲ့ကောင်မလေးရဲ့ ဗိုက်သားဝင်းဝင်းလေးနှင့် တင်သားဝင်းဝင်းအိလေးကို မမြင်ချင်မှအဆုံးပင်။ ရန့်မှာ ယုတ်မာစော်ကားချင်တဲ့စိတ်ဆန္ဒတော့ မရှိပါဘူး။ သူ့စိတ်က နောက်ပြောင်ချင်တဲ့စိတ်ပဲရှိသည်။

"ရပါပြီ အမိ … နောက်ဆိုအစားအသောက် ဆင်ခြင်ပါ၊ တစ်





နေ့ကို ရှစ်မျိုးတော့ မစားသင့်ဘူး၊ မင်းဘယ်မှာနေလဲ … တစ်ယောက်ထဲ လာပြတာလား"

"ဟုတ်ကဲ့ … ကျွန်မနေတာက ဆေးခန်းနဲ့မျက်စောင်းထိုးလောက်မှာပါ၊ ဟိုအိမ်လေ … ဆေးထိုးလိုက်လို့လား မသိဘူးနော်၊ နည်းနည်းသက်သာသွားတယ်"

"ဒါကြောင့် မင်းကိုပြောတာပေါ့ … အမိ ဆေးထိုးမှပါလို့"

"ကျေးဇူးတင်ပါတယ် … ဆေးဖိုးဘယ်လောက်ကျလဲဟင်"

"ကုသိုလ်ဖြစ်ပါ … ဘာမှထွေထွေထူးထူးမှ မရှိတာဘဲ … ပေးပါနဲ့"

ဆရာဝန်နှင့်လည်း သိပ်ရှည်ရှည်ဝေးဝေးတွေ ဆက်မပြောချင်တော့၍ စင် ပြန်ထွက်လာခဲ့သည်။ သူမ ဆေးခန်းအပြင်ရောက်မှ အမေက ထွက်လာနေ၏။ တကယ်ပါပဲ … မေမေကလေ သမီးဆိုရင် သူ့ယောက်ျားလောက် ဂရုမစိုက်ချင်ဘူး။ စင် မကျေမနပ်နှင့် နှုတ်ခမ်းလေးကို စုထော်ထားမိသည်။

"စင် … ဘာဖြစ်တာတဲ့လဲ၊ ဆရာဝန်က ဘာပြောလဲ"

"အူယောင်တာတဲ့ … အစာလည်း အဆိပ်သင့်သွားတယ်တဲ့၊ ဆေးထိုးပေးလိုက်တယ် … သောက်ဆေးပေးတယ်"

"ထင်သားပဲ … နေပါဦး … ညည်းမျက်နှာက ရောဂါအခြေအနေက သက်သာသလိုပါပဲ … မျက်နှာက ရှုရှုပုတ်ပုတ်နဲ့ မေမေ့ကိုတက်လာလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ ... ကိုယ့်သမီးအပျိုလေးကို စိတ်ချတယ်"

"ဟဲ့ ... စင် ဘာဖြစ်လို့လဲ၊ အဲဒီဆေးခန်းက ဆရာဝန်က လူငယ်တဲ့ ... အမေ နောက်မှတွေးမိလို့ အပြေးလိုက်လာတာ ... ညည်းကို ဘာလုပ်လဲ ... "

စင်ကတော့ မေမေ့ကို ဘာမှရှင်းပြမနေတော့ဘဲ အိမ်ထဲဝင်လာခဲ့သည်။

အခုတလော စင် ကံကိုမကောင်းပါဘူး။ အရှက်ရစရာ ကိစ္စတွေနဲ့ပဲ ကြုံနေရတယ်။ မေမေ့ကို ပြောပြရင်လည်း ဆရာဝန့်ပဲ စမ်းသပ်မှာပေါ့လို့ ညည်းကိုက အဖြစ်သည်းလွန်းသည်ဟု ဆူမှာသေချာနေ၏။ သွားပါပြီ ... သွားပါပြီ ... ဆရာဝန်က လူရိုးပါ။ စင်ကပဲ အထင်သေး အမြင်သေးဖြစ်နေတာ။ သူက ဆရာဝန်အလုပ်လုပ်ခဲ့တာပဲ။

စင့်စိတ်ထဲမှာ ရှက်ရဲရဲကြီးနှင့် အခန်းထဲဝင်ပြီး လှဲနေလိုက်သည်။

❋◆❋

အခန်း ( ၅ )

"ရန်ရာ ... မင်းကတော့ တကယ်ပဲ၊ တော်ကြာ ... ပြဿနာတွေဖြစ်နိုင်တယ်နော်၊ ရပ်ကွက်နဲ့ကိုယ်က သိပ်မသိသေးဘူး"

"ဘာပြဿနာဖြစ်စရာရှိလို့လဲ မင်းလွင်ရာ ... ငါလည်း ဆရာဝန် မဖြစ်ခဲ့လို့သာပါ၊ ဆေးကျောင်းကို လေးနှစ်တောင်တက်ခဲ့တာပါ။ ရန် ဘယ်လောက်ထူးချွန်တဲ့ ကျောင်းသားလည်းဆိုတာ မင်းသိပါတယ်"

ရန် စာတော်ခဲ့သည်။ ဒါပေမဲ့ ... သူလူတော်မဖြစ်ချင်။ မိုးထက် မသာအောင်နေရမယ်တဲ့။ မာမီ့အယူအဆလေ။ မာမီဖြစ်နေစေချင်တာက မိုးပဲသားလိမ်မာ၊ ထူးချွန်ထက်မြက်သူပါ။

"ဖြူဖြူစင်စင်တဲ့ ... နာမည်လေးကလည်း ချစ်စရာကောင်းတယ် ... လူကလည်း ချောတယ်၊ မိုက်သားလေးကို ဝင်းအိမ္မတ်စင်နေတာပဲ"

"ရန် ... မင်းမှာ ဒေဝီရှိတယ်နော်၊ ကြည့်လုပ်ပါဦးကွ ...



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကို ကြည့်ရတာ အစိမ်းသက်သက်လေးထင်တယ်၊ ရှက်နေတယ် ... ”

“ခိုက်သွားပြီ မင်းလွင်ရေ ... ကိုယ့်ရင်တွေ တဒိတ်ဒိတ်ခုန်နေတယ်၊ ချစ်မိသွားတာထင်တယ် ... ”

“ဟုတ်မှလဲလုပ်ပါ ရန်ရာ ... မင်းက မချစ်တတ်ဘူးဆို၊ ကိုယ့်ဆေးခန်းဖွင့်ထားတဲ့ရပ်ကွက်ထဲက ကောင်မလေးကိုတော့ မထိပါနဲ့ မင်းတွဲနေတဲ့ ဒေဝီခင်က မလွယ်ဘူးနော် ... ”

ရန် အရမ်းပီတိတွေဖြစ်နေသည်။ ရင်ထဲမှာ ရင်ခုန်သံတွေတောင် သူပြန်ကြားနေရပြီထင်မိ၏။ ဖြူဖြူစင်စင်တဲ့ ... တကယ့်ကို စွဲမက်စရာ ကောင်မချောလေးထင်တယ်။

“စင့်ဆိုတဲ့ကောင်မလေးကို စတွေ့တွေ့ချင်းပဲ ကိုယ်ရင်ခုန်ရတယ် မင်းလွင် ... တကယ်ပြောတာနော်၊ ကိုယ်အရမ်းပျော်နေတယ်၊ ဒီညတော့ ... မင်းကို ကိုယ်ဧည့်ခံမယ်၊ သောက်ချင်သလောက်သောက်၊ စားချင်တာစားနော် ... ”

“အေးပါကွာ”

“မင်းလွင် ... မင်းမျက်နှာကြီးက မအီမလယ်နဲ့ လုံးဝစိတ်ပူစရာမလိုဘူး၊ ဖြူဖြူစင်စင်ကို ရရင် ကိုယ်အကြီးအကျယ် ခမ်းခမ်းနားနား မင်္ဂလာဆောင်ယူမယ်”

မင်းလွင်ကတော့ ရန့်ကိုလည်း အပြစ်မတင်လိုပေ။ ရန့်အကြောင်းက သူအသိဆုံးပဲ။ ထူးချွန်ပါလျက်နှင့် ဘဝကိုဖျက်စီးပြစ်နေတဲ့ကောင်။ နှမြောစရာကောင်းသည်။ မင်းလွင်ကိုယ်တိုင် ရန့်





ဘဝကို အေးချမ်းပျော်ရွှင်စေလိုခဲ့၏။ ငယ်သူငယ်ချင်းတွေပါ။ နှစ်ယောက်သား ဆေးခန်းပိတ်ပြီး ကလပ်တစ်ခုသို့ ရောက်လာကြသည်။

“ဖြူဖြူစင်စင် မင်းနဲ့ဆုံတွေ့ရတာ ရန်မခရဲ့ ဘဝကြီးတစ်ခုလုံး အပျော်တွေ ဖုံးလွှမ်းသွားတာပဲ ... အချစ်တွေတောင် ကိုယ်ခံစားလို့ရလာပြီ မင်းလွင် ... ”

ရန်က အချစ်ကို မေ့ပစ်ထားတာ သံယောဇဉ်ဆိုတာလည်း သက်မဲ့ကြိုးတစ်ချောင်းပဲ။ သူ့အတွက်ကတော့ အသုံးမဝင်ဘူး။ မာမီက သူ့လက်ကိုဆွဲပြီး ငယ်ချစ်ဦးလို့ အမည်တပ်၍ လက်ထပ်ယူခဲ့တဲ့ သူဌေးကြီး ဦးသော်ထက် နေထိုင်တဲ့ တိုက်ကြီးထဲ ရောက်လာထဲက ဖြစ်သည်။

“မင်းက ကပ်ဖားကောင်ပဲ ရန်မခ ... ငါ့ဒက်ဒီကို မင်းအဖေအစားထိုးနိုင်တာ လက်ခံတာ၊ မင်း ... ငါ့အဖေဆီက အကျိုးတွေမျှော်ကိုးပြီး ကပ်ဖားရပ်ဖားလုပ်နေတာပဲ ... အဆင့်မရှိဘူး”

မိုးထက်မြင့် ... မင်းကြောင့်ပဲ ရန်မခရဲ့ ဖြူစင်တဲ့နှလုံးသားတွေ မဲ့ညစ်ကုန်တာလေ။ ငါ့စိတ်တွေ အရောင်ဆိုးခြင်းခံလိုက်ရတာကို မာမီက ပိုဆိုးသေးတယ်။ သားရန် အတန်းထဲမှာ အဆင့်တစ်ရရင်တောင် မပျော်နိုင်ဘူး။ တိုးတိုးကြိတ်ကြိတ်နဲ့ မိုးထက် မသာစေနဲ့။ သားငယ် အမြဲတမ်း အရှုံးပေးလိုက်တဲ့။ ရန် ဘာဆက်လုပ်ရတော့မလဲ။

“ရန်”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"မင်း ဘာတွေစဉ်းစားမိသွားပြန်ပြီလဲ ... ဖြူဖြူစင်စင့် အကြောင်းတွေပြောနေတုန်းက အရမ်းအူမြူးနေတဲ့ကောင် ... ဒေဝီ အကြောင်းလား ..."

"ဒေဝီ"

"မင်းလက်ရှိအတွဲလေ"

"ဟား ... ဟား ... ဟား"

ဒေဝီက အလကားပါ။ သူ့ကို လိုက်ကပ်နေတာ။ လူကြီး တွေက ငယ်သူငယ်ချင်းတွေဆိုတော့ ဒေဝီက သူ့ကိုချိန်နေတာ ချစ်တယ်တဲ့။ ရန်က သူ့ကို မချစ်တဲ့မိန်းမမျိုးမှ ခံစားလို့ရမယ်ထင် တာပဲ။

"ဒီလိုပါပဲ ... ဒက်ဒီနေမကောင်းဘူး မင်းလွင် ... ကိုယ်စိတ် တော့ပူတယ်၊ ဒက်ဒီက ကိုယ့်ကိုချစ်တယ် ... ကိုယ့်အတွက် အ... တမ်း ပူပင်နေတတ်တာ"

"မင်း စောစောပြန်လေ ..."

"ရပါတယ် ... သောက်ပါ၊ ကိုယ်က အတားအဆီး အ... အထိစ် အဟန့်အတားတွေကို မကြိုက်ဘူး"

သူ့မာမီက စောစောပြန်လာခဲ့ဟု ပြောတဲ့ညတိုင်း မိုးလင်း မှ ပြန်ခဲ့သည်။ အရွဲ့တိုက်တဲ့နေရာမှာ ရန်က နံပါတ်တစ်ပဲ။ ... ကောင်းတာလုပ်လည်း မာမီက မိုးထက်သာမှာ မိုးမကျေမနပ်... မှာကိုပဲ ကြောက်နေတတ်သည်။





"သောက်ကွာ မင်းလွင် ... ဘာမှစိတ်ပူမနေနဲ့၊ ရန်မခ အကြောင်း မင်းသိပါတယ် ... ကိုယ့်ဖာသာကိုယ်နိုင်လို့ ကတာပါ ကွ"

ဖြူဖြူစင်စင်ဆိုတဲ့ ကောင်မလေးအား ဘယ်လိုချဉ်းကပ်ရ မလဲဆိုတာ ရန် စဉ်းစားနေသည်။ မင်းလွင်ရဲ့ ဆေးခန်းကို မကြာ ခဏတော့ သွားဖြစ်လိမ့်မယ်ထင်တယ်။ သူတို့ ညဥ့်နက်အောင် အရက်သောက်ကြ၏။ ရန် တော်တော်လေးမူးသည်။

သူ ခြံကြီးထဲ ကားမောင်းဝင်လိုက်တော့ မာမီက ပေါ်တီကို အောက်မှာ ရပ်နေသည်။

"ရန့်ကိုစောင့်နေတာလား မာမီ ..."

"ရှူး ... တိုးတိုး"

"ဘာဖြစ်လို့လဲ မာမီ"

"ဟဲ့ ..."

ရန် မကြိုက်ဆုံးက သူလုပ်ကိုင်ဆောင်ရွက်သမျှ ဦးသော် ထက်နှင့် မိုးထက်မြင့်တို့ အလိုမကျမှာကြောက်ရွံ့နေတာပဲ။ ဒီမှာ ရန် ဘာမှလုပ်ပိုင်ခွင့်မရှိတော့ဘူးလား။ မာမီ့ရဲ့ယောက်ျားအိမ်လေ။

"မင်းဒက်ဒီ နေမကောင်းပါဘူးလို့ မာမီပြောလိုက်တယ်လေ၊ မင်း ဘာဖြစ်လို့ ဒီအချိန်မှပြန်လာရတာလဲ ရန် ... အရက်တွေလည်း သောက်လာတယ်၊ မင်း တမင် မိုး မခံချိမခံသာဖြစ်အောင် ရွဲ့လုပ် နေတာ မဟုတ်လား ..."

"ရန် မူးလာတယ် ... ပြီးတော့ ပျော်လည်းပျော်လာတယ်၊

www.burmeseclassic.com



ဒီတစ်ခါ ရန်ပျော်လွန်းလို့ သောက်တာပါ"

"မင်းဒက်ဒီ နေမကောင်းဘူးနော် ... ဘာတွေပျော်နေရတာလဲ၊ စကားကို တိုးတိုးပြောစမ်း"

"ရန် စကားကို တိုးတိုးမပြောတတ်တာလဲ မာမီသိတာပဲ၊ ဘာဖြစ်လို့လဲ ... မာမီတစ်ချိန်လုံး ကြောက်ရွံ့ထိတ်လန့်နေတော့မှာလား"

"ရန် ... မင်းဘာဖြစ်လို့ အလိုက်ကန်းဆိုးမသိရတာလဲ၊ လူကြီးမိဘကို ရိုသေရမယ်လေ"

"ဘာမရိုသေလို့လဲ ... ရန်က ကုတ်ကမြင်းမဟုတ်ဘူး၊ ဖြောင့်ပဲ ... ယောကျ်ားလေးလေ အရက်သောက်မယ်၊ မိန်းမရှုပ်မယ်"

"ရန် ... သားငယ်၊ မင်းပြောလေဆိုးလေပါလား ... မင်းမာမီစကားကို ဆန့်ကျင်နေတာပါလား၊ ဘယ်အချိန်အထိ မာမီ့ကို စိတ်ဒုက္ခရောက်အောင် လုပ်နေမှာလဲ"

သူ ဘာမှမပြောချင်တော့။ မာမီ ထိတ်ထိတ်ပြာပြာနှင့် လင်ပါသား ငြိုငြင်မှာ ကြောက်ရွံ့ထိတ်လန့်နေတဲ့ပုံစံကို မကြည့်ချင်။ ရန် အမြဲတမ်းတွေ့မြင်ခဲ့ရတာ ကြာလာတော့ ဆန့်ကျင်ပြစ်ချင်လာသည်။

"အား ... ပျော်လိုက်တာ၊ ဒီနေ့ည အရမ်းကို သာယာလှပတယ်၊ ဒီည လပြည့်ညပဲ ... သားခြံထဲမှာပဲ နေဦးမယ်မာမီ"

"အထဲဝင်စမ်း ရန် ... အပြင်မှာအေးတယ်၊ ကိုယ့်အခန်းထဲ





မှာ ဝင်အိပ်တော့ ... လာလေ ... "

ဒေါ်တာတာ စိတ်ရှုပ်ထွေးနေသည်။ သားငယ်ကြောင့်ပါ။ သားငယ်ကိုလည်း မိမိအပြစ်မတင်ရက်ပေ။ သားကြီးမိုး စိတ်အနှောက်အယှက်ဖြစ်နေမှာလည်း စိတ်ပူမိ၏။ ရန် သားငယ် မင်းလူတွေကို အရွဲ့တိုက်နေတာပဲ။ မာမီ့ကို မင်း နားလည်ပေးသင့်ပါတယ်။

အပြင်မှာ အေးစိမ့်လွန်းနေ၍ သားငယ်ရန် အပြင်မှာနေမှာလည်း စိတ်ပူမိသည်။ အသံကျယ်ကျယ် ဆူဆူညံညံလုပ်နေမှာလည်း စိုးရိမ်၏။ သားကြီးမိုးက ဘယ်လိုထင်ရှာမလဲ။ သားကြီးကို အနှောက်အယှက်ဖြစ်မှာ မလိုလားပေ။

"လာခဲ့ ... ကိုယ့်အခန်းထဲကိုယ်ဝင်တော့ ... မာမီ့ကိုသနားပါဦးဟယ်၊ မင်း တဖြည်းဖြည်းဆိုးဝါးလာပြီ ... အလိုလိုက်ထားလို့ထင်တယ်၊ မင်းကို စည်းကမ်းတင်းကြပ်ဖို့ မင်းဒက်ဒီကို ပြောရမယ်"

"ပြောဗျာ ... ရန်ကတော့ လောကကြီးထဲမှာ ဘာမှအလိုရှိတော့ဘူး၊ အား ... ပျော်တယ်၊ ဒီညက ကျက်သရေအပေါင်းနဲ့ပြည့်စုံနေတဲ့ ညလေး ... အရမ်းချစ်စရာကောင်းလိုက်တာနော်"

မာမီက ရန့်ကို အတင်းဆွဲပြီး အိပ်ခန်းထဲပို့ပေးသည်။ အိပ်တော့တဲ့ ... မနက်ဖြန် မနက် မင်းကုမ္ပဏီကိုသွားရမယ်တဲ့။

အခုတလော ... ဒက်ဒီက သူ့ကိုကုမ္ပဏီလုပ်ငန်းတွေ သင်ပေးနေ၏။ သားငယ်ရန်ပဲ ဆက်ပြီးအုပ်ချုပ်လုပ်ကိုင်သွားရမှာတဲ့။

သူကတော့ စိတ်မဝင်စား။ သားအရင်း မိုးထက်မြင့်က



www.burmeseclassic.com

www.burmeseclassic.com



အကျော်ကြီးနှင့် သူများကုမ္ပဏီမှာ သွားလုပ်နေသည်။

"မာမီစကားကို နားထောင်ပါ သားငယ်ရယ် ... မင်းဒက်ဒီ စိတ်တိုင်းကျအောင် နေပြစမ်းပါ ... သားအတွက်ပဲလေ"

"မာမီ သွားပါတော့ဗျာ ... ရန် မူးနေတယ်၊ အိပ်လည်းအိပ်ချင်ပြီ ... ထွက်သွားပါ"

"ရန်"

"အိပ်ပြီ"

"သေပစ်ချင်တာပဲ ... ဒီအသက်အရွယ်ရောက်နေပြီ၊ နည်းနည်းလေးမှ အသုံးမကျဘူး ... သားကြီးမိုးဆို အရမ်းလိမ္မာတယ်၊ ငြိမ်သက်နေတာပဲ ... မိဘတွေ ဂုဏ်ယူရတဲ့ သားလိမ္မာ ..."

ရန် သိသားပဲ။ မာမီ့နောက်ဆုံးစကားအဆုံးသတ်က မိုးထက်မြင့်ကို သားလိမ္မာအဖြစ် ချီးမွမ်းဖို့ပဲလေ။ ယောက်ျားကပါတဲ့ သားကို ချစ်လည်းချစ်၊ ကြောက်လည်းကြောက်၊ အဖြစ်သည်းလွန်းတယ်။

မာမီ တဖြစ်တောက်တောက်တွေ ပြောဆိုရင်း ပြန်သွား သူ့အဝတ်အစားတွေပင် မလဲနိုင်တော့ဘဲ အိပ်ရာပေါ် ပြစ်လှဲချလို သည်။

"အား ... ဖြူဖြူစင်စင်တဲ့လား၊ ရင်ထဲမှာ စွဲနှစ်တိုးဝင် အချစ်တွေကို ဖြစ်ထွန်းစေတဲ့ ကောင်မလေးပဲ"

သူ့ ကောင်မလေးရဲ့ ရှက်ရဲရဲမျက်နှာလေးနှင့် ဆရာဝန် ဆေးရန် ဗိုက်သားဝင်းဝင်းလေးကို ပြတဲ့ကောင်မလေး အရမ်းရ





တယ်။ ဖြူဖြူစင်စင်နဲ့ တွေ့ဆုံလိုက်ရတာ ရန် အင်အားတွေစုစည်း ရရှိလိုက်သလိုပင်။

သူက ဒေါက်တာအတုအယောင်ဆိုတာ သိသွားရင် ကောင်မလေး ဒေါသတွေ ဖြစ်မလား။

"မင်းကိုတော့ ကိုယ်အရမ်းချစ်သွားပြီ ... ဖြူဖြူစင်စင်ရေ"

ရန် ... အိပ်ရာပေါ်ကနေ ပြန်ထပြီး ရင်ထဲမှာ ပူပူလောင်လောင်ကြီးဖြစ်လာ၍ အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။

သူ့အခန်းထဲက ရေခဲသေတ္တာထဲမှာ ရေမရှိတော့ဘူး။ ဘယ်သူမှလည်း ထည့်မပေးကြဘူး။ ရန်ကိုဆိုရင် ဘယ်သူမှ အလေးအနက်မထားကြပါလား။ သူ ဒယိမ်းဒယိုင်နှင့် လှေကားထစ်တွေအတိုင်း ဆင်းလာခဲ့သည်။

"မိုး ... မိုးထက်မြင့် ... မိုး ... မင်း အခန်းမှာ ရေခဲရည်ရှိလား ... တစ်ဗူးလောက်ပေးစမ်းပါ"

ရန်မခ ဆူပူသောင်းကြမ်းနေတာကို မိုးကြားနေရသည်။ စိတ်ပျက်တယ်။ မပတ်သက်ချင်ပါဘူးဆိုမှ ဒီကောင် တမင်တကာ နိုးဆီ ရောက်လာတာပဲ။

ရေခဲဗူး လိုအပ်ရင် ကိုယ့်ဟာကိုယ် ထည့်ထားပေါ့။ မိုးကတော့ တစ်မျိုးပဲ။ ဘယ်သူမှလုပ်ပေးတာလည်း မကြိုက်ဘူး။ ကိုယ့်ဟာကိုယ် လုပ်တာပဲ။

"ဒုန်း ... ဒုန်း ..."

"မိုးထက်မြင့် ... တံခါးဖွင့်စမ်းပါ၊ ငါ အရမ်းရေဆာနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီ နေမကောင်းဖြစ်နေ၍ အကျယ်အကျယ် ပြဿနာ မဖြစ်လို၍ တံခါးဖွင့်ပေးလိုက်သည်။

"ဘာကြီးကျယ်နေတာလဲကွ ... လူလူချင်းပဲဟာ၊ မင်း အတွက်ဆိုရင် အားလုံးက ပြာယာခတ်အောင် ကြောက်လန့်နေကြ ပြီး လိုလေသေးမရှိအောင် လုပ်ပေးကြတယ်လေ ... "

ရန် အထဲဝင်လာခဲ့သည်။ တကာယ်လည်း ရင်တွေပူနေတာ အရက်ခိုးတွေ ပျံတာထင်တယ်။ မိုးထက်မြင့် အခန်းကတော့ မွှေးပျံ့သန့်ရှင်းနေတာပဲ။

သူ အခန်းထဲဝင်လာပြီး ရေခဲသေတ္တာကို ဖွင့်ပြီး ရေဗူးယူ သည်။ မိုးက အဖက်မလုပ်။ နှုတ်ဆက်စကားပင် မပြော စာဖတ်နေ သည်။

"မိုး ... ဟော့ကောင် ... "

ရန် မူးနေတယ်။ မိုးကတော့ အရက်သမားတွေနှင့်စကား မပြောလိုပေ။ သူလည်း လုံးဝမသောက်ဘူး။ တစ်ခါတလေ အရက် မူးပြီး သူ့ဆီလာရစ်တတ်သည်။ မိုးမကြိုက်ပေမယ့် ဒက်ဒီ့ကြောင့်ပါ။ ဒက်ဒီက မိန်းမကပါလာတဲ့သားအပေါ် အရေးတယူရှိလွန်း၏။ ရန် က သူ့အနားမှာ လာရပ်သည်။

"ရေခဲဗူး နှစ်ဗူးယူမယ် ... ရန်ကတော့ မင်းလောက်စည်း စနစ်မရှိဘူး၊ ဒီမှာ ... မင်းက လူတွေကို အဖက်မတန်ဘူးလို့ထင် နေတာလား"

မိုး ထွက်လာခဲ့သည်။ ရန်နှင့်စကားမပြောလိုပေ။ အမြဲတမ်း





မူးပြီး ပြဿနာတွေကို ရှာချင်နေတဲ့ ရန်မခပါ။ သူ့ကို ရန်ကလာလာ ပြီး စကားတွေပြောနေတာကိုပင် မိုး လုံးဝမနှစ်သက်ခဲ့။ မိုး မကြိုက် ပါဘူးဆိုမှ ရန်က မိုးအခန်းထဲကပစ္စည်းတွေ လာလာယူတတ်သည်။

"မင်း ဒက်ဒီနဲ့ကင်းကင်းနေတာကို ဒက်ဒီ အရမ်းခံစားရတယ် ကွာ၊ ဒက်ဒီက မိသားစုဝင်တွေ စည်းစည်းလုံးလုံးနဲ့ နေစေချင်တာ၊ ဒက်ဒီ သေတာတောင် မြင်ခွင့်မရတော့ဘူးထင်တယ်"

ဒက်ဒီအတွက် သူ အကောင်းဆုံးတွေ လုပ်ဆောင်ပေးလိုပေ မယ့် မာမီ သေဆုံးပြီး မကြာခင်မှာပဲ ... နောက်မိန်းမယူလိုက်တာ ကိုတော့ မိုး ဘယ်လိုမှ ခွင့်လွှတ်သည်းခံ၍မရ ဖြစ်နေသည်။ မိထွေး ဖြစ်သူရဲ့ သူ့ကို တယုတယနှင့် သားကြီးအဖြစ် သတ်မှတ်ပြီး ချစ်ခင် ကြင်နာပြနေတာလည်း မာယာတစ်ခုဟု ထင်မိသည်။

"မိုးထက်မြင့် ... မင်းက အဖက်မလုပ်ချင်လည်းနေလေ၊ ရန်ကတော့ လိုအပ်တာရှိရင် လာယူမှာပဲ ... မကျေနပ်ရင်လည်း တတ်နိုင်ဘူးကွာ"

ရန် တဟားဟား အော်ရယ်၍ သူ့အခန်းထဲ ပြန်ဝင်လာခဲ့ သည်။ ဒီကောင့်အခန်းထဲမှာက သူ့အခန်းထဲမှာထက် ပစ္စည်းတွေ ငြိမ့်တယ်။

ရန် အရမ်းမူးသွားရင် မိုးထက်မြင့်ကိုတော့ နည်းနည်းလေး ဖြစ်ဖြစ် သွားရစ်ရမှ ကျေနပ်တတ်သည်။ မာမီက မကြိုက်ဆုံးပဲ။ ဒက်ဒီကတော့ သားငယ်က မာနမရှိဘူး။ သွေးစည်းချင်တယ်တဲ့။ သားငယ်တာဝန် ကျေတယ်တဲ့။ ဟား ... ဟား ... ဟား ရယ်ရ



www.burmeseclassic.com

www.burmeseclassic.com



...အပြစ်ရှိတယ်ဆိုရင် မာမီပဲ အပြစ်ရှိမှာလေ။ မိုးအဖေကို ...ချခဲ့တာကို။ ရန်က ဘာလုပ်လို့လဲ။ မိုးထက်မြင့် မျက်နှာစူတင်း တင်းကြီးကို တွေးမိတိုင်း ရန် ... သဘောကျစွာတတ်နေလေသည်။

❋◆❋

...နိုး ( ၆ )

"စင် ... နင့်ကိုလေ တို့မန်နေဂျာက သန့်ရှင်းရေးဝန်ထမ်း ...တယ် သိလား ... "

"ဟွန်း ... စင်သိပါတယ်၊ ဒီလောက်တောင် လုပ်ချင်တဲ့ ...လေးလုပ်စမ်းဆိုပြီးတော့ ဖြစ်မှာပဲ၊ စင် မလုပ်တော့ဘူး"

"ဘာဖြစ်လို့လဲစင်ရ ... နင်လျှောက်တုန်းကတော့လျှောက် ...လုပ်လို့ကောင်းပါ့မလား ... နောက်မှ လစ်လပ်တဲ့နေရာရှိရင် ...ိုက်ဖက်မယ့် ရာထူးလျှောက်ပေါ့ ... "

"ဟုတ်တယ်နော် ... စင်လည်း ချစ်တို့မန်နေဂျာကို အရမ်း ...ကျနေတာဟ ... ဖြစ်ချင်ရာဖြစ်ဟာ လုပ်မယ် ... အိမ်မှာ ...တ ငါသင်တန်းတွေ အကြောင်းပြနေတော့ အိမ်မှုကိစ္စတွေ ...ူးလေ၊ လုပ်နိုင်ပါ့မလားတောင် မသိဘူး ချစ်ရာ ... "

အိမ်မှာဆို စင်အပျင်းထူပြီး ကိုယ့်ထမင်းတောင် ကိုယ်နူး



www.burmeseclassic.com

www.burmeseclassic.com



မစားဘူး။ တစ်ခါတလေ အရမ်းအပျင်းကြီးလာရင် မေမေ့ကိုတောင် ထမင်းခွံ့ခိုင်းလိုက်သေးတယ်။ တစ်ဦးတည်းသောသမီးလေးဆိုတော့ ဖေဖေနဲ့မေမေက အစွမ်းကုန် အလိုလိုက်ထားခဲ့သည်။

"လုပ်မယ်ဟာ ... ဘာပဲဖြစ်ဖြစ် ကိုမိုးထက်မြင့်ရှိနေတဲ့နေရာပဲ ငမ်းလို့ရတယ် ... စင်လေ ချစ်တို့မန်နေဂျာ ကိုမိုးထက်မြင့်ကို အရမ်းလေးစားပြီး အထင်ကြီးတယ် ... နေတာထိုင်တာ အရမ်းစမတ်ကျပြီး ယောကျ်ားပီသလိုက်တာ၊ မျက်နှာတည်တည်လေးနဲ့ ယောကျ်ားဆိုတာ အဲဒီလိုနေရမယ်၊ မိန်းကလေးတွေတွေ့တိုင်း စပ်ဖြဲဖြဲနဲ့အရောတဝင် လုပ်ချင်တဲ့ယောကျ်ားကို စင် အရမ်းမုန်းတယ်"

"စင်ကတော့လေ ... ချစ်တို့မန်နေဂျာကိုတွေ့ပြီးတည်းက အရမ်းချိုးမွှမ်းခန်းထုတ်နေတော့တာပဲ ... ဟုတ်တော့ဟုတ်တယ် ဟဲ့ ... တို့မန်နေဂျာကိုမြင်လိုက်တဲ့ မိန်းကလေးတိုင်း ကြွေကြတယ်၊ ချစ်တို့ကတော့ မတန်မရာမို့ မမှန်းရဲတာ"

"ချစ်ရယ် ... စင်လေ၊ စားရင်လည်းသူ သွားရင်လည်းသူပဲ အိပ်မက်တွေတောင်မက်တယ် ... ပြီးတော့လေ၊ ဟဲ့ ... စင်ရဲ့ဖူးစာဖက်လားမသိဘူးနော် ... မကြာခဏ ဆုံတတ်တယ်၊ ဓါတ်လှေကားထဲမှာဆို နှစ်ယောက်ထဲအသွားအပြန်ဆုံတာ ရှေးဘဝက ချဖူးတဲ့ရေစက်တွေ ရှိနိုင်တယ် ... အဟင်း ဟင်း ..."

"ကဲပါစင်ရာ ... မနက်ဖြန် အလုပ်ဆင်းတော့ စင့်အမေကို ဘာပြောမလဲ ... သန့်ရှင်းရေးတော့ ခိုင်းမှာမဟုတ်ဘူးနော်"





"မေမေက ရပါတယ် ... စင်ရတဲ့လခ စင်ပဲသုံးရမှာ၊ ကြည့်ပြောလိုက်မယ်၊ အတွင်းရေးမှူး ဘာညာပေါ့ဟာ ..."

"ပြီးရော ... စင့်ကို အဲဒါလာပြောတာနော်၊ ပြန်မယ် ... မနက်ဖြန်ကျမှ ရုံးမှာတွေ့ကြမယ်"

"အေး"

"ဟဲ့ ... စင် ... နင်တို့မျက်စောင်းထိုးမှာလေ ဆေးခန်းဖွင့်ထားတာ ဆရာဝန်က ငယ်ငယ်လေးဆို ..."

"အင်းလေ ... မနေ့ကတော့ စင်ဗိုက်အောင့်လို့သွားပြမိတာ၊ အဲဒီဆရာဝန်က ဗိုက်ကိုစမ်းသပ်မလို့ ဗိုက်လှန်ခိုင်းလို့ သေချင်ဆော်တောင် နံ့သွားတယ် ... ရှက်လိုက်တာဟာ"

"ဟယ် စင် ... နင့်ဗိုက်သားကို အဲဒီဆရာဝန်က ကိုင်တာဘားဟ"

"အေးပေါ့"

"ဆရာဝန်ဆိုရင် ပိုမကောင်းဘူးလားစင်ရ ..."

"တော်စမ်းပါ ... လုံးဝစိတ်မဝင်စားဘူး၊ စင်တို့က မန်နေဂျာ ကိုမိုးထက်မြင့်ပဲ မရချင်လည်းနေပါစေလေ ... ကြည့်ရ မြင်ရရင် ဘောင် ကျေနပ်ပါပြီ"

"သွားပြီနော်စင် ... အိမ်မှာ နင်တစ်ယောက်ထဲလား ... နဲ့တီရော ..."

"ဈေးဝယ်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ချစ်ချစ်ဖော် ပြန်သွားသည်။ စင် ပျော်လိုက်တာနော်။ ဘာပဲဖြစ်ဖြစ် စင်လုပ်မယ်။ သန့်ရှင်းရေးလဲ ဘာဖြစ်လဲ။ နောက်မှလျှောက်ယူမယ်။ ကိုမိုးထက်မြင့်ရေ ... ဘာဖြစ်လို့ ဒီအလုပ်ကို ခန့်ရတာလဲ။ အမြင်ကတ်လို့လား ... ဒါမှမဟုတ် စင်ကို အမြဲတမ်းတွေ့မြင်ချင်လို့လားပဲ။ သန့်ရှင်းရေးဆိုတော့ အစမ်းလေ့ကျင့်ထားရင် ကောင်းမယ်ထင်တယ်။ အဟိ ... တစ်အိမ်လုံး သန့်ရှင်းရေးလုပ်မယ်။ ကိုမိုးထက်မြင့်က စင့်ကိုလျှော့တွက်ထားတာ နေမယ်။ စင် စိတ်လိုလက်ရနှင့် အိမ်သန့်ရှင်းရေးလုပ်နေသည်။

"အမလေး ... ကျားသားမိုးကြိုးအေ ... တို့သမီးလေး ဖြူဖြူစင်စင် ဘာစိတ်ကူးပေါက်ပြီး သန့်ရှင်းရေးတွေ ဘာတွေလုပ်နေပါလား၊ သူများတိုက်ထားလို့ ပြောင်နေတဲ့ကြမ်းတွေ ဘာဖြစ်လို့ထပ်တိုက်နေရတာလဲ"

"လေ့ကျင့်နေတာလေ"

"ဘာပြောတယ်"

"အဲ ..."

စင် ယောင်ပြီး ပြောမိတော့မလို့။ မဖြစ်သေးပါဘူး ... မေမေက စင့်ကို သင်တန်းတွေအစုံတက်ခိုင်းပြီး ရာထူးကြီးကြီးမှန်းထားတာပါ။ တစ်ဦးတည်းသောသမီးလေးဆိုတော့ သက်တောင့်သက်သာ ငြိမ့်ငြိမ့်လေးလုပ်ရမယ့် အလုပ်လုပ်စေချင်ကြသည်။ ထို့ကြောင့်ပင် ပညာရေးကိုပဲ အထူးဦးစားပေးသင်စေခဲ့၏။ စင်ကလဲ





အလုပ်ကြမ်းတွေ မလုပ်နိုင်မှန်း ကိုယ့်ကိုယ်သိထား၍ ပညာရေးတော့ သင်ထားခဲ့သည်။

"သမီးစင် ... ကြမ်းတိုက်တာ လေ့ကျင့်နေရအောင် သမီးက ယောကျ်ားယူတော့မလို့လား"

"အမလေးတော် ... ကိုယ့်သမီးကို ကြမ်းကြမ်းတမ်းတမ်းခိုင်းမယ့် ယောကျ်ားတော့ လုံးဝသဘောမတူဘူးနော် မိစင် ... ညည်း ဘာတွေလုပ်နေလဲ ... မိဘတွေရဲ့ မျှော်မှန်းချက်အကြီးကြီးကို ဖျက်စီးပစ်လိုက်မလို့လား"

"ဟာ ... ဖေဖေနဲ့မေမေကလဲ ဘာတွေလာပြောနေမှန်းမသိဘူး၊ စင်က ကျန်းမာရေးကောင်းအောင် လေ့ကျင့်မလို့ပြောတာပါ၊ မနက်ဖြန် အလုပ်စဆင်းရမယ်"

"ဟယ် ... ဟုတ်လား၊ တို့သမီးလေးပညာနဲ့ရုပ်ရည်နဲ့တော့ ရာထူးကြီးကြီးရမှာပဲ ... ဘာအလုပ်လည်းစင်"

"သန့်ရှင်းရေး ... အဲ သန့်ရှင်းရေးဝန်ဆောင်မှုလုပ်တဲ့ ကုမ္ပဏီရဲ့မန်နေဂျာ ဦးမိုးထက်မြင့်ရဲ့ ပီအေပါ"

"သန့်ရှင်းရေးဝန်ဆောင်မှု ... ဟုတ်လား ... မကြားဖူးပါဘူးအေ"

"ချိုကလဲကွာ ... အခုခေတ်မှာ ဝန်ဆောင်မှုတွေက အမျိုးမျိုးရှိနေတာပါ ... သန့်ရှင်းရေးဆိုလို့ အသေးအမွှားလည်းသွားပြီး ခေါင်းစားနဲ့ဦးနော် ... သမီး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဆုတ်တယ် ... ဖေဖေပြောတာ ဟုတ်တယ်၊ နိုင်ငံတော်နဲ့ ... နေ့ဆောင်မှုလုပ်တာပါ ... အဲဒီမှာ ... "

"အင်းလေ ... သင်ထားတဲ့ပညာတွေကလည်း အများကြီးပဲ၊ အလုပ်အတွေ့အကြုံရတာပေါ့၊ သမီးစင်ရယ် ... အိမ်တွေသန့်ရှင်းရေးလားအေ"

"မဟုတ်ပါဘူး မေမေကလဲ ... စင့်မန်နေဂျာက ကျန်းမာသန့်စွမ်းမှုကို အလေးအနက်ထားလို့ပါ၊ စင်က အိမ်တိုက်တဲ့အလုပ်လုပ်မလားလို့"

ဖေဖေနဲ့မေမေက စင့်ကိုလည်းချစ်ပြီး အလိုလိုက်ထားကြတာပါ။ စင့်အတွက်ဆို အားလုံးအဆင်သင့်ဖြစ်စေရန် မေမေကိုယ်တိုင် အပင်ပန်းခံတတ်သည်။ ဖေဖေက ငွေရှာတယ်။ အရမ်းကြီးမချမ်းသာပေမယ့် ပြည့်ပြည့်စုံစုံတော့ နေထိုင်ရ၏။ ဖေဖေနဲ့မေမေအခန်းထဲဝင်သွားသဖြင့် စင် ဆက်ပြီး လေ့ကျင့်နေခဲ့သည်။

"ဦးမိုးထက်မြင့် အရမ်းချောတာပဲ ... နေပုံထိုင်ပုံကလဲ စတိုင်ကျလွန်းတယ်၊ စင်လေ ... ပထမဦးဆုံး စတွေ့တွေ့ချင်းပဲ အသည်းခိုက်သွားရတာပါနော်"

သူမနှင့် ဦးမိုးထက်မြင့် စတွေ့ခဲ့တာက ဓါတ်လှေကားထဲမှာပါ။ သူငယ်ချင်း ချစ်ဆီ သွားလည်တုန်းကလေ။ ချစ်တို့မန်နေဂျာဆိုတာ သိသိချင်းပဲ ချက်ချင်း ရရာအလုပ်ဝင်လျှောက်ပစ်လိုက်တာ စင်လျှောက်ထားတဲ့ အလုပ်တွေက ကုမ္ပဏီရဲ့ ဥက္ကဋ္ဌတွေ၊ မန်နေ





ဂျာတွေရဲ့ အတွင်းရေးမှူး ကိုယ်ရေးအရာရှိအလုပ်အကိုင်တွေပါ"

"ဦးမိုးထက်မြင့်လည်း ပြောလို့ရမလား၊ သူ့အတွင်းရေးမှူးနေရာ လစ်လပ်ရင် ဝင်လျှောက်ပစ်မယ် ... "

စင် အရမ်းပျော်နေမိသည်။ စိတ်ကူးယဉ်အိပ်မက်လေးထဲမှာ ကိုမိုးထက်မြင့်က သူမအား စွဲလမ်းနှစ်သက်ချစ်ကြိုက်နေသည်။

"စင်ကလေ ချစ်သူရည်းစားလည်းမထားဖူးဘူး၊ အဖိုဆိုလို့ ယင်ဖိုတောင် မသန်းဘူးသူလေးပါ ကိုမိုးထက်မြင့်ရယ် ... "

ချစ်ကလည်း သူတို့မန်နေဂျာက အစ်မဆိုလို့ ယင်မတောင်မသန်းဖူးသေးဘူးတဲ့လေ။ အလုပ်ကိစ္စကလွဲပြီး အပိုစကားတွေလုံးဝမပြောဘူးတဲ့။ မာနတွေ မိုးထိအောင်မြင့်နေတတ်သူတဲ့။ မိဘသူဌေးကြီးကိုယ်ပိုင်ကုမ္ပဏီတွေ ရှိနေတာတောင် သူ့အစွမ်းအစနဲ့ကြိုးစားချင်လို့ သူများကုမ္ပဏီမှာလုပ်တာတဲ့။

ကိုမိုးထက်မြင့် အကြောင်းက စင့်အတွက် စိတ်ဝင်စားစရာတွေ တစ်ပုံတစ်ပင်ကြီး ဖြစ်နေသည်။

"ယောက်ျားပီသတာပဲ ... စိတ်ဓာတ်မြင့်မားတယ်၊ အစွမ်းအစရှိတယ် ... ဒါမှပေါ့ ... "

တွေးရင်း ပီတိတွေဖြစ်လို့မဆုံးတော့။ စင် အလုပ်ရမယ်တောင် မထင်ဘူး။

မနက်ဖြန်ကျရင် ဘာဝတ်သွားရမလဲ၊ သန့်ရှင်းရေးသမား ဆိုတော့ သန့်ရှင်းရေးအလုပ်သမားဝတ်စုံ ဝတ်ရမှာပဲ။ မမိုက်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



နော်။ ဒါပေမဲ့ … ကုမ္ပဏီကိုသွားရင်တော့ အလှအပ ဝတ်သွားမယ်။ ဘာဖြစ်လဲ … ကိုယ့်မှာရှိလို့ ကိုယ်ဝတ်တာ။

မန်နေဂျာနဲ့ဓါတ်လှေကားထဲမှာ ထပ်ဆုံရင် စင်တစ်ယောက် ထဲ ပီတိတွေဖြာဝေနေရကာ နှုတ်ခမ်းလေးတွေပေါ်မှာလည်း အပြုံး လေးတွေ ထင်ဟတ်နေသည်။

"စင်ရေ … မေမေ ခေါင်းမူးလို့ ဆေးခန်းသွားပြရအောင် လိုက်ခဲ့ … "

"ဟာ … မလိုက်ချင်ပါဘူး၊ ဖေဖေနဲ့သွား … "

အဲဒီဆေးခန်းကိုဆိုရင် စင် မပြချင်ပေ။ မနေ့က ဗိုက်လှဲန်ပြ ထားရတာ ဘယ်လောက်ရှက်စရာကောင်းလဲ။ မျက်နှာပူနေဆဲပင်။ မေမေက အတင်းခေါ်နေသည်။

"ဖေဖေကလည်း အလုပ်တွေရှုပ်နေတယ် … သမီးရယ် လိုက်ခဲ့ပါ … မေမေ သွေးတိုးနေပြီထင်တယ် … လာလိုက်ခဲ့"

"အဲဒီဆေးခန်းကြီးကို စင် မလိုက်ချင်ပါဘူး၊ မနေ့က ဗိုက် လှန်ပြထားရတာ"

"အမလေး စင်ရယ် … ဆရာဝန်ကိုပြရတာပဲ၊ ဘာဖြစ်လဲ ရှက်စရာမဟုတ်ပါဘူး၊ လိုက်ခဲ့ … အပိုတွေပြောမနေနဲ့၊ မေမေက အဖော်လိုနေလို့ပါဟဲ့ … "

မေမေက အတင်းခေါ်နေသဖြင့် စင်အောင့်သက်သက်နှင့် မျက်နှာတွေလည်း ထူပူပြီး မေမေ့လက်ကိုတွဲ၍ ဆေးခန်းလိုက်ခဲ့





သည်။ ဒီနေ့တော့ လူနာက နည်းနည်းများနေ၏။ မေမေ့ရှေ့မှာ နှစ်ယောက်ဆေးခန်း အကူအမျိုးသမီးလည်း ရှိနေသည်။

"စင် ပြတုန်းကတော့ စောနေလို့ထင်တယ် ဆရာဝန်က အစောကြီးရောက်နေတယ် … လူကလည်း ရှင်းနေတယ်လေ"

လူနာနှင့်ဆရာဝန်ဆိုပေမယ့် စင် ခုထိရှက်နေတုန်းပင်။ ဗိုက်သားပေါ်သို့ ဒေါက်တာ့လက်ထိလိုက်သည်နှင့် အူလှိုက်သည်းလှိုက် တုန်သွားရသည်။

"ဒေါ်ချိုချိုသာ … "

"ရှိပါတယ်"

"မေမေ … လာ … "

စင် အထဲမဝင်ချင်ပေမယ့်လည်း မေမေက အရမ်းမူးနေ၍ တွဲပြီး ဆေးခန်းထဲဝင်လာရာ စင့်ကိုကုတဲ့ ဆရာဝန် မဟုတ်ပေ။ တော်ပါသေးရဲ့ … စင် ပြတဲ့ဆရာဝန်က ဘယ်ရောက်နေတာလဲ။

"အဒေါ်က ဘာဖြစ်တာလဲ ခင်ဗျာ"

"ခေါင်းမူးနေတာပါ သားရယ် … "

"ဟုတ်ကဲ့ … သွေးပေါင်ချိန်ကြည့်မယ်နော်"

"အေးပါကွယ်"

မနေ့က ဆရာဝန်ရော။ သူ့မ သိချင်လာပေမယ့် မမေးချင် ပေ။ တော်ကြာ … မိန်းကလေးဖြစ်ပြီး စိတ်ဝင်စားနေပြီလားထင် နေဦးမယ်။ မမေးပါဘူး … စင်က ယောကျာ်းတွေကို စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



တာမှမဟုတ်တာ။ မာနက မိုးထိအောင်မြင့်နေတာပါနော်။ အဲ ... ကိုမိုးထက်မြင့်တော့ မပါဘူး။ သူကတော့ သီးသန့်လေး။

"အဒေါ် သွေးတိုးနေတာပါ ... သွေးပေါင်အရမ်းများနေတယ်၊ သတိထားပါ ... သူက သမီးလား ... "

"ဟုတ်ပါတယ် ... အဒေါ်တို့က ဆေးခန်းနဲ့မျက်နှာချင်းဆိုင်လောက်မှာပါကွယ်"

မင်းလွင်နိုင်ကတော့ ရန့်ကို သတိရနေမိသည်။ ဖြူဖြူစင်စင်ဆိုတဲ့ကောင်မလေးပါလာခဲ့၏။

မျက်နှာထားလေးကတော့ တင်းတင်းလေးပဲ။ သူ့ကိုတောင် သိပ်မကြည့်။ ရန်စိတ်ဝင်စားမယ်ဆိုလည်း စိတ်ဝင်စားစရာ ကောင်မလေး။ နှာတံလေးက ချွန်မြမြလေး၊ နှုတ်ခမ်းလေးကနှင်းဆီဖူးငုံငုံလေးလိုပဲ။ အသားအရည်ကအစ ဝင်းအိမှည့်စင် နေလေသည်။

ရန်တောင် လာမယ်ထင်တယ်။ ကောင်မလေးက မျက်နှာလေး တချီချီနှင့် သူ့မ မိခင်ကိုပဲ အာရုံစိုက်ကြည့်နေ၏။

မင်းလွင်နိုင် ဆေးဖိုးမယူမိ။ ကုသိုလ်ဖြစ်ဆေးခန်းလေးမဟုတ်လား။ ရန်မခကလဲ ငွေကြေးထောက်ပံ့ပေးထားတယ်။ သူ့ဆေးခန်းလေး ပိတ်မသွားအောင်တဲ့။ စေတနာတွေ လွှမ်းကဲနေသည်။

"မင်း ... အမေကို ဂရုစိုက်ပါ၊ သွေးပေါင်တက်နေတယ်





အနားယူဖို့တော့ လိုအပ်တယ်နော် ... "

"ဟုတ်ကဲ့"

သူမတို့ ပြန်လာကာနီးကျတော့ မေမေ့အသိနှင့်ဆုံသည်။

"ဒေါက်တာလေးက အရမ်းစိတ်သဘောထားကောင်းတယ်၊ မနေ့က ကျွန်မကို ဆေးဖိုးနည်းနည်းလေးပဲယူတယ်"

"မနေ့က ဆရာဝန်ကတစ်ယောက်နော် ... အဒေါ် ... "

"မဟုတ်ပါဘူး ... ဒီဆရာဝန်ပါပဲ၊ ဒေါက်တာမင်းလွင်ဦးတဲ့ မှည့်လေးနဲ့လေ ... "

မနေ့က ဆရာဝန်က မှည့်မရှိပေ။ ဒီနေ့ဒေါက်တာက မှည့်လေးရှိသည်။ ဘာတွေလဲ ... မနေ့က စင်တွေ့ခဲ့တာ ဆရာဝန်မှဟုတ်ရဲ့လား။ ဆရာဝန်ဟန်ဆောင်ပြီး စင့်ကို တစ်ခုခုကြံစည်မလို့လားဘဲ။ စင် သံသယဖြစ်နေသည်။

"နေ့တိုင်း ဒီဆရာဝန်လေးပဲ ကြည့်ပေးတာပါ ဖြူဖြူစင်စင်ရဲ့ ... အဒေါ်ပြနေတာ တစ်ပတ်လောက်ရှိပြီလေ၊ မနေ့ညက ဆေးခန်းပိတ်ကာနီးမှပြတာ၊ သူငယ်ချင်းတစ်ယောက်နဲ့ အပြင်ထွက်တော့မလို့ ... "

"သူငယ်ချင်းတစ်ယောက်နဲ့ ... "

"ဟုတ်တယ်လေ ... ငယ်ငယ်ချောချော ဖြူဖြူလေးပဲ၊ ဆရာဝန်တော့ မဟုတ်ဘူးထင်တယ် ... ကုမ္ပဏီဖွင့်တယ်ဆိုလား ပြောနေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဘာဖြစ်လို့လဲ သမီး ... "

"ဘာမှမဖြစ်ပါဘူး ... ဒီဆေးခန်းက စေတနာထားတယ်နော်၊ မေမေ့ ဆေးကုသခ မယူဘူးနော်"

ပိုက်ဆံသိပ်မရှိတဲ့ အဒေါ်ကြီးကျတော့ နည်းနည်းယူတယ်တဲ့။ မေမေနှင့်စင်ပြတော့ လုံးဝမယူကြပေ။ ဘာတွေလဲ ... စေတနာဆရာဝန်တွေလား၊ အကြံအဖန်တွေလား။

ဟိုလူ ... ဆရာဝန် မဟုတ်ဘူးတဲ့။ ဒါပေမဲ့ ... စင့်ကို အသေအချာစမ်းသပ်ပြီး ဆေးတောင် ထိုးပေးလိုက်သေးသည်။ ချက်ချင်းသက်သာသွားရ၏။

ဒီလူ တမင် စင့်ကို ရမ်းကုပေးလိုက်တာပဲ။ ဒုက္ခဖြစ်တော့မလို့။ ဆေးခန်းမှာ နှစ်ယောက်ထဲ ... အဲဒီလို အကြံအဖန် လုပ်တတ်တဲ့ ယောကျ်ားတွေကို စင်အမုန်းဆုံး အရွံဆုံးပင်။

မိန်းကလေးတစ်ယောက်ရဲ့ ဗိုက်သားကို နှာဘူးကျပြီးကြည့်ရှုကိုင်တွယ်သွားတာ တွေးမိရင်း ဒေါသတွေပဲ ထွက်လာရသည်။

✳◆✳

အခန်း ( ၇ )

"အလုပ်ခန့်တဲ့စာရင်းမှာ ဖြူဖြူစင်စင်ဆိုတဲ့နာမည်က ဘာဖြစ်လို့ပါနေရတာလဲ ကိုကျော် ... "

"ဗျာ ... ဖြူဖြူစင်စင် အင်တာဗျူးအောင်တာမဟုတ်ဘူး ား:"

"မအောင်ပါဘူး ... ကိုယ်ပယ်ထားတာပဲ ... ဒီမှာလေ"

"ဟာ ... ဟုတ်သားပဲ ... တောင်းပန်ပါတယ် မန်နေဂျာ၊ ရိုက်တဲ့ကောင်တွေ မှားတာထင်တယ်၊ ဘယ်လိုလုပ်ရမလဲ၊ စာ ထုတ်ထားပြီးပြီ ... အကြောင်းကြားစာတွေလည်း ပို့ထားပြီးပါ ဒီနေ့ပဲ အလုပ်ဆင်းကြတော့မယ် ... အင်း ... မန်နေဂျာက ဘာမကျဘူးဆိုရင်လည်း အားနာနာနဲ့ပဲခေါ်ပြီး ပြောပြရမှာပဲ"

ဖြူဖြူစင်စင်က သန့်ရှင်းရေးဝန်ထမ်းအလုပ်နှင့် ဘယ်လိုမှ ိုက်ဘက်နိုင်တဲ့ကောင်မလေးပဲ။

ဒီကောင်တွေ အလုပ်လုပ်တာ ပေါ့လျော့လွန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



...တာဖောက်ဖျက်တာမျိုး နည်းနည်းလေးမှ လက် ... ဝန်ထမ်းကို ခန့်ပြီးမှ ထုတ်ဖို့ဆိုတာလည်း ကုမ္ပဏီရဲ့ ...လုပ်ဆောင်မှု ပေါ့လျော့ခဲ့တာပဲ။ နာမည်ပျက်နိုင်သည်။

"ဝန်ထမ်းကိုတော့ ခေါ်ပြီးပြောစရာမလိုဘူး၊ ကိုယ်တို့ဘက်က မှားယွင်းမှုပဲ ... ထားလိုက်တော့၊ သူဟာသူ ထွက်သွားလိမ့်မယ်၊ တာဝန်ပေါ့လျော့တဲ့ ဝန်ထမ်းကို တိတိကျကျ အရေးယူပါ။ စည်းကမ်းအရ ပြတ်ပြတ်သားသားလုပ်ပါ ... "

"မန်နေဂျာ ... ဒီကောင်လေးက ... "

"စည်းကမ်းက စည်းကမ်းပဲ ... ဆင်ခြေတွေ မတင်ပြပါနဲ့ ကိုကျော် ... ကုမ္ပဏီတစ်ခုကို ထူထောင်ရတာ မလွယ်ဘူးဗျ၊ စည်းကမ်းက အဓိကကျတယ် ... အလုပ်ထုတ်ပါ၊ သူလည်း အလုပ်စဝင်ထဲက စည်းကမ်းချက်တွေကို သိထားပြီး သဘောတူကြောင်း လက်မှတ်ထိုးထားတာပဲ"

"ဟုတ်ကဲ့ပါ မန်နေဂျာ ... "

လက်ထောက်မန်နေဂျာ ကိုကျော် စိတ်မကောင်းဖြစ်ရသည်။

မန်နေဂျာ မိုးထက်မြင့် ဘယ်လောက်အထိ စည်းကမ်းကြီးပြီး အလုပ်ကိုတိကျပြတ်သားတယ်ဆိုတာ ကုမ္ပဏီဝန်ထမ်းတွေအားလုံးအသိဆုံးပင်။ အကြောင်းပြချက်မလိုပေ၊ တင်ပြလို့လည်း ရမှာမဟုတ်။ မန်နေဂျာဘက်က မှန်နေ၏။

ဝန်ထမ်းကောင်လေး စိုးသူ အလုပ်ဝင်တာ ဘာကြာသေးလို့





လဲ။ ဆယ်တန်းအောင်ထားပြီး ပညာဆက်သင်ကြားနိုင်ရေးအတွက် အလုပ်ဝင်လုပ်ခဲ့သည်။ သူတို့ကုမ္ပဏီက ပညာရေးကိုတော့ အခွင့်အရေးပေးထား၏။ စာပေးစာယူနှင့် ဘွဲ့ယူနိုင်ရန် စီစဉ်ပေးထားခဲ့သည်။

"စိုးသူ"

"ဗျာ ... ဦးကျော် ပြောပါ"

"မင်း အမှားကို မင်းသိတယ်မဟုတ်လား ... တို့မန်နေဂျာ တိကျတယ်ကွ၊ မမှားသင့်တဲ့အမှားမျိုးကို လုပ်မိရင် မန်နေဂျာ မိုးထက်မြင့်က ခွင့်မလွှတ်ဘူး"

"ကျွန်တော် သွားပြီးတောင်းပန်မယ် ... ကျွန်တော့်အမှားပါ၊ သေသေချာချာပယ်ထားလျက်နဲ့ ကျွန်တော် စာရိုက်မိသွားတယ်၊ ဒါပေမဲ့ ... မန်နေဂျာကို တောင်းပန်ပါ့မယ်၊ ကျွန်တော် ဒီကုမ္ပဏီကနေ မထွက်ပါရစေနဲ့ ... "

"မရဘူးစိုးသူ ... မင်းကို တခြားကုမ္ပဏီတွေမှာ အလုပ်ရအောင် ငါရှာပေးပါ့မယ်၊ မင်းကိစ္စ ဆက်လုပ်လို့မရတော့ဘူး၊ မန်နေဂျာ မိုးထက်မြင့်အကြောင်း မင်းသိပါတယ်ကွာ ... "

ကိုကျော်လည်း ဒီကိစ္စအား ပြတ်ပြတ်သားသား အရေးယူသင့်သည်ဟု ပြောထားတဲ့ မန်နေဂျာမိုးထက်မြင့်ထံ စောဒကတက်လိုတော့။ မိမိကိုပါ အမှုပတ်လာနိုင်၏။

စိုးသူကို အလုပ် ထုတ်ပစ်လိုက်ရသည်။

လုပ်ငန်းနှင့်ပတ်သက်လာလျှင် တိကျပြတ်သားတဲ့ မန်နေ



www.burmeseclassic.com

www.burmeseclassic.com



ဂျာပါ။ သူ့ငွေးက ကိုမိုးထက်မြင့်ရဲ့ဘကြီး။ လုပ်ငန်းတစ်ခုလုံး မန်နေဂျာ မိုးထက်မြင့် စိတ်တိုင်းကျ ဆုံးဖြတ်လုပ်ဆောင်ရန် လွှဲအပ်ထားသည်။

"မန်နေဂျာ စည်းကမ်းအရ စိုးသူကို တာဝန်ကနေ ရပ်စဲလိုက်ပါပြီ ... ဒီကောင်လေးက ..."

"ရပြီ ကိုကျော် ... စည်းကမ်းက စည်းကမ်းပဲ၊ ခင်ဗျားကို ဆင်ခြေတွေမပေးဖို့ ပြောထားပြီးသားနော် ..."

"ဟုတ်ကဲ့ပါ"

သူ ထလာခဲ့သည်။ အပြင်ကိုသွားစရာရှိနေသည်။

စည်းကမ်းက စည်းကမ်းပဲ။ သူက တိတိကျကျမှ ကြိုက်တယ်။ ကိုယ်တာဝန်ယူထားတဲ့အလုပ်တစ်ခုကို ပေါ့ပေါ့လျော့လျော့ လုပ်တာမျိုး သူ လုံးဝ လက်မခံနိုင်။ သူတို့ကုမ္ပဏီဘက်ကလဲ အလုပ်သမား အခွင့်အရေးအပြည့်အဝ လိုက်လျော ထောက်ပံ့မှုတွေ ပေးထားခဲ့တာပဲ။ စည်းကမ်းပိုင်းက တိကျမှ။

"ကိုယ်အပြင်သွားစရာရှိတယ် ... သန့်ရှင်းရေးအဖွဲ့ခေါင်းဆောင်ကိုလည်း ဝန်ထမ်းအသစ်တွေအတွက် စည်းကမ်းပိုင်းအတိအကျပြောပြထားဖို့ ညွှန်ကြားပါ ... ခင်ဗျားသိတယ်နော် ကိုကျော် စည်းကမ်းပိုင်း တိကျမှ အလုပ်ကတိုးတက်အောင်မြင်နိုင်မှာပါ"

"ဟုတ်ကဲ့ ... စိတ်ချပါ မန်နေဂျာ၊ ကျွန်တော် တိတိကျကျ လုပ်ဆောင်ပါ့မယ်"

"အိုကေ"





မိုး အခန်းအပြင်သို့ ထွက်လာခဲ့သည်။ ဒက်ဒီ နေမကောင်းဘူး။ မိုးကို ဒက်ဒီ့ကုမ္ပဏီကိုပါ ကြီးကြပ်ပေးဖို့ တာဝန်ယူခိုင်းထား၏။ မိုး တာဝန်မယူချင်ပေမယ့် ဒက်ဒီက အနူးအညွတ်တောင်းပန်နေ၍ လက်ခံလိုက်ရသည်။

တကယ့်ကို မလွဲသာမရှောင်သာပါ။ ဒက်ဒီလုပ်ငန်းတွေနှင့် ကင်းကင်းရှင်းရှင်းနေချင်တာ သူ့ဆန္ဒပင်။ ဒါပေမဲ့လည်း ဒက်ဒီက ကျန်းမာရေးမကောင်းတဲ့အချိန် တာဝန်ယူပေးပါဟု တောင်းဆိုခဲ့သည်။

သူက ရန်မခကို အမိကရှောင်နေချင်မိ၏။ အလကား ကောင်ပါ ... စည်းကမ်းမရှိဘူး၊ နေချင်သလိုနေ၍ ထိုင်ချင်သလို ထိုင်။ သူ့ဆီလည်း တမင်လာလာပြီး ပတ်သက်နေခဲ့သည်။

"ဒက်ဒီက ဘာသဘောလဲ ... ရန်မခလက်ထဲ အပ်ထားပြီး ကို ရှုပ်ရှုပ်ယှက်ယှက် ဒီကောင်နဲ့မပတ်သက်ချင်ပါဘူးဆိုမှကွာ"

မိုး စိတ်ရှုပ်ရပေမယ့် ဒက်ဒီ့ဆန္ဒဖြစ်နေ၍ မလွန်ဆန်ချင်။ ဒက်ဒီ ကျန်းမာရေးချို့တဲ့လာတော့လည်း မိုးစိတ်ပူမိသည်။ ဒက်ဒီ သူ့အနားကနေ အပြီးအပိုင်စွန့်ခွာမသွားစေချင်။ သူ့အပေါ် ဘယ် ဘက်ပဲ မညှာတာပါစေ သူ့နှလုံးသားတွေက ဒက်ဒီအပေါ် ကြီး တဲ့သံယောဇဉ်တွေ ရစ်ပတ်ဖွဲ့နှောင်နေသည်။

သူ ကုမ္ပဏီရဲ့ အပြင်ထွက်လာခဲ့ပြီး ကားနားရောက်တော့ ရှင်းရေးဝန်ထမ်း အသစ်တွေ အလုပ်ဝင်လာကြတာ တွေ့နေရ



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူစင်စင်ပါလား။ သန့်ရှင်းရေးဝန်ထမ်းအဖြစ် ကုမ္ပဏီကို လာတာက မင်းသမီး ရှုံးနေသည်။

"တော်တော်အမြင်ကတ်စရာကောင်းတဲ့ ကောင်မလေးပဲ၊ အရှုပ်ထုတ်မလေးပဲဖြစ်မယ် ... အင်းလေ မင်းလုပ်နိုင်မလား ခဏ လေးနဲ့ပဲ ထွက်ပြေးမလားဆိုတာ မင်းသမိုင်းမင်းရေးတာပဲလေ"

ဝတ်လာတဲ့ ဒီဇိုင်းက ကြည့်ပါဦး။ ပုံစံတွေ ရှုပ်ထွေးထွေး၊ အနီရောင်ရဲရဲ ကိုယ်ကြပ်အင်္ကျီနှင့် ပေါင်တံတွေကို ထင်းခနဲပေါ်နေ တဲ့ ပန်း အစိမ်းရောင်ဘောင်းဘီရှည်။ ဒေါက်ဖိနပ်ကလဲ စီးထားသေးတယ်။ သူ မျက်စိနောက်လို့ ပယ်လိုက်ပါတယ်ဆိုမှ စာရေးကမှားသေး တယ်။ ဒုက္ခပါပဲကွာ ...

ကုမ္ပဏီမှာ သူ့ကိုငမ်းချင်လို့ အလုပ် လာလျှောက်ကြတဲ့ ကောင်မလေးတွေလည်း အများကြီးရှိ၍ အတော်လေး စိတ်စ်နေ၏။

ဖြူဖြူစင်စင် ... မင်း လုံးဝမရိုးသားဘူး။ မင်းလို မိန်းမ မျိုးတွေကို ငါအမုန်းဆုံးပဲ။ သူ မိထွေးနှင့်ပတ်သက်ပြီး ယောကျ်ား တွေရှေ့မှာ မာယာများပြချင်တဲ့ မိန်းမတွေဆို မိုးလုံးဝ ကြည့်မရ။ ဖြူဖြူစင်စင်က ကုမ္ပဏီထဲဝင်သွားသည်။

"မင်းကံကြမ္မာပဲ ဖြူဖြူစင်စင် ... သန့်ရှင်းရေးဝန်ထမ်းဆို တာ မာမာကျောကျောနဲ့ အောက်ခြေလူတန်းစားတွေကွ ... မင်း ဘာမှတ်နေလဲ၊ အင်းလေ ... မင်းအချိုးနဲ့ပိုင်းသမခံရမှာ သေချာ တယ်"





သူ ကားပေါ်တက်၍ မောင်းထွက်လာခဲ့သည်။

စိတ်ရှုပ်ရတဲ့အထဲ ဒက်ဒီ့ကုမ္ပဏီမှာလည်း သူ့စိတ်နှင့်မတွေ့ ညှိ ရန်မခက ရှိနေသေး၏။ လုံးဝ စည်းကမ်းမရှိတဲ့ကောင်၊ အရက် နဲ့အပျော်အပါးနှင့် မိန်းမတွေနှင့်လည်း ရှုပ်ထွေးပွေလီနေသည်။

"ဒက်ဒီ တောင်းဆိုတာပါ ... မင်းညီ ရန်မခက သိတဲ့အတိုင်း အလုပ်ကိုသိပ်စိတ်ဝင်စားတာ မဟုတ်ဘူး ... ဒက်ဒီ လွှတ်မထား သေးဘူးကွ၊ သားကြီးမိုး ခဏတာဝန်ယူ စီမံခန့်ခွဲပေးပါ ... သား ငယ်ကိုလည်း သားကြီးအမိန့် နာခံဖို့ ဒက်ဒီသေသေချာချာ အမိန့် ပေးထားပါတယ်"

ဒက်ဒီက အထပ်ထပ်တောင်းဆို၍ သူ လက်ခံလိုက်ရသည်။

ဒက်ဒီ့ကုမ္ပဏီကိုရောက်တော့ ရန်မခက မလာသေးပေ။ ကုမ္ပဏီကို အုပ်ချုပ်နေတဲ့သူက ဝီရိယမရှိ။ ရန် ညက အရက်တွေ အလွန်အကျွံ သောက်လာပုံပင်။ မိုးအခန်းထဲတောင်ဝင်ပြီး ရစ်နေ သေး၏။ စိတ်ပျက်စရာကောင်းသည်။

"ကျွန်တော်က ဒီကုမ္ပဏီရဲ့ ဥက္ကဋ္ဌကြီးရဲ့သားအကြီး မိုးထက် ပါ၊ ဒက်ဒီ နေမကောင်းလို့ ခေတ္တခဏ အုပ်ချုပ်ပါ့မယ်၊ တာဝန် ရှိသူတွေအားလုံး အစည်းအဝေးခန်းမထဲ ကြွခဲ့ကြပါ"

သူ့ကိုယ်သူ မိတ်ဆက်ပြီး တာဝန်ယူထားတဲ့သူတွေနှင့် စည်း ဝေးသည်။

ရန်မခ ရောက်မလာခဲ့။ ဒီကောင် ... တမင်သူစည်းကမ်း တင်းသိနေ၍ မလာတာဘဲ ဖြစ်နိုင်၏။ ရန်မခက အရွဲ့တိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာပါ။ သူများရဲ့စည်းစိမ်ဥစ္စာတွေလည်း မတရားရယူချင်သေးတယ်၊ ပေါ့ပျက်ပျက်နဲ့ လုပ်ချင်တာတွေလည်း လုပ်နေသေးတယ်။ သူ့ဒေါသကြောင့် ပေါက်ကွဲနေရသည်။

"ကုမ္ပဏီတစ်ခုမှာ စည်းကမ်းဆိုတာ အရေးကြီးပါတယ်၊ ကိုယ်ကတော့ စည်းကမ်းပိုင်းကို အဓိကကိုင်တွယ်တယ် ... မန်နေဂျာ ရန်မခ စည်းကမ်းတော်တော်ပျက်ကွက်တာပဲ ... အရေးယူရမယ်"

"ကျွန်တော်တို့မန်နေဂျာက စိတ်ကောင်းတော့ရှိပါတယ် ဥက္ကဋ္ဌကြီး ... ဝန်ထမ်းတွေကလည်း အလုပ်ကိုကြိုးစားနေကြပါတယ် ... မန်နေဂျာ ရန်မခက လူငယ်ဆိုပြီး သူ့ကိုမတွက်ကပ်ကြပါဘူး"

"မရဘူး ... ကိုယ်ကတော့ ခွင့်မလွှတ်နိုင်ဘူး၊ ပထမဆုံးအကြိမ် သတိပေးစာကပ်ပါ ... ပထမအကြိမ် မလိုက်နာရင် ဒုတိယအကြိမ် စာကပ်ပါ ... တတိယအကြိမ် ပျက်ကွက်ရင် အရေးယူရလိမ့်မယ်၊ ဝန်ထမ်းတွေအားလုံးလည်း အဲဒီအတိုင်းသိထားပါ။ ကိုယ်က စည်းကမ်းမရှိ အလုပ်မှာ တာဝန်မဲ့တာမျိုး လုံးဝလက်မခံဘူး"

ဒက်ဒီ့ဝန်ထမ်းတွေအားလုံး ငြိမ်ကျသွားသည်။

ရန်မခ လုပ် ကိုင်နေထိုင်ပုံကို မိုး နည်းနည်းလေးမှ မကြိုက်။ မုန်းတီးနေမိ၏။ ဒေါ်တာတာတို့သားအမိက ဒက်ဒီ့စည်းစိမ်ကို အချောင်စံစား နေချင်ကြသည်ဟု မိုးထင်မိ၏။

ထို့ကြောင့်ပင် တာဝန်ပျက်ကွက်သူ မန်နေဂျာအဆင့်ရှိနေ





တဲ့ ရန်မခအား အပြင်းအထန် နှိပ်ကွပ်ပစ်ရမည် ဖြစ်သည်။

"မိုးက စည်းကမ်းကြီးတယ်နော်ဒက်ဒီ ... စိတ်တိုင်းမကျတာတွေမြင်ရင် အရေးယူပြစ်ရလိမ့်မယ်"

"သားကြီး သဘောပါပဲ ... မင်းလက်ထပ်အပ်တာပဲ မင်းစည်းကမ်းအတိုင်းလုပ်ပါ ... ဒက်ဒီ ခွင့်ပြုတယ် ... "

ဒက်ဒီ့ခွင့်ပြုချက်နှင့် မိုးလာခဲ့တာပါ။ စည်းကမ်းပျက်ရင်တော့ ဘယ်သူ့ကိုမှ မညှာတာတတ်။ ဝန်ထမ်းတွေကို အခွင့်အရေးပေးတာက တခြားပဲ။ သူစီမံစရာရှိတာတွေ အသေအချာစီမံပြီး သူ့ကုမ္ပဏီသို့ ပြန်လာခဲ့သည်။

"ဟူး ... ဒက်ဒီ့ကုမ္ပဏီက တကယ့်ကိုပရမ်းပတာပဲ ... ဒီကောင် ရန်မခ တမင်ဖျက်စီးပစ်ချင်နေတာပဲဖြစ်မယ်၊ စိတ်ပျက်သိုက်တာ ... "

သူ့စိတ်တွေ ရှုပ်ထွေးနောက်ကျိလာ၍ သူ့ရုံးခန်းထဲ မဝင်တော့ဘဲ သန့်စင်ခန်းဘက် ထွက်လာခဲ့သည်။

"အား ... အမလေး ... "

"ဟူး ... ဘုန်း"

"ချွမ်း ... ချလွမ်း"

"ကယ်ကြပါဦး ... "

"ဟော့ ... ဟော့ ... "

သူ့ရှေ့မှာအော်ဟစ်သံတွေ လဲပြိုကျသံတွေနှင့် ဆပ်ပြာပုံးကြီးက ပြုတ်ကျပြီး သူ့တစ်ကိုယ်လုံး ဖိတ်စင်ပေကျံကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... မင်း ဘယ်လိုလုပ်လိုက်တာလဲ ဖြူဖြူစင်စင်"

"အား ... ကျွတ်ကျွတ် ... အမလေး ထလို့တောင် မရတော့ဘူး"

ဖြူဖြူစင်စင်ဆိုတဲ့ကောင်မလေးက မျက်နှာလေး ရှုံ့မဲ့၍ နာနာကျင်ကျင် ညည်းညူနေသည်။ သူ ဖေးမတွဲထူပေးချင်ပေမယ့် ဒီကောင်မလေးကို အရောမဝင်ချင်၍ ပေကျံနေတဲ့ သူ့အပေါ်ကုတ်ကိုပဲ ချွတ်ပြစ်၍ သန့်ရှင်းရေးလုပ်နေသည်။

"အား ... သေပါပြီ၊ အား ... ကျွတ်ကျွတ်၊ ဟင် ... မန်နေဂျာ တောင်းပန်ပါတယ်နော် ... အမလေး ... စင် ဘာလုပ်ပေးရမလဲ အား ... "

သူမ လဲနေရာကနေ ထဖို့ပြင်လိုက်စဉ် မန်နေဂျာ မိုးထက်မြင့်ကို သတိရသွားပြီး၊ သူမ အမှားအတွက် ပြာပြာသလဲ တောင်းပန်ရင်း ထတာ ပြန်ပြုတ်ကျသွားသည်။

မန်နေဂျာရှေ့မှာမှ သွားဖြစ်ရတယ်လို့ သေချင်တာပဲ။ သူ့ကုတ်အင်္ကျီအနက်ရောင်ပေါ်မှာ ဆပ်ပြာ အမြှုပ်တွေ ပေကျံနေသည်။

မျက်နှာထားကြီးကလဲ တင်းနေလိုက်တာ။ စင့်ကို နည်းနည်းလေးမှပင် အဖက်မလုပ်။ မိန်းကလေးတစ်ယောက် မြင်မကောင်း ရှုမကောင်း လဲပြိုကျနေတာကို မန်နေဂျာက မသိချင်ယောင်ဆောင်နေခဲ့၏။ အဲဒါကလည်း လူအထင်ကြီးစရာ မန်နေဂျာစတိုင်ပဲထင်တယ်။





ဘယ်လိုပဲကြည့်ကြည့် ချောမောခန့်ညားတဲ့ မန်နေဂျာရဲ့ ယောကျ်ားပီသလွန်းတဲ့ မျက်နှာက အပြစ်တင်စရာရှိမနေပေ။

"မန်နေဂျာ ... စင် တောင်းပန်ပါတယ်နော်၊ ခြေချော်သွားလို့ပါ၊ တမင်လုပ်တာ မဟုတ်ပါဘူးနော် ... အထင်မလွဲပါနဲ့နော်"

မိုးထက်မြင့်ကတော့ သူ့ရှေ့မှာ ဘာတွေလာပြောနေမှန်းမသိတဲ့ ကောင်မလေးကို မသိကျိုးကျွံပြုကာ လှည့်ထွက်လာခဲ့သည်။

ဘယ်လိုကောင်မလေးလဲ။ သူ အလုပ်ထုတ်ပစ်ချင်ပေမယ့်လည်း ကုမ္ပဏီနာမည်ပျက်မှာ စိုးရိမ်၍ သန့်ရှင်းရေးဝန်ထမ်းကိစ္စ အရေးအရာမလုပ်ဘဲ နေလိုက်သည်။

"ပြန်ရောက်လာပြီလား မန်နေဂျာ၊ သန့်ရှင်းရေးတွေကို ဦးကမ်းပိုင်း တင်းတင်းကြပ်ကြပ်ပြောပြထားပါတယ်"

မိုး မပြောချင်။ ဖြူဖြူစင်စင်ကြောင့် သူ့ကုတ်အင်္ကျီပေကျံသွားတာကို ဘယ်သူမှ မမြင်စေလို၍ အသာအရာ ဟန်မပျက် ခေါက်ကိုင်ထားလိုက်သည်။ သတင်းက ပြန့်သွားလို့မဖြစ်သေးဘူး။ ဖြူဖြူစင်စင် တော်တော်စိတ်ပျက်ဖို့ကောင်းတဲ့ ကောင်မလေး။

"မန်နေဂျာ ... ကျွန်တော် ... "

"တော်ပြီ ကိုကျော် ... လုပ်စရာရှိတာ သွားလုပ်ပါ၊ မလိုတော့ပါဘူး"

"ဖြူဖြူစင်စင် ... လုပ်ရည်ကိုင်ရည်တော့ ရှိမယ့်ပုံပါပဲ၊ ကြိုးစားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါပြီ ... သွားပါတော့ ..."

ဖြူဖြူစင်စင်က ဘာတွေလုပ်ရည်ကိုင်ရည်ရှိနေရတာလဲ။ ဒီ ကောင်မလေးကြောင့် သူ့ကုတ်အင်္ကျီပေကျံကုန်ပြီ။ သူ့ရုံးခန်းထဲ ဝင်လာခဲ့သည်။

ဖြူဖြူစင်စင် ... မင်းကတော့လေ ပြုတ်ချင်နေပြီ၊ အင်းလေ မကြာခင် ဒီကောင်မလေး သူမဆန္ဒအရ ထွက်မှာပါပဲ။ မိုး သည်းခံ နေလိုက်သည်။ အလကားနေရင်း မိန်းကလေးတစ်ယောက် အတွက်နှင့် နာမည်မထွက်ချင်၍ ခွင့်လွှတ်ထားလိုက်၏။

ဒက်ဒီ့ကုမ္ပဏီကိစ္စနှင့် စိတ်ရှုပ်ထွေးလာရတဲ့ မိုး ဒေါသထ ထွက်ရလား။ စာရင်းမှားပြီး အလုပ်ခန့်ထားတဲ့ ဖြူဖြူစင်စင်ကြောင့် သူ့ စိတ်တွေ မကြည်မသာ ဖြစ်နေသည်။

✻◆✻

အခန်း ( ၈ )

"သားငယ်ရယ် ... မင်းဘာဖြစ်လို့များ စီးပွားရေးလုပ်ငန်း တွေကို စိတ်မဝင်စားရတာလဲ ... မာမီ့မျက်နှာကို ထောက်ထားပါ ဦး ... ဒက်ဒီ နေမကောင်းတဲ့အချိန်မှာ မင်းကြိုးကြိုးစားစားလုပ်ရ မယ်လေ"

"မိုး ရှိနေတာပဲ ... သူ ကြိုးကြပ်မှာပဲလေ၊ ရန်နဲ့က မတည့် ဘူး၊ ဒီကောင်က ရန့်ကိုတွေ့ချင်နေတာမှ မဟုတ်တာ"

"ရန် ..."

"မာမီကလဲဗျာ ... ရန့်ခေါင်းတွေမူးနေတယ်၊ နောက်နေ့ သွားပါ့မယ်၊ ဘာမှလည်း အရေးမကြီးပါဘူးဗျာ ..."

"မင်း တော်တော်အပြောရခက်ပါလား သားငယ် ... မင်းက ပိုပြီးကြိုးစားပြရမှာလေ"

ကြိုးစားပြတော့လည်း ကပ်ဖားကောင်ဖြစ်ဦးမယ်။

ရန် မသွားချင်ဘူး။ မိုးရဲ့အဖက်မလုပ်ချင်တဲ့ အမှုအယာကြီး



www.burmeseclassic.com

www.burmeseclassic.com



[illegible] ချင်။ ဒက်ဒီ့အစား မိုးက လာရောက်ကြီးကြပ်[illegible] ဖြစ်သည်။ ရန် မဆုံချင်။

ညက ချားသွား၍ ခေါင်းတွေ ကိုက်ခဲနေ၏။ သူ့ကိုပြောမရ၍ [illegible] ပြန်ထွက်သွားသည်။

"မင်း ... ရေချိုး၊ အဝတ်အစားလဲပြီး မင်းဒက်ဒီ့အခန်းထဲ လာခဲ့ ... မာမီ့ကို မျက်နှာငယ်အောင် စိတ်သောကရောက်အောင် မင်းလုပ်နေတာလား ရန်မခ ... "

သားငယ်အားပြောဆိုပြီး ဒေါ်တာတာ ပြန်ထွက်လာခဲ့သည်။ ခင်ပွန်းဖြစ်သူ ဦးသော်ထက်ကတော့ သားငယ်ရန် နေချင်သလိုနေပါစေတဲ့။

"တာ ... မင်း သားငယ်ကို ဆူနေပြန်ပြီလားကွာ ... နေပါစေ၊ ရန်က လွတ်လွတ်လပ်လပ် နေတတ်တာလေ၊ ဖြည်းဖြည်းချင်း ပြုပြင်ယူရမယ်လေ ... "

"မောင်ရယ် ... သားကြီးလို မဟုတ်ဘူးရှင့်၊ ဆိုးပေချင်တယ် ရန့်ကို ကုမ္ပဏီမလွှတ်ရင် ကောင်းမယ်ထင်တယ်နော် ... သားကြီး ကြီးကြပ်ပါစေ ... "

"မရဘူးတာ ... ညီအစ်ကိုနှစ်ယောက်ကို ခွဲခြားထားလို့မရဘူး ... သားကြီးက စိတ်အေးရတယ်၊ မောင်က သားငယ်ကို လုပ်ငန်းသင်စေချင်တာပါ၊ ဖြည်းဖြည်းချင်း စည်းရုံးယူရမှာပဲ ... ကုမ္ပဏီကို ရန်သွားချင်တဲ့အချိန် သွားပါစေ"

သားကြီးမိုးက စည်းကမ်းကြီးတယ်။ သူ့ဟာသူ နေတတ်





တာပါ။ ဒေါ်တာတာက သားကြီးစိတ်အနှောက်အယှက်ဖြစ်မှာပဲ စိုးရိမ်နေမိသည်။

"သားကြီးမိုး စိတ်ရှုပ်လိမ့်မယ်ထင်တယ်မောင် ... တာတော့လေ သားငယ် ရန်စိတ်ငြိမ်သက်အောင် ဒေဝီနဲ့လက်ထပ်ပေးလိုက်ရင် ကောင်းမလားဟင် ... "

"သားငယ်ဆန္ဒကို မေးပါဦးတာရယ် ... အလျှင်အလိုမပါနဲ့ကွာ၊ သားငယ်က လူတော်လေးပါ ... မောင့်စိတ်အထင်တော့ သားငယ်ရင်ထဲမှာ ခံစားချက်တွေရှိနိုင်တယ်"

"မောင်က သားငယ်ကို အလိုလိုက်လွန်းပါတယ် ... ဘာပဲဖြစ်ဖြစ် သားငယ်ဘက်က အလျှော့ပေးရမယ်လေ"

သားငယ်ရန် တဖြည်းဖြည်းလုပ်ချင်တာတွေလုပ်ပြီး ဆိုးသွမ်းလာနေသည်ဟု ဒေါ်တာတာ ထင်မိသည်။

သားကြီးက စိတ်အားငယ်နေသူပဲ။ သားကြီးကိုပဲ သနားတယ်။ မိမိတတ်နိုင်သလောက် အလျှော့ပေးသည်းခံ၍ ပြုစုပေးနေခဲ့ ပေမယ့် သားကြီးက လက်မခံချင်။ နဂိုထဲကလည်း လူအေးလေးပါ။

သားငယ်ရန် အခန်းထဲ ဝင်လာသည်။

"သားငယ်ပါလား ... မင်းကုမ္ပဏီကို မသွားသေးဘူးလား"

"သွားမယ် ဒက်ဒီ ... ညက အရမ်းမူးသွားတယ်၊ မိုးကိုတောင် သွားရစ်ပြစ်လိုက်သေးတယ် ဒက်ဒီ ... "

"အမလေး ရန် ... မင်းတော်တော်လွန်ပါလား၊ သားကြီးမိုး



www.burmeseclassic.com

www.burmeseclassic.com



သူ့ဟာသူနေတာ မင်းဘာဖြစ်လို့ သွားပြီးနှောက်ယှက်ရတာလဲ”

“နေပါစေတာရယ် ... ညီအစ်ကိုတွေပဲ၊ သားကြီးကလည်း သားကြီးပဲ ... ရန် ... သားနေချင်သလိုနေပါ၊ ဒါပေမဲ့ ... ဒက်ဒီ့ စီးပွားရေးကိုတော့ မင်းစိတ်ဝင်စားရမယ်၊ သားငယ်ပဲဆက်ပြီးအုပ်ချုပ်ရမှာ ... ”

“မိုးကိုပဲ ပေးလိုက်ပါ ဒက်ဒီ ... ”

“ရန် ... မင်း လူကြီးက ဒါဆိုဒါပဲပေါ့၊ မိုးက လက်ခံမှာ မဟုတ်ဘူး ... ”

မာမီက မိုးကိုထိလျှင်ဆတ်ဆတ်ထိမခံ။ ရန့်ကိုပဲ အပြစ်ပြောချင်နေသည်။ သူများအရိပ်မှာ ခိုကပ်နေတဲ့ကောင်က အလျှော့ပေးနှိမ်ချနေထိုင်ရမှာလား။ ဒက်ဒီ့ကိုပဲ နေကောင်းလားဟုမေးသည်။

“ဒက်ဒီ ... အသက်ကြီးပြီလေ ... ကျန်းမာရေးက သိပ်မကောင်းချင်သေးဘူး၊ မင်းတို့ညီအစ်ကိုနှစ်ယောက်ရဲ့ စည်းလုံးချစ်ခင်မှုကို မြင်ချင်တယ်”

“အဲဒါ ပြောတာပေါ့မောင်ရယ် ... သားငယ်ရန်ဘက်က အလျှော့ပေးသင့်တယ်၊ သားကြီးမိုးကို အပြစ်တင်လို့မဖြစ်ပါဘူး၊ မင်းပဲ အောက်ကျခံ ဆက်ဆံလေ ... ”

“တာကလဲကွာ ... ”

“ရန် ... မာမီပြောမယ်၊ မင်း ဒေဝီနဲ့လက်ထပ်လိုက်တော့၊ ဒေဝီ့မိဘတွေကလည်း ဘာမှပြောစရာမလိုဘူး ... သူတို့မှာလည်း စီးပွားရေးလုပ်ငန်းတွေရှိတယ်”





“ရန်က ဒေဝီကို လုံးဝလက်မထပ်ဘူးနော်မာမီ၊ ရန်ချစ်တဲ့ ကောင်မလေးရှိတယ်”

“ဘာပြောတယ်သားငယ် ... မင်း ... မင်း ... ဘယ်ကောင်မလေးကို ကြိုက်နေတာလဲ၊ ဒေဝီက မင်းနဲ့တွဲနေတာမဟုတ်ဘူးလား”

“သူငယ်ချင်းအဆင့်ပါ”

“ဘုရားရေ ... ”

“ရန်ချစ်တဲ့ မိန်းကလေးကိုပဲ လက်ထပ်မှာနော်၊ ပြောထားပြီးပြီ ... ဒေဝီနဲ့မစီစဉ်ပါနဲ့”

မာမီ ပြူးတူးပြာတာနှင့် ဒေဝီက မင်းချစ်သူ မင်းနဲ့တတွဲတွဲတွဲနေတာလေဆိုတော့ သူလက်ခါပြပြီး မာမီအနားကနေ ထွက်လာခဲ့သည်။

“ရန်ချစ်တာက ဖြူဖြူစင်စင်ဗျ ... နှလုံးသားထဲမှာ စွဲနစ်တိုးဝင်ပြီး ချစ်မြတ်နိုးရတာပါ ... ရန်ချစ်တာ ဖြူဖြူစင်စင်ပဲ”

သူ အပြင်ထွက်လာရင်း ဖြူဖြူစင်စင်အကြောင်းတွေကို စဉ်းစားနေမိသည်။

ဒေဝီကလည်း မိန်းမချောလေးပါပဲ။ ဒါပေမဲ့ ... ရန် ရင်မခုန်ခဲ့။ အပျော်သဘော အပျင်းပြေတွဲတာပါ။ ဒေဝီ့အား ချစ်သည်ဟု ညည်စားစကားတစ်ခွန်းတလေပင် မပြောခဲ့မိ။

ဖြူဖြူစင်စင့်ကို တွေ့တော့ ရန် ရင်တွေတလှိုက်လှိုက်ခုန်တက်နေရ၏။ အချစ်ကို စတင်ခံစားမိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြူဖြူစင်စင်ရေ ... မင်းကို ချစ်တယ်ကွာ ... အရမ်းချစ်တယ်"

ရန် တမ်းတမ်းတတ နှစ်နှစ်သက်သက် ပြောမိသည်။ ဖြူဖြူစင်စင်အတွက် ရန် စီးပွားရေးလုပ်ငန်းတော့ လုပ်ရမယ်။ အလုပ်လက်မဲ့ဖြစ်နေလို့ မဖြစ်ဘူး။ မင်းအတွက်လေ ကိုယ်အသုံးမကျတဲ့ ယောကျ်ားတစ်ယောက်ဖြစ်နေလို့ မဖြစ်သေးဘူးထင်တယ်။

ဖြူဖြူစင်စင်က မာနမင်းသမီးလေး။ သူ့ကို ဗိုက်သားဝင်းဝင်းလေး လှန်ပြဖို့ပင် ခက်ခဲစွာ မျက်နှာလေးက အနီရောင်တွေ ယှက်သန်းသွားသည်။

"ကိုယ်တို့နှစ်ယောက်က ဖူးစာဖက်တွေကွ ... ဖြူဖြူစင်စင် မထင်မှတ်ဘဲ ဆုံရပြီး ရင်တွေခုန်နေတယ် ... မင်းရောကွာ"

သူက ဆရာဝန်အစစ်မဟုတ်ဘူးဆိုတာ ဖြူဖြူစင်စင် ရိပ်မိသွားပြီထင်တယ်ဟု မင်းလွင်နိုင်က ဖုန်းဆက်သည်။

"မင်းအကြောင်းကိုတော့ မမေးဘူးရန်၊ ကောင်မလေးက မာနရှိပုံပဲ ... မင်းဆရာဝန်မဟုတ်တာတော့ ရိပ်မိသွားပုံပဲ"

"ထားလိုက်ပါ ... ရန်တို့ကတော့ ဆုံးဖြတ်ချက် ပြတ်သားပြီးသားပဲ ... ဖြူဖြူစင်စင်ကို ရအောင်ယူပြမယ်၊ ဘယ်လိုနည်းနဲ့ရရကွာ ... ဖြူဖြူစင်စင်ကို ရန်မခပဲ ပိုင်ဆိုင်ရမယ်"

"မင်း အလုပ်တော့လုပ်ပါ ရန်ရာ ... ဖြူဖြူစင်စင်က အဆင့်ရှိမယ်ကွ ..."

ဟုတ်တယ် ... ဖြူဖြူစင်စင်အတွက် ရန်ကုမ္ပဏီမှာ အလုပ်





လုပ်ရမယ်။ အသုံးမကျတဲ့ကောင်ဆိုတာက မာမီနဲ့မိုးထက်မြင့်ရှေ့မှာပဲ အရွဲ့တိုက်ပြလို့ကောင်းတာပါ။

ရန် ကုမ္ပဏီကို ရောက်လာသည်။ သူ့ရုံးခန်းရှေ့မှာ စာကပ်ထားသဖြင့် အံ့ဩသွားရ၏။ လက် ထောက်မန်နေဂျာ ဦးထင်ရှားက ယာယီဥက္ကဋ္ဌ မိုးထက်မြင့်အမိန့်တဲ့။

"ဟာ ... ဘယ်လိုကြီးလဲဟ၊ စည်းကမ်းတွေ အရမ်းတင်းကြပ်နေတာပါလား၊ ဒုက္ခပါပဲကွာ ..."

ရန် နှုတ်ခမ်းသားတွေက တွန့်မဲ့ပြုံးပြစ်မိသည်။ မိုးထက်မြင့်မင်းက ဘာကောင်လဲ။

အရင်ကတော့ ရန်မခဆိုတဲ့ကောင် ဘာအမှုပစ္စည်းမှ မမက်မောပါဘူး။ ရန့်ဘဝကို နှစ်ပြစ်ခဲ့တာပါ။ အခုတော့ ... ရန်လည်း အနည်းဆုံး မန်နေဂျာရာထူးလောက်တော့ အရယူထားရသည်။

"ဥက္ကဋ္ဌရဲ့ စည်းကမ်းချက်မှာ နှစ်ရက်ပျက်ခွင့်ရှိတယ် မဟုတ်လား ... ရန်သဘက်ခါမှလာတော့မယ်ဗျာ"

"မန်နေဂျာရန်ရယ် ... အဲဒီလိုမလုပ်ပါနဲ့ဗျာ၊ ဥက္ကဋ္ဌအသစ်မျက်နှာကြီးက တည်တင်းနေတာပဲ ... ကြောက်စရာကောင်းတယ်၊ အရမ်းလည်း တိကျပြီးအလုပ်လုပ်မယ့်သူထင်တယ်"

"ကျွန်တော် ပြန်မယ် ..."

"နေပါဦး ... မန်နေဂျာရန်၊ ပြဿနာကို မီးခွက်ထွန်းမရှာပါနဲ့ဗျာ၊ မန်နေဂျာရန် မရှိလို့တော့ မဖြစ်ဘူးလေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှိနေမှာပါ … ကျွန်တော်က ဒီကုမ္ပဏီရဲ့မန်နေဂျာပဲ၊ စည်းကမ်းအရ နှစ်ရက်ပျက်ခွင့်ရှိတယ်လေ … အရမ်းအရသာရှိလိုက်တာ ဟား … ဟား … ဟား … "

လ/ထ မန်နေဂျာ ဦးထင်ရှား တားနေသည့်ကြားမှ ရန်ပြန်လာခဲ့သည်။ မိုးကိုရစ်ရတာ အရသာရှိလွန်း၏။ အတော်ပဲ … သူလည်း မင်းလွင်ရဲ့ဆေးခန်းကိုသွားချင်နေတာပါ။ ဖြူဖြူစင်စင်ကို တွေ့ချင်နေသည်။

"မင်းဘယ်လောက်ပဲ မာနတွေကြီးနေပါစေ … ရန်ဆိုတဲ့ ကောင်ကတော့ အရယူရလိမ့်မယ်၊ ဘယ်လိုအကြောင်းနဲ့မှ မင်းကို လက်လွှတ်အဆုံးရှုံး မခံနိုင်ဘူး"

မင်းလွင် ဆေးခန်းကို ရောက်လာခဲ့သည်။

"ဒီနေ့တော့ အပြင်မှာ ဖြူဖြူစင်စင်နဲ့ အဖေနဲ့အမေ လာတယ် … ကောင်မလေးတော့ မလာဘူးရန်"

"ကိုယ့်ကိုတော့ လူလိမ်တစ်ယောက်လို့ ထင်သွားပြီလားပဲ"

"မင်းလဲ ဆရာဝန်သင်တန်းတက်ခဲ့ဖူးတာပဲ … စင်ဆိုတဲ့ ကောင်မလေးနဲ့တွေ့မှ ရန့်မခ အရမ်းကြီးအချိုးတွေပြောင်းနေပါလား"

မင်းလွင်ပြောလည်း ပြောချင်စရာ။ ရန့်စိတ်တွေ နည်းနည်းလေးတော့ တည်ငြိမ်ရင့်ကျက်သွားသလိုပင်။ သူ့ အရက်လည်း မသောက်ချင်တော့ဘူး။ မိုးထက်မြင့်လို လူကြီးလူကောင်းအိုင်တင် အမိဖမ်းရင် ကောင်းမလားဘဲ။





"ဖြူဖြူစင်စင် အမေက သွေးတိုးရှိတယ်ရန် … ဝင်တော့မယ်"

ဖြူဖြူစင်စင့်အမေ နာမည်ခေါ်လိုက်တော့ အဖေနဲ့အမေ ဝင်လာသည်။ မင်းလွင်က မင်းကြည့်လိုက်တဲ့။ သူကလည်း နားကြပ်ကို ပခုံးပေါ်တင်ပြီး ဆရာဝန် ဟန်ပန်အပြည့်နှင့်လူနာကို ခမ်းသပ်သည်။

"သွေးတိုးကတော့ သက်သာသွားပါပြီ အန်တီ … မနေ့က ပေးထားတဲ့ဆေးပဲ ဆက်စားပါနော်၊ ကျွန်တော့်မှာလည်း အဖေ အမေ မရှိတော့ မိဘအရွယ်တွေဆိုရင် အရမ်းပြုစုကုသပေးချင်ပါ တယ်"

"အိုကွယ် … သားကဆရာဝန်အသစ်လား၊ ငယ်ငယ်လေးပဲ ဆေတာနာကောင်းလိုက်တာ … သားနာမည်ကရော … "

"ဒေါက်တာ ရန်မခပါ"

"စိတ်သဘောထားလေးတွေ ပြည့်ဝလိုက်တာကွယ်၊ ကျန်း မာကြပါစေ အောင်မြင်ကြပါစေ … ချောချောလေးတွေပဲ"

"အမေ သတိထားပါနော် … စိတ်ကိုပျော်ပျော်ရွှင်ရွှင်နေ ရိုင်ပါ … လိုအပ်ရင် အမြန်ဆုံးဆေးခန်းကိုသွားပါ၊ မပေါ့ဆစေချင် ဘူး … "

"အေးပါကွယ် … အခုလို သတိပေးတာ ကျေးဇူးတင်ပါ တယ်၊ ဆရာဝန်လေးတွေက ကြင်နာတတ်လိုက်ကြတာ၊ လူကြီး တွေကိုလည်း ရိုသေကြတယ်၊ ဆေးဖိုးလည်း မယူဘူး … ကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်ကွယ်"

"အမေ သတိထားပါနော် ..."

ရန်က ဖြူဖြူစင်စင်ရဲ့အမေကို အမေဟုခေါ်ပြစ်လိုက်ပြီး တယုတယနှင့် လက်လေးကိုတွဲထူပေးလိုက်သည်။ မင်းလွင်က ပြုံးစိစိ။

"ရန်ရာ ... မင်းကတော့ တကယ်ပဲ၊ မိဘမရှိဘူးပြောလိုက်တော့ ကိုယ် မျက်လုံးတွေပြူးသွားတယ် ... အန်တီတာသိရင် မောင်ရင် အသေပဲ ..."

"မတတ်နိုင်ဘူးလေကွာ ... ဖြူဖြူစင်စင်နဲ့ ရင်းနှီးကျွမ်းဝင်အောင် ဝင်လုံးရတာပဲ ... နောက်တော့လည်း ကျွန်တော် အဖေတို့ အမေတို့သမီးချောလေး ဖြူဖြူစင်စင်ကို ချစ်လွန်းကြိုက်လွန်းလို့ ပြောမိတာပါဆို ယောက္ခမလောင်းတွေ ကြေနပ်ခွင့်လွှတ်ကြမှာပါ"

"ရန် ... မောင်ရင် တကယ်ပဲ ဖြူဖြူစင်စင်ဆိုတဲ့ကောင်မလေးကို ကြွေသွားတာလား ... ဒေဝီကရော ..."

"ဘာဆိုင်လဲ ... သူငယ်ချင်းပါ၊ ဒေဝီလည်းသိတာပဲ"

အရေးထဲ ဒေဝီက သူ့ဆီဖုန်းဆက်ပြီး ချိန်းနေသေးသည်။ ရန် အရေးတကြီးအလုပ်တွေရှိ၍ မအားကြောင်း ပြတ်ပြတ်သားသားပဲ ငြင်းပစ်လိုက်သည်။

"ရန် အူတူတူမလုပ်နဲ့နော် ... ဒေဝီ့ကိုတော့ ရှင်အရင်ကကောင်မလေးတွေလို အလွယ်တကူ စွန့်ပစ်လို့ရမယ်မထင်နဲ့"

"ဒေဝီ ... မင်းနဲ့ကိုယ်က သူငယ်ချင်းတွေနော်၊ ဘာအဆင့်





မကျော်ဘူး ... အဲဒါ စွဲစွဲမြဲမြဲ မှတ်ထားပါ ... စွန့်ပစ်တယ်ဆိုတဲ့ ...ားတွေက ဘောင်ကျော်နေပြီ၊ ဆင်ဆင်ခြင်ခြင်ပြောစမ်းပါကွာ"

"ရန် ... ရန် ... ဟဲလို ရန် ..."

သူ ဖုန်းကို ပိတ်ပြစ်လိုက်လေသည်။

မဆီမဆိုင် နာမည်ဝင်ချင်နေသေးတယ်။ တခြားကောင် ...လေးတွေကိုသာ သူနောက်နောက်ပြောင်ပြောင်နှင့် ချစ်တယ် ...ကြိုက်တယ်ပြောမိသေးတယ်။ ဒေဝီ့ကိုတော့ လုံးဝကိုမပြောမိတာ ... တွဲသွားတွဲလာပဲ ရှိခဲ့တာ။ ရန့်စိတ်ထဲမှာ အချစ်ဆိုတာ မဖြစ် ...နိုင်ခဲ့။

ကိုယ်မချစ်ဘဲနှင့် မိန်းမတစ်ယောက်ကို လက်ထပ်ရမှာ ...ကြောက်ဆုံးပင်။ ဒေဝီက လူကြီးချင်းလည်း ခင်မင်နေကြတော့ ...ှို၍ သတိထားပြီးနေထိုင်ခဲ့သည်။

ဖြူဖြူစင်စင် ... မင်းကြောင့် ရန်မခ အရာအားလုံးကို ...လေးအနက်စဉ်းစားနေရပြီကွာ။ အချစ်အင်အားပဲ။ ရန်ဘယ် ...က်အထိ စွဲလမ်းချစ်ခင်ရလည်းဆိုတာ ဖြူဖြူစင်စင်ရဲ့ အိမ် ...ဆီသို့ ငေးငေးမောမော ရင်ခုန်လှိုက်မောစွာ ကြည့်မိနေသည်။

*◆*

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၉ )

"တကယ်ပါပဲ ... စင်ကိုက နမော်နမဲ့နိုင်တာပါ၊ ကိုမိုးထက် မြင့်က ဂုဏ်သိက္ခာကို တန်ဖိုးထားပြီး စည်းစနစ်ကြီးတယ်တဲ့ တာဝန်ပေါ့လျော့ရင် နည်းနည်းလေးမှ ခွင့်မလွှတ်တတ်ဘူးတဲ့ ဘုရားရေ ... ကယ်တော်မူပါ၊ စင့်ကို အလုပ်မထုတ်ပါစေနဲ့၊ ဒီတ ကြိမ်လောက်လေးပဲ ခွင့်လွှတ်လိုက်ပါစေ ... "

ကိုမိုးထက်မြင့် မျက်နှာဖြူဖြူနုနုလေးက ရဲရဲတွတ်သွာ လိုက်တာ အရမ်းရှက်သွားပုံပဲ။ စင် အသုံးမကျတာပါ။ သူ့ရှေ့က ချော်လဲရတယ်လို့ ရှပ်ပလာမလေးလို့ ထင်သွားရင် အခက် အလုပ်ထုတ်ခံရတော့မယ်ထင်တယ်။ စင် ဘုရားတနေရသည်

"ဖြူဖြူစင်စင် ... နင်က ရုပ်ရှင်မင်းသမီးလား၊ သန့်ရှင်း သမားလား၊ မင်းကို မန်နေဂျာမိုးထက်မြင့်ဆိုတဲ့လူက ငမ်းပြီး သ ရှင်းရေးသမားခန့်လိုက်တာပဲဖြစ်မယ်"

"ဘာပြောတယ် ... ရှင် ... "





"ငါက မှန်တာပြောတာပဲလေ၊ နင့်ပုံစံကိုကြည့်ဦး ... ရုပ်ရှင် ဇာတ်ကားထဲမှာ သရုပ်ဆောင်နေလားလို့ ထင်ရတယ်"

စင်နှင့်အလုပ်အတူတူဝင်တဲ့ သန့်ရှင်းရေးသမား မဝတုတ်က တော့ တကယ်ပါပဲ။ စတွေ့ထဲက မျက်စောင်းတထိုးထိုးနဲ့ မန်နေဂျာ က စင့်အား ငမ်းလို့ဆိုတဲ့စကားကြောင့် အမှန်တွေပြော နေတာပဲ လေဟု အတွေးဝင်လာပြီး ဒေါသက ပြေလျော့သွားသည်။

"နင်နဲ့ငါ တတွဲကျတာ ငါကြီးပဲ ကြမ်းကြမ်းတမ်းတမ်းလုပ် နေရတယ် ... နင် ခုထိ သန့်စင်ခန်း သန့်ရှင်းရေးလေးတောင် မပြီး သေးဘူးလား"

"ပြီးပါပြီ ... စောစောက မန်နေဂျာဝင်လာလို့ ခဏစောင့် ပေးနေရလို့ပါ မဝတုတ်ရဲ့ ... "

"နေပါဦး ... နင်က ဒီအလုပ်ကို ဘာဖြစ်လို့လာလျှောက်ရ တာလဲဟဲ့ ... နင်လည်း မန်နေဂျာမိုးထက်မြင့်ကိုငမ်းပြီး လာ လျှောက်တဲ့ဟာမလေးပဲလား"

"ဒီမှာ"

"ဘာလဲ"

"ဟယ်"

သူနဲ့ရန်ဖြစ်လို့ မဖြစ်သေးပါဘူး။ တော်ကြာ ... ရုံးခန်းမှာ ပြဿနာရှင်းရရင် ရှက်စရာကြီး။

စင် စိတ်ကိုထိန်းပြစ်ရသည်။ သူများအပြောကို နည်းနည်း လေးမှ ခံတာမဟုတ်။ ဆတ်ဆတ်ထိ မခံစွာတေးလန်မထေလို့



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီးနော်။ မန်နေဂျာကိုမိုးထက် မြင့်စိတ်ထဲမှာ ငရှုပ်မလေးဟု ထင်မှတ်သွားမှာကြောက်၍ စင် ဘာမှဆက်မပြောတော့။

အပြစ်ရှိတာက စင်ပဲလေ။ အလုပ်ကလဲ မပြီးသေးဘူး။ စောစောက ချောလဲကျထားလို့ ခါးတခြမ်းကလည်း နာနေသေးသည်။

"လုပ် ... နင်ဟာနင်လုပ်၊ တော်ကြာ ... လက်ထောက်မန်နေဂျာနဲ့အလုပ်သမားခေါင်းဆောင် လာစစ်ဆေးတော့မယ် ... နင့်ကိစ္စ ... "

"ရှင် ... "

"အမြင်ကတ်စရာကောင်းလိုက်တာ၊ မျက်စိထဲမှာထောင့်ကို မကျိုးဘူး ... မန်နေဂျာက လူပျိုနုနုထွတ်ထွတ် ခန့်ခန့်ချောချောလေးဆိုတော့ မိန်းမတွေက ငမ်းကြောထချင်ကြတယ်"

ဒီဝတုတ် စကားတွေကို စင် ဘယ်လောက်အထိ ဒေါသဖြစ်ရလဲ။ မျက်စိထဲမှာ တွေ့သမျှအရာတွေနှင့် မဝတုတ်မျက်နှာအားဆွဲယူပြစ်ပေါက်ချင်လာသည်။

ဟုတ်တယ် ... ဘာဖြစ်လဲ။ မန်နေဂျာကို ငမ်းမလို့ မဝတုတ်က အမှန်ပြောတာဖြစ်နေ၍လည်း စင်ဒေါသကို ထိန်းချုပ်ထား၏။ ဒီနေ့ပဲ အလုပ်စဝင်တယ်။ ပြဿနာကစပြီဆိုတဲ့ နာမည်ပျက်စာရင်းဝင်မှာတော့ လုံးဝမလုပ်ဘူး။ ဘာပဲဖြစ်ဖြစ်လေ စင်သည်းခံမယ်။ မန်နေဂျာ ကိုမိုးထက်မြင့်နဲ့ကုမ္ပဏီတစ်ခုထဲမှာ လုပ်ခွင့်ရတာပဲ။





စင်လေ ... စားလည်း မန်နေဂျာစိတ်၊ အိပ်လည်း မန်နေဂျာစိတ်။ သွားလည်း မန်နေဂျာစိတ်တွေ ဖြစ်နေရတယ်။ စင်လေ ဘယ်တုန်းကမှ ဒီအသက်အရွယ်အထိ မာနတွေ မိုးထိအောင် နေလာခဲ့တာပါနော်။

"ဟဲ့ ကောင်မလေး ... "

"အမလေး ... ဟာ လန့်သွားတာပဲ ... ဘာဖြစ်နေတာလဲ မဝတုတ်"

"နင် အလုပ်မလုပ်ဘဲ ငိုင်နေလို့လေ ... ခဏနေရင် စစ်ဆေးရေးတွေလာမှာဟဲ့၊ မြန်မြန်မလုပ်ဘူး ... နှေးကွေးလိုက်တာ၊ ငါလည်း အမြင်မတော်ပါဘူး၊ ပေးစမ်း ... နင့်နဲ့ငါက တတွဲလေ၊ ငါ အပြောမခံနိုင်ဘူး"

ဒေါ်ဝတုတ်က စင့်လက်ထဲက ဆပ်ပြာဗူးနှင့် သန့်ရှင်းရေးတုတ်ကိုဆွဲယူ၍ သန့်စင်ခန်းကို သန့်ရှင်းရေးလုပ်နေသည်။

"စင် လုပ်ပါ့မယ် ... မဝတုတ် နားပါ ... အဟဲ ... စင် အမှားပါနော်၊ စင်လည်း ကျောင်းစရိတ်လိုလို့ ရတဲ့အလုပ်ဝင်လုပ်ရတာပါ"

"တော်စမ်း ... နင့်လိုဟာမလေးမျိုးက လက်ကြောမတင်းဘူးဆိုတာ ငါသိတယ် ... "

မဝတုတ်က အပြောသာဆိုးတာပါ။ အလုပ်တော့ ကြိုးစားသည်။ မြန်လည်းမြန်၊ သန့်လည်းသန့်။ စင် ရယ်ကြဲကြဲလေးနှင့် ကျေးဇူးတင်စကားပြောရ၏။ မျက်နှာကြီး ရှုရှုတင်းတင်းနှင့် စင် မျိုးနာ



www.burmeseclassic.com

www.burmeseclassic.com



[illegible]နှင့် အတော်ပဲဖြစ်သွားရသည်။

"ဒီအခန်း ပြီးပြီလား ... အမလေး သန့်နေတာပဲ၊ ကောင်းတယ် ... မင်းတို့အတွဲ ပိုပြီးတိကျတယ်"

သန့်ရှင်းရေးသမားတွေကို ကြီးကြပ်ရတဲ့ ခေါင်းဆောင်ဒေါ်သဲညွာက ချီးမွမ်းနေသဖြင့် မဝတုတ်က မျက်စောင်းခဲကြည့်နေသည်။ အဟဲ ... စင်ပြုံးပြလိုက်၏။ လက်ထောက်မန်နေဂျာဦးကျော်ကျော်လည်း ဝင်စစ်ဆေးသည်။

"ဖြူဖြူစင်စင်ဆိုတာ မင်းလား"

"ဟုတ်"

"မဆိုးပါဘူး ... လုပ်ရည်ကိုင်ရည်ရှိပါတယ်၊ မင်းက သန့်စင်ခန်း သန့်ရှင်းရေးလား ... အရမ်းကောင်းတယ်၊ မင်းကြိုးစားပါ၊ စည်းကမ်းကတော့ နည်းနည်းလေးမှ ပေါ့လျော့လို့မရဘူးနော်၊ မန်နေဂျာက ပြတ်သားတယ် ... ကြားလား ..."

"ဟုတ်"

အမလေး ဝမ်းသာလိုက်ကာနော်။ စင်ကြောင့် မန်နေဂျာအကြီ ဆပ်ပြာရည်တွေ ပေကျံသွားရတာ မန်နေဂျာက ဘယ်သူ့မပြောဘူး။ တော်ပါသေးရဲ့ ... မန်နေဂျာက ခွင့်လွှတ်လို့။ စစ်ဆေးရေးတွေ ထွက်သွားတော့ စင် ဘာမပြော ညာမပြောနှင့် မဝတုတ်အား ပွေ့ဖက်နမ်းရှုပ်ဖြစ်သည်။

"ဟဲ့ ... ဟဲ့ ... ဘာလုပ်တာလဲ"

"မဝတုတ်ကို ကျေးဇူးတင်လို့ပါနော်၊ စင်တစ်ယောက်ထဲ





သာဆို အဆဲခံရမှာ ... အလုပ်ကတောင် ထုတ်ပြစ်နိုင်တယ်လေ၊ ကျေးဇူးတင်ပါတယ် ... စင်မှားတာတွေအပြစ်တွေ လုပ်မိသွားရင်လည်း ဆုံးမသွန်သင်ပါ၊ နာခံပါ့မယ် ... ဪ ... မဝတုတ်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဘောက်ဆူးချမယ်"

သူမ ပြောပြောဆိုဆိုနှင့် ပိုက်ဆံအိတ်လေးဖွင့်ပြီး ပိုက်ဆံနှစ်ထောင်ပေးလိုက်တော့ မဝတုတ်က မယူပေ။

"ကောင်မလေး ... နင့်မှာကျောင်းစရိတ်လိုတယ်ဆို မပေးပါနဲ့၊ ငါ့မှာလည်း နင့်လိုညီမလေးရှိပါတယ်၊ ဘာမှမလုပ်ချင်ဘူး ... ငါကလည်း မခိုင်းရက်လို့ အလိုလိုက်ထားတာလေ"

"ဟုတ်လား ... ယူပါ မဝတုတ်၊ စင် အလုပ်ရပြီဆိုတော့ အဆင်ပြေပါတယ် ... ယူပါ ..."

"မယူပါဘူး ... ညည်းလေးကိုကြည့်ရတာ ခက်ခဲရပုံလည်း ရပါဘူး၊ အလုပ်ကိုလာတာ ဒေါက်ဖိနပ်နဲ့ဆို ..."

"အယ် ... ဘယ်သူပြောတာလဲ"

"သန့်ရှင်းရေးဝန်ထမ်းတွေ ကြားထဲမှာ ညည်းက အတင်းပြောစရာဖြစ်နေတာလေ ... မင်းသမီး ရှုံးတယ်တဲ့၊ မန်နေဂျာကို ငမ်းဖို့ အပိုင်ဖမ်းဖို့ လုပ်တာတဲ့"

"ဟင် ... ဒုက္ခပါပဲ ... လူတွေကလည်း သူများသားသမီးကို မှိုချိုးမှစ်ချိုး ကန့်စွန်းရွက်ချိုး ကနဖော့ချိုးနဲ့ ..."

"ဖြူဖြူစင်စင်ရယ် ... ညည်းလေးက ချစ်စရာကောင်းပါတယ်၊ သနားကမားကောင်မလေးပါ ... ဘာကြောင့်ပဲ သန့်ရှင်းရေး



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဝင်လုပ်လုပ် မဝတုတ် ကူညီမယ် ...”

“တကယ် ...”

“အင်း ...”

“ဒါကြောင့် ... မဝတုတ်ကို ချစ်ရတာ”

စင်တို့က ပေါင်းသင်းတတ်ပါတယ်။ မဝတုတ်က အာကြမ်းလျှာကြမ်းကြီး စင်နဲ့တွဲရတော့ လန့်နေရတာ။ အလုပ်ကို တာဝန်သိသိ စေတနာပါပါနှင့်တော့ လုပ်ကိုင်ပေးတတ်သူဖြစ်သည်။

ဒီနေ့တော့ ... စိတ်ညစ်စရာကောင်းမလိုလိုနဲ့ ပျော်စရာကြီး။ မန်နေဂျာနှင့်က အမှတ်တရလေးတွေအဖြစ် အမြဲတမ်းဆုံတွေ့နေရတတ်သည်။

ချစ်ကလဲ စင့်ကို စိတ်ပူပြီးလာကြည့်၏။ အဆင်ပြေတယ်ဆိုတော့လည်း စိတ်အေးသွားသလိုနှင့် စင်ဟာစင် ပြန်နှင့်တဲ့။ ချစ်က OT ဆင်းရမယ်တဲ့။ ကြိုးစားနေတဲ့ ကောင်မစုတ်ချစ်။ မျက်နှာပေါ်မှာ ဖြစ်ပစ်စပ်အပြုံးတွေနှင့် စင် မသိမသာ မျက်စောင်းလေး ထိုးပြစ်ရသည်။

“ဖြုံဖြုံစင်စင်”

“စင်ပဲခေါ်ပါ မဝတုတ်ရာ ... အချင်းချင်းတွေပဲ”

“ခိုင်းလို့ကောင်းအောင် ကောင်မလေး ပေါင်းသင်းတတ်တယ်”

“အဟဲ”

မဝတုတ်က တာဝန်ပြီးသည်နှင့် စောစောပြန်သွားသည်။





စင်က အားလုံးပြန်မှ ထုံးစံအတိုင်း ခပ်လန်းလန်း အလှအပတွေပြင်၍ ကုမ္ပဏီထဲကနေ ထွက်ဖြစ်၏။ မန်နေဂျာကိုမိုးထက်မြင့် ပြန်သွားပြီလား။ စင်နဲ့ဓါတ်လှေကားထဲမှာများ ဆုံကြဦးမလား။

သူမ ဓါတ်လှေကားထဲဝင်လိုက်စဉ် ရင်တွေလှိုက်ခနဲ လှုပ်ခတ်တုန်ယင်သွားပေမယ့်လည်း ကိုမိုးထက်မြင့် မရှိဘဲ တခြားသူတွေအများကြီး။ စင် ခန္ဓာကိုယ်လေး ခွေယိုင်နဲ့သွားချင်သည်။

“ကိုမိုးထက်မြင့် ပြန်သွားပြီလားပဲ ... အင်းလေ ... သူက ကုမ္ပဏီပိုင်ရှင်နီးပါးလောက် ရာထူးရှိတာပါ၊ စင့်ကို ဘယ်လိုလုပ်ပြီး အဖက်လုပ်မှာလဲ ... နင်အရူးမထချင်စမ်းပါနဲ့စင်ရယ် ...”

သန့်ရှင်းရေးသမားဘဝလေးက သိမ်သိမ်ငယ်ငယ်လေးနှင့် စင်မျက်နှာငယ်နေရသည်။ ပြီးတော့လည်း ... အတင်းပြောခံရသေးတယ်။

စင့်ကို သဘောမကျသလိုလိုနဲ့ ဟွန်း ... အလုပ်တော့ခန့်တယ်။ စင်အပေါ် နည်းနည်းလေးတော့ စိတ်ဝင်စားမှာပါ။ နေ့လည်က ဆပ်ပြာရည်တွေပေတဲ့ ကိစ္စကို မိုးထက်မြင့်က ရေငုံနှုတ်ပိတ်နေတယ်။ စင့်ကို အပြစ်မဖြစ်စေချင်တဲ့ သံယောဇဉ်နွယ်လေးလား။

သူမအတွေးတွေနှင့် လောကကြီးအား မေ့လျော့သွားရပြီး ဓါတ်လှေကားကြီးက မြေညီထပ်မှာရပ်ပြီး အပေါ်ပြန်တက်သွားတော့မှ စင်အသိတွေ ဝင်သွားရသည်။

“အယ်တော့ ... ဒုက္ခပါပဲ၊ ဓါတ်လှေကားကြီးက အပေါ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



တက်သွားပြီ ဘယ်လိုလုပ်ရမလဲ ... အပေါ်ဆုံးထပ်အထိ လိုက်ရတော့မယ်"

ဓါတ်လှေကားထဲမှာ စင်တစ်ယောက်ထဲ ရုံးဆင်းချိန်လွန်သွား၍ ဝန်ထမ်းတွေလည်း မရှိတော့။

သူမတို့ ကုမ္ပဏီရှိတဲ့အထပ် ရောက်တော့ ဓါတ်လှေကားထဲ ဝင်လာသူက မန်နေဂျာကိုမိုးထက်မြင့်ပင်။ အမလေး ... ရေစက်ဆုံပြန်ပြီ။ ဒီတစ်ခါမှ တကယ့်ကို ဖူးစာရေစက်ရှိပြီထင်တယ်။ ကြည့်လေ ... စင်အတွေးတွေလွန်ပြီး မြေညီထပ်မှာ မထွက်မိခဲ့။

"မင်္ဂလာပါ မန်နေဂျာ ... "

စင်က စတင်အရိုအသေပေးပြီး နှုတ်ဆက်ပေမယ့် မန်နေဂျာက လှည့်၍ပင် မကြည့်ပေ။ လူမှုရေးမရှိလိုက်တာနော်။ စင်ကကိုယ်ပျောက်ပြီး မန်နေဂျာက မမြင်တာလား။

ဟွန်း ... တကယ် ကြောင်တယ်။ ကိုယ့်ကုမ္ပဏီက ဝန်ထမ်းတစ်ယောက်နဲ့တွေ့တာပဲ နည်းနည်းလေးတော့ ပြုံးပြနှုတ်ဆက်သင့်သည်ဟု ထင်မိသည်။

"တကယ်ပါပဲ ... တကယ်ပါပဲ ... အတင်းအကြပ်သာ သူ့လက်တွေကို ဆွဲပြစ်ချင်တယ်၊ မျက်နှာကျောကြီးကလည်း တင်းတင်း ... ဒါပေမယ့် ... ကြည့်လို့တော့ကောင်းတယ်၊ အရမ်းတည်ပြီး ခန့်ချောနေတာပဲ"

မန်နေဂျာ့အပြုအမူအတွက် စင်မကျေမနပ်သလိုကြီး ဖြစ်သွားရပေမယ့် မန်နေဂျာမျက်နှာလေးအား မသိမသာ ခိုးကြည့်ရင်း





ရတာပင် သူမကြိတ်၍ ပီတိဖြစ်ရသည်။

မင်္ဂလာကျက်သရေရှိတယ်။ သူက ရာထူးကြီးတဲ့သူပဲ။ သူ့ဂုဏ်သိက္ခာနှင့်သူ နေရတာလေ။ စင်က ဘာလဲ။ အနိမ့်ဆုံးဝန်ထမ်းပါ။ ရုတ်တရက်ကြီးတော့လည်း အရောတဝင် ဘယ်လုပ်ပါ့မလဲ။

မန်နေဂျာ မိုးထက်မြင့်က သူ့အလုပ်ကလွဲပြီး ဘာကိုမှ စိတ်မဝင်စားဘူးတဲ့။ စင် အနှစ်သက်ဆုံး အလေးစားဆုံးယောကျ်ား တစ်ယောက်ရဲ့ အမူအကျင့်တွေပဲ။

"ကျွီ ... "

"အဲ ... "

ဓါတ်လှေကားက Ground မှာ ရပ်သွားတော့ မန်နေဂျာမိုးထက်မြင့် ထွက်သွားမှ စင်လည်း အသိတွေဝင်ပြီး လိုက်၍ထွက်ခဲ့သည်။

မန်နေဂျာက ရှေ့မှ လမ်းလျှောက်သွားတာပင် စတိုင်လ်ကျပြီး တောင့်တောင့်ဖြောင့်ဖြောင့်လေး။ စင်ရေ ... အားတော့မလျော့နဲ့နော်။ မန်နေဂျာနဲ့စင်က အမြဲတမ်းအကြောင်းအရာတစ်ခုခုနဲ့ ဆုံနေတာပါ။ စင့်ကိုယ်စင်အားပေးရင်း မန်နေဂျာကကားပေါ်မတက်သေးဘဲ ကားနားရပ်၍ ဖုန်းပြောနေလေသည်။

"သွားပြီနော် မန်နေဂျာ ... မနက်ဖြန်မှ ပြန်ဆုံကြမယ်၊ ဘိုင်"

သူမစိတ်ထဲကနေ နှုတ်ဆက်ပြီး ဘတ်စ်ကားဂိတ်သို့ လျှောက်လာခဲ့သည်။ မန်နေဂျာက စင့်ကို စိတ်မဝင်စားဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ပါဘူး။ သန့်စင်ခန်းထဲမှာ သူမအမှားက အလုပ်ထုတ်ပြစ်လို့တောင် ရပါတယ်။ မန်နေဂျာက ဘယ်သူ့မှမပြောပေ။ သူမကို အလုပ်ခန့်တဲ့ကိစ္စကလည်း မန်နေဂျာ့ဆန္ဒပဲလေ။ စင်တောင် အလုပ်မခန့်လောက်ဘူးထင်ထားတာ။

သူမ ကိုယ့်အတွေးနှင့်ကိုယ် တွေးပြီး ဗီတိတွေ တဝေဝေဖြင့် ဘတ်စ်ကားဂိတ်ရောက်လာသည်။ ကောင်လေး သုံးယောက်နှင့် စင်ပဲ ရှိနေ၏။ ကောင်လေးတွေက စင့် အနားကပ်လာပြီး ခပ်ရိရိ။ စင်က မျက်နှာထားကိုတင်း၍ အရေးဆို ရိုက်ပစ်ရအောင် ခေါက်ထီးကို တင်းတင်းဆုတ်ကိုင်ထားလိုက်သည်။

"ဟင် ..."

"မန်နေဂျာကားပဲ ..."

မိုးထက်မြင့်ကလဲ ဘတ်စ်ကားဂိတ်မှာ ဖြူဖြူစင်စင်ဆိုတဲ့ ကောင်မလေးရပ်နေတာ တွေ့လိုက်သည်။ ကောင်လေး သုံးယောက်က သူမဘေးမှာရပ်၍ ရိပ်တိတိလုပ်နေကြတာ။ သူသိ၏။ ဒါပေမယ့် ... ဖြူဖြူစင်စင်ကလဲ ဘယ်လိုကောင်မလေးမှန်းမသိဘူး။ ခပ်ရှုပ်ရှုပ်ပဲထင်တယ်။ ကုမ္ပဏီကိုလာတာ မင်းသမီးရှုံးနေအောင် ပြင်ဆင်ထားသည်။

"နေပါစေကွာ ... မင်းကိစ္စပဲ ဖြူဖြူစင်စင်၊ မင်းလိုကောင်မလေးမျိုးကို ကောင်လေးတွေက နောက်ပြောင်မှာပဲ၊ မင်းပုံစံက ထောင့်မှမကျိုးတာ ..."

သူ ပထမတော့ ဖြူဖြူစင်စင်အနား ကားရပ်ပြီးခေါ်တင်မလို့



ဘဲ။ အကူအညီပေးဖို့ စိတ်ကူးရခဲ့ပေမယ့် ကုမ္ပဏီဝန်ထမ်းတွေနှင့် ကင်းကင်းရှင်းရှင်းနေလိုက်တာ ကောင်းပါတယ်လေဟု ပြန်တွေး၍ ကားကို ဆက်မောင်းလာခဲ့မိသည်။

"ဖြူဖြူစင်စင် ... မင်းပုံစံနဲ့ ဘာဖြစ်လို့ ဘတ်စ်ကားဂိတ်မှာ ရပ်နေရတာလဲကွာ ... အငှားကားနဲ့ပြန်ပေါ့ကွ၊ မင်းပုံစံက ဘယ်လိုပဲ သွားသွား အန္တရာယ် မကင်းနိုင်ဘူး"

ဖြူဖြူစင်စင် အရမ်းလှပချောမွတ်နေတာကို သူဆက်မတွေးချင်တော့။ ဒီကောင်မလေးနဲ့က ရေစက်ရှိတယ်ထင်တယ်။ မိုးနှင့် ထင်မှတ်ဘဲ မကြာခဏ ဆုံတွေ့နေရသည်။

"မင်းက ငါနဲ့ဆုံအောင် လိုက်လုပ်နေတာ မဟုတ်လား ဖြူဖြူစင်စင် ... အဲဒီအပြုအမူတွေကို ကိုယ်အရမ်းအထင်သေးတယ်၊ ကိုယ့်မိထွေး ဒေါ်တာတာနဲ့ အကျင့်တူလို့ကွ ..."

ဖြူဖြူစင်စင်က သူ့အတွေးထဲသို့ မကြာခဏ တိုးဝင်နှောက်ယှက်နေပေမယ့် မိုးကတော့ အလုပ်ကိစ္စတွေကလွဲပြီး ဘာကိုမှ စိတ်ဝင်တစားမရှိစေရန် သူငယ်စဉ်လေးထဲက အလေ့အကျင့်ဖြစ်နေခဲ့လို့ ဖယ်ရှားမောင်းထုတ်ပြစ်လိုက်နိုင်သည်။

❋◆❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

တစ်မျိုးကြီးပဲ။ ဝမ်းနည်းကြေကွဲသွားရသလိုလို နာကျင်ရှုံးရှုံ့ နှလုံးသားလေးကို အပ်ချွန်ချွန်လေးထိုးဆွခြင်း ခံလိုက်ရတာလား။

ကျွန်မနှလုံးသားက ခဏလေးပါ မန်နေဂျာ။ တကယ်ဆို မန်နေဂျာရဲ့ကုမ္ပဏီက ဝန်ထမ်းပါ။ ရက်ရက်စက်စက် ဥပေက္ခာပြုသွားသူ။ စင်အား တစ်စက်လေးမျှပင် လှည့်ကြည့် မသွားခဲ့။ မန်နေဂျာ မြင်ပါတယ်။ ပေါ်ပေါ်တင်တင်ကြီးပဲဟာ။ ငိုပြစ်ချင်လာရကာ မျက်ဝန်းလေးထဲ မျက်ရည်ကြည်လေး လွှမ်းခြုံသိုင်းသွားလား မသိဘူး။

ထိုးရပ်လာတဲ့ ဘတ်စ်ကားနံပါတ်တွေ ဝေဝါးနေ၍ အသေအချာ ကြည့်ရသည်။

"ကောင်မလေး ... အရမ်းချစ်စရာကောင်းတယ်၊ ကိုယ်တို့မှာ ကားပါတယ် လိုက်ပို့ပေးရမလား ... "





စင် ဘတ်စ်ကားကြီးပေါ် အပြေးအလွှားတိုးဝှေ့တက်ပြစ်လိုက်သည်။ စင့်ကို လာနှောက်ယှက်နေတဲ့ကောင်တွေ တက်လာ၍ တော်ပါသေးရဲ့။

အနှောက်အယှက်တွေ ကင်းသွားရပေမယ့် မန်နေဂျာ ကိုမိုးထက်မြင့်ရဲ့ ဥပေက္ခာပြု စိမ်းကားရက်စက်မှုတွေက စင် အရမ်းခံစားသွားခဲ့ရ၏။ စင်နဲ့မတန်လို့လားဟင်။ ကိုမိုးထက်မြင့်ကို လာငမ်းနေတဲ့ ကောင်မလေးဆိုပြီး အထင်သေးနေတာလား။

"စင် ... နင်ကလဲနင်ပဲ၊ ဘာတွေရူးသွပ်နေတာလဲ ... သူ့အမည်ကိုက မိုးထက်မြင့်လေ၊ ပညာကလဲတတ်၊ ရာထူးကလည်းကြီးကြီး ... ရုပ်ကလည်းချော၊ ချမ်းလည်းချမ်းသာ နင့်လိုကောင်လေးမျိုးနဲ့ တန်လို့လား ... "

သူမ အတွေးတွေနှင့်ပင် သိမ်ငယ်ခြောက်ခြားစွာ ရင်ထဲမှာလောင်ဆူပွက်လျှက်။ အသိတွေပင် ကင်းမဲ့သွားချင်သည်။ မန်နေဂျာ မိုးထက်မြင့်ကို နင်မှီလို့ မှန်းရဲတယ်။ မဖြစ်နိုင်တာကြီးကိုများ မှန်းပစ်လိုက်။ မရှက်ဘူးလားဟဲ့စင်။ တစ်သက်လုံး မာနတကြီး နေခဲ့တာပဲ။

"ဟုတ်တယ် ... မေ့ပစ်ရမယ်၊ မိုးထက်မြင့်မကလို့ စကြာဝဠာကြီးထက်ပဲမြင့်မြင့် ... တော်ပါပြီ ... သူ့ကိုမှမရရင် သေမယ်ဆိုရင်တောင်မှ စင် သေပစ်လိုက်မယ် ... "

မန်နေဂျာ မိုးထက်မြင့် စိမ်းကားရက်စက်နိုင်သူကြီးကို မုန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ယ်လို့ စိတ်ကူးခဲ့ပေမယ့် လက်တွေ့ကျတော့ မမုန်းနိုင် မမေ့ ဖြစ်နိုင်။

သူက လူကြီးလူကောင်းပဲ။ ဣန္ဒြေသိက္ခာတွေကြီးကြီးနဲ့ နေတိုင်သူလေ။ စင် လောက်ကို သူ့ခေါင်းထဲ မထည့်တာအပြစ်လား။ စင်ကိုတောင် သူ့ကုတ်အင်္ကျီ ဆပ်ပြာရည်စင်တဲ့ကိစ္စ ခွင့်လွှတ်ပေးခဲ့တာပဲ။

စင် မမုန်းတော့ပါဘူး။ အမုန်းတွေအစား အချစ်တွေပဲ တိုးတိုးဝင်လာသည်။ မှတ်တိုင်မှာ ဘတ်စ်ကားကြီးရပ်သွားတာ စပယ်ယာက သတိပေးလို့ စင်ဆင်းလိုက်ရ၏။ ကိုမိုးထက်မြင့် အကြောင်းတွေးမိသွားရင် ကယောင်ကတမ်း အူကြောင်ကျားဖြစ်တတ်သည်။

"ဟင် … အိမ်မှာ ဘယ်သူတွေရောက်နေတာလဲ၊ ကား အကောင်းစားကြီး ရပ်ထားပါလား"

စင်တို့အိမ်ရှေ့မှာ ကားအကောင်းစားကြီးတစ်စီး ရပ်ထား၍ ဘယ်သူတွေများရောက်နေလဲလို့ တစေ့တစောင်း ကြည့်ရင်း အိမ်ထဲဝင်လိုက်တော့ ဧည့်ခန်းမှာထိုင်နေတဲ့ လူတစ်ယောက်ကြောင့် စင်မျက်နှာလေး မျက်မှောင်ကုတ်ကုတ်လေး ဖြစ်သွားရသည်။

"ဟိုလူပဲ … ဒေါက်တာရမ်းကု ဆေးခန်းက စာရေးမကပြော လိုက်တယ်၊ ဒေါက်တာမင်းလွင်နိုင်ရဲ့ သူငယ်ချင်း … စီးပွားရေး





ားတဲ့၊ သူ … သူ ဘာလာလုပ်တာလဲ"

သူမ ဗိုက်သားတွေကို ဆရာဝန်ဟန်ဆောင်ပြီး ကြည့်သွား ဒေါက်တာရမ်းကုအား စင် မျက်နှာတင်းတင်းနှင့် ကြည့်ဖြစ် က်သည်။

"သမီးလေးစင် … ပြန်လာပြီလား၊ ဒီမှာလေ … မေမေသူ ယ်ချင်းရဲ့သားအငယ် ရန်မခတဲ့ … အခုမှ ဆွေမျိုးတွေစပ်ကြည့် တာ၊ တာတာ့သားဖြစ်နေတယ် … မေမေ ခဏခဏပြောတယ် … အရမ်းလှပြီး စိတ်သဘောထားပြည့်တဲ့ တာတာဆိုတာ "

"မေမေ … သူက … သူက ဘယ်လိုဖြစ်ပြီး ဒီအိမ်ထဲအထိ က်နေရတာလဲ"

"သမီးရယ် … ထိုင်ပါဦး … မေမေရှင်းပြပါ့မယ်၊ သမီးကို ချင်လို့ ဆေးကုသပေးလိုက်တယ်ဆို … တကယ်လည်း မောင်ရန် ဆေးကျောင်းတက်ခဲ့ဖူးပါတယ်၊ ငါးနှစ်တောင်တဲ့ … နောက် စီးပွားရေးလောကထဲဝင်ခဲ့ရလို့ ဆရာဝန်မဖြစ်ခဲ့ရတာတဲ့လေ"

ဒါက နောက်စရာလား။ မိန်းကလေးတစ်ယောက်ကို က်သိက္ခာမဲ့သွားအောင် မဆင်မခြင်လုပ်လိုက်တဲ့ကိစ္စပဲ။ စင် ိန်းလေးက ဒေါသတွေဝင်းဝင်းတောက်ပြီး မာတင်းနေသည်။

မေမေ့သူငယ်ချင်း ဒေါ်တာတာကိုတော့ ကြားဖူးနေပါ ။ မေမေ မကြာခဏ ပြောနေတတ်လို့လေ။ စင် လုံးဝခွင့်



www.burmeseclassic.com

www.burmeseclassic.com



မလွှတ်နိုင်ပါဘူး။

စင် အမုန်းဆုံးက အဲဒီလို နှာဘူးထတဲ့ ယောကျ်ားတွေကိုပဲ။

"သာမာန်ရောဂါတွေလောက်တော့ မောင်ရန်မခက ကုတတ်နေပါတယ် သမီးရဲ့ ... ကုသိုလ်ဖြစ်ဆေးခန်းမှာလည်း အလှူငွေထည့်ဝင်ထားတယ်တဲ့ ... "

"နာမည်ကသာ ကုသိုလ်ဖြစ်နော် ... မရှိဆင်းရဲသားကျတော့ ပိုက်ဆံယူတယ်၊ မေမေကျတော့ ငွေကြေးတတ်နိုင်လျှက်နဲ့ အခမဲ့တဲ့ ... အဲဒါ ... "

"စင် ဘာတွေပြောနေတာလဲကွယ် ... အားနာစရာကြီး"

"ဒါက ဒီလိုရှိပါတယ်စင်ရယ် ... ငွေကြေးနည်းနည်းပဲယူတာပါ ... ဆေးခန်းဆက်လည်ပတ်နိုင်ရေးအတွက်ပါ ... တကယ့်ကိုနည်းနည်းလေးပါ"

"ကျွန်မတို့ကျတော့ရော ... "

ဖြူဖြူစင်စင်စကားကြောင့် ရန်မျက်နှာ မထားတတ်အောင်ပူသွားရသည်။ ဟုတ်တယ် ... သူ နည်းနည်းတော့မမ်းပြီး မယူမိတာပါ။

ဖြူဖြူစင်စင် မာနခဲမလေးက သူ့လုပ်ရပ်အတွက် မကြေနိုင် မချမ်းနိုင်ပုံပင်။ တင်းမာနေ၏။ ရန် ဘယ်လိုတောင်းပန်ရမလဲ။ ဖြူဖြူစင်စင်က သူ့ကိုလူလိမ်လူကောက် နှာဘူးကောင်လို့များထင်မှတ်နေပြီလားမသိဘူး။





"ရန့်ရယ် ... စင်ကလေ ဒီလိုပဲ အားမနာတတ်ဘူး၊ ပြောရာရှိရင် ပြောတော့တာပဲ ... "

"မေမေကလည်းလေ ... သိတာဖြင့်မကြာသေးဘူး၊ ရင်းရင်းနှီးနှီးနဲ့ ဆရာဝန်မဟုတ်ဘဲ ဆေးကုတာ ဘယ်လောက်ကျင့်ဝတ်ဖောက်ပျက်လဲ ... မလုပ်သင့်ဘူး ... စင်တော့ ခွင့်မလွှတ်နိုင်ပါဘူး"

"ဟဲ့ ... စင် ... ပြောလေကဲလေပဲ၊ မောင်ရန်မခက မေမေ့အချစ်ဆုံးသူငယ်ချင်းရဲ့သား ရင်းနှီးရမယ်လေ ... တာတော့ကိုအောင် မေမေ ဖုန်းဆက်ထားပြီးပြီ၊ ရှေ့အပတ်ထဲမှာ သွားတွေ့ကြမှာလေ ... "

"စင်တော့ မလိုက်ဘူးနော် ... "

"ဟဲ့ ... ဒီကလေးမ ... "

တော်တော်လေးကို မလွယ်တဲ့ ဖြူဖြူစင်စင်ပါလား။ ရန့်ကိုနိုးမကြမ်းကြေတဲ့ကောင်ပင် ထိုင်ရမလို ထရမလိုနှင့် ကသိကအောက်ကြီးဖြစ်နေရသည်။ မျက်နှာကလဲစူပုတ်သိုး မဲ့ရွဲ့နေသေး၏။

ရန်ကလည်း ရန်ပါပဲ။ ဒေါက်တာအတုလုပ်ခဲ့မိသည်။ အပြစ်က ကြီးကြီးလေ။ ဖြူဖြူစင်စင်ရဲ့ဗိုက်သားလေးကို လှန်ပြခိုင်းပြီး ဘတ်သပ်ဖိကိုင်ထားခဲ့တာ။ ရန်ကတော့ ရယ်ချင်နေပြီး ကောင်မလေးက သေသေချာချာကြည့်လေ ပိုပိုပြီး ချစ်ခင်နှစ်သက် စွဲမက်ရာဟု တွေးမိနေသည်။

"မောင်ရန်မခက နောက်တတ်စတတ် ပျော်ပျော်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



တာပါ၊ လူကြီးမိဘကိုလည်း အရမ်းရိုသေတဲ့ကောင်လေး ... မေမေ
ကိုတောင် မိဘတွေမရှိဘူး၊ အမေအမေလို ချစ်ခင်ပြုစုပါရစေ
တောင် နောက်သေးတယ်"

"မေမေ ... ဒါနောက်စရာလား၊ လူကြီးလူကောင်းဆို
အရမ်းကျွေ့သိက္ခာကိုထိန်းပြီး တည်တည်တင်းတင်းနေကြတာ
စင် သွားတော့မယ် ... အလုပ်ကမောလာလို့ ..."

"စင် ... ထိုင်ပါဦး သမီးရယ်၊ မောင်ရန်မခက တခြားသူ
မဟုတ်တာဘဲ၊ ပြီးတော့လေ ... သူက ကုမ္ပဏီကြီးတစ်ခုရဲ့ မန်
ဂျာတဲ့ ... ဟိုလေ မေမေက သမီးလေးအရည်အချင်းတွေ ပြော
တော့ သူ့မှာအတွင်းရေးမှူးနေရာ လစ်လပ်နေလို့ ဖြူဖြူစင်စင်နဲ့
အံကိုက်ပဲတဲ့ ..."

"ဟာ ... စင် မလုပ်ချင်ပါဘူး၊ စင့်မှာ အလုပ်ရှိတာပဲ
အခုအလုပ်က စင့်အတွက် အခွင့်အရေးတွေများပြီး ပျော်စရာအ
ပဲ ..."

စင်တွေးမိတဲ့ အခွင့်အရေးက မန်နေဂျာ မိုးထက်မြင့်နှ
စပ်ခွင့်ပါ၊ ရန်မခဆိုတဲ့လူကလည်း မန်နေဂျာတဲ့လား၊ ဟွန်း ...
ဘာမှအထင်ကြီးစရာမရှိပါဘူး။

နောက်နောက်ပြောင်ပြောင်နဲ့ အရှက်ကင်းမဲ့လွန်းတ
ဆရာဝန်အတု လုပ်လိုလုပ် ... စင်မိဘ တွေကိုလည်း ဝင်လုံး
သူသက်ရှိထင်ရှားရှိနေကြတဲ့ မိဘတွေကိုတောင် မရှိဘူးလုပ်တ





စင်ကတော့ နည်းနည်းလေးမှ အထင်မကြီးမိ။

မေမေကလည်းလေ ... ဒီလိုလူကိုများ သူငယ်ချင်းသား
ဆိုတာနဲ့ အရေးတယူလုပ်စရာလား။ ကိုယ့်မှာ သမီးပျိုလေးရှိတာ
ဒင်းက ဘယ်လိုထင်မလဲ။

"ဖြူဖြူစင်စင် နားပါစေအန်တီ ... ရန်လည်း ပြန်ပါဦးမယ်၊
အလုပ်ကတော့ အချိန်မရွေးပါ ... ခွင့်ပြုပါဦး ..."

"မောင်ရန်မခရယ် ... သမီးစင် အပြောအဆိုကို ခွင့်လွှတ်ပါ၊
မင်းက သမီးကို ဆရာဝန်ဆိုပြီး နောက်ပြောင်ဆေးကုလိုက်လို့ စိတ်
ဆိုးနေတာလေ ..."

"ဒီမှာကိုရန်မခ ... တစ်ခါထဲသိသွားအောင် ကျွန်မပြော
လိုက်ပါ့မယ် ... ကိုရန်မခရဲ့ အတွင်းရေးမှူးနေရာကို ဘယ်တော့မှ
လုပ်မှာမဟုတ်ပါဘူး ... လက်လျှော့လိုက်ပါ၊ နောက်တစ်ယောက်
သာ ခန့်လိုက်ပါနော် ..."

"စင် ... သမီး ဘယ်လိုပြောလိုက်တာလဲ၊ မောင်ရန်မခက
မေမေ့အချစ်ဆုံးသူငယ်ချင်းရဲ့သားနော် ... မရိုင်းစိုင်းနဲ့ ... ထိုင်"

ဖြူဖြူစင်စင်က သူ့မအမေကိုတော့ ကြောက်ပုံပင်။ ထွက်
မသွားရဲ၊ နှုတ်ခမ်းစူစူ မျက်နှာမှုန်ကုတ်ကုတ်လေးနှင့် ငုတ်တုတ်
လေး ပြန်ထိုင်သည်။ အန်တီမေ မျက်နှာတင်းတော့ ဖြူဖြူစင်စင်
မလှန်ရဲတော့။ ကောင်းလိုက်တာ ... ယောက္ခမလောင်းကြီးရဲ့
သြဇာညောင်းတယ်ဆိုတော့ ဖြူဖြူစင်စင်ကို ရဖို့ နီးစပ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



“ကိုယ် တောင်းပန်ပါတယ် ဖြူဖြူစင်စင် … ကိုယ့်အပြစ်ပါ
ကိုယ်က ခင်မင်တတ်တယ်၊ တစ်ခြားဘာရည်ရွယ်ချက်မှတော့ မ
ပါဘူး … အန်တီမေရယ် … ဖြူဖြူစင်စင်ကို မဆူပါနဲ့တော့၊ ရ
စိတ်မဆိုးပါဘူး”

“ရန်ရယ် … ဒီကလေးမ ဒီလိုပဲ ဘာမဟုတ်တာလေး
ရန်စွာချင်တယ်၊ တာတာ့ကိုပြောလိုက်နော် … အန်တီတို့လာမယ
လို့ … တာတာက အန်တီတို့ဇနီးမောင်နှံနှစ်ယောက်လုံးနဲ့ သူငယ်
ချင်းတွေလေ … အရမ်းချစ်ကြတာပါ၊ ရန်ကိုပြောရဦးမယ်၊ သမီး
နာမည်ကို အရှည်ကြီးခေါ်မနေပါနဲ့ စင်လို့ပဲခေါ်ပါ …”

“ဖြူဖြူစင်စင်က ကြိုက်ပါ့မလား၊ မျက်စောင်းကြီးတစ်ချက်
တစ်ချက် ခဲခဲလာရင် ရန်တစ်ကိုယ်လုံး ပြာကျသွားတော့မယ်၊ အ
ပူလိုက်တာ … မီးတောက်ကြီးတစ်ခုများလား …”

“ရှင် … လာပြီးနောက်မနေနဲ့နော်၊ မေမေကြောင့် သည်း
နေတာ ကျွန်မကတော့ နောက်နောက်ပြောင်ပြောင်နဲ့ ဖော
လုပ်ချင်တဲ့ယောကျ်ားတွေကို အမုန်းဆုံးပဲ …”

“စင် … ဒီကောင်မလေး … ပြောလေကဲလေပဲ၊ မိဘမျ
နာကို အိုးမဲသုတ်ချင်တဲ့ဟာမလေး၊ ရန်ရယ် … အန်တီ တောင်း
ပါတယ်”

“ကိစ္စမရှိပါဘူး အန်တီမေ … ရန် စိတ်မဆိုးပါဘူး၊ စင်
ရုပ်လေးချောသလောက် စိတ်ကပုတ်တာပဲ …”





“ဘာပြောတယ်”

“ဘာမှမဟုတ်တော့ပါဘူး … အန်တီမေ … ခွင့်ပြုပါဦး၊ မေမေ့ကိုလေ အန်တီမေ့သမီးလေး ဖြူဖြူစင်စင် အရမ်းယဉ်ကျေးလိမ္မာပြီး ချည့်ဝတ်ကျေတဲ့အကြောင်း ပြောလိုက်ပါ့မယ် … မင်းလည်း ကိုယ့်အတွင်းရေးမှူးရာထူး လစ်လပ်တုန်း လက်ခံနော်၊ လခက အများကြီးပေးမှာ … ကားရော တိုက်ခန်းရော ပေးထားမယ်၊ စဉ်းစားနော် …”

“ကျွန်မ လုံးဝမလုပ်ဘူးလို့ ပြောထားပြီးပြီနော် … လခတွေ ဘယ်လောက်ပဲပေးပေး သမ္မတလစာပေးရင်လည်း မလုပ်ဘူး၊ အဲဒါ မှတ်ထားပါ …”

“စဉ်းစားပါဦး စင်ရယ် … နောက်မှနောင်တတွေရနေပါ့မယ်၊ သွားပြီနော် …”

ရန်မခဆိုတဲ့လူက မေမေ့ကို အရိုအသေပေးပြီး နှုတ်ဆက်နေတာကိုပင် စင် အမြင်ကတ်မိသည်။

ဘယ်လိုလူလဲ … အထင်ကြီးစရာ တစ်စက်လေးမှမရှိဘူး။ စင် လေးစားအထင်ကြီးရတဲ့ မန်နေဂျာမိုးထက်မြင့်လောက် ယောကျ်ားပီသခန့်ညားမှုတွေ မရှိဘူး။ လူလိမ် … စင်ကတော့ သူမ ဗိုက်သားကို နာဘူးကျပြီး ကိုင်တွယ်သွားတဲ့ ရန်မခကို မုန်းနေမိသည်။

“စင်”



www.burmeseclassic.com

www.burmeseclassic.com



"မေမေကလဲ ... ကိုယ့်သမီးပျိုလေးရှေ့ထားပြီး သူစိမ်းယောကျာ်းတစ်ယောက်ကို အရေးတယူဆက်ဆံနေတာ မကောင်းပါဘူး ... စင် သိက္ခာကျတယ်"

"ဘာပြောတယ် ... တာတာဆိုတာ အခုအရမ်းချမ်းသာနေတယ်လို့ မေမေ သတင်းကြားထားကတည်းက တွေ့ချင်နေတာ"

"မေမေက ဘာဖြစ်လို့တွေ့ချင်နေရတာလဲ ... ပိုက်ဆံချေးမလို့လား၊ ဒီလောက်ဆင်းရဲတာလည်း မဟုတ်ဘဲနဲ့ ... ရှက်စရာကြီး"

"စင် ... ဘာတွေလာပြောနေတာလဲ ... မေမေနဲ့တာတာက သူငယ်ချင်းဘဝထဲက သားသမီးချင်း ဖလှယ်ဖို့ ကတိထားခဲ့ကြတာလေ ... "

"ဟာ ... ဒီလူနဲ့လား ... လုံးဝအစပ်အဟပ်သွားမလုပ်နဲ့နော် မေမေ ... သူ့မှာ အထင်ကြီးစရာ ဘာမှမရှိပါဘူး၊ နောက်တောက်တောက်ပြောင်တောင်တောင်နဲ့ မိန်းကလေးတစ်ယောက်မြင်တာနဲ့ ပြီတီတီလုပ်ချင်တယ် ... လူလိမ် ... "

"စင် ... မေမေ့စကားကို နားထောင်စမ်း၊ သမီးတစ်ယောက်အတွက် မေမေ ဘယ်လောက်စိတ်ပူနေရလဲ၊ မောင်ရန်မေးက ပညာရေးလည်း ဆေးကျောင်းတောင်တက်ခဲ့တာပါ၊ လုပ်ငန်းကလည်း ကြီးတယ် ... ကိုယ်ပိုင်ကုမ္ပဏီကြီးမှာ မန်နေဂျာ ..."





"ဟွန်း ... "

"မဟွန်းနဲ့နော် ... ဖေဖေနဲ့မေမေက အသက်ကြီးပြီ၊ ဘာမျှားချမ်းသာလို့လဲ ... ညည်းအဖေက ဝန်ထမ်း၊ မေမေ စိစိစပ်စပ် သုံးနိုင်လို့ အသင့်အတင့်နေနိုင်တာပါ ... စင်သိရဲ့လား"

သမီးလေးစင် ဘာမှမသိဘူး။ မိမိတို့လင်မယား ချိုးခြံချွေတာနေရသည်။ ဟန်မပျက် စားသောက်နေနိုင်ပေမယ့် သမီးလေးရှေ့ရေးအတွက် ရင်လေးနေရ၏။

တာတာ့သားငယ်နဲ့ဆို ပူပန်စရာ မရှိနိုင်တော့။ ယောက္ခမနှင့် ဘယ်လိုမှ မသင့်မြတ်မယ့်သမီးစင်ရဲ့ မာကျောကျော လုပ်ရပ်တွေ အပြောအဆို မလိမ်မာတာတွေအတွက် ဘယ်လောက်ပူနေရလဲ။

"သမီးဖေဖေဆို သမီးလေးဘဝ ခက်ခက်ခဲခဲဖြတ်သန်းရမှာ အရမ်းစိတ်ပူနေရှာတယ် ... ဖေဖေရော မေမေရော စင်သိတဲ့အတိုင်းပဲ ... ကျန်းမာရေးက မကောင်းကြတော့ဘူး၊ ရင်လေးနေရတယ်လေ ... "

စင့်မှာလည်း အရည်အချင်းတွေရှိနေပါတယ် မေမေရာ။ သမီးက အကောင်းဆုံး အတော်ဆုံး ဂုဏ်သိက္ခာအကြီးမားဆုံး ယောကျာ်းကိုမှ ရွေးချယ်မှာပါ။ စင်ကို ခပ်ညံ့ညံ့ကောင်မလေးဆိုပြီး လျှော့တွက်မထားပါနဲ့။

မိဘရဲ့အခြေအနေကိုသိနေပေမယ့် ရန်မခဆိုတဲ့သူကိုတော့



www.burmeseclassic.com

www.burmeseclassic.com



မရွေးချယ်နိုင်ပါဘူး။ အကျင့်စရိုက် မကောင်းတဲ့လူ။ သူ့ဟာသူ ဘယ်လောက်ကြီးပဲ ကုမ္ပဏီတွေပိုင်ထားပါစေ စင် ချစ်လို့ရမှာ မဟုတ်တာ သေချာသည်။

မေမေက သမီးစင်အတွက် ယောက္ခမလောင်းက အရေးကြီးတယ်တဲ့လေ။ စင် အကျင့်စရိုက်တွေကို ယောက်ျားက သည်းခံပေမယ့် ယောက္ခမက သည်းခံမှာမဟုတ်ဘူးတဲ့။ ပြီးတော့လည်း သူချစ်ကိုရှာတဲ့။ မောင်ရန်မခကိုယ်တိုင်က သမီးစင်ကို ချစ်မိလို့ ဟန်ဆောင်လိမ်ညာမိတာပါတဲ့လေ။

အရှက်မရှိလိုက်တာ ... ပေါ်တင်ကြီး နည်းနည်းလေးမှ အထင်ကြီးစရာမရှိပါဘူး။ ရန်မခအကြောင်းတွေ တွေးမိတိုင်း စင် အမြင်ကတ်လာ၍ အထင်သေးနေမိသည်။

✳◆✳

အခန်း ( ၁၁ )

ဒေါ်မေသက်သက်ကတော့ သမီးလေးစင်ကို အရိပ်တကြည့်ကြည့်နှင့် အိမ်ထောင်ရေးကအစ တင့်တယ်ခမ်းနားစေချင်မိသည်။

စင်က ခေါင်းမာလွန်းတယ်။ လုပ်ချင်တာလုပ်တဲ့ ကောင်မလေးပါ။ စိတ်ပူရ၏။ တာတော့သားနှင့်ဆို သင့်တော်မယ်။ ခက်နေတာက စင်နှင့်ပြဿနာဖြစ်ထား၍ မောင်ရန်မခကို မချစ်မနှစ်သက်ဘဲ ဖြစ်နေသည်။

"မေမေ ... စင်သွားပြီနော်"

"သမီးစင် ... မေမေကတော့ မောင်ရန်မခရဲ့ ကုမ္ပဏီမှာပဲ အလုပ်စေချင်တယ် ... မေမေတို့စိတ်အေးရမယ်ထင်တယ်ကွယ်"

"မလုပ်ချင်ပါဘူး မေမေရာ ... စင်တို့ကုမ္ပဏီလည်းကောင်းသားပဲဟာ ... ရန်မခဆိုတဲ့လူက ကြောင် အူတူတူနဲ့ သူပြောတာတွေလည်း မေမေသိပ်ယုံမနေနဲ့၊ အလိမ်အညာတွေချည်းပဲ ... ကြောင်စပ်စပ်နဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... စင် ... ဒီကလေးက ပျော်တတ်တာပါ၊ စိတ်သဘောထားဖြူစင်တယ်၊ စီးပွားရေးလုပ်ငန်းကြီးလုပ်ကိုင်နေတာပဲ ... ညည်းကိုက ဇီဇာကြောင်နေတာ ... မေမေပြောထားပြီးပြီနော်၊ ညည်းကို ရန်နဲ့ပဲ သဘောတူတယ်"

"မေမေက မိန်းကလေးရှင်နော် ... ကိုယ့်သမီးလေးတန်ဖိုးမဲ့မယ် ... အရမ်း အရမ်းသဘောတူမနေနဲ့၊ ဒီလူ့ကို စင် လုံးဝသဘောမကျပါဘူး"

စင် နှုတ်ခမ်းလေးတွန့်မဲ့ရုံမက မျက်နှာပြင်တစ်ခုလုံးကိုပါ ရှုံ့တွပြပြီး လုံးဝလက်မခံနိုင်တဲ့အကြောင်း ပြတ်ပြတ်သားသား ပြောပြစ်မိသည်။

စင်အပြစ်လား ... မိန်းကလေး တစ်ယောက်ကို အရှက်ရအောင် စနောက်စရာလား။ စင် တွေးမိတိုင်း ဒေါသဖြစ်ရသည်။

စင်ဗိုက်သားလေးကို လှန်ကြည့်ရုံတင်မက လက်နှင့်ပါ ထိတို့ ပွတ်သပ်သေး၏။ လုပ်စရာလား ... ဘယ်လောက် ဒေါသဖြစ်ဖို့ကောင်းလဲ။ ရန်မခအား စင် မုန်းသည်။

"စင် သွားပြီနော် ... စင်ကုမ္ပဏီက လုံးဝမထွက်နိုင်ဘူးနော် မေမေ ... အလုပ်အကိုင်ကောင်းကို ဘယ်လိုအကြောင်းနဲ့မှ စင် လက်မလွှတ်ဘူး"

စင် ခပ်ကျယ်ကျယ်လေး မေမေ့နားထဲ စိမ့်ဝင်သွားစေရန် အခိုင်အမာလေး ပြောဆို၍ထွက်လာခဲ့သည်။

ဟုတ်တယ်လေ ... စင် ဘာနဲ့မှမလဲနိုင်တဲ့အလုပ်။ ကိုမိုး





ထက်မြင့်နဲ့ နီးစပ်ခွင့်က စင်အတွက်အကြီးမားဆုံး ဆုလာဘ်ကြီးတစ်ခုပါပဲ။ ကိုမိုးထက်မြင့်က ယောကျ်ားပီသတယ်။ တည်တည်ကြည်ကြည်နဲ့၊ ယောကျ်ားကောင်းတစ်ယောက်ရဲ့ ဂုဏ်ကျက်သရေအပြည့်အဝ ပိုင်ဆိုင်ထားသူပါ။ ရန်မခဆိုတဲ့လူနဲ့တော့ ဘယ်လိုမှနှိုင်းလို့မရအောင် အပြတ်အသတ်ပဲ။ ကိုမိုးထက်မြင့်ကိုတော့ စင်က အမှတ်ပြည့် ပေးထားသည်။

"ဖြူဖြူစင်စင် ... မင်းဒီနေ့ တာဝန်ကျတာက မန်နေဂျာထက်မြင့်အခန်းနော် ... သေသေချာချာ စည်းကမ်းရှိရှိ လုပ်ကိုင် ... မနေ့က မင်းလုပ်ရည်ကိုင်ရည်ကိုသဘောကျလို့ လက်ထောက်မန်နေဂျာက အထူးတာဝန်ပေးတာ"

"ရှင် ..."

"မန်နေဂျာမိုးထက်မြင့်က စည်းကမ်းမရှိလုပ်တာမျိုး လုံးဝခွင့်လွှတ်တတ်ဘူးနော် ဖြူဖြူစင်စင် ... မမှားစေနဲ့ ကြားလား"

"ဟုတ်"

"မဝတုတ်က ကျွန်မနဲ့လိုက်ခဲ့ပါ ... အထူးခန်း သန့်ရှင်းရေး"

"ဟို ... ဟို ... စင်နဲ့မဝတုတ်တို့ တာဝန်အတူတူကျမှာ မဟုတ်ဘူးလား မမချဉ် ... အဲ ... မမချို ..."

"ဟွန်း ... ဘာမမချဉ်လဲ ... လုပ်စရာရှိတာလုပ်တော့ ... အချိန်မရှိဘူး၊ စားလဲ ... မန်နေဂျာက အချိန်တိကျတယ် ... "

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားခေါင်းဆောင်ကြီး မချိုကိုတော့ မျက်နှာကြော ကြီးတင်းလွန်းလို့ စင် ချဉ်မိ၍ မမချဉ်ဟု ခေါ်ဖြစ်တာ။

နာမည်နှင့် လူက တခြားစီပဲ။ မဝတုတ်က သူမကို ကြည့်သည်။ သေပြီဆရာ မနေ့က မဝတုတ်လုပ်သွားတာပဲ။ မန်နေဂျာ့ အခန်း တာဝန်ကျတာတော့ ဝိတ်ဖြစ်ရတယ်။

အဟိ ... နိုးစပ်ဖို့အခွင့်အရေးပဲ ထင်တယ်။ မန်နေဂျာမိုးနဲ့ ကတော့လေ စင်နဲ့တစ်ကြောင်းမဟုတ်တစ်ကြောင်း နေ့စဉ် အမှတ်တရလေးတွေအဖြစ်နဲ့ ဆုံတွေ့ရတတ်တယ်။ စင် အဝတ်အစားပင် မလဲချင်။ ဒါပေမယ့် ... စည်းကမ်းက ကြီးသည်တဲ့။ အိမ်ကဝတ်လာတဲ့ အင်္ကျီတွေကို သန့်ရှင်းရေးဝတ်စုံနှင့် လဲပြစ်လိုက်ရသည်။

"ဖြူဖြူစင်စင်တို့ကတော့ ဘယ်လိုပဲဝတ်ဝတ် ချောပြီးသားပဲ ... မန်နေဂျာက တိကျတယ်ဟာ၊ မန်နေဂျာလာဖို့ အချိန်တောင်ကပ်နေပြီပဲ ... မန်နေဂျာဝင်မလာခင် အပြီးအစီးလုပ်ပြီး ထွက်သွားရမယ်တဲ့ ... ဟွန်း ... တကယ်ပါပဲ၊ ကြီးကျယ်ခမ်းနားတော် မူလိုက်တာ"

စင် အတွေးတွေလွန်လွန်နေတာနှင့်ပဲ အချိန်က ကုန်သွားသည်။ အပြေးအလွှားနှင့် အမွေးရည်ဗူးလေးကို ဆွဲယူပြီး သန့်စင်ခန်းထဲဝင်ကာ သန့်ရှင်းရေးတုတ်တံကိုဆွဲကာ မန်နေဂျာမိုးထက်မြင့် ရုံးခန်းထဲဝင်လာခဲ့သည်။

"အခန်းလေးက မွှေးပျံ့ပြီး သန့်နေတာပဲ ... နဂိုထဲက မန်နေဂျာကိုယ်တိုင်က အသန့်အပျံ့ကြိုက်တာပဲ ... စည်းကမ်းရှိလွန်း





ယ်၊ အသုံးအဆောင်ပစ္စည်းတွေကလည်းသူ့နေရာနှင့်သူ ထားတတ်တယ်၊ အမလေး ... နေချင်စရာကြီး ... "

စင် အခန်းတစ်ခုလုံး သေသေချာချာလှည့်ပတ်ကြည့်ရင်း နေဂျာမိုးထက်မြင့်အား ကြိတ်ပြီး ချီးမွမ်းထောပနာ ပြုနေမိသည်။

"စည်းကမ်းရှိပါ ... ကိုယ့်ကိုယ်ကို တန်ဖိုးမြှင့်တင်ပါ၊ စည်းမဲ့ခြင်းသည် အောက်တန်းကျပြီး အဆင့်အတန်းမဲ့လွန်းသူ"

မန်နေဂျာမိုးထက်မြင့်ရှေ့မှာ ထောင်ထားတဲ့ အဖြူရောင်လေးပေါ်တွင် ရေးထားသောစာသားတွေ ဖြစ်သည်။

"ဟုတ်တယ် ... မန်နေဂျာမိုး ပြောတာအမှန်ပဲ၊ စင်လည်းချက်ပျက်နေထိုင်တတ်သူတွေဆို အရမ်းမုန်းတယ် ... "

စင် ကိုယ်တိုင် စည်းကမ်းတကျနှင့် ကိုယ့်ဘဝတိုးတက်နိုင်အရေးကိုတော့ တန်ဖိုးထားအလေးအနက် လုပ်ဆောင်တတ်သည်။

တစ်ခါတလေ ... နမော်နမဲ့ အမှားအယွင်းလေး နည်းနည်းလုပ်မိတတ်တာ တစ်ခုလေးပဲ ခြွင်းချက်ရှိတယ်။ အဲဒီအားချက်ကို စင်ပြင်ရမယ်။ မန်နေဂျာ ကိုမိုးထက်မြင့် မကြိုက်တာအားလုံး ပြင်မယ်၊ ကြိုးစားမယ်။

အလုပ်သမားခေါင်းဆောင်ကြီး မမချဉ်က ပိုဆိုးသေးတယ်။ တကာ မန်နေဂျာ့အကြိုက်။ မန်နေဂျာ့ဆန္ဒ အမိန့်တွေ အော်ဒါပေးနေတယ်။ အမြင်ကတ်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



"ကို ... "

"ဟင်"

တံခါးဖွင့်လာသံကြောင့် စင် အထိတ်တလန့်ဖြစ်သွားပြီး လှည့်ကြည့်မိတော့ ... ဘုရားရေ ... သေလိုက်တော့။ အခန်းထဲ ဝင်လာသူက မန်နေဂျာ ကိုမိုးထက်မြင့် ဖြစ်နေသည်။

"ဟင် ... မင်း ... မင်း ... ချွတ် ... ချွတ် ... ချွတ်စမ်း ... မင်း ... "

"ရှင် ... ဘာချွတ်ရမှာလဲ မန်နေဂျာ ... အကျီလား၊ စကတ် လား ... ဘာ ... ဘာချွတ်ရမှာလဲ၊ ဟို ... ဟို ... မလုပ်ပါနဲ့"

"ဟော့ ... မင်းဘာတွေပြောနေတာလဲ ... မင်းဒီအခန်းထဲကို အိမ်သာသုံးဖိနပ်ကြီးစီးဝင်လို့ ချွတ်ခိုင်းတာ ... "

"ရှင် ... အယ် ... "

မန်နေဂျာ့မျက်နှာကြီးက ရှုံ့မဲ့ရှုံ့ရှာနေတဲ့ပုံ။ သူမ ခြေ ထောက်ကို ငုံ့ကြည့်လိုက်တော့ ဟုတ်သားပဲ။ စောစောက စင် အိမ်သာဝင်ခဲ့တာ ဖိနပ်ကြီးကို ပြန်ချွတ်မထားမိဘဲ မန်နေဂျာ့ရုံးခန်း ထဲ စီးဝင်လာမိသည်။

အားနာလိုက်တာ ... ရှက်စရာကြီး၊ မန်နေဂျာက ဘာ မပြော ညာမပြောနဲ့ မျက်နှာပျက်ပျက်နဲ့ သူမကိုလက်ညှိုး ကြီးထိုး ပြီး ချွတ်ခိုင်းနေတာကိုး ... မှားပါတယ်။

"တောင်းပန်ပါတယ် မန်နေဂျာ ... စင် အမြဲတမ်းအမှာ အယွင်းတွေ လုပ်မိနေပါတယ် ... နောက်ထပ် ဘယ်တော့မှ ဒီ





ဖြစ်စေရပါဘူး"

"ဖြူဖြူစင်စင် ... မင်းကတော်တော်အသုံးမကျတဲ့ကောင် လေးပဲ ... စည်းကမ်းလည်း မရှိဘူး၊ သေသပ်သန့်ရှင်းမှုလည်း ရှိဘူး ... ကိုယ့်အခန်းထဲ အိမ်သာသုံးဖိနပ်စီးဝင်လာခဲ့တာ၊ အကြီး ဆုံး ခွင့်မလွှတ်နိုင်တဲ့ ပြစ်မှုပဲ ... "

"ရှင် ... အမလေး ... စင်လေ စင် ... အလုပ်ကို အလေး နက်ထားလိုက်မိလို့ စိတ်စောပြီး မှားသွားတာပါ ... "

"မင်းကို အလုပ်မှားခန့်တဲ့ အလုပ်သမားနာမည်စာရင်း တ်ပြန်တဲ့ ဝန်ထမ်းကိုပဲ ထုတ်မိတာမှားတယ်၊ တကယ်တော့ င်းကိုပါ ထုတ်ရမှာ ... "

"ရှင် ... ဟိုလေ ... စင်ကို မှားပြီးအလုပ်ခန့်မိတာလား"

"ဟုတ်တယ် ... မင်းလိုကောင်မလေးမျိုးကို ကိုယ်က လုပ်ခန့်မယ်ထင်နေလား ... စာရေးက နာမည်စာရင်း မှားရိုက် တာပဲ ... မင်းတော်တော်လေး အသုံးမကျတာပဲ ... ဒီကိစ္စကိုယ် ခွင့်မလွှတ်နိုင်ဘူး၊ မင်းအလုပ်ထွက်စာရေးပြီး ကိုယ်ဟာကိုယ် တ်ပါ ... မိန်းကလေးဖြစ်နေလို့ ကုမ္ပဏီက ညှာတာပေးတာပဲ"

"ကျွန်မ ... ကျွန်မလေ ... "

"ထွက်သွားတော့ ... ကိုယ့်အခန်းကို မင်းလုပ်ဖို့ ဘယ်သူ ဝန်ပေးလိုက်တာလဲ ... "

"ကျွန်မကို ခွင့်ပြုပါဦး ... မနက်ဖြန်ကျရင် ကျွန်မ ထွက်စာ ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူစင်စင်ရဲ့ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်တက်လာပြီး သူမ အမှားအတွက် သူမတာဝန်ယူ၍ အလုပ်ကနေ ထွက်စာတင်ပါ့မယ်ဟုပြောပြီး ပြန်ထွက်သွားသည်။

မိုး မှားသွားတာလား။ သူက သန့်စင်ခန်းသုံးဖိနပ်ကို သူ့ရုံးခန်းထဲ စီးလာတာ တွေ့လိုက်၍ ရုတ်တရက် ဒေါသတွေ ဖြစ်သွားသည်။ အရှုံးဆုံးကိစ္စပဲ။ လုံးဝ မကြိုက်တာပါ။

"စိတ်ရှုပ်လိုက်တာကွာ ... ဖြူဖြူစင်စင်ကြောင့် တော်တော့ကို အာရုံနှောက်ရတယ်"

အလုပ်သမား တာဝန်ခံကို ခေါ်ပြောဖို့လည်း မိုးမလုပ်ချင်။ ဖြူဖြူစင်စင်ကို နာမည်ပျက်နှင့်အလုပ်ကနေ မထွက်စေချင်ဘဲ ဖြစ်နေသည်။

"ကိုယ် မှားသွားတယ်ထင်တယ် ... မင်းကတော့ ကိုယ့်ကို အတ္တကြီးလွန်းတယ်လို့ ထင်မှာပဲ ... မနေ့ညနေကလဲ မင်းအခက်အခဲဖြစ်နေတာ ကိုယ်က အထက်လူကြီးဖြစ်ပြီး မကူညီခဲ့ဘူး"

ထိုကိစ္စကြောင့် သူညက တစ်ညလုံး အိပ်မပျော်နိုင်။ ရင်တွေပူလောင်၍ နောင်တတွေ ရနေခဲ့သည်။ တာဝန်မဲ့တဲ့ယောကျ်ားအဖြစ် သူရှက်နေခဲ့၏။

ဖြူဖြူစင်စင်ကို ဒီလောက်အထိ ပြောမိတာ ယောကျ်ားမဆန်တာပဲ။ ဖြူဖြူစင်စင်ကြောင့် သူ့စိတ်တွေ အနှောက်အယှက်ဖြစ်နေရ၏။ အခန်းကတော့ သန့်ရှင်းမွှေးပျံ့နေတာပါပဲ။

သူ့ရုံးခန်းတွင် ဖိနပ်စီးခွင့်မရှိပေ။ သူလည်း မစီးခဲ့။ ဖြူဖြူ





စင်စင် လုံးဝစည်းကမ်းမရှိဘူး ပေါ့ပျက်ပျက်နဲ့ အလုပ်ထုတ်ပြစ်လိုက်တာပဲ ကောင်းပါတယ်လေ။

"ကိုယ် ... မင်းကို ညှာတာလိုက်မယ် ... တခြားတာဝန်ရှိသူတွေကို မပြောတော့ပါဘူး"

သူမ အလုပ်ထွက်စာတင်မှာပါ။ လုပ်သင့်တာပဲ။ မင်းထွက်ရမယ်။

ပြီးတော့ ... မင်းရှိနေတာလဲ ကိုယ့်အတွက် အနေကျဉ်းကြပ်ရတယ်။ ဖြူဖြူစင်စင်က သူ့ကိုငမ်းပြီး အလုပ်ဝင်တာဟု အတင်းပြောချင်နေကြသည်။ မိုးသိနေ၏။ သူခန့်တာလည်း မဟုတ်။ မင်းနဲ့ပဲ ကိုယ်ထိပ်တိုက်တွေ့နေရတယ် ဖြူဖြူစင်စင်။

မိုးအကျင့်ကိုက ဒက်ဒီ နောက်မိန်းမယူပြီးထဲက ပတ်ဝန်းကျင်နှင့် အရောတဝင် မနေတတ်တော့တာ အကျင့်ဖြစ်နေခဲ့သည်။

"ကိုယ် ... အမြဲတမ်း အလိုမကျမှုတွေနဲ့ မွန်းကျပ်နေခဲ့ရတယ် ... ကိုယ့်မိထွေးကိုရော၊ ကိုယ့်ညီနေရာဝင်ယူပြီး ကိုယ့်ကို မျက်စိနောက်စေတဲ့ မိထွေးကပါတဲ့သား ရန့်မခကြောင့်လည်း စိတ်ညစ်ခဲ့ရတယ် ... "

သူ ရင်ဖွင့်ချင်ခဲ့ပေမယ့် သူ့မိသားစုကိုယ်ရေးကိုယ်တာ ဖြစ်နေ၍ ဘယ်သူမှ မပြောပြခဲ့။ ဒက်ဒီ ဂုဏ်သိက္ခာလည်း မထိပါးစေချင်ပါဘူး။ မိုး အချစ်ဆုံးအဖေ တစ်သက်လုံး ကိုယ့်အခန်းထဲကိုယ်နေခဲ့ပြီး အလုပ်ကိစ္စမှလွဲ၍ ပတ်ဝန်းကျင်ကို အထိအတွေ့နည်းစေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မန်နေဂျာ ... ကော်ဖီပါ ... "

"ဩော် ... သင့်ခ်ယူ ... "

"မန်နေဂျာ"

"ဗျာ"

"ကိုကျော် တစ်ခုလောက် အကြံပေးချင်ပါတယ်"

"ပြောပါ ... "

"အဲဒါကတော့ မန်နေဂျာအတွက် အတွင်းရေးမှူးမလေး တစ်ယောက်လိုအပ်ပါတယ် ... အမြန်ဆုံး ခန့်စေချင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ကိုကျော် ... တကယ်လည်း လိုအပ် နေတာပါ။ ကိုယ့်စိတ်ဓာတ်နဲ့မတွေ့သေးဘူး၊ အမြန်ဆုံးတော့ ခန့်နိုင် ဖို့ လုပ်ရမယ် ... "

"မန်နေဂျာအတွက် ... ဟိုလေ ... ကောင်မလေး ဖြူဖြူ စင်စင် ... "

"ဘာဗျ ... "

"မဟုတ်ပါဘူး ... ဒီကောင်မလေး ရထားတဲ့ဘွဲ့နဲ့ ဒီပလိုမာ တွေက ... "

"တော်ပါတော့ဗျာ ... မဖြစ်နိုင်ပါဘူး၊ ထားလိုက်ပါတော့"

"ဟုတ်ကဲ့ ... ဒီကောင်မလေးက ဖျတ်ဖျတ်လတ်လတ်နဲ့"

"ကျွန်တော် စိတ်မဝင်စားဘူး၊ အရည်အချင်း မပြည့်ဝနိုင်ဘူး ထင်တယ်"

မန်နေဂျာကိုကျော် ထွက်သွားသည်။ ဖြူဖြူစင်စင်နှင့်ပတ်





သက်တာတွေ သူပြောပြဖို့ ဝန်လေးသွားရ၏။

မပြောတော့ပါဘူး။ မင်းကိုယ်တိုင် ထွက်စာတင်တာပဲ ကောင်းပါတယ်။ သူ့စိတ်တွေ လေးလံသွားရသည်။

"ကျွန်မ ပိုက်ဆံလိုနေလို့ပါနော် ... ဒီအလုပ်နဲ့ မသင့်တော် ပေမယ့် ကျွန်မ အလုပ်တစ်ခုလုပ်မှ ဖြစ်မှာမို့ပါ ... နေစရိတ်ရော သမင်းစရိတ်ရော လိုနေပါတယ်"

ဖြူဖြူစင်စင့်ကို အင်တာဗျူးလုပ်တဲ့နေ့က သူမပြောသွား ခဲ့သည်။ သူကတော့ ကောင်မလေးဝတ်စားပုံကိုကြည့်ပြီး မယုံကြည် ခဲ့။

"မင်းအခက်အခဲဖြစ်သွားမလား ဖြူဖြူစင်စင် ... မင်းပုံစံ ကတော့ အရမ်းဆင်းဆင်းရဲရဲ ကောင်မလေးတစ်ယောက် မဖြစ် နိုင်ပါဘူးကွာ"

မိုးတစ်ယောက် အခုတလော ဖြူဖြူစင်စင်ကြောင့် ရယ် မော ပျော်ရွှင်ရတာတော့ အမှန်ပင်။ ခါတ်လှေကားထဲမှာ ဆုံရစဉ်က သူ့ကိုသရဲထင်ပြီး လန့်သွားတဲ့ကောင်မလေး။ သူ့အမူအကျင့်တွေကို သင် မှားယွင်းနေသည်ဟု မိုးထင်မှတ်ပြုပြင်ချင်လာခဲ့ရသည်အထိ ဖြူဖြူစင်စင်က သူ့ကိုလွှမ်းမိုးလာတတ်၏။

တော်ပါပြီကွာ ... မင်းအကြောင်းတွေ ကိုယ်မတွေးချင်ဘူး။ သူ မေ့ပစ်ချင်ပါသည်ဆိုမှ ဖြူဖြူစင်စင်ရဲ့ မျက်နှာချောချောဖူးဖူး လေးက သူ့မျက်ဝန်းတွေထဲ တိုးတိုးဝင်ရောက်လာသည်။

ဖြူဖြူစင်စင်ကို အလုပ်ကနေ မထွက်ဖို့ သွားပြောလိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမလား။ မဖြစ်သေးပါဘူး ... သူက ကုမ္ပဏီကို စည်းက… တင်းတင်းကြပ်ကြပ် အုပ်ချုပ်ထားတာပါ။ မိန်းကလေးတစ်ယော… ကြောင့် သူ့နာမည်ဂုဏ်သတင်းတော့ အထိမခံနိုင်ပါဘူး။ စည်းက… အတိုင်းပဲ လုပ်တာကောင်းတယ်။

မင်းကို ကိုယ်ညှာတာထောက်ထားလိုက်တာနော်။ သ… ဆိုင်ရာကနေ နာမည်ပျက်စာရင်းနဲ့ အရေးမယူဘဲ မင်းဆန္ဒအ… ထွက်စေခဲ့တာ။ ဖြူဖြူစင်စင်အတွက် မိုးစိတ်တွေ ရှုပ်ထွေးနေသည်…

*◆*

## အခန်း ( ၁၂ )

စင့်အတွက်ကတော့ နှောင်တတွေ တပွေ့တပိုက် သယ်ဆောင်၍ အင်အားချိနဲ့နဲ့ ခန္ဓာကိုယ်လေးအား အနိုင်နိုင် လှမ်းနေတဲ့ ခြေလှမ်းတွေက လေးလံလွန်းနေသည်။

စင့်အမှားတွေပဲ။ မန်နေဂျာ မိုးထက်မြင့် ဘယ်လောက်အထိ သန့်ပြန့်ပြီး စည်းကမ်းကြီးလဲ။ စင် မဆင်မခြင် ပေါ့ပျက်ပျက်နှင့် သူ့ရုံးခန်းထဲ ဖိနပ်စီးခွင့်မပြုတာ သိသိကြီးနှင့် စီးမိသည်။ စင်စီးခဲ့တာက ရိုးရိုးဖိနပ်မဟုတ်။ အိမ်သာမှာ အသုံးပြုတဲ့ ဖိနပ်။ နင်သေလိုက်တော့ ဖြူဖြူစင်စင်။

"မင်းက တော်တော်စည်းကမ်းမဲ့ပြီး အသုံးမကျတာဘဲ ဖြူဖြူစင်စင် ... မင်းကို မှားယွင်းပြီး အလုပ်ခန့်စာ စာရင်းမှားရိုက်ခဲ့တဲ့ ဝန်ထမ်းက အလုပ်ပြုတ်သွားတယ်"

ရှက်လိုက်တာနော်။ စင့်ကို သူက သဘောကျပြီးအလုပ်ခန့်



www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်ဘူးတဲ့။ မှားသွားတာတဲ့။ စာရင်းမှားရိုက်တဲ့ ဝန်ထမ်း ပင် အလုပ်ပြုတ်သွားတယ်တဲ့။

ကိုမိုးထက်မြင့် မမှားပါဘူး။ သူ စည်းကမ်းတင်းကြပ်ခဲ့တာ ကုမ္ပဏီ တစ်ခုလုံးအသိပဲ။ စင် အမှားတွေပါ။ မန်နေဂျာကိုငမ်းပြီး အလုပ်ဝင်ရှုပ်တာက ပေါ်တင်ကြီး ဖြစ်နေသည်။

"မင်း ... မင်းအဆင်ပြေရဲ့လား ... မန်နေဂျာရုံးခန်းမှာ တာဝန်ကျတော့ မဝတုတ် စိတ်ပူနေခဲ့တာလေ ..."

"အဆင်တော့ ပြေပါတယ် မဝတုတ်ရယ် ... ဒါပေမဲ့ ... စင် အလုပ်ထွက်ရမယ် ..."

"ဟင် ... ဘာဖြစ်လို့လဲစင်"

"မေမေကြောင့်ပါ ... ဒီအလုပ်လုပ်တာ သိသွားလို့လေ"

မန်နေဂျာကို ကျေးဇူးတင်ပါတယ်လေ။ ကုမ္ပဏီတစ်ခုလုံး ကို အသိမပေးဘဲ စင့်ဂုဏ်သိက္ခာအတွက် ငဲ့ညှာထောက်ထားပေး ခဲ့လို့ပါနော်။ စင့်အမှားအတွက် စင်နောင်တရလို့ မဆုံးပေ။ မန်နေ ဂျာကို ဘယ်လိုရင်ဆိုင်ရတော့မလဲ ရှက်မိနေသည်။

"စင် မနက်ဖြန် ထွက်စာတင်မှာပါ ... တကယ်တော့ သန့်ရှင်းရေးအလုပ်က စင်နဲ့မလိုက်ဖက်ပါဘူး မဝတုတ်ရယ်"

"ကော့တော့ ညည်းလေး မန်နေဂျာကို ငမ်းမလို့ မဟုတ် လား ဖြူဖြူစင်စင် ..."

"အား ... မဝတုတ်ကလဲ စင်က အရူးထတာပါ၊ မတန်မရာ





မငမ်းပါဘူး"

"စင်ရယ် ... ညည်းလေးက အရမ်းချစ်စရာကောင်းပါတယ်၊ ချောလိုက်တာ မှုံနေတာပဲ ... မန်နေဂျာနဲ့လိုက်တယ်ဟဲ့"

"တော်ပါတော့ မဝတုတ်ရယ် ... မုန့်တောင်ဝယ်ကျွေးချင် လာပြီ အဟိ ... စင်က ကုမ္ပဏီတစ်ခုမှာ အတွင်းရေးမှူးမလေး ရာထူးရတယ် ..."

"ဟုတ်လား ... စင်ပြောင်းရတော့မယ်၊ တခြားသူတွေကို တော့ နောက်မှပြောပြပေးနော် ..."

မန်နေဂျာက တခြားဝန်ထမ်းတွေကို အသိမပေးတာဘဲ စင် ကျေးဇူးတင်မိသည်။ စင်အတွက် ထောက်ထားညှာတာပေးတာပါ။ ညနေ ရုံးဆင်းတော့ စင်ပစ္စည်းတွေ အပြီးသတ်ယူပြီး သူငယ်ချင်း ချစ်ဆီ ဝင်လာခဲ့သည်။

"ချစ် ... နင်တို့ကုမ္ပဏီကို စင်လက်ပြန္နတ်ဆက်ပြီဟာ"

"စင် ... နင် ကိုမိုးထက်မြင့်နဲ့ ပြဿနာတက်တာလား"

"မန်နေဂျာနဲ့စင်က နီးစပ်နိုင်ဖို့ မလွယ်ပါဘူးချစ်ရာ ... တစ် ခဏတာလေးမှာတော့ စင်ပျော်ခဲ့ပါတယ်"

"နင် ... နင် ... ဘာပြဿနာတက်လို့လဲ စင် ... ပြောပါ ဟာ"

"စင်က အမှားတွေအမြဲတမ်းလုပ်ခဲ့မိတယ်၊ ပြီးတော့ ... မေမေ့သူငယ်ချင်းသားရဲ့ ကုမ္ပဏီမှာ စင်အတွင်းရေးမှူး အလုပ်ရ



www.burmeseclassic.com

www.burmeseclassic.com



တယ် ... ပြောင်းတော့မယ်လေ ... ”

“စင်ရယ် ... ကောင်းပါတယ်ဟာ၊ စင်က အရည်အချင်းရှိနေတာပဲ ... ကြိုးစားပါ ... ”

“ဒီချင်တယ် ... ”

“ဖူးစာရှင်မှန်ရင်လေ မိုးပေါ်က သကြားမင်းနားကင်းကြီးနဲ့ ဆင်းတားရင်တောင် မပျက်ပါဘူး စင်ရာ ... ”

မန်နေဂျာတို့ကုမ္ပဏီမှာ စင်ထပ်ပြီး မနေချင်တော့သဖြင့် ချစ်ကိုနှုတ်ဆက်ပြီး ပြန်လာခဲ့သည်။

အချစ်ဆိုတာ ဘာလဲမသိဘူး။ စင် ခံရသည်။ တစ်ဖက်သတ်ချစ်မိတဲ့ နာကျင်မှုက ကြေကွဲစွာ နှလုံးသားတွေ ကွဲအက်ကြေမွသွားပြီလား။ ကိုမိုးထက်မြင့်ကို စင် ဘယ်တော့မှ မေ့ပစ်နိုင်မှာ မဟုတ်ပါဘူး။ ဖူးစာရှင် အစစ်အမှန်ပဲဖြစ်ချင်တယ်။

အိမ်ပြန်ရောက်လာတော့ ... ကိုရန်မခက ရောက်နေ၍ စင် စိတ်ညစ်သွားရသည်။

“သမီးစင် ပြန်လာပြီလား ... ဒီမှာလေ ရန်က မေမေနဲ့စင့်ကို သူ့အိမ်ခေါ်သွားမလို့တဲ့ ... တာကလည်း ဖုန်းဆက်တယ်၊ ညစာလာစားပါတဲ့ ... အရမ်းတွေ့ချင်လို့တဲ့ ... ”

စိတ်ညစ်လို့ သေပြစ်ချင်နေရတဲ့အထဲ စင့်နှုတ်ခမ်းလေးက ရုတ်ချည်းပင် ရှုတင်းထော်သွားသည်။

“စင် မသွားချင်ဘူး ... ”





“ဟဲ့ ... ဘာပြောတယ်စင် ... ခဏနား ရေချိုးပြင်ဆင်ပြီး အေးအေးဆေးဆေးမှ သွားမှာ ... ”

“ဟုတ်တယ်စင် ... မာမီက ညစာစီစဉ်ထားလို့ပါ၊ စင်ပင်ပန်းနေမှာသိပေမယ့် အန်တီမေက လက်ခံလိုက်တယ်လေ၊ အေးအေးဆေးဆေးပါ ... စောင့်နေမယ် ... ကိုယ်ဆေးခန်းမှာ ဝိုင်းကူလိုက်ဦးမယ် ... စင် ဖြည်းဖြည်းပြင်ဆင်ပါ”

ရန်မခဆိုတဲ့လူရဲ့ ကုမ္ပဏီမှာ စင်လုပ်မယ်ဆိုရင်တောင် တရင်းတနှီး အရောတဝင်ကြီး မနေထိုင်လိုပေ။

မိန်းကလေးတစ်ယောက်ရဲ့ ဗိုက်သားကို မဖွယ်မရာ လုပ်သားတဲ့လူ မျက်နှာပြောင်ပြောင်နှင့် စင်ရှေ့လာနေသဖြင့် တွေးမိတိုင်း ရှက်နေရသေးကာ စင် အလုပ်ပြုတ်လာ၍လည်း စိတ်က မကြည်မလင် ဖြစ်နေရသည်။

“စင်”

“ဟင် ... မေမေ”

“ညည်း ဘာဖြစ်နေတာလဲ ... တာတာကိုယ်တိုင် ဖိတ်တာဟဲ့ ... ညည်း အမေကို မျက်နှာအိုးမဲသုတ်မလို့လား၊ စင်သမီးလေးဖြူဖြူစင်စင်ဆိုတာ ငယ်ငယ်လေးက တွေ့ဖူးတယ် အရမ်းချစ်စရာကောင်းတယ်တဲ့ ... အခု အရမ်းတွေ့ချင်လို့တဲ့၊ ငြင်းလိုက်လို့ကောင်းမလား ... ”

“မေမေနော် ... သမီးရှင်ဖြစ်ပြီး အငမ်းမရ မဖြစ်နဲ့၊ စင်က



www.burmeseclassic.com

www.burmeseclassic.com



ဟင်းရွက်ကန်စွန်းရွက် မဟုတ်ဘူး"

"အမလေး ... မိဖြူဖြူစင်စင် ... ညည်းကများ စကားများ မနေနဲ့၊ သူဌေးသားက ကြိုက်တာများ ... ညည်းက ပဲပေးနေတယ်၊ မေမေကတော့ သမီးကညာ ချိန်ခါမလင့်စေနဲ့တဲ့၊ အရေးတယူလုပ်သင့်ရင် လုပ်ရမှာပဲ ... ပြင်ဆင် ... ရန့်ကို အားနာတယ်၊ ညည်းနော် ဟိုရောက်ရင် မျက်နှာကြီး ရှုပုတ်အိုစာမနေနဲ့၊ ညည်းအဖေကို မသနားဘူးလား ... အသက်ကြီးပြီဟဲ့ ... "

မေမေကို ဆက်ပြောနေလျှင် စင်ကို ဆူပွက်ပြောဆိုတော့မှာပါ။ အခန်းထဲဝင်လာခဲ့သည်။

ဖေဖေနဲ့မေမေ့ကိုလည်း စင်သနားပါတယ်။ စင်အတွက်ပဲ လုံးပမ်းနေကြရတာပါ။ မေမေက အလိုမလိုက်တတ်။ ဒီအရွယ်အထိ ကြိမ်လုံးနှင့်ထရိုက်နေသေး၍ မေမေကို စင်အရမ်းကြီး မဆန့်ကျင်ရဲပေ။

ဖေဖေက ခရီးထွက်သွားတယ်။ စင်ဘက်က ကာဘာလုပ်ပေးမယ့် ဖေဖေမရှိ၍ မေမေဆန္ဒတွေကို သည်းခံအောက်အီး၍ လိုက်လျောပေးနေရသည်။

"ရန်မခကိုတော့ မကြိုက်ပါဘူး ... အထင်လည်း မကြီးဘူး၊ စင်ကတော့ မန်နေဂျာမှ မန်နေဂျာပဲ ... ဟွန်း ... ရှင့်ဟာရှင် ဘယ်လောက်ပဲ ချမ်းသာနေပါစေ၊ စင်က လက်ခံမယ်ထင်မနေနဲ့ မေမေ့ကြောင့် ... "





စင် လုံးဝမကျေနပ်မိ။ စင်ကို အတင်းကြီးဝင်လုံးဖို့ ကြံစည်နေတဲ့ သူ့ကို မုန်းတီးနေမိသည်။

"ဒေါ်တာတာက အတင်းကြီးလက်ထပ်ပေးစားရင် ဒုက္ခပဲ၊ မချစ်မနှစ်သက်တဲ့လူက ရန်သူမျိုးငါးပါးထဲမှာတောင်ပါတယ်"

ရန်မခအား ချစ်ခင်နှစ်သက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပေ။ စင်က ယောက်ျားလေးဆို မန်နေဂျာကို တည်တည်ခန့်ခန့်မှ သဘောကျတာပါ။ သူမ ရေချိုးပြင်ဆင်ပြီးတော့မှ သူပြန်ရောက်လာခဲ့သည်။

"ရန်ရေ ... ပြီးပါပြီ ... သမီးစင်လည်း အဆင်သင့်ပဲလေ"

"သွားကြမယ် အန်တီမေ ... စင်ရော အဆင်ပြေရဲ့လား၊ ဒီည မသွားချင်ရင်လည်း ကိုယ်မေမေ့ကို ပြောလိုက်ပွါ့မယ်"

"ရပါတယ်"

"မဟုတ်တာကွယ် ... တာကိုလည်း အန်တီမေ အရမ်းတွေ့ချင်နေပြီ ... သွားကြမယ်"

မေမေကတော့ တကယ်ပါပဲ။ စင်မျက်နှာက အလိုမကျသလို မှုံတည်တည်လေးဖြစ်နေ၍ မေမေက စင်ပေါင်ကို ဆွဲလိမ်သည်။

"အား ... "

"ဘာဖြစ်တာလဲစင် ... "

"ဘာမှမဟုတ်ပါဘူး ... ကျွန်မ ခြေထောက်နည်းနည်းနာနေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက မျက်စောင်းထိုးသည်။ ကားထဲကို ဝင်ထိုင်တော့ ရန်မခက မေမေ့အား အရေးတယူနှင့် ကားထဲမှာ အဲကွန်းဖွင့်ထား၍ အန်တီမေ အေးမလား ပူမလားနဲ့ မာနမရှိလိုက်တာ။ မန်နေဂျာနဲ့တော့ တခြားစီပဲ။

"စင် ... ညည်းအချိုးကို ပြင်ထားနော်၊ မေမေ့ကို စိတ်ဆိုးအောင် မလုပ်နဲ့ ... မေမေ့မှာ သွေးတိုးရောဂါရှိတယ်နော်"

ဒေါ်မေသက်ထားကတော့ သမီးစင်ကို အားမလိုအားမရနှင့် ဒေါသထွက်နေသည်။ မိန်းကလေးရှင်ဆိုပေမယ့်လည်း မာနတကြီးနေလို့ ဘယ်ဖြစ်မလဲ။ သူ့ဒွေးတွေပဲဟာ ... သမီးစင်ကို ရန်လေးက ချစ်နေလိုက်တာ။ အရေးတယူနဲ့ ... လူကြီးမိဘကိုလည်း ရိုသေတဲ့ ကလေးပါ။ မိစင်ပဲ။

"ဟဲ့ ... "

"အင်းပါ ... "

"ညည်းနော် ... "

"သိပါတယ်"

သမီးစင်ရဲ့အချိုးက မဟုတ်၍ ဒေါ်မေသက်ထားအနားကပ်၍ မသိမသာလေး အသံတိုးတိုး တိုးတိုးနှင့် ဆုံးမနေရသည်။ မိန်းကလေးရှင်က မိန်းကလေးရှင်ပဲပေါ့။ သမီးစင်အတွက် သူချစ်ကိုပဲ ရွေးချယ်စေချင်နေခဲ့၏။ မာနကြီးတစ်ခွဲသားနှင့် မဟုတ်မခံ ဆတ်ဆတ်ကြဲမလေး ဖြစ်၍ ရှေ့ရေးအတွက် စိတ်မအေးနိုင်ခဲ့။ အခုလည်း





ကြည့်လေ ... ရန့်အား မကြိုက်ဘူးချည်းပဲ ဇွတ်ငြင်းပယ်နေသည်။

"မေမေတို့ အသက်ကြီးပြီ ... ညည်း သိတတ်စမ်းပါ သမီးရယ် ... အလိုက်အထိုက်လေး နေစမ်းပါအေ့ ... "

"သိပါတယ်"

"မေမေ့ကို မျက်နှာပျက်အောင် မလုပ်နဲ့နော် မိစင် ... ငါ့အကြောင်းသိတယ် မဟုတ်လား"

ဘယ်ဘဝက အကြောင်းလည်းမသိပါဘူးနော်။ ရန်မခကို စင် လုံးဝအမြင်မကြည်လင်ခဲ့။ သူမအား ဒေါက်တာရမ်းကုလုပ်ခဲ့တာ မေမေကို ပြောပြရမယ်။ စင် မပြောမိတာ မှားတာပဲ။

"မန်နေဂျာရယ် ... စင်လေ စင်နှလုံးသားတွေထဲမှာ မန်နေဂျာပဲရှိနေခဲ့တာပါ ... အဲဒါကြောင့်ပဲ ထင်တယ်နော် ... တခြားယောကျ်ားတွေကို စင် ဘယ်လိုမှ ရင်းနှီးကျွမ်းဝင်လို့ မရတော့ဘူး"

အန်တီတာတာက သူမအား သူ့သားနှင့်အရမ်းကြိုက်သဘောတူနေရင်လည်း မေမေ ဘာပဲပြောပြောငြင်းပြစ်လိုက်ဖို့ ဆုံးဖြတ်ထားမိသည်။ စင်မသွားချင်ပါဘူး။

ဒီနေ့ တစ်နေ့လုံး ကုမ္ပဏီကနေ အလုပ်ထွက်ခဲ့ရ၍ စိတ်ညစ်နေမိ၏။ ဘယ်သူနှင့်မှ စကားမပြောချင်တာပါ။ ဒီလူ ရန်မခ ဝင်ရောနေတာ အရှက်သိက္ခာ ကင်းမဲ့လွန်းနေသည်။

"အန်တီမေ ... အရမ်းအေးရင်ပြောနော်၊ ရန် အအေးလျှော့ပေးမယ်၊ စင်က တစ်နေ့ကုန် အလုပ်လုပ်ရတော့ ပင်ပန်းနွမ်းနယ်



www.burmeseclassic.com

www.burmeseclassic.com



မယ်ထင်လို့ အအေးပိုလွှတ်ပေးထားတာပါ ... မာမီ့ဆီလည်း ရောက်တော့မှာပါ"

"ရပါတယ်ကွယ် ... အန်တီမေလည်း အအေးကြိုက်ပါတယ်"

"စင်ရော ... အဆင်ပြေရဲ့လား"

"ကျွန်မက အဲကွန်းခန်းထဲမှာ အလုပ်လုပ်ရတာပါ။ ပင်ပန်းတာ မရှိပါဘူး ... အထူးအဆန်းတော့ မဟုတ်ပါဘူး"

မေမေ့မျက်စောင်းကြီးက ဝင်းတောက်တောက်မာမာထန်ထန်ကြီး ရောက်လာ၍ စင်စကားကို ရပ်ပစ်လိုက်ရသည်။

လာပြီး အကြင်နာတွေ အယုအယတွေလာလုပ်ပြမနေနဲ့။ အဲဒီလိုလူမျိုးက ပိုပြီး မယုံရဘူး။ မုန်းစရာကောင်းလိုက်တာ။

မေမေက သူမပေါင်သားလေးကို ထပ်ပြီး မသိမသာ ဆွဲလိမ်သည်။

✻◆✻

BURMESE CLASSIC .com

ခန်း ( ၁၃ )

စင်တို့ကားလေး ရန်မခတိုခြံကြီးထဲဝင်လာတော့ စင် မျက်န်းလေးပြူးကျယ်ဝိုင်းစက်သွားရကာ အကြောင်းရင်းက မန်နေ ာ မိုးထက်မြင့်ရဲ့ကားကို တွေ့လိုက်ခြင်းပင်။

သေချာပါတယ်။ မန်နေဂျာ့ကားပါ။ ပိုပြီးသေချာသွားရတာ ာ မန်နေဂျာမိုးထက်မြင့် ကိုယ်တိုင် ကားပေါ်မှဆင်းလာခဲ့ခြင်းပင်။

ဘာတွေလဲ ... စင်ကားပေါ်မှာထိုင်နေရင်း တံခါးဖွင့်ပြီး အာက်ကိုဆင်းဖို့ပင် မှင်တက်မိပြီး မေ့လျော့နေသည်။

"အန်တီမေ ဆင်းပါခင်ဗျာ ... စင်လည်း ဆင်းလေ၊ ဘာလဲ ိုယ်တံခါးမဖွင့်ပေးသေးလို့လား"

"ဟွန်း ... "

သူမမျက်စောင်းလေး ထိုးပြစ်ပြီး သူတံခါးလာမဖွင့်ပေးခင် ူမဟာသူမ တံခါးဖွင့်၍ ဆင်းသည်။ သူမ ဆင်းလိုက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာ့အကြည့်က သူမထံ ဆတ်ခနဲရောက်လာကာ စိမ်းခနဲ မာ ထန်၍ ရှေ့ဆက်လျှောက်ကာ တိုက်ထဲဝင်သွား၏။ စင်ခြေလှမ်း လေးတွေ ရှေ့ဆက်မလှမ်းရဲတော့။ ရန်မခက သူ့အစ်ကိုဟုပြော လိုက်ရာ စင်နေရာတွင်ပင် ခွေခေါက်လဲကျမလို ဖြစ်သွားရသည်။

"သူက ရန့်အစ်ကို မိုးထက်မြင့်ပါ ... မခန့်ဘူးလား၊ အရမ်း တော်တဲ့လူလေ"

စင်တော့ သေပစ်ချင်တာပါပဲ။ ကြံကြံဖန်ဖန် တိုက်ဆိုင် လိုက်တာ ရန်မခနှင့်အရောတဝင်နေလို့ မဖြစ်ဘူး။ သတိထားပြီး ရှောင်ရမယ်။ စင့်နှလုံးသားလေးထဲမှာ မန်နေဂျာကိုချစ်တဲ့ ခံစားမှု တွေက ပြည့်နှက်နေဆဲပင်။

မန်နေဂျာ တစ်ခုခုအထင်သေးအမြင် သေးသွားမှာ စင် စိုး ရိမ် ထိတ်လန့်သွားရ၏။ ဘယ်လိုရှင်းပြရမလဲ။ ရန်ကတော့ မေမေ့ ကို တလေးတစားနှင့် တိုက်ထဲဝင်ဖို့ ပြောနေ၏။ တိုက်ထဲမှ ဒေါ်တာတာတို့ ဧနီးမောင်နှံ ထွက်လာကြသည်။

"မေ ရောက်ပြီလား ... အမလေး ... မတွေ့တာကြာပြီနော် မေရယ် ... ဝမ်းသာလိုက်တာ၊ ကြည့်ပါဦး မောင် ... မေလေ အရင် ကပိန်ပိန်လေး ... အခု အရမ်းဝနေပါလား"

"သားငယ်က ပြောပြတော့အရမ်းတွေ့ချင်နေခဲ့တာလေ မေ ... ကိုဖြူဖွေးရော နေကောင်းရဲ့လား။ အလုပ်တွေ ကြိုးကြိုးစား စားလုပ်နေတုန်းပဲလား ..."





"ဟုတ်တယ်လေ ကိုတိကျကြီး ... တာဝန် ... တာဝန်နဲ့ မအားဘူး"

"သူလေးက မေ့သမီးလေး ဖြူဖြူစင်စင်လား ..."

"ဟုတ်တယ် တာ ..."

"ဟယ် ... အရမ်းကိုချောမောလှပနေတာပါလား၊ ငယ်ငယ် လေးထဲက မေ့သမီးလေးကချောတာ၊ အပျိုကြီးဖြစ်တော့ ပိုပြီး တော့ ချစ်စရာကောင်းလာတယ်"

စင် အတော်လေးအားယူပြီး ပြုံးပြနေရသည်။ မန်နေဂျာနှင့် မိတ်ဆက်ပေးရင် ဒုက္ခပါပဲနော်။ စင် ဘယ်လိုရင်ဆိုင်ရမလဲ။ ရန်မခ ဘာတွေပြောထားပြီးပြီလဲ။ တိုက်ကြီးထဲဝင်တော့ စိတ်တွေလေးလံ တာ ယောင်နန မှုံဝါးဝါးဖြစ်နေရသည်။

"ထိုင်ကြပါဦး မေ ... သမီးလေးလဲထိုင်နော် ... ဒါက သူစိမ်း တွေမဟုတ်ဘူး၊ အရမ်းချစ်ကြတဲ့ ငယ်သူငယ်ချင်းတွေ၊ အားမနာနဲ့ နော် သမီးလေးစင် ..."

စင်အား ရန်အမေက သမီးလေး သမီးလေးနှင့်တယုတယ အလေးအနက်ဆီးကြိုနေလေရာ ရန်နဲ့များ စင်ကို အမလေး ... သေ ချင်တယ်။ စင် ချစ်တာက အန်တီတာရဲ့သားကြီး မိုးထက်မြင့်ကိုပါ။ ရန်နဲ့က ဘယ်လိုမှချစ်သူတွေ ဖြစ်လာစရာအကြောင်းမရှိပါဘူး။ ရန်သူတွေပါ။ လူကြီးလူကောင်း မပီသတဲ့ အန်တီသား အငယ် ရန် ခကို စင်လုံးဝ လုံးဝ မချစ်နိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းထဲမှာ ထိုင်မိပြီး ပတ်ဝန်းကျင်အား အကဲခ
လေ့လာပေမယ့် မန်နေဂျာကို မတွေ့ရပေ။ ဘာဖြစ်လို့လဲ ... အ
မှာလည်း မိသားစုနှင့်မျက်နှာထားတည်တည်နဲ့ နေထိုင်တာလာ
စင် အရမ်း အရမ်း ရင်တွေခုန်နေသည်။

"အန်တီမေ ... မာမီတို့နဲ့စကားပြောလိုက်ပါဦးနော်၊ 
အဝတ်အစားသွားလဲလိုက်ပါဦးမယ်"

"အေးပါကွယ် ... သွားပါ ... အန်တီမေတို့ကို အားမနာ
မိတ်ဆွေရင်းတွေ ဟုတ်လား"

"စင် ... ခဏနော်"

စင် ထွက်သွားချင်တယ်။ သူ့ကြောင့် မန်နေဂျာက တစ်
ထင်နေတော့မှာပဲ။ စင် ကြောက်ရွံ့တုန်လှုပ်နေရသည်။ မန်နေ
ထွက်မလာပါလား။ ရန်မခနဲ့ ကင်းကင်းရှင်းရှင်းဖြစ်ကြောင်း သိ
သာသာ ခပ်စိမ်းစိမ်းနေပြရမယ်။

"သားငယ်ကပြောတယ်လေ ... သမီးလေးကို သူ့အတွ
ရေးမှူးမလေးအဖြစ် ခန့်မယ်တဲ့၊ ဘယ်လိုလဲ စင်လေးက လ
ပေးနော် ... "

လက်မခံနိုင်ပါဘူးဟု ပြောမလို့ဟာ မေမေက လက်က
သည်။ မျက်လုံးကြီးက ပြူးထွက်လာတော့မတတ်။ စင် မငြ
တော့ဘဲ ခေါင်းညိတ်လက်ခံလိုက်ရ၏။ မေမေ့ကို ကြောက်ရတ
သိပ်ပြီး ကလန်ကဆန် မလုပ်ရဲပေ။





"တာတို့မှာ သားနှစ်ယောက်ရှိတယ်လေ၊ သားကြီးက မိုး
ထက်မြင့်တဲ့ ... သူ့ဘကြီးကုမ္ပဏီမှာ မန်နေဂျာ၊ သားကြီးမိုးက
အရမ်းတော်တယ်၊ ကြိုးလည်း ကြိုးစားတယ်မေ ... တည်ကြည်ခန့်
ညားပြီး သူ့အစွမ်းအစနဲ့အောင်မြင်မှုယူမယ်ပြောပြီး သူ့ဘကြီး
ကုမ္ပဏီမှာ ဝင်လုပ်တာပါ ... စီးပွားရေးလုပ်ငန်းတွေ အောင်မြင်လို့
သားကြီးမိုးလက်ထဲ လွှဲအပ်ထားရတဲ့အထိပဲ ... "

အန်တီတာက မန်နေဂျာအကြောင်း ချီးမွမ်းပြောဆိုနေ
တော့ စင်လည်း သဘောကျစွာ ထောက်ခံမိသည်။ မန်နေဂျာနှင့်
သိပါတယ် ပြောဖို့တော့ သတ္တိမရှိ။ စင်က ညှို့ဖျင်းတဲ့ဝန်ထမ်းပါ။

"သားငယ်ကတော့ တာစိတ်တိုင်းမကျပါဘူး၊ ပညာရေး
လည်း တစ်ပိုင်းတစ်စနဲ့ ဆေးကျောင်းတက်ပြီးမှ စီးပွားရေးထဲဝင်
တယ် ... သူ့ဒက်ဒီကုမ္ပဏီမှာလေ မန်နေဂျာပဲ ... အခု သူ့အဖေ
ကျန်းမာရေးကြောင့် သားကြီးမိုးက ခဏအုပ်ချုပ်နေတယ်"

ရန်မခရဲ့ကုမ္ပဏီကို မန်နေဂျာတွဲပြီး အုပ်ချုပ်နေသည်တဲ့။
စင်နဲ့တွေ့ရဆုံရဦးမှာပဲလေ။ ပျော်လိုက်တာ ... ရှင့်အနားမှာ မလွှဲ
သာ မရှောင်သာလို့ နေပေးတာနော်။ စင်ကိုတော့ မဟုတ်မဟတ်
အီစီကလီရိုက်မယ်မကြံနဲ့။ ညီအစ်ကိုဖြစ်ပြီး မန်နေဂျာနဲ့တော့
တစ်ခြားစီပဲ။ ရန်က အဝတ်အစားလဲပြီး ပြန်ဆင်းလာသည်။

"တာရေ ... သားကြီးမိုးကတော့ အလုပ်ပဲ၊ ပြန်ရောက်လာ
ရင်လည်း အလုပ်ကိစ္စတွေက ဝိနေတာ ... မိသားစုနဲ့တောင်



www.burmeseclassic.com

www.burmeseclassic.com



စကားမပြောနိုင်ပါဘူး"

ရန် ဧည့်ခန်းမှာဝင်ထိုင်သည်။ မာမီကတော့ မိုးအကြောင်း ချီးမွမ်းခန်းဖွင့်ဖို့ဆိုရင် နှစ်ယောက်မရှိဘူး။ စင်ရှေ့မှာ မိုးကိုချီးမွမ်း ပြီး သူ့ကိုတော့ ခပ်နှိမ်နှိမ်ပြောတာမျိုး ရန် မနှစ်သက်မိ။ နဂိုထဲက မှ စင်က လူလိမ်ဆိုပြီး အထင်လွဲနေတာပါ။

"သားကြီးကိုလည်း ခေါ်ရမယ် တာရေ ... မိသားစုထမင်း ဝိုင်းလေးမှာ ထမင်းလက်ဆုံစားရမယ်၊ မောင်သွားခေါ်လိုက်မယ်၊ မင်းတို့ ထမင်းစားခန်းထဲက စောင့်နေပါ ..."

ဦးသော်ထက်ကလည်း သားကြီးကို မိသားစုစိတ်တွေဝင် လာစေရန် သူ့ဆန္ဒအတိုင်း ဘေးဖယ်နေတာကို လက်မခံနိုင်ပေ။ သားကြီးရင်ထဲက နာကြည်းချက်တွေ ပြေလျော့စေချင်နေမိသည်။

မိမိကိုယ်တိုင် သားကြီးအခန်းတက်လာတော့ သားကြီးမိုး က လက်မခံ။ ငြင်းဆန်နေ၏။ ဦးသော်ထက် လုံးဝလက်မခံဘဲ အတင်းအကြပ် ခေါ်ဆောင်မိသည်။

"သားကြီး လိုက်ခဲ့ပါ ... လူမှုရေးအရ ဒက်ဒီကို ကူညီပါ၊ မင်းဘာပဲဖြစ်ဖြစ်-ဒက်ဒီကိုတော့ စိတ်ချမ်းသာစေချင်တယ် မဟုတ် လားကွယ် ... ဒက်ဒီ့ရောဂါက သားသိပါတယ် ... နှလုံးမကောင်း တာလေ"

သူ့ဒက်ဒီကိုတော့ စိတ်ချမ်းသာစေချင်သည်။ အခုတလော ဒက်ဒီတစ်ခုခုဖြစ်သွားမှာကို စိုးရိမ်ပူပန်နေခဲ့၏။ သူ့ကို စွန့်ခွာသွား





မှာကိုပါ။

ဒါပေမဲ့လည်း ဖြူဖြူစင်စင်နှင့်သူ လုံးဝရင်မဆိုင်လိုပေ။ ကောင်ရှုပ်မလေး။ ရန်နဲ့ဘယ်လိုပတ်သက်နေလည်း မသိဘူး။ ရန် က မိန်းကလေးတွေနှင့် ရှုပ်ပွေတတ်တာ သူသိနေသည်။

"ဧည့်သည်က ဒက်ဒီတို့ငယ်သူငယ်ချင်းတွေပါ ... ကျောင်း နေဘက်တွေ၊ သားနှစ်ယောက်ရှိတာ တစ်ယောက်ကထွက်မတွေ့ ဘူးဆိုတာကတော့ ရိုင်းပြလွန်းတယ် သားရယ် ... ဒက်ဒီ အနူး အညွတ် တောင်းဆိုပါတယ် သားလိုက်ခဲ့ပါကွယ် ..."

ဒက်ဒီဆန္ဒဖြစ်နေ၍ မိုးဆက်ငြင်းမနေတော့ဘဲ လိုက်လာခဲ့ သည်။ မင်းနဲ့ကတော့လေ ကိုယ်အမြဲတမ်းတွေ့ဆုံဖြစ်နေတာပဲ။ ရှောင်လို့တောင် မရပါလား ဖြူဖြူစင်စင်။ ပြီးတော့လည်း ရန်ရဲ့ ဘာညာလား။ မိုးစိတ်ထဲမှာ သဝန်ကြောင်မိသလိုလို။ စိတ်မချသလို လိုကြီး ဖြစ်သွားရသည်။

"အလုပ်ထွက်ဖို့ပြောမိတာ ကိုယ်မှားပြီထင်တယ် ဖြူဖြူ စင်စင် ... ကိုယ်တကယ်တမ်းကျတော့ စိတ်မကောင်းဖြစ်ရတယ်၊ မင်းကို လွမ်းသလိုပဲ၊ မင်းသာမရှိရင်တော့ ကိုယ်အရမ်းအထီးကျန် သိမ့်မယ်ထင်တယ်ကွာ"

သူ့စိတ်က ဖြူဖြူစင်စင်နဲ့ပတ်သက်ပြီး နာကျင်ခံစားနေရ တာ မကြိုက်ပေ။ မိန်းကလေးတွေကို အထင်မကြီးဘဲ အရောတဝင် လည်း မနေချင်ခဲ့။ တမင် ကင်းကင်းနေထိုင်တဲ့အကျင့် ယ်ပေ



www.burmeseclassic.com

www.burmeseclassic.com



လေးထဲက လုပ်လာခဲ့တာပါ။ ဖြူဖြူစင်စင်နှင့်တွေ့မှ သူ့ရင်ထဲ အပျော်လေးတွေ တိုးဝင်ရောက်ရှိလာသလိုပါပဲ။

ဒက်ဒီက ဦးဆောင်၍ ထမင်းစားခန်းထဲ ဝင်လာခဲ့သည်။

"သားကြီး ပါလာတာပဲ ... လာထိုင်"

မာမီကတော့ ပြာယာခတ်ပြီး မိုးထက်မြင့်ဆိုလျှင် အ တယူကို ရှိလှန်းတာပါ။ မိုးက လူအထင်ကြီးအောင် လူရှိန်အော နေထိုင်တတ်၍ ရန် အားငယ်သလိုလိုတော့ ဖြစ်သွားရသည်။

"မေ ... ဒါက သားကြီးမိုးထက်မြင့်လေ၊ တာပြောတဲ့ သာ ကြီး ... အရမ်းထူးချွန်ပြီး ထက်မြက်တယ်လေ"

"ဩော် ... ဟုတ်လား၊ အန်တီတို့ကတော့ ငယ်သူငယ်ချင် တွေပါ"

"သားကြီး သူက မေတဲ့ ... အန်တီမေပေါ့၊ သူလေးက ဖြ ဖြူစင်စင်တဲ့ ... မေ့သမီးလေး ... မင်းဒက်ဒီကုမ္ပဏီမှာ အလုပ် လိမ့်မယ်၊ ရန်ရဲ့အတွင်းရေးမှူးအဖြစ်လေ ..."

ရန်ရဲ့အတွင်းရေးမှူးဆိုတော့ မင်းသွားပြီ။ အင်းလေ မ လိုကောင်မလေးမျိုးပဲ ခန့်မှာပေါ့။ ရန်က မိန်းမချောလေးဆို အရမ်းစိတ်ဝင်စားတာ။ မင်းအတွက်တော့ ရင်လေးတယ်။

မိုး ပြုံးပြနှုတ်ဆက်ဖို့ အတော်လေး ကြိုးစားရသည်။ ဖြူ စင်စင်ကတော့ သူ့ကို တစ်ချက်မော့ကြည့်ပြီး မျက်နှာငယ်လေး ခေါင်းလေးငုံ့၍ ထမင်းကိုပဲ စားသောက်နေ၏။





အဖြစ်အသည်းဆုံးက ရန်။

"စင် ... စားနော် အားမနာနဲ့ ... ရန်က မာမီ့ကို စင်ကြိုက်တတ်တဲ့ဟင်းတွေ ပြောပြထားတာပါ၊ စင် အသည်းအမြစ် ကြိုက်တယ် မဟုတ်လား ..."

မကြိုက်ပါဘူးဟု ခပ်ပြတ်ပြတ် ပြောပြစ်လိုက်ချင်ပေမယ့် မေမေက တို့သည်။ မန်နေဂျာရှေ့မှာ ရန်မခနှင့် အရောတဝင် လုံးဝ မလုပ်ရဲ။ စင်ကိုထပ်ပြီး အထင်သေးသွားမှာစိုးရိမ်ပြီး စင်ငြိမ်နေရသည်။ မလှုပ်ရှားနိုင်။

ဒီလူက တကယ့်ကို အရှက်မရှိတာဘဲ။ စင်ကို ဟင်းတွေ ခပ်ထည့်ပေးနေသေး၏။ စင် ဘယ်တုန်းက ကြက်အသည်းအမြစ် ကြိုက်ပါတယ်လို့ ပြောခဲ့ဖူးလို့လဲ။ ကြိုက်လည်း မကြိုက်။ မေမေက သမီးအရမ်းကြိုက်တဲ့ဟင်းဟု ပြောနေ၍ မနည်းမျိုချပြစ်နေရသည်။

"ဟုတ်တယ် တာရေ ... ရန်ကတော့ သမီးအကြိုက်သိတယ်၊ သူတို့က သားငယ်ကူညီနေတဲ့ စေတနာဆေးခန်းမှာထဲက ခင်မင်နေကြတာလေ"

စေတနာဆေးခန်း ဘယ်တုန်းက သားငယ်ကူညီနေတာလဲ။ တစ်ခါမှလည်း ပြောမပြခဲ့။ ဖြူဖြူစင်စင်ကို အရောတဝင်သွားလုပ်နေတာပဲဖြစ်မယ်။ ဒေဝီကလည်း ရှိသေးတယ်။ မိမိသူငယ်ချင်းသမီးပဲ။ သားတွဲနေတာပါ။ ဒေါ်တာတာ မျက်စောင်းက သားဆီ ရန်ဆီ ဝေ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေ စင်နော် … မိန်းကလေးဆိုတော့ ဘယ်အရာကိုမှ အလွယ်တကူ မယုံကြည်ရဘူး၊ စဥ်းစဥ်းစားစားလုပ်နော် … အန်တီတာက သတိပေးတာပါ"

မာမီလုပ်ပြီ။ သူ့ကို မယုံတဲ့စကားတွေ စပြောသည်။ မိုးကတော့ မြန်မြန်စားပြီး ခွင့်ပြုပါဟု နှုတ်ဆက်ထွက်သွား၏။ ဖြူဖြူစင်စင်က အပြုံးတွေနှင့် တရင်းတနှီးရှိသလိုလိုနဲ့ ခေါင်းညိတ်နှုတ်ဆက်၍ ရန် မကျေမနပ်ဖြစ်ရ၏။ သူ့ကိုဆိုရင် ဘုဘောက်တော်နေတဲ့ ကောင်မလေး။

"သားကြီးမိုးက အလုပ်တွေများလွန်းတယ် မေရေ … သူပဲဦးစီးနေရတာလေ၊ ဧည့်ဝတ်တောင် မကျေနိုင်ရှာပါဘူး"

ရန်ကတော့ စင်ကို အရေးတယူနှင့် ယောက္ခမလောင်းကြီး အန်တီမေကိုလည်း လေးစား၍ မာမ့်ကိုလည်း မကြည့်။ သူ့ကို သတိပေးနေတဲ့ မျက်ဝန်းတွေကြောင့် ဖြစ်သည်။

"သားငယ်ရန်ကလဲ လူတော်တစ်ယောက်ပါပဲမေရယ်၊ အငယ်ဆိုတော့ ပျော်ပျော်လေးနေတတ်တာပါ … ကိုယ့်ကုမ္ပဏီမှာ အားကိုးနေရပါတယ်"

"မောင်ကတော့ သားငယ်ကို မြှောက်ပေးနေတာ၊ ဆိုးဆိုးပေပေလေးနော် … "

"မာမီကလဲ … ရန်က ပျော်တတ်တာပါ၊ လူမှုရေးလုပ်ငန်းတွေလုပ်တာလည်း ဝါသနာပါတယ် … အန်တီမေတို့အနားက မင်း





လွင် ဖွင့်ထားတဲ့ စေတနာဆေးကုခန်းမှာ သားငယ် ငွေစိုက်ထုတ်ပေးနေတာပါ"

"စေတနာ ဆေးခန်းတော့ မှန်ပါတယ် အန်တီတာရယ်၊ ဒါပေမဲ့လေ ယူချင်တဲ့လူကျတော့ယူတယ်၊ မယူချင်တဲ့လူသာ မယူဘာပါ။ စင်တို့ရပ်ကွက်ထဲက အရမ်းဆင်းရဲတဲ့ ဒေါ်ညွှက်လေ ပိုက်ဆံနည်းနည်းတော့ ပေးရတယ်တဲ့ … သက်တော့သက်သာပါတယ်"

"သမီးစင်ရယ် … အခမဲ့ကြီးတော့လည်း ဘယ်တတ်နိုင်မလဲ၊ ရိုက်မျှပေးပေါ့ … အနှိပ်သည် မညွှက်ကဝင်ငွေကောင်းပါတယ်"

ဒေါက်တာရမ်းကုတွေလည်း အကျင့်စရိုက်မကောင်းဘူးလို့ သက်ပြောမလို့ဟာ မေမေက စင်ခြေထောက်ကို မသိမသာတက်နင်းလိုက်သည်။ ဒီလူ ရန်မခ … ဟန်ဆောင်လိမ်ညာနေတာဟုပဲ စင် ထင်မိ၏။ သူ့အမေ အန်တီတာကိုယ်တိုင်က သတိထားဖို့ အရိပ်အမြွက် ပြောဆိုနေသည်။

"သားငယ်ရန်က လူမှုရေးတော့ သိတယ်မေရေ … အခုလည်း ဆင်းရဲသားတွေကို ဆေးခန်းလေးအတွက် ထောက်ပံ့ပေးနေတယ်ဆိုတော့ မင်္ဂလာရှိလိုက်တာ"

ဒက်ဒီက ရန့်ဘက်ကပဲ … ကိုယ့်အမေအရင်းကိုက ရန့်အကြောင်း မကောင်းပြောဆိုချင်တာပါ။ မိုးထက် ဘယ်အရာမှသာအောင် မနေစေချင်တဲ မာမီရဲ့လင်ပါသား မိုးထက်မြင့်အပေါ် ကြောက်ရွံ့မှုက ရန့်ဘဝကို ပျက်စီးချိုးနှိမ်ဖြစ်ရာ ရောက်တာရော



www.burmeseclassic.com

www.burmeseclassic.com



မှာမိ သိရဲ့လားဗျာ။

စင်ရှေ့မှာတော့ သူ လူဆိုးတစ်ယောက်အဖြစ် မခံနိုင်။ ဒက်ဒီက ဝင်ပြီးချီးမွမ်းခန်းဖွင့်ပေးနေသည်။ တော်သေးတာပေါ့။ ရန် အရင်ကလို အရွဲ့တိုက်တာတွေ ဆိုးပေရှုပ်ပွေလီချင်နေတာတွေ နှောင်တရမိနေတယ်စင်ရယ်။ မင်းကြောင့်ပါကွာ။

စင်ကို ရန် ချစ်တယ်။ ရင်ထဲကနေ နှစ်နှစ်ကာကာနဲ့ တန်ဖိုးထားပြီးချစ်မြတ်နိုးမိသွားရတာပါ။ ဖြူဖြူစင်စင်ကို ဘယ်လိုနည်းနဲ့ မဆို အရယူဖို့ ရန် ဆုံးဖြတ်ထား၏။ ကိုယ်လေ ... မင်းရှေ့မှာ ဒူးထောက်ပြီး ကိုယ့်ကိုလက်ထပ်ပါလို့ ပြောရမယ်ဆိုရင်တောင် ကိုယ် မဆိုင်းမတွ ဒူးထောက်တောင်းဆိုမှာပါ။ နောက်ဆို ကိုယ် မကောင်းတဲ့ အမူကျင့်တွေ ဖယ်ရှားပြစ်တော့မယ်။

မင်းကိုချစ်လို့ပါ။ စင်ကို ချစ်တယ်။ အရူးအမူး ချစ်နေမိသည်။

✻◆✻

ခန်း ( ၁၄ )

"မန်နေဂျာ ..."

"ဟင် ... မင်းဘာလာလုပ်တာလဲ ဖြူဖြူစင်စင်"

"အလုပ်ထွက်စာ လာတင်တာပါ"

"လ/ထ မန်နေဂျာဆီမှာ သွားတင်ပါ၊ မင်းက တခြား …မှာ ရာထူးကြီးကြီးရတာပဲ ..."

"စင် ရှင်းပြချင်ပါတယ် ..."

"ဘာကိုလဲ ..."

"စင်နဲ့ရန်မခ ကိစ္စပါ ... ကျွန်မတို့နှစ်ယောက်က ရိုးရိုးသား… မိတ်ဆွေအဆင့်ပါ၊ ထူးထူးထွေထွေ ပတ်သက်စရာမရှိပါဘူး"

"နေပါဦး ဖြူဖြူစင်စင် ... အဲဒီကိစ္စက ကိုယ်နဲ့ဘာဆိုင်လို့လဲ …ကိစ္စပဲ ... ကိုယ်နဲ့မဆိုင်ဘူးထင်တယ်"

"ရှင် ..."

"မင်းတို့ ဘယ်လိုပဲပတ်သက်နေပါစေ၊ ကိုယ် စိတ်မဝင်စား



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ မင်းရဲ့ကိုယ်ပိုင် လွတ်လပ်ခွင့်ပဲလေ ... "

"အလုပ်ပြောင်းရတာလဲ မန်နေဂျာက ထွက်ခိုင်းလို့ပါနော်၊ စင်ကို အစောကြီးထဲက ရန်မခက အလုပ်ခန့်နေတာပါ ... စင် မပတ်သက်ချင်လို့ လက်မခံတာ"

ဖြူဖြူစင်စင့် မျက်နှာငယ်လေးနှင့် သေသေချာချာလာ ရောက်ရှင်းပြနေတာကို မိုး နားမလည်နိုင်။ မျက်ဝန်းရွှန်းရွှန်းလဲ့လဲ့ ဝင်းတောက်တောက်လေးတွေက သူ့ခွင့်လွှတ်မှုကို လိုလား တောင်းတနေတဲ့ မျှော်လင့်ချက်ရောင်ခြည်တွေနှင့် တူနေ၏။

အတွင်းရေးမှူး အလုပ်ကိုတောင် မန်နေဂျာဦးစီးမယ် ဆိုလို့ တဲ့။ ဖြူဖြူစင်စင် ... မင်းအလုပ်ထွက်စရာမလိုဘူးလို့ ပြောချင်နေ ခဲ့သည်။ သူ သတ္တိမရှိ။ သူက အရေးတယူလုပ်လိုက်တာနှင့် စင်က ကုမ္ပဏီမှာ ပေါက်ကရတွေပြောလျှင် သူ့ဂုဏ်သိက္ခာ ကျရမှာလည်း စိုးရိမ်မိနေ၏။

ဖြူဖြူစင်စင်က သန့်ရှင်းရေးဝတ်စုံနှင့်မဟုတ်ဘဲ ဂျင်းန်နှင့် bodyfit တီရှပ်လေးနှင့် ခန္ဓာကိုယ် အလှအပက တောင့်တောင့် ဖြောင့်ဖြောင့် တင်းရင်းလွန်းနေသည်။

"ဒုက္ခပါပဲကွာ ... မိုးရာ ... မင်း ဘယ်တုန်းက ဒါမျိုးတွေ ကြည့်တတ်တွေးတတ်သွားရတာလဲ ... အရှက်မရှိလိုက်တာ"

သူ့ဟာသူတွေးမိပြီး ရှက်ရှက်နှင့် သူ့ရှေ့မှာချထားတဲ့စာရင်း စာအုပ်ကို ပဲမဲပြီး လှန်ကြည့်မိနေသည်။

"စင့်ကို ခွင့်ပြုပါဦးနော် ... မန်နေဂျာနဲ့အတူတူ အလုပ်လုပ်





ရတာ ပျော်ရွှင်ရပါတယ်၊ ရာထူးနိမ့်လည်း စိတ်ချမ်းသာပါတယ်"

သူမ ထသည်။ ဘာတွေပြောနေမှန်းပင်မသိ။ လူပျိုကြီး မိုး တစ်ကြိမ်တစ်ခါမျှပင် မိန်းကလေးတွေနှင့် အထိအတွေ့ ရင်းနှီးပတ် သက်မှု မရှိခဲ့။ ရင်တွေခုန်လာသဖြင့် ဖြူဖြူစင်စင် နှုတ်ဆက်နေ တာပင် တုန့်ပြန်ရန် ဝန်လေးနေခဲ့သည်။

"ဖြူဖြူစင်စင် မင်းအလုပ်မထွက်ပါနဲ့ကွာ ... မင်းနဲ့ပတ် သက်တာတွေ ကိုယ်ဘယ်သူ့ကိုမှ မပြောပြခဲ့ပါဘူး ... မင်း ... မင်း ကိုယ့်အတွင်းရေးမှူးမလေး လုပ်ပါလား"

သူ့ရင်ထဲမှာ ပြောမိနေသည်။ နှုတ်ခမ်းတွေက လှုပ်မရ။ သတ္တိမရှိတာလား။ စင်နှင့် မျက်နှာချင်းဆိုင်ပြီး သူ့ရင်ခွင်ထဲသို့ ပွေ့ ဖက်ထားချင်နေခဲ့သည်။

ဖြူဖြူစင်စင် ... မင်း ရှိနေခဲ့တာလည်း ကိုယ်ပျော်ရွှင်မိသ လိုပဲ။ မင်း လှုပ်ရှားသွားလာနေပုံလေးတွေကို ကိုယ်မေ့ပစ်လို့ မရ ဘူး။ ရန်နှင့်မိတ်ဆွေအဆင့်ဟု ပြောလိုက်၍ နည်းနည်းလေးတော့ စိတ်အေးသွားရသည်။

"မဖြစ်ဘူး ... လ/ထမန်နေဂျာကိုကျော်ကို တားခိုင်းရမယ်၊ ဟာ ... မဖြစ်သေးပါဘူး၊ ကိုယ်သွားတားသင့်တယ်ထင်တယ်"

သူ့စိတ်က တားဆီးချင်လာ၍ အပြင်ထွက်လာတော့ ဖြူ ဖြူစင်စင် ရိပ်ခနဲ ထွက်သွားတာ တွေ့လိုက်ရသည်။ လှမ်း၍အော် ခေါ်လို့ကလည်း မဖြစ်သေးဘူး။ သူခြေလှမ်းတွေက ရပ်တန့်သွားရ၏။ ရင်ထဲမှာ ဟာခနဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မန်နေဂျာ ... "

"ဗျာ ... အဲ ... "

"ဘာကြည့်နေတာလဲ မန်နေဂျာ ... ဘာများလိုအပ်လို့ပါလဲ ခင်ဗျာ"

လုံခြုံရေးအဖိုးကြီးက သူ့အနားပြေးလာပြီး အရိုအသေပေး ရင်း မေးနေသည်။

"ဘာမှမဟုတ်ပါဘူး ... ရပါတယ် ... "

သူ ရုံးခန်းထဲ ပြန်ဝင်လာခဲ့သည်။ ကယောင်ကတမ်းတွေ ဘာဆက်လုပ်မလဲဆိုတာပင်။ မိုး တွေတွေဝေဝေ ဖြစ်ရ၏။ ဖြူဖြူစင်စင် သွားပြီလား။ သူမအရိပ်လေးကပင် လှစ်ခနဲ တွေ့လိုက်သည်။

"ရန်ကုန်ဆီသွားမှာပဲ ... မင်းနဲ့ရန်က ရိုးရိုးသားသားမှ ဟုတ်ရဲ့ လားကွာ ... မင်းရှိနေတဲ့ ကုမ္ပဏီကို ကိုယ်လာခဲ့မယ်"

ဖြူဖြူစင်စင်ကို စိတ်မချ။ ရန်နှင့်နီးစပ်သွားမှာ သူစိတ်ပူမိ သွားသလိုပင်။ သူ ပြင်ဆင်လိုက်သည်။

"ကိုကျော် ... ကိုယ် ဒက်ဒီ့ကုမ္ပဏီကိုသွားရမယ်၊ ဒီမှာ အားလုံးတာဝန်ယူထားပါ ... စိတ်ချပါရစေ"

"မန်နေဂျာ"

"ပြော"

"ဖြူဖြူစင်စင့် ထွက်စာတင်သွားတယ် ... ဒီကောင်မလေး သူ့ဟာသူ ထွက်ပါလိမ့်မယ် ကုမ္ပဏီသိက္ခာကျအောင် မလုပ်နဲ့လို့ ပြောခဲ့တာ မှန်တယ် ... "





သူ ... မေ့ပစ်လို့မရ။ ဖြူဖြူစင်စင်ကို တွေ့ချင်နေသည်။ ရုံးအတွင်းရေးမှူးမလေးအဖြစ် တာဝန်ထမ်းဆောင်နေတော့မည်။ သူ့စိတ်တွေ လှုပ်ရှားတုန်လှုပ်နေ၏။ ဖြူဖြူစင်စင်ရှိနေတဲ့နေရာကို သွားဖို့ ဆုံးဖြတ်မိသွားသည်။

ဖြူဖြူစင်စင်ကတော့ မန်နေဂျာရဲ့ ရက်စက်မှုတွေကို စဉ်း စားမိတိုင်း သူမရင်ကို ဆုတ်ဖြဲခြင်း ခံလိုက်ရသလို နာကျင်ရသည်။

"မန်နေဂျာက တည်ငြိမ်တဲ့သူ၊ နင်က စိတ်ကူးတွေယဉ်လွန်း နေတယ်စင် ... ဂုဏ်သိက္ခာနဲ့နေတာ၊ နင့်လိုလူကို စိတ်ဝင်စား မလား၊ စိတ်ရှည်ရှည်ထားသင့်တယ် စင် ... "

စင် သူမကိုယ်သူမ အားပေးနေရသည်။ စိတ်ဓာတ်ကျချင် နေတယ်။ ခြေလှမ်းက မသွက်။ ရန်မခဆီသွားရမယ်။ မေမေက တိုက်တွန်းနေတာကြောင့် စင် မဖြစ်မနေ လုပ်ရတော့မှာပဲလေ။

"သမီးနော် ... မိဘတွေက အသက်ကြီးပြီ၊ စိတ်ဆင်းရဲ အောင် မလုပ်နဲ့ ... မေမေ့စကား နားထောင်စမ်း၊ ရန်လေးက သမီးကို ဘယ်လောက်ချစ်လဲ ... အကြီးကောင်ကိုတော့ မေမေ သဘောမကျပါဘူး၊ မာန်မာနကြီးလွန်းတယ် ... ရန်က လူကြီးမိဘ ကိုလည်း လေးစားမယ့်ပုံလေးပဲ"

အလကားပါ။ ဒီလူဟန်ဆောင်နေတာ။ လူလိမ်ပဲ ... ဘာ အထင်ကြီးစရာမှ မရှိဘူး။ စင်ကတော့ မန်နေဂျာမိုးပဲ အရမ်းတော် ပြီး ထက်မြက်တဲ့သူတွေက စတိုင်တော့ရှိတာပေါ့။ ရန်မခရဲ့ ကုမ္ပဏီ ကို ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ နာမည်က ဖြူဖြူစင်စင်ပါ ... ဒီကုမ္ပဏီက မန်နေဂျာ ကိုရန်မခရဲ့ အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ဖို့ပါ"

"ဪ ... ဟုတ်ကဲ့ ... အခုလောလောဆယ်တော့ မန်နေဂျာမလာသေးပါဘူး၊ လွန်ခဲ့တဲ့နှစ်ရက်ကလည်း မလာပါဘူး၊ ဒါပေမဲ့ ... ဒီနေ့တော့ ရောက်လာမှာပါ"

"ရှင်"

"သုံးရက်ဆက်တိုက် မလာရင် အခု ခဏအုပ်ချုပ်တဲ့ဥက္ကဋ္ဌ အသစ်က အလုပ်ဖြုတ်ပြစ်မှာပါ"

"ရှင် ... ဘယ်လို ... ဘာလဲ ... ဥက္ကဋ္ဌအသစ်ဆိုတာ ဘယ်သူလဲ"

"ကိုမိုးထက်မြင့်ပါ ... သူ့အစ်ကိုလေ၊ စည်းကမ်းတင်းကြပ်တယ်၊ မရဘူး ... Notice ထုတ်ထားတယ်လေ ... ဟိုမှာကပ်ထားတယ်"

ရန်မခက ဘယ်လိုလူမျိုးလဲဆိုတာ သိသာနေသည်။ ပေါ့ပျက်ပျက်လူ။

မိဘက ကုမ္ပဏီပိုင်ရှင်မို့လို့ မန်နေဂျာဖြစ်နေတာပဲ ထင်တယ်။ အစွမ်းအစ သိပ်ရှိမှာ မဟုတ်ပါဘူးလို့ မေမေ့အကြိုက် လိုက်ပြီး ဝင်ရောနေတာ။ အလုပ်လည်း မလေးစားဘူး။ ကောင်းတယ် အလုပ်ထုတ်သင့်တယ်။ စင်က မလုပ်ချင်တဲ့သူ မန်နေဂျာကြောင့်ပါ။

"ဖြူဖြူစင်စင် ... မင်းရောက်လာပြီလား ... ဝီရိယရှိသား





ပဲ"

သူ ...

ရန်မခ ... အဝတ်အစားဝတ်ဆင်လာတာတော့ အပျံစား အမိုက်စားပဲ။

အတွင်းမှ ဖြူဖွေးသန့်နေတဲ့ ရှပ်အင်္ကျီလက်ရှည်ကို နက်တိုင် အနက်စင်း အဖြူကြားလေးနှင့် တွဲဖက်ဝတ်ကာ အပေါ်မှ အနက်ရောင် ကုတ်အင်္ကျီကို သေသေသပ်သပ် ဝတ်ဆင်ထားသည်။ စတိုင်လ်ပင်နံ အနက်ရောင်နှင့် စင်တွေ့ဖူးခဲ့တဲ့ ရန်မခနှင့် ဆန့်ကျင်ဘက်။

ကုမ္ပဏီကြီးတစ်ခုရဲ့ မန်နေဂျာလူကြီးလူကောင်းဟန်က အပြည့်။

"လာလေ ... ဒါ ကိုယ့်ရုံးခန်းပဲ၊ ဝင်ခဲ့ပါ ဖြူဖြူစင်စင် ... "

သူ ဝင်သွားတဲ့ အခန်းထဲ လိုက်ဝင်သွားရပေမယ့် စင် ခပ်လန့်လန့်။ လူကသာ Gentleman Style ဝတ်ထားပေမယ့် အခန်းထဲ ရောက်လျှင် စိတ်တွေ တစ်မျိုးတမြည် ဖြစ်သွားမှာ ကြောက်ရ သည်။ ရုံးခန်းကြီးကတော့ ခမ်းနားလွန်းနေ၏။ သူ့ကိုပင် နည်းနည်း လေး ရှိန်သွားစေသည်။

"ဟိုမှာ ... မင်းထိုင်ရမယ့် စားပွဲပဲ ... လုပ်ရမယ့်အလုပ်တွေကတော့ ကိုယ့်ကိစ္စတွေပဲ ... ကိုယ်က မနက်ဆို ကော်ဖီသောက်တယ်၊ ပေါင်မုန့်ကို မီးကင်တယ် ... မယောနိနဲ့ စားတာ"

"ဟုတ်ကဲ့"

"ကိုယ် အစည်းအဝေးတက်ရင် မင်းက နောက်ကနေ လို



www.burmeseclassic.com

www.burmeseclassic.com



အပ်တဲ့စာရွက်စာတမ်းတွေယူပြီး လိုက်ရမယ်"

"ဟုတ်ကဲ့ …"

"စင်"

"ဘာလဲ"

"ကိုယ်ကတော့ အဲဒီလိုကြီး ဟန်ပန်တွေနဲ့ မနေချင်ဘူးကွာ၊ စည်းကမ်းချက်တွေ သိပ်မလိုက်နာနဲ့နော် … ပျော်သလိုနေနိုင်တယ် ကိုယ့်ကိစ္စတွေ လုပ်ပေးရင် ရပြီ …"

စင် အဲဒီအမူအကျင့်တွေကို မကြိုက်တာပဲ။ ချက်ချင်း စည်းကမ်းတွေပြောနေရင်းက ထဖောက်လာသည်။ အပေါ်အကျီကို ချွတ်ပြစ်လိုက်၏။ စင့်နှုတ်ခမ်းလေး မသိမသာ တွန့်မဲ့သွားရသည်။

"မန်နေဂျာမိုးနဲ့တော့ လုံးဝတခြားစီပဲ … အလုပ်ကတောင် ထွက်ပြစ်ချင်တယ်"

စင် တွေးနေမိသည်။ မေမေက သူနှင့်အလိုက်အထိုက် ဆက်ဆံရမယ်ပြောထားလို့ပါ။ ဖေဖေကလည်း မေမေ့မှာ သွေးတိုးရှိတယ် စိတ်ညစ်အောင် မလုပ်နဲ့ဟု မှာထားလို့ပါ။

"စင်"

"ဒီမှာ …"

"မင်းနဲ့ကိုယ့်ကြားမှာ အလုပ်ရှင်နဲ့အလုပ်သမားကဏ္ဍတွေ ဖယ်ထားစမ်းပါစင် … မင်းလိုချင်တဲ့ လခတွေပေးမယ်၊ ကိုယ့်စိတ်ကြိုက် ပြုစုပေးပါ"

"ကိုရန်မခ … ကျွန်မကို လျှော့တွက်မထားပါနဲ့နော်၊ ကျွန်မ





အလုပ်ကို လေးစားတာမျိုးပဲ သဘောကျပါတယ်၊ ကျွန်မကို လခတွေအများကြီးနဲ့ မြူဆွယ်ဖြားယောင်းဖို့ မကြိုးစားပါနဲ့"

"မင်းကလေ မာနတွေပြမနေစမ်းနဲ့ ဖြူဖြူစင်စင် … ကိုယ်က မင်းကို ပွင့်ပွင့်လင်းလင်းပဲ ပြောထားမယ် … လူကြီးတွေကို ပြောပြီး မင်းကို လက်ထပ်ယူမယ်"

"ဘာရှင့်"

"မရှင်းသေးဘူးလား … ကိုယ့်လိုကောင်က မင်းကို အရေးဘယူဖော်ဖော်ရွေရွေ ပြုပြုပြာပြာ ဆက်ဆံနေတာ ချစ်လို့လေ"

"ရှင် … ရှင် … ကျွန်မကို ဘယ်လိုသတ်မှတ်ထားတာလဲ၊ ရှင် ပြောချင်သလိုပြော လုပ်ချင်သလိုလုပ်လို့ရမယ် ထင်နေလား၊ ကျွန်မ လူကြီးတွေကို အားနာလို့နော်"

စင် နှုတ်ခမ်းလေးစူစူ မျက်စောင်းလေး တဝဲဝဲနှင့် ရန်ကို မကျေမနပ် အပြစ်တင်ပြောဆိုနေတာလေးကပင် ချစ်စရာကောင်းနေသည်။ ရန် ကြည့်မိနေ၏။

အချစ်တွေ … အချစ်တွေ ဘယ်ကနေ ဘယ်လို သူ့နှလုံးသားထဲ နေရာတွေအပြည့်ယူဆောင်လာလဲ။ ပေါ့ပျက်ပျက်နှင့် ဘဝကို ရေစုန်မျှောပြစ်ချင်တဲ့ သူ့စိတ်တွေ ပြန်၍တည့်မတ်စေကာ ယောကျာ်းကောင်းတစ်ယောက်ဖြစ်စေရန် အချစ်က လမ်းပြပေးနေသည်။

"ကျွန်မ ထမ်းဆောင်ရမယ့်တာဝန်တွေကလွဲပြီး တခြားအပိုတွေ ဘာမှမလုပ်ဆောင်နိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မနက်စာစားဖို့ အစီအစဉ်တွေထဲမှာတော့ မင်းတာဝန်ပါတယ်နော်"

"ကျွန်မ သိပါတယ်"

"မင်းကိုတော့ အလုပ်သမားတစ်ယောက်လို မသတ်မှတ်နိုင်ပါဘူး ... အလုပ်ရှင်ကတော် ..."

"ရှင် ... ရှင် ... ကျွန်မကို စော်ကားမော်ကားလုပ်မယ် မကြံနဲ့နော် ... ရှင့်လည်း ကျွန်မကို လက်ထပ်ယူဖို့ မစဉ်းစားပါနဲ့ ကျွန်မမှာ ချစ်မြတ်နိုးရတဲ့ ချစ်သူရှိတယ် ..."

"ဘာပြောတယ် ... မင်း ... မင်းမဟုတ်တာတွေ လာမပြောနဲ့နော် ... မင်းမှာ ဘာချစ်သူမှ မရှိဘူး ... ကိုယ်သိတယ်"

စင်စကားကြောင့် ရန်စိုးရိမ်တကြီးနှင့် ဝုန်းခနဲ ထရပ်မိသွားသည်။ စင်ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်မိသွားစဉ် သူမက သူ့လက်တွေကို ကြမ်းတမ်းစွာ ပုတ်၍ ဖယ်ရှားပစ်၏။

ရန် စိတ်ပူသွားရပြီ။ စင် အပိုတွေပြောနေတာလား သူ့ကိုရွဲ့ပြီး ပြောလိုက်တာပဲဖြစ်မယ်။

"မင်း ... မင်း ... ဘာပြောတာလဲ ... တကယ်လို့ မင်းမှာ ချစ်သူရှိနေရင်လည်း အဆက်ဖြတ်လိုက်တော့ ..."

"ဘာရှင့် ... ကျွန်မချစ်သူကို ရှင့်ကြောင့်အဆက်ဖြတ်ရမယ် ဟုတ်လား ... အမိပ္ပာယ်မရှိလိုက်တာ၊ ရှင် ... ရူးနေပြီလား၊ ကျွန်မ ချစ်မြတ်နိုးရတဲ့ယောက်ျားကလွဲပြီး ကျွန်မ ဘယ်ယောက်ျားကိုမှ လက်မထပ်ဘူး၊ ရှင့်ကို အသိပေးထားလိုက်ပြီနော် ... တကယ်လို့





သာ ရှင်က အတင်းအကြပ် လက်ထပ်ယူဖို့ကြိုးစားရင် ကျွန်မကိုယ် ကျွန်မ သတ်သေပြစ်မယ်"

"ဖြူဖြူစင်စင် ... မင်း ... မင်း တကယ်ပြောနေတာလား၊ မင်းချစ်သူက ဘယ်သူလဲ ... ဘယ်ကကောင်လဲ ... ပြော ..."

"မပြောနိုင်ပါဘူး၊ ရှင်သိစရာလည်းမလိုဘူး ... ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပဲ ... ကျွန်မချစ်သူက ကျွန်မအရမ်းချစ်ပြီး လေးစားရတဲ့သူ"

"တော်စမ်းပါကွာ ..."

ရန် ဘယ်လိုဖြစ်သွားမှန်းမသိ။ ဒေါသတွေပေါက်ကွဲပြစ်ချင်သည်။

သူ့ဘဝမှာ လွယ်ကူတာ အဆင်ချောမောပြေလည်တာ မရှိခဲ့။ ဘာကြောင့်လဲ ... ငွေကြေးသုံးနိုင် နေထိုင်နိုင်တာကလွဲပြီး လူမှုရေးအရ ပျော်ရွှင်ပြည့်စုံမှု မရှိခဲ့ဘူးလေ။

ဖြူဖြူစင်စင် ... မျက်ဝန်းလေးတွေက သူ့ကိုအထင်သေးမုန်းတီးနေသည့် အရိပ်တွေ အပြည့်အလျှံ။

သူ့လုပ်ရပ် အမှားအတွက် သူပထမဆုံးအကြိမ် နောင်တကြီးကြီးမားမား ရနေခဲ့သည်။

"မင်း ... မင်းကို ကိုယ်မြင်မြင်ချင်းပဲ ချစ်မိတယ် ... ကိုယ့်နှလုံးသားထဲက ချစ်မြတ်နိုးမိတာပါ ဖြူဖြူစင်စင် ... မင်း ယုံပေးပါ၊ မင်းမှာချစ်ရတဲ့သူရှိတယ်ဆိုတာ တကယ်ပဲလားကွာ ... မင်း ကိုယ့်ကိုမညာပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



စင် ချစ်မြတ်နိုးရတဲ့သူက ရှင့်အစ်ကို မိုးထက်မြင့်ပါ။ ဒါပေမဲ့လည်း စင်ကြိတ်ပြီး တစ်ဖက်သတ်ချစ်မိခဲ့ရတာပါ။ ရှင့်ကို သက်သေပြချင်ပါတယ်။ ကျွန်မ အထင်ကြီးလေးစားရတဲ့ယောက်ျား ရှင့်လိုပဲ ကျွန်မနှလုံးသားကို လှုပ်ခတ်သွားစေနိုင်သူက ကိုမိုးထက်မြင့်တစ်ယောက်ထဲရှိနေပါတယ်။

ရန်မခ သိစေရန် အတိအလင်း ပြောပြလိုက်ရသဖြင့် စင် ကျေနပ်ဝမ်းမြောက်မိနေသည်။

✻◆✻

အခန်း ( ၁၅ )

"ဖြူဖြူစင်စင်"

"ရှင် ... မန်နေဂျာ"

"မင်းကို လိုက်ပို့ပေးမယ် ... ကိုယ့်ကားပေါ်တက်ပါ"

"ရှင် ... "

"တက်လေ ... မင်းဘတ်စ်ကားနဲ့ ပြန်ရမှာမဟုတ်လား။ ကိုယ်နဲ့လမ်းကြုံနေတာပဲ"

စင် အရမ်းကို အံ့သြတုန်လှုပ်စွာဖြင့် တစ်စက္ကန့်လောက် သတိမေ့မျောသွားသလို ခံစားလိုက်ရပြီးမှ အသိဝင်လာရကာ ဘာမှ ထွေထွေထူးထူးပြောမနေတော့ဘဲ ကားပေါ်တက်လိုက်သည်။

ဘာဖြစ်လို့လဲဆိုတော့ ရန်မခက သူ့ကားနှင့်ပြန်ဖို့ ပြောထား၏။ ရန်မခ ထွက်မလာခင် သူမ မန်နေဂျာနှင့်လိုက်သွားမည်။

စင် ကားပေါ်ရောက်တော့ ရန်မခက ထွက်လာသည်။

"ဘိုင် ဘိုင် ... "



www.burmeseclassic.com

www.burmeseclassic.com



စင် လက်ပြလိုက်သည်။ မန်နေဂျာက သူမအား အရေးတယူ ကားပေါ်တင်ခေါ်တာ သူမ ဘယ်လောက်များ ပီတိဖြစ်ရလဲ။

ဟွန်း ... ဟိုလူ ရန်မခ ... လူလိမ်လူညာ။ မိန်းကလေးတစ်ယောက်ရဲ့ဗိုက်သားကို ကိုင်တွယ်ဖို့ မရိုးမဖြောင့် ကြံစည်တာပါ။ တွေးမိတိုင်း ဒေါသထွက်ပြီး မုန်းတီးနေမိ၏။

ရန်မခ ... မျက်နှာကြီး စူတင်းသွားတာကို စင် ဝမ်းသာပျော်ရွှင်ရသည်။

"ဟင်"

အရေးထဲ ဖုန်းမြည်လာ၍ စင် ဆောရီးနော်ဟု မန်နေဂျာ့ကို တောင်းပန်ပြီး နားထောင်ရသည်။

"ဖြူဖြူစင်စင်"

"အမလေး ... အား ... ဒုက္ခပါပဲ ... "

ရန်မခ အသံကြီးက ကျယ်ကျယ်လောင်လောင် ရူးရူးရှရှကြီး ထွက်ပေါ်လာ၍ စင်လန့်သွားသည်။ တကယ့်ကို ဒေါသတကြီးပဲ။

"မင်း ... မင်း ... ဘာလုပ်တာလဲ၊ ကိုယ့်အစ်ကိုကားပေါ် မင်း ဘာဖြစ်လို့ ဇွတ်ခနဲ တက်သွားရတာလဲ ... မင်းချစ်သူဆိုတာလား"

ဟုတ်တယ်ဟု ရွဲ့ပြီး ဖြေလိုက်မည်ဟု စိတ်ကူးမိပေမယ့် တကယ်တမ်းချစ်သူတွေ မဟုတ်သေး၍ မပြောတာပါ။ မန်နေဂျာ စိတ်ခုသွားမှာ ကြောက်လို့ပါ။





"ဒီမှာ ဖြူဖြူစင်စင် ... မင်းအဲဒီကားပေါ်က ဆင်းခဲ့ပါ။ မင်းက ကိုယ့်ဝန်ထမ်းလေ ... မင်းနဲ့မိုး ဘယ်တုန်းကသိသွားတာလဲကွ၊ အဓိပ္ပါယ်မရှိတာ၊ မနေ့ကတွေ့တုန်းကတောင် မင်းတို့က တစ်ခါမှ မသိမကျွမ်းခဲ့ဖူးတဲ့သူစိမ်းတွေပါ ... "

"ကျွန်မကိစ္စလေ ... အရင်ထဲက သိကြတာပါ၊ ကျွန်မ နောက်မှ ပြောပြမယ် ... ဒါပဲ ... "

"ဟေ့ ... ဟေ့ ... ဖုန်းကိုပိတ်မပြစ်နဲ့နော် ဖြူဖြူစင်စင်၊ မင်း ဆင်းလာခဲ့ပါ၊ နောက်မှ ကိုယ့်အဆိုးမဆိုနဲ့နော်"

မန်နေဂျာရှေ့မှာ ဒီလူကိုဘယ်လိုပြောရမလဲ။ ပိုင်စိုးပိုင်နင်းနဲ့ စင်ကိုယ်ရေးကိုယ်တာတွေကိုပါ ဝင်ပြီးစွက်ဖက်နေသေးသည်။ သူနဲ့ဘာဆိုင်လို့လဲ ... လူကြီးတွေ အတင်းပေးစားလဲ စင်က လက်မခံပါဘူး။

"မင်း ဆင်းနေရစ်ခဲ့နော် ... မင်းတို့ကားနောက်က ကိုယ့်ကားပါလာတယ် ... ကိုယ်ဝင်တိုက်ပြစ်မှာ၊ ကိုယ်မလုပ်ရဲဘူးထင် မနေနဲ့စင် ... "

ရန့်စိတ်တွေက မီးတောင်ထွက်တစ်ခုလို ချော်ရည်ပူတွေ ပွက်ပွက်ထကာ ပေါက်ကွဲမတတ်ဖြစ်နေသည်။ စင်နဲ့မိုးက ရန် ... ဆက်ပြီးမတွေးရဲတော့။

စင်ချစ်သူက တခြားသူသာဆိုရင် ရန့်ခွင့် လွှတ်သည်းခံနိုင်သေး၏။ အခုတော့ ... မိုးထက်မြင့်တဲ့။ လူတော် လူလိမ္မာကြီး ဘာဝန်သိတတ်လွန်းတဲ့ ယောကျ်ားပီသခန့်ညားတဲ့ သူဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရန်ဘဝတွေကို အမှောင်ထုထဲ တွန်းပို့နေတဲ့မိုး။

သူက အစ်ကိုတစ်ယောက်ကဲ့သို့ သံယောဇဉ်ရှိနေခဲ့ပေမယ့် သူ့ကို အဖက် မတန်သလိုလို ကပ်ဖားကောင်အဖြစ် သတ်မှတ်ထားခဲ့တဲ့ မိုးထက်မြင့်ရဲ့ချစ်သူက ဖြူဖြူစင်စင်တဲ့။

"လက်မခံနိုင်ဘူး ... မင်းကို ကိုယ်အရမ်းချစ်မိနေတာပါ စင်ရယ် ... အရင်က မိန်းကလေးတွေနဲ့ ရှုပ်ပွေခဲ့ဖူးပေမယ့် အပျော်ဖြစ်နေတယ် ... တစ်ခါတလေ ကိုယ်စိတ်ရှုပ်ထွေးပြီး ထွက်ပေါက်အဖြစ်ပါ ကိုယ်မှားပါတယ်စင် ... အဲဒီလို မရက်စက်ပါနဲ့၊ သူ့ကားပေါ်ကနေ ပြတ်ပြတ်သားသား ရပ်တည်ပြီး ဆင်းလာခဲ့ပါ"

ရန့်စိတ်ထဲကနေ တောင်းပန်နေမိသည်။ စင်က ဖုန်းပိတ်ပြစ်လိုက်၏။ ရန့်ဒေါသတွေက အထွတ်အထိပ်သို့ ရောက်သွားရကာ ပေါက်ကွဲတော့သည်။

"မိုးထက်မြင့်ကို ကိုယ်အမြဲတမ်း အလျှော့ပေး အရှုံးတွေနဲ့ နေလာခဲ့ရတာပါ စင်ရယ် ... ဒီတစ်ခါတော့ ကိုယ်အရှုံးမပေးနိုင်ဘူး၊ စင်ကို ကိုယ်ဘယ်လိုနည်းနဲ့မှ လက်လွှတ်အဆုံးရှုံး မခံနိုင်လို့ပါ"

မိုးထက်မြင့်ရဲ့ကားရှေ့မှာ သူ့ကားကိုပိတ်ရပ်ပြီး ပြဿနာရှာပြစ်လိုက်ချင်ပေမယ့် စင်ကပိုပြီး မုန်းတီးနာကြည်းသွားမှာကို မလိုလား၍ ကားအရှိန်ကို လျှော့ပစ်လိုက်သည်။

"မင်းကို ဘယ်လိုအကြောင်းနဲ့မှ မိုးထက်မြင့်လက်ထဲကို ကိုယ်မပေးအပ်ဘူး စင် ... ကိုယ်အရယူရမယ်၊ ကိုယ့်ဘဝတစ်လျှောက်လုံး အရာရာ မိုးထက်မြင့်ထက် နိမ့်ကျအောင် နေထိုင်လာ





ခဲ့ရတာပါစင် ... တကယ်ပါ ... မိုးထက်မြင့်ကိုပဲ လူတော်အရည်အချင်းရှိတဲ့ သားလိမ္မာအဖြစ် ကိုယ့်ကိုမာမီက အတင်းအကြပ်ရိုက်သွင်းထားခြင်း ခံရတာပါ"

စင်ကိုချစ်သည်။ အမြတ်နိုးဆုံး သူတန်ဖိုးအထားရဆုံး မိန်းကလေးဖြစ်နေခဲ့၏။ စဉ်းစားမိလေ စင်နဲ့ဝေးကွာသွားရမှာကြောက်ရွံ့မိလေပဲ။ ကိုယ် လူဆိုးမဟုတ်ပါဘူး။ မင်းသတ်မှတ်စွပ်စွဲနေသလို ကိုယ်လူလိမ်လည်း မဟုတ်ရပါဘူး ဖြူဖြူစင်စင်ရယ်။ မင်းနဲ့စတင်ဆုံမိခဲ့ရထဲက ချစ်မိသွားရတာပါ။

ဒါကြောင့်လည်း ... မင်းကို အမှတ်တရတွေ ကိုယ်လုပ်ခဲ့မိတယ်။ မင်းနောက် တကောက်ကောက်လိုက်မိနေတဲ့အထိပါပဲ။

မိုးထက်မြင့်ရဲ့ကားက သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။ သူ ကားကို ထိုးရပ်ပြစ်လိုက်၏။ သူ စိတ်ပျက်သွားရဆုံးက ဒေဝီနှင့်တွေ့ဆုံရခြင်း ဖြစ်သည်။

"ရန် ... ရှင် ဘာဖြစ်လို့ ဖုန်းပိတ်ထားရတာလဲ ရန် ... ရှောင်နေတာ မဟုတ်လား ... ကြည့်စမ်း ... ကံကောင်းလို့ဖမ်းမိတာ"

သူ့ကားရှေ့မှာ ဒေဝီကားက ပိတ်ရပ်သွားသည်။ မရှောင်နိုင်တော့။ လူကြီးတွေပြောပြီး ရန်နှင့်စေ့စပ်မယ်လုပ်နေ၍ ရန် ရှောင်နေတာ တစ်ပတ်လောက်ရှိနေပြီ။ ဒေဝီကလည်း မာမို့မိတ်ဆွေတစ်ယောက်ရဲ့သမီးပါ။ စင်အမေ အန်တီမေနှင့်များ သူငယ်ချင်းလားတောင်မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ရန်"

"ပြော"

"အမူအရာက အေးစက်နေပါလား ... ဒေဝီနဲ့ မခင့်တခင်ပုံစံလေးနဲ့"

"ဒေဝီ ... ကျေးဇူးပြုပြီး တွေ့ကရာတွေပြောမနေစမ်းပါနဲ့ကွာ ... ဘာလဲ ... ကိုယ်အလုပ်တွေ ရှုပ်နေလို့ပါ"

"အမလေး ... အရမ်းအလုပ်များနေတဲ့ပုံမဲ့ ... ဝတ်စုံကလဲ အလန်းစားပါလား ရန် ... ဘယ်တုန်းက ဒီလိုသေသေသပ်သပ်တွေ ဖြစ်သွားရတာလဲ ... မန်နေဂျာကြီးလားဟင်"

"ဒေဝီ ... မင်း ဘယ်သွားမလို့လဲ"

"ရန်တို့အိမ် ... "

"ဘာပြောတယ်"

"ဟင် ... ဘာဖြစ်သွားရတာလဲ ဒါက ... ဒေဝီအမြဲတမ်းရောက်နေတာလေ၊ ရန် ပုန်းနေလို့ တစ်နေ့နှစ်ခေါက်လောက် သွားနေကျပါ ... ရန့်ကြည့်ရတာ အထိတ်တလန့်နဲ့ ဘာဖြစ်တာလဲ"

"ဟာ ... ဘာမှမဟုတ်ပါဘူး၊ ကိုယ်တို့အိမ်က ဒေဝီသိတဲ့အတိုင်းပဲ ... မိုးနဲ့က ကျိုင်ပူတတ်တယ်လေ၊ မင်း မသွားစေချင်တာပါ"

"သွားမှာပဲ ... ရန်တို့အိမ်က ဒေဝီနဲ့မှမစိမ်းတာ၊ ဘာကျိုင်ပူပူလေ ... သွားမယ် ... ဒေဝီမေမေက အန်တီတာဆီ ပစ္စည်းပို့ခိုင်းလို့ ... "





အင်းလေ ... ဒေဝီကို မတားတော့ပါဘူး။ တားလည်း အတင်းသွားမှာပဲ။ စင်မှ သိနိုင်စရာအကြောင်း မရှိတာဘဲ။ သူလည်း စိတ်ရှုပ်ထွေးနေသည်။ ဒေဝီနဲ့ ကြက်တောင်ရိုက်ရင်ကောင်းမယ်။

ပြီးတော့ ... ဒေဝီကိုလည်း ရှောင်ဖယ်မနေတော့ဘဲ သူနှင့်ဒေဝီတို့ကိစ္စ အပြတ်ဖြေရှင်းလိုက်ဖို့ ဆုံးဖြတ်လိုက်၏။ ဒေဝီက ရှေ့မှ မောင်းထွက်သွားသည်။

သူတို့ကားတွေ ခြံထဲရောက်တော့ မိုးကပြန် ရောက်နေ၏။ ဖြူဖြူစင်စင်ကို အိမ်အထိ လိုက်မပို့ဘူးထင်တယ်။ တွေ့လား စင်မိုးနဲ့ကိုယ် ဘယ်လောက်ကွာခြားလဲ။ ကိုယ်က စင်ကိုဆို အရမ်းဂရုစိုက်ခဲ့တာပါ။ မိုးက သူ့အလုပ်တာဝန်ကိစ္စကလွဲပြီး ဘာကိုမှ ဂရုစိုက်တတ်တဲ့ကောင် မဟုတ်ဘူး။ အချစ်ခြင်းက မတူဘူးလေ။ မိုးကို ပြန်ရောက်နေပြီဟု သူထင်လိုက်၍ စိတ်နည်းနည်းအေးချမ်းသွားသည်။

သူနှင့်ဒေဝီ တိုက်ကြီးထဲဝင်တော့ ဒေဝီက မပြောမဆိုနှင့်နေ့လက်မောင်းကို ချိတ်ဆွဲလိုက်၏။ ရတယ်လေ ဒေဝီနဲ့က ဒီညပဲအပြတ်ဖြတ်မှာ။ ရန်နှင့်ပတ်သက်လာခဲ့သမျှ မိန်းကလေးတွေအားလုံး ကင်းကင်းရှင်းရှင်းဖြတ်ထားဖို့ ရန်လုပ်ရတော့မည်။ သူချစ်မြတ်နိုးရတဲ့ ချစ်သူ ဖြူဖြူစင်စင်အတွက် သူ့ရင်ထဲမှာ မဖောက်မပြန် အချစ်စစ် အချစ်မှန်တွေဖြစ်ကြောင်း စက္ကန့်မလပ် သက်သေပြသွားရမည် ဖြစ်သည်။

"ဟင် ... ဟာ ... ပြဿနာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် တိုက်ထဲဝင်သွားတော့ ညည့်ခန်းက ဆိုဖာဆက်တီပေါ်မှာ မိုးထက်မြင့်နှင့် ဖြူဖြူစင်စင်က တွဲလျက် ထိုင်နေကြသည်။ ဒက်ဒီနဲ့မာမီက မျက်နှာချင်းဆိုင်မှာ ထိုင်နေကြ၏။

သူနှင့် ဒေဝီက လက်ချင်းတွဲလျက် ဘယ်လိုဆက်လုပ်ရမှန်းမသိ။ သူ့ခြေလှမ်းတွေ တုန့်ဆိုင်းရပ်တန့်သွားစဉ် ဒေဝီက ထဖောက်တော့သည်။

"ဒီမှာ ... လူဆိုးဖမ်းလာတယ် ရန်လေ ... အတော်ပဲ လူကြီးမိဘတွေဆုံတုန်း ဒေဝီတို့လက်ထပ်မယ့်အချိန်တွေ ဆွဲမနေချင်တော့ဘူး ... လူကြီးတွေ စီစဉ်ပေးကြပါ ... "

"ဟာ ... ဒေဝီ၊ မင်း ... မင်းဘာတွေအော်နေတာလဲ၊ မဟုတ်တာတွေ ... "

"ဘာမဟုတ်တာတွေလဲ၊ ဒေဝီနဲ့တွဲတုန်းကတွဲပြီးတော့ အရင်ကောင်မလေးတွေကို စားပြီးနားမလည်တော့ ပြစ်ခဲ့လို့မရဘူးနော်"

"ဒေဝီခင် ... မင်း ပေါက်ကရတွေ လျှောက်ပြောမနေနဲ့တော်တော့ ... မင်းနဲ့ကိုယ်က သူငယ်ချင်းတွေပဲ၊ အတော်ပဲ ဒက်ဒီနဲ့မာမီရှိတုန်း သားနဲ့ဒေဝီ ဘာမှမပတ်သက်ဘူးနော် ... ဒေဝီနောက်နေတာပါ၊ တကယ်ပါ မာမီ ယုံပါ ... ဒေဝီ ... မင်းပြောလိုက်လေ၊ မင်းနဲ့ကိုယ် ဘာဖြစ်လို့လဲ ... စသိထဲက မင်းကို မချစ်နိုင်ဘူးလို့ ပြောထားတာနော်"

ရန် ဘယ်လိုပဲ ရှင်းပြ ရှင်းပြ ဒေဝီက ဇွတ်ကြီးပြောနေသဖြင့်





မာမီကပါ မျက်နှာထားတည်သွားသည်။

"လာထိုင်ပါဦး သားငယ်ရန် ... ဒီမှာ သားကြီးမိုး ရှိနေတယ်၊ မင်းမလေးမစားနဲ့ ထိုင်စမ်း ... "

ရန် ဝင်ထိုင်လိုက်ရသည်။ စင်မျက်နှာလေးကလဲ တည်တည်တင်းတင်းနှင့် ရန်ကို ရှုံ့ချအထင်သေးတဲ့ အကြည့်တွေနှင့်ကြည့်နေသည်။

"ဒီမှာ မာမီပြောမယ် ... သားကြီးမိုးနဲ့က ဖြူဖြူစင်စင်လေးနဲ့သိကျွမ်းခင်မင်ကြတာ ကြာပြီတဲ့လေ ... "

"မဖြစ်နိုင်တာဘဲ"

"ဘာမဖြစ်နိုင်ရတာလဲ ရန် ... သားကြီးမိုးက ဘယ်တော့မှ စကားကို လိမ်ညာဟန်ဆောင်မပြောတတ်ဘူး၊ သားလိမ်မာ ... မိဘတွေကို အသိပေးတာလေ"

"ဘာ ... ဘာကိုအသိပေးတာလဲ မာမီ ... စကားကို ရှင်းရှင်းပြောစမ်းပါ ... မိုးနဲ့ဖြူဖြူစင်စင်က ... "

"ဘာပဲဖြစ်ဖြစ်လေ ... မာမီတော့ သားကြီးမိုးကို ပျော်ရွှင်ကြည်နူးမှုတွေပေးဆပ်နိုင်မယ့် ဖြူဖြူစင်စင်လေးနဲ့ သားကြီးမိုးတို့ရင်းနှီးကျွမ်းဝင်မှုကို သဘောကျတယ်"

အမြဲတမ်းပဲ မာမီက မိုးထက်မြင့်ဘက်ကပဲ။ သားအရင်းကို မိုးထက်မြင့်ထက် ပို၍အရေးအရာမပေးခဲ့။

စင် မင်းချစ်သူဆိုတာ မိုးထက်မြင့်လားကွာ။ အဓိပ္ပါယ်ရှိလိုက်တာ။ မိုးထက်မြင့်လိုကောင်က မင်းကိုချစ်ပါ့မလား။ မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်အထိ တန်ဖိုးထားမှာလဲ။ မင်းပျော်ရွှင်အောင် မထားနိုင်ပါဘူး။

ရန် ရင်တွေ ဗလောင်ဆူပွက်လောင်မြိုက်နေသည်။

"သားငယ်ကလည်း ပျော်တတ်တာပါ တာရယ် ... အရွဲ့တိုက်တတ်တာလေးနဲ့ မဟုတ်မခံကောင်လေးပါ၊ အခုတလော စီးပွားရေးတွေလည်း အာရုံစိုက်လာတယ် ... တော်တယ် ... "

ဒက်ဒီက ရန်ဘက်ကပဲ။ ဒါပေမဲ့ ဒက်ဒီ့စကားတွေက ဘယ်တုန်းကများ အရာရောက်ခဲ့လို့လဲ။ သူချစ်မြတ်နိုးရတဲ့ မိန်းကလေးရှေ့မှာ သူ လုံးဝအကျဆုံး မခံနိုင်ပေ။

"သား ... စင်ကို လိုက်ပို့ပေးလိုက်ပါဦးမယ် ဒက်ဒီ ... ခွင့်ပြုပါဦး"

"အေး ... အေး ... "

"ခွင့်ပြုပါဦး အန်ကယ်နဲ့အန်တီ ... "

"အေးကွယ် ... သမီးလေးကို ကျေးဇူးအရမ်းတင်ပါတယ်၊ မိသားစုနဲ့သားကြီး ပထမဆုံးအကြိမ် ရင်းရင်းနှီးနှီး ထိုင်စကားပြောတာလေ၊ သားကြီးအပြုံးကိုလည်း မြင်ရတယ် ... အန်တီတာ စိတ်ချမ်းသာလိုက်တာ"

မိုးထက်မြင့်က စင်လက်လေးကိုဆွဲပြီး ထထွက်သွားတော့ ရန် အရူးတစ်ကောင်လို ထအော်ဟစ်တားဆီးပြစ်လိုသွားခဲ့ရသည်။

မာမီကြောင့်ပါ။ မျက်စောင်းမာမာကြီးက ဆတ်ခနဲ ရောက်လာခဲ့၏။ ယောကျ်ားကပါတဲ့သားအတွက်ပဲ မာမီ စဉ်းစားပေးနေ





တော့မှာလားဗျာ။ အချစ်ခြင်းယှဉ်ပြိုင်ခဲ့ရင်တောင် ရန်ကပဲ ဖြူဖြူစင်စင့်ကိုချစ်တယ်လို့ စပြီး ရင်ဖွင့်လိုက်တဲ့ ယောကျ်ားဖြစ်မှာပါ။

မင်း ဘက်လိုက်ပြီး ရွေးချယ်လိုက်တာပဲ ဖြူဖြူစင်စင်။ ရက်စက်တယ်ကွာ။ မင်းကို မိုးထက်မြင့်လိုကောင်က ချစ်တယ်လို့ ဘယ်တော့မှ ကိုယ့်အရင်ပြောမှာ မဟုတ်ဘူး။

စင်ကို ဆုံးရှုံးလိုက်ရမှုအတွက် ရန် ဘယ်လိုမှ မခံစားနိုင်တော့အောင် ဆောက်တည်ရာမရ ဖြစ်နေသည်။

"ဒီမှာ ဒေဝီ ... မင်းလာပြီး ငါ့ကိုအကြွပ်ကိုင် လက်ထပ်ဖို့ မစဉ်းစားနဲ့၊ မင်းကို ငါလက်မထပ်နိုင်ဘူး၊ ငါ့ဘဝတစ်လျှောက်လုံး ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့ဘူး၊ မင်းက အဆိုးဆုံးပဲ ... သူငယ်ချင်းအဖြစ် မင်းလာတွဲခဲ့တာ ငါ့ဆန္ဒမဟုတ်ဘူး"

"ရန် ... မင်းဘာတွေပြောနေတာလဲ၊ ဒေဝီကလဲ မာမီ သူငယ်ချင်းသမီးပဲ ... မင်းမရိုင်းနဲ့နော် ... "

"ရန် ပြတ်ပြတ်သားသား ပြောထားတာနော် မာမီ ... ဒါက ရန်ရင်ထဲက အမှန်တရားပဲ၊ ရန် ဘယ်တုန်းကမှ ဒေဝီခင်ကို မဖွယ်မရာ မလုပ်ခဲ့ဘူး၊ စော်ကားထိပါးတာမျိုးလည်း မလုပ်ဘူး၊ မင်းသိပါတယ် ဒေဝီခင် ... မင်း ငါနဲ့လာမပတ်သက်နဲ့တော့ ဝေးဝေးနေပါ"

ဒေဝီခင်က ငိုယိုပြီး သူ့အနားကနေ ထွက်ပြေးကာ ပြန်သွားသည်။ မာမီက ရန်ကို ဒေါသတကြီး ထရိုက်ဖို့ပြင်လိုက်သဖြင့် ဒက်ဒီက ကာဆီးထားရ၏။ သူကတော့ အခြေအနေတစ်ခုကို ဘာ အတွက် အပြတ်သားဆုံး ဖြေရှင်းပြစ်ဖို့ပဲ စဉ်းစားထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း တော်တော်ရိုင်းစိုင်းတာပဲ ရန်မခ ... ငါ ဆုံးမတာကို ဘယ်တော့မှ မနာခံဘဲ ကလန်ကဆန်လုပ်ပြစ်တယ်၊ ဒေဝီခင်က ငါ့ သူငယ်ချင်းသမီး မဟုတ်ရင်တောင် မိန်းကလေးတစ်ယောက်ပဲ မင်းကိုယ်ချင်းမစာမနာ အရှက်ခွဲပြစ်တယ် ... လူမိုက် ... "

"တာရယ် ... သားငယ်ကို မင်းဒီလောက်အထိ ပြောဆို ဆက်ဆံဖို့ မလိုပါဘူးကွာ ... မင်းဘက်လိုက်လို့ သားငယ် ဒီလိုဖြစ် သွားရတာကွ"

"မောင် ဝင်မပါပါနဲ့ ... တာ ပြောသင့်တယ်၊ ဘက်လိုက်ရ မယ်လေ၊ သားကြီးရဲ့ခံစားချက်ကို တာတို့ အလေးအနက်ထားရ မယ်"

သားငယ်ရန်က မိမိတို့အနားကနေ ချာခနဲ လှည့်ထွက်ပြီး အပေါ်ထပ်သို့ တက်သွားသည်။

သားငယ်ရဲ့ခံစားချက်တွေကို မာမီ သိပါတယ်။ ဒါက မင်း ခံယူရမယ့်အတိတ်ဝဋ်ကြွေးပဲလို့ သတ်မှတ်ရလိမ့်မယ်။ မာမီ ကျူး လွန်ထားခဲ့တဲ့ အပြစ်ဆိုပေမယ့်လည်း မင်းကိုပဲ ပုံချပြစ်ရလိမ့်မယ်။ မင်းပဲ လူဆိုးလူမိုက် အသုံးမကျတဲ့ကောင်အဖြစ် ခံယူရမယ်။

သားကြီး မိုးထက်မြင့်ကိုတော့ နည်းနည်းလေးမှ အထိခိုက် မခံစေချင်ဘူး။ သားကြီးပဲ အနိုင်ရသင့်ပါတယ်။ သားငယ် ရန်က ဖြူဖြူစင်စင်ကို ချစ်မြတ်နိုးနေတယ်ဆိုတာ ဒေါ်တာသိလိုက်ရပေ မယ့် မဖြစ်နိုင်တော့ပါဘူး။ သားကြီးမိုးထက်မြင့်က မိန်းကလေး တစ်ယောက်ကို လူကြီးမိဘတွေရှေ့ ခေါ်လာပြတယ်ဆိုတာ သူ





လက်ထပ်မယ့်မိန်းကလေးပါလို့ ပါးစပ်က ထုတ်ဖော်မပြောခဲ့ပေ မယ့် အသိသာကြီးပဲလေ။

မင်းအချစ်ကြောင့် ရူးသွပ်သေဆုံးသွား မယ်ဆိုရင်တောင် မာမီကတော့ သားကြီးဆန္ဒပဲဖြစ်စေရမယ်။ ပြီးတော့လည်း မိန်း ကလေးဖြူဖြူစင်စင်ကိုယ်တိုင်က သားကြီးမိုး ထက်မြင့်ကိုပဲ အတိ အလင်းရွေးချယ်ခဲ့တယ်လေ။ ခင်ပွန်းဖြစ်သူ ကိုသော်ထက်က သား ငယ် ရန်နောက် လိုက်သွားသည်။

မိမိကတော့ ရူးရှနာကျင်လာတဲ့ နလုံးသားကိုလက်တွေနှင့် ဖိအုပ်ထားရင်း ဆုံးဖြတ်ချက်ကို မပြင်နိုင်။ သားကြီးမိုးဆန္ဒကို ဖြည့် ဆည်းပေးဖို့ပဲ ဆုံးဖြတ်လိုက်သည်။

✻◆✻

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၆ )

"မန်နေဂျာက စင်ကို ဘာဖြစ်လို့ မိဘတွေဆီခေါ်သွားခဲ့ တာလဲဟင် … အဲဒီအဓိပ္ပာယ်ကိုတော့ စင်သိထားဖို့ လိုအပ်တယ်လို့ ထင်ပါတယ်"

မိုးလည်း သူ့လုပ်ရပ်အတွက် သူကိုယ်တိုင်ပင် နားမလည် နိုင်ဖြစ်ရသည်။

ဖြူဖြူစင်စင်ကို ရန်နှင့်ရုံးခန်းထဲမှာ နှစ်ယောက်ထဲ ရှိနေ တာကို သူစိတ်မချ ဖြစ်နေခဲ့သည်။ ရန်က မိန်းမကြမ်းကြေသူ ဖြူဖြူစင်စင် အရှုပ်ခံရမှာ စိတ်ပူမိနေ၏။ ရန်က စင်ကိုချစ်နေသည် ကို မိုးရိပ်မိနေခဲ့သည်။

ထို့ကြောင့်လား … သူ သေသေချာချာ သိနေမိတာက စင်ကို တခြားယောကျ်ားလေးတစ်ယောက်နှင့် အရောတဝင် မနေ စေလိုခဲ့ပေ။





"မန်နေဂျာ"

"ဟင် … "

"မန်နေဂျာ မဖြေချင်ရင်လည်း စင် မမေးတော့ပါဘူး၊ မသိရ လည်းကိစ္စမရှိတာဘဲ … ရပါပြီ … "

"ဖြူဖြူစင်စင်"

"ရှင် … "

"မင်း … ကိုယ့်ကို လက်ထပ်နိုင်မလား"

"ရှင် … ဟို … ဟို … မန်နေဂျာ"

"ကိုယ့်ကို ဘာဖြစ်လို့ မန်နေဂျာလို့ပဲ ခပ်စိမ်းစိမ်းခေါ်နေမှာ လဲ ဖြူဖြူစင်စင်"

"မန်နေဂျာကရော ကျွန်မကို ဘာဖြစ်လို့ ဖြူဖြူစင်စင်လို့ နာမည်အရှည်ကြီးကို ခပ်စိမ်းစိမ်းခေါ်နေရတာလဲဟင်"

သူ ပြုံးဖြစ်သွားသည်။

ရန့်မာမိပြောသလိုပဲ သူ့ရင်ထဲမှာ ပျော်ရွှင်ပီတိလေး တိုးဝင် လာစေရန် လုပ်ဆောင်ပေးနိုင်ခဲ့သူက ဖြူဖြူစင်စင်ပဲ။ သူမကို တွေ့ဆုံပြီးမှ သူ့ဘဝတစ်လျှောက်လုံး ဆိတ်သုန်း ပျောက်ကွယ်နေ တဲ့ အပျော်တွေ ရှိလာခဲ့သည်။

လောကကြီးရဲ့အဓိပ္ပာယ်ကိုလည်း မိုး ရှာဖွေချင်ခဲ့မိ၏။ မိသားစုအသိုင်းအဝန်းကို သူ နှစ်သက်သဘောကျလာခဲ့သည်။

"မိဘတွေကို ခေါ်ပြခဲ့တာက ကိုယ်လက်ထပ်ချင်တဲ့မိန်း ကလေးလို့ ပြမိတာထင်တယ်စင် … "



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာ ဘာပဲပြောပြော ဘယ်လိုပဲပြုမူနေထိုင်ပါစေ စင်နားလည်ခွင့်လွှတ်ပေးနေမိသည်။

မေမေက ပြောပြတာတော့ မန်နေဂျာက ဒေါ်တာတော့ ယောက်ျားဘက်က ပါတဲ့သားတဲ့။ သူ့ဒက်ဒီ နောက်အိမ်ထောင်ပြုတာကို သဘောမကျလို့ မိသားစုနှင့်မပတ်သက်ခဲ့တာတဲ့။ မန်နေဂျာ အကြောင်းကြားပြီးမှ မန်နေဂျာအား ပို၍ပင် သနားကြင်နာမိနေသည်။

"ကိုယ့်အကြောင်းတွေ စင်ကို ပြောပြချင်တယ်၊ တချို့တစ်ဝက်လည်း စင်သိနေမှာပါ"

"ဟုတ်ကဲ့ ... "

"ကိုယ့်ဒက်ဒီက ကိုယ်ငယ်စဉ်ကလေးဘဝမှာပဲ မာမီဆုံးသွားပြီး ... ဒက်ဒီက နောက်အိမ်ထောင်ပြုတယ်၊ ကိုယ်လက်မခံနိုင်ဘူး ... ကလေးတစ်ယောက်ပါလာတယ် ရန်မခပေါ့ ... "

ရန်မခနှင့်မန်နေဂျာတို့က ဖအေပါ မအေပါတွေပဲ။

တိုက်ဆိုင်လိုက်တာ။ ပထမဦးစွာ တွေ့ဆုံခဲ့ကြတာက မန်နေဂျာနဲ့စင်ပါ။ ရန်မခကတော့ လူရှုပ်လူပွေ။ ကြည့်လေ ... မိန်းကလေးတစ်ယောက်နဲ့တွဲနေပြီး အူတူတူလုပ်ချင်နေသေးသည်။

"ကိုယ့်မာမီနေရာမှာ ဘယ်သူ့ကိုမှ အစားမထိုးနိုင်ခဲ့ဘူး။ ဒက်ဒီ ရက်စက်တယ်လို့ ထင်ခဲ့တယ် ... ရန်မခက ကိုယ့်အပေါ် အစ်ကိုတစ်ယောက်လို သဘောထားခဲ့ပေမယ့် ကိုယ်ကတော့ ကပ်ဖားကောင်လို့ပဲ သတ်မှတ်တယ်၊ ရန်မခ အမေက ဒက်ဒီကို





မောင်လို့ခေါ်တာလဲ နောက်မိန်းမပီပီ မြူဆွယ်ဖြားယောင်းတာလို့ ထင်တယ် ... ကိုယ်ဘယ်သူနဲ့မှ မပတ်သက်ဘဲ ကင်းကင်းပဲတစ်ယောက်ထဲ အထီးကျန်နေခဲ့တယ်"

မန်နေဂျာဘဝကို သိလိုက်ရတော့ ပို၍ပင် သနားကြင်နာသွားရသည်။ မိသားစုအခြေအနေကြောင့် တည်တည်ကြီးနေထိုင်တတ်တဲ့ အကျင့်ရလာတာပဲ။ စင် ခွင့်လွှတ်နားလည်ခဲ့၏။

ပြီးတော့လည်း မန်နေဂျာက စင်ကိုလက်ထပ်ဖို့အထိ ရည်မှန်းထား၍ ပျော်ရွှင်မိသည်။ ပီတိတွေလည်း ဖြာဝေနေရသလိုပင်။ ဘယ်လိုပဲနေနေ မန်နေဂျာက ယောက်ျားပီသလွန်းသူပါ။

မန်နေဂျာမှာ ပြောစရာဆိုလို့ အလုပ်ကိုပဲ ဦးစားပေး လွန်နေတာပဲ ဖြစ်သည်။

"စင် ... ကိုယ့်ကို လက်ထပ်နိုင်မလား၊ စင်ဘက်က လက်ခံသဘောတူမယ်ဆိုရင် ကိုယ့်မိဘတွေကို ပြောပြပြီး လက်ထပ်မယ်"

မန်နေဂျာက စင်ကို ချစ်တယ်ဆိုတဲ့စကားလေးတော့ ပြောသင့်ပါတယ်။ ကြားချင်လိုက်တာ။ ဒါပေမဲ့လည်း စင်စိတ်မဆိုးပါဘူး။ စကားတွေ ပရိယာယ်ကြွယ်ကြွယ် မပြောတတ်တာ မန်နေဂျာ အပြစ်မှ မဟုတ်တာဘဲ။

"ဘယ်လိုလဲ စင် ... "

"ဟို ... စင်လေ ... မန်နေဂျာကိုတော့ ငြင်းပယ်စရာအကြောင်း မရှိပါဘူး ... မန်နေဂျာလည်း သိမှာပါ၊ စင် သန့်ရှင်းရေး



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဝင်လျှောက်တာလေ ... အား ... ရှက်လိုက်တာ"

"စင် ... ကိုယ့်ကို လက်ခံတယ်နော်"

"အင်း ... "

"ကိုယ်တို့ အမှတ်တရ ညစာစားကြမလား"

"ဟုတ်ကဲ့"

စင် ထပြီးတောင် ခုန်ပေါက်ကပြစ်ချင်တယ်။ ကြည့်စမ်း အိပ်မက်တွေလား။ သူမ လေးစားအထင်ကြီးရတဲ့ယောကျ်ားတစ်ယောက်က စင်ကို လက်ထပ်ခွင့်တောင်းနေသည်။ စင် ဘယ်လိုလုပ် ငြင်းမလဲ။ တိတ်တခိုးလေး ချစ်ခဲ့ရတဲ့ ချစ်သူလေ။

အရမ်းပျော်ပြီး သူခေါ်ဆောင်ရာကို လိုက်လာခဲ့မိ၏။ နာမည်အကြီးဆုံး စားသောက်ဆိုင်ကြီးတစ်ခု ဖြစ်နေသည်။

"စင် ... ဘာစားမလဲ ... "

"ကိုကို ကြိုက်တာမှာပါ ... အဲ ... "

"အိုကေ ... "

စင် ရှက်ရှက်နှင့် အရဲစွန့်ပြီး ကိုကိုဟုခေါ်ပြစ်မိသည်။ မထူးတော့ပါဘူးလေ။ သူ့ဆီက ချစ်တယ်လို့ပြောတဲ့စကားကို ကြားချင်ပေမယ့် မလိုတော့ပါဘူး။ သူက လက်ထပ်ခွင့်တောင်းပြီးနေပြီ ဖြစ်သည်။

"ကိုယ် ကြိုက်တာတွေ စင်ကြိုက်ပါ့မလား ... မှာလေ"

"ဟင့်အင်း ... ကိုကိုပဲမှာပါ။ စင်ကတော့ ဘယ်လောက်ပဲ





စင်မကြိုက်ပါစေ ... ကိုကိုကြိုက်တာဆိုရင် ကြိုက်အောင်ကြိုးစားပါ့မယ်"

ကိုကိုရဲ့ ဦးဆောင်မှုနောက်မှာပဲ စင်အိမ်ရှင်မ ပီပီသသလေး နေပြချင်သည်။

ကိုကိုဆန္ဒက စင်ဆန္ဒပါပဲ။ စင်အပြုအမူတွေကို သူ့စိတ်သဘောမတွေ့မှာ စင်စိုးရိမ်ပူပင်မိနေ၏။ ကိုကို့အကြိုက်တွေကိုပဲ စင်ကလေ လိုက်ပြီး ကြိုက်တတ်အောင် ကြိုးစားမှာပါဟု ပြောတော့ သူပြုံးသည်။

"စင်"

"ရှင်"

"မင်း အလုပ်ထွက်ရမယ်"

"ဟင်"

"လောလောဆယ် ကိုယ့်ကုမ္ပဏီကိုတော့ မင်းမလာသေးရင်တောင် မင်းအလုပ်ထွက်ပြီး အိမ်မှာပဲနေပါ"

"ဟုတ်ကဲ့ပါ ကိုကို ... "

"ကိုယ်ကတော့ တခြားယောကျ်ားတွေလို စကားတွေအများကြီးမပြောတတ်ဘူး ... မင်းနားလည်ပေးနိုင်ပါ့မလား စင်"

"နားလည်ပေးနိုင်ပါတယ် ကိုကို့အကြောင်း စင်ကအသိဆုံးပဲဟာ ... ကိုကို့ကို ပျော်ရွှင်နိုင်အောင် ပါရမီဖြည့်ပေးချင်ပါတယ်"

စားသောက်စရာတွေ ရောက်လာ၍ ကိုကိုက ငုံ့ပြီးစားနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုကို့ပန်းကန်ထဲ စင်က ဟင်းတွေခပ်ထည့်ပေးတော့ ကိုကို့မျက်နှာကြီးက ရှက်သွေးတွေနှင့် ပန်းရောင်သွေးတွေ လွှမ်းခြုံနေသည်။

"ကိုကို့အကြိုက်တွေကလေ စင့်အကြိုက်တွေကြီးပဲသိလား၊ တကယ်ပြောတာပါ ... အချိုဟင်းတွေ စင်အကြိုက်ဆုံးပဲ ..."

ကလေးဆန်လွန်းတဲ့ ကောင်မလေးတစ်ယောက်ကို မိုး ချစ်မိသွားမိတာတော့ သေသေချာချာ တွေးကြည့်မိတော့လည်း မိုးမျက်နှာပူပြီးရှက်သည်။ ချစ်တယ်ဆိုတဲ့စကားတွေ ပြောချင်ပေမယ့်လည်ချောင်းဝမှာပဲ တစ်ဆို့နေခဲ့၏။ ပြောမထွက်ခဲ့။ သူ တယုတယမလုပ်တတ်ဘူး။

သူ ရန်နောက်ပါသွားမှာစိုးရိမ်စိတ် လွန်ကဲစွာ စင်အားခေါ်၍ မိဘတွေအားပြသည်အထိ ဖြစ်သွားသည်။

"ကိုကို"

"ပြောလေစင် ..."

"ကိုကိုနဲ့စင်တို့ ချစ်သူတွေဖြစ်သွားကြတာလားဟင်"

"ကိုကိုက လက်ထပ်ဖို့တောင် စင်ကိုတောင်းဆိုထားခဲ့တယ်လေ"

"ဟုတ်တယ်နော် ... စင်တော့လေ အိပ်မက်လို့လားတောင် ထင်နေတယ်၊ လန့်နိုးသွားမှာတောင် ကြောက်မိသွားတယ်"

"စင်မိဘတွေကို ပြောပြပါ၊ ကိုယ်လည်းပြောမယ်၊ ဘယ်လို





လဲ စင် ... မင်းကရော ဘာလုပ်ချင်လဲ ..."

"စင်ကတော့လေ ဝမ်းသာပြီးပျော်လွန်းလို့ ဘာမှတောင် မစဉ်းစားနိုင်တော့ဘူး ... ကိုကိုက စင်ကိုစိတ်ဝင်စားနေလိမ့်မယ်လို့ မထင်မိထားဘူး၊ စင်ပြောပြီးပြီနော် ... ကိုကိုဆန္ဒပဲလို့ ..."

ညစာစားပြီးတော့ ကိုကိုနှင့်စင်တို့ ကားလေးနှင့်လျှောက်မောင်းရင်း စကားတွေပြောခဲ့ကြသည်။ ကိုကိုက စင်အား လက်ဖျားနှင့်ပင် မထိမတို့ခဲ့။ စင်ကတော့ ကိုကို ဘယ်လိုပဲနေပါစေ လေးစားပြီးသားပဲ။

"မင်းကိုပြန်ပို့ပေးမယ်စင် ... မနက်ဖြန်ကစပြီး မင်းအလုပ်ဆင်းစရာမလိုတော့ဘူးနော်စင် ... ရန်မခနဲ့ ကင်းကင်းနေပါ"

"ဟုတ်ကဲ့ပါ"

စင်တို့ အိမ်ရှေ့ရောက်တော့ မင်း ဆင်းတော့လေတဲ့။ စင်ကတော့ အိမ်ထဲဝင်ပြီး မေမေနှင့်တော့ တွေ့စေလိုသည်။ ဒါပေမဲ့လည်း ကိုကိုက မကြိုက်မှာစိုး၍ မပြောတော့။ ကိုကိုက ကားမောင်း၍ ပြန်ထွက်သွားသည်။

"အင်းလေ ... ကိုကိုက ချမ်းသာကြွယ်ဝတဲ့သူဌေးသားပဲ၊ ဓာနနဲ့ ဂုဏ်သိက္ခာက ရှိပါသေးတယ်၊ ကိုကိုကိုယ်တိုင်က ပတ်ဝန်းကျင်နဲ့သဟဇာတဖြစ်အောင်မှ မနေခဲ့ရတာ၊ ကိုကိုဆန္ဒအတိုင်းနေပါစေ"

ကိုကို့အပြုအမူတွေကို နားလည်ပေးဖို့ စင်ကိုယ်တိုင် ကတ်



www.burmeseclassic.com

www.burmeseclassic.com



ပေးထားခဲ့တာမဟုတ်လား။ အိမ်ထဲဝင်လိုက်သည်။

"ဟင် ... ရှင်ရောက်နေတာလား"

"ဟုတ်တယ်လေ ... မင်းက ဘာဖြစ်လို့နောက်ကျနေရတာလဲစင် ... ဒီမှာ အန်တီမေ သွေးတိုးနေတာ မင်းသိလား"

"ဟင် ... ဟုတ်လို့လား မေမေရော ... "

"အိပ်နေတယ်"

ညှို့ခန်းစားပွဲပေါ်မှာက စားစရာတွေ အသုံးအဆောင်ပစ္စည်းတွေက အပြည့်ပဲ။ သွေးပေါင်ချိန်စက်လည်း ပါတယ်။ ရန်မခက မေမေ့အတွက် ဝယ်လာပေးတာဖြစ်မယ်။ စိတ်ပျက်လိုက်တာ။ ဒီလိုကြီးဟန်ဆောင်လာလုပ်နေတာကို စင်မကြိုက်ပါဘူး။

သူမ မေမေ့အိပ်ခန်းလေးထဲ ဝင်လာခဲ့သည်။

"မေမေ"

"စင် ပြန်လာပြီလား ... သမီး ရုံးဆင်းတာ ကြာပြီဆို၊ ဘာဖြစ်လို့ နောက်ကျနေရတာလဲ ... ရန်လေး ရောက်လာလို့ပေါ့၊ မေမေ သွေးတိုးနေတာ ခေါင်းတောင်မထူနိုင်ဘူး ... ရန်လာမှ ကောင်းသွားတာ"

ဒေါက်တာရမ်းကုပဲ ဆေးကုသခွင့်လက်မှတ်လည်း မရှိဘဲ ဆရာဝန်လည်း မဖြစ်ဘဲ ဆေးကျောင်းတစ်ဝက်တစ်ပျက်တက်ခဲ့တဲ့ သူက ဆေးကုနေသည်။ မေမေကလည်း သူမှသူ။

စောစောက ကိုကိုကြောင့် ပျော်ရွှင်ခဲ့ရတဲ့ပီတိလေးတွေ





တောင် ပျောက်ကုန်ရ၏။

မေမေက အပြင်မှာ ရန်ကို ညှို့ခံတဲ့ အလိုက်သိတဲ့ကလေးဘယ်သူတွေဘာပဲပြောပြော မေမေချစ်တယ်တဲ့။

"မေမေ အိပ်ဦးမယ် ... ရန်ကို ညှို့ခံထားနော်၊ ကလန်ကဆန်တွေမပြောနဲ့ ... "

"အင်းပါ"

စင်အပြင်ပြန်ထွက်လာခဲ့သည်။ ဒီလူ့ကိုတော့ အပြတ်ရှင်းမယ်။ ပြီးတော့ ... ကိုကိုက အလုပ်ထွက်ရမယ်တဲ့။ စင်လည်းသူ့အနားမှာ မလုပ်ချင်ပေ။ စင်တွေ့ကြုံခဲ့ရတဲ့အဖြစ်အပျက်တွေကို ပြန်ပြောပြမလို့ဟာ မေမေက သွေးတိုးနေသည်။

"ထိုင်ပါဦးစင် ... ကိုယ်လေ မင်းကိုရှင်းပြချင်လို့ပါ၊ ဒီရောက်တော့ အန်တီမေ သွေးတိုးပြီး လဲနေတယ် ... ကိုယ် ဒီလိုဝေဒနာမျိုးလောက်ကတော့ ကုသတတ်ပါတယ်'

စင်မျက်နှာလေးက မှုံအစ်အစ် စူစူတင်းတင်းလေးနှင့် မျက်နှာက ခပ်ရှုံ့ရှုံ့တွတွ။ မေမေကြောင့် ဘာမှမပြောတာပါ။

"ဒေဇီခင်က ကိုယ်နဲ့ဘာမှမပတ်သက်ပါဘူး၊ တကယ်ပါ စင်ရယ် ... ယုံပေးပါ ... ဒေဇီက ကိုယ့်ကို အတင်းလိုက်ကြိုက်ပြီး အမိဖမ်းဖို့ ကြံစည်နေတာပါ"

"အဲဒါ ... ကျွန်မနဲ့ဘာဆိုင်လို့ လာရှင်းပြနေရတာလဲ ကိုရန်ခ ... ရှင်တို့ကိစ္စပဲ၊ ကျွန်မ လုံးဝစိတ်မဝင်စားဘူး ... ရှင် ဘာပြော



www.burmeseclassic.com

www.burmeseclassic.com



ပြောလည်း မယုံဘူး ... ကျွန်မကိုယ်တိုင်က ရှင်မှင်သေသေနဲ့လိမ်တာ ခံခဲ့ရတာပဲ"

"စင် ... ကိုယ် ဘယ်လိုပြောရမလဲ၊ ကိုယ် လုံးဝနေလို့မရဘူး ... စင်အထင်လွဲသွားမှာကို စိုးရိမ်ပြီး နေလို့ထိုင်လို့မရလို့ လာခဲ့တာပါ"

"အဲဒါတွေ ကျွန်မစိတ်မဝင်စားပါဘူး ... ရှင်းပြနေလဲအပိုပဲဖြစ်မယ်ထင်တယ် ... ပြန်ပါတော့ ... "

"စင် ... မင်း ... မင်း ... ဘယ်လိုပြောလိုက်တာလဲ၊ ကိုယ်က မင်းကိုချစ်တယ်လို့ အရင်ပြောခဲ့တာပါ၊ ကိုယ်လက်ထပ်မယ့်မိန်းကလေးအဖြစ် မိဘတွေကို အရင်ဆုံးပြခဲ့တာပါ"

"ကိုကိုနဲ့ကျွန်မက ရှင်နဲ့မတွေ့ခင်ထဲက တွေ့ခဲ့ကြတာ ကျွန်မ အလုပ်လုပ်တာ ကိုကို့လက်အောက်မှာလေ ... "

"ဘာ ... ကိုကို ဟုတ်လား ... "

သူက ဒေါသတကြီးနှင့် အော်ပြောလိုက်သဖြင့် စင်လန့်သွားရပြီး ... မေမေက သူ့ကို ကလန်ကဆန် မလုပ်ရဘူးဟု ပြောထားသည်။

"တိုးတိုး ပြောပါရှင့် ... ကျွန်မတို့နှစ်ယောက် မကြာခင်လူကြီးတွေဆီမှာ ခွင့်တောင်းပြီး လက်ထပ်ကြတော့မယ်၊ ကျွန်တောင်းပန်ပါတယ် ရန်မခ ... ကျွန်မတို့ကို မနှောက်ယှက်ပါနဲ့ ကျွန်မချစ်ရတဲ့ အထင်ကြီးလေးစားရတဲ့ ယောက်ျားက ကိုကို





ထက်မြင့်ပါပဲ"

စင် တောင်းတောင်းပန်ပန်ပြောနေပေမယ့် ရန် ခွင့်မလွှတ်နိုင်။ မင်းရွေးချယ်တဲ့ ယောက်ျားက ဘာဖြစ်လို့ ကိုယ်ငယ်စဉ်လေးက အရှုံးပေးခဲ့ရတဲ့ မိုးထက်မြင့် ဖြစ်နေရတာလဲ။

"နောက်ပြီးတော့လေ ... ကျွန်မ ချစ်သူရဲ့ကုမ္ပဏီမှာပဲ အလုပ်ပြန်လုပ်တော့မှာမို့ အလုပ်က ထွက်ပါပြီ ... "

"ဘာပြောတယ်စင် ... မရဘူး၊ ကိုယ့်အလုပ်ကနေ မင်းလုံးဝ ထွက်သွားလို့မရဘူး၊ ကိုယ်အရမ်းချစ်တယ် ... မင်း မရက်စက်ပါနဲ့ စင်ရယ် ... ကိုယ်ကအရာရာ လက်လျှော့အရှုံးပေးပြီး နေလာရတဲ့ သူပါ"

"ဒီမှာ ... ရှင်အပိုတွေလျှောက်ပြောမနေပါနဲ့တော့ ... ကျွန်မ အစောကြီးထဲက ရွေးချယ်ထားတာက ကိုမိုးထက်မြင့်ပါ၊ ရှင့်အစ်ကိုပဲ ... ကျွန်မတို့ချစ်ခြင်းကို မခွဲပါနဲ့ ... ကိုကိုက ကျွန်မချစ်မြတ်နိုးရလွန်းတဲ့ အပိုင်ဆိုင်ချင်ဆုံး ယောက်ျားပါ ... "

"တော်ပါတော့ စင်ရယ် ... ဆက်မပြောပါနဲ့တော့၊ ကိုယ်သည်း စင်ကို ဘယ်လိုအကြောင်းနဲ့မှ အဝေးမခံနိုင်တဲ့ ကိုယ်ချစ်မြတ်နိုးတဲ့ မိန်းကလေးပါ"

"ရှင့်မှာ ချစ်သူရှိသားပဲ ... အပိုတွေလျှောက်ပြောမနေပါနဲ့ ကိုရန်မခ ... ရှင်ထပ်နှောက်ယှက်နေရင် ရှင့်အကျင့်စရိုက်တွေ လိမ်သာခဲ့တာတွေ ရှင်နဲ့ဒေဝီခင် အကြောင်းတွေ ပြောပြရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ရန် ရင်တွေစုတ်ဖြဲချေမွခြင်း ခံလိုက်ရသလို စင်ကို မရက်စက်ဖို့ ဒူးထောက်တောင်းပန်ချင်တဲ့ဆန္ဒတွေ ဖြစ်ပေါ်ခဲ့ရပေမယ့် သူမာနတွေနှင့် တင်းပြစ်လိုက်သည်။

ဖြူဖြူစင်စင် ဒီတစ်ခါတော့ မရတော့ဘူး။ ကိုယ် ဘယ်လိုမှ မင်းနဲ့အဝေးမခံနိုင်လို့ဘဲ အချစ်ရေးမှာ မတရားတာမရှိဘူးတဲ့။ ကိုယ်ချစ်မြတ်နိုးရတဲ့ မိန်းကလေးကို သတ္တိရှိရှိ လုယူရလိမ့်မယ်။ မိုးထက်မြင့်ကို လုံးဝအရှုံးမပေးနိုင်တော့ဘူး။ အချစ်အတွက် ကိုယ် မဖြစ်မနေ တိုက်ပွဲဝင်မယ်။

အန်တီမေလည်း နေမကောင်း၍ ရန် ဒေါသတွေကို ချုပ်ထိန်းပြီး ပြန်လာခဲ့သည်။

❋◆❋

အခန်း ( ၁၇ )

ရန် အရက်တွေ အရမ်းမူးလာသည်။ ထုံးစံအတိုင်း မိုးထက်မြင့်ကို ရစ်ရမယ်။ မိုးကြောင့် ... ရန်ဘဝမှာ အကောင်းဆုံးကိစ္စနဲ့ လွှတ်ခဲ့ရတယ်။ သံယောဇဉ်တွေ အချစ်တွေလည်း ဆုံးရှုံးခဲ့ရတယ်။

စင်ကိုတော့ ရန် လုံးဝမစွန့်လွှတ်နိုင်။ မိုးဆီက ပြန်တောင်းရမယ်။ သူချစ်မြတ်နိုးရတဲ့ မိန်းကလေးက သူ့ကိုအမုန်းဆုံး ဖြစ်နေသည်။

"ရန်အမှားတွေပါ ... စင်ဘက်က လုံးဝမမှားပါဘူး၊ လောကကြီးထဲမှာ ရန် ပေါ့ပျက်ပျက်နေခဲ့တာ ယောကျာ်းဖြစ်ပြီး သတ္တိမရှိတဲ့အလုပ်တွေ လုပ်ခဲ့မိတာ ကိုယ့်အမှားတွေပဲ"

သူတိုက်ကြီးထဲဝင်လာတော့ ခြေလှမ်းတွေက မမှန်ချင်။ မာမီကိုယ်တိုင်က သူအရက်သောက်ပြီး မိန်းကလေးတွေနှင့်ရှုပ်ပွေနေတာကို ကျေနပ်စွာ လက်ခံနေသည်။

"သားကြီးက လိမ်မာတယ် ... သားငယ်က ဆိုးတယ်၊ စည်း



www.burmeseclassic.com

www.burmeseclassic.com



မရှိ ကမ်းမရှိ နေချင်သလိုနေတယ်”

မာမီ့စကားတွေ သူကြားခဲ့ရတာ နှစ်တွေကြာပြီ။ သားကြီးကို ဘာဖြစ်လို့ ကြောက်နေရတာလဲ။ သားကြီးက ဘာမို့လို့လဲ။ သူ့ချစ်သူ ဖြူဖြူစင်စင်ကို လုယူသွားတာတော့ ရန် နည်းနည်းလေးမှ ခွင့်မလွှတ်နိုင်ပေ။ သူ့ရဲ့သိုင်းကွက်နင်းလာတဲ့ ခြေလှမ်းတွေက မိုးအခန်းဝမှာ ရပ်သွားသည်။

“မိုး ... ဟေ့ကောင် မိုးထက်မြင့် ... နာမည်ကိုက အပေါ်မှာပဲ ... ငါက ရန်မခ ... နာမည်နဲ့က လုံးဝဆန့်ကျင်ဘက်၊ မိသားစုတစ်စုလုံးက ရန်ရှာနေတာလေ ... ရန်တွေခနေတာ ...”

ရန် အပြင်ကနေ အော်ဟစ်နေသည်။ မိုး စိတ်ရှုပ်ထွေးမိနေ၏။ မိသားစုနှင့် အဆင်ပြေပြေနေထိုင်ဖို့ စိတ်ကူးရှိနေကာမှ ရန်ဒီကောင် ဘာလာရစ်ပြန်ပြီလဲ။ ပြဿနာ မဖြစ်ချင်၍ မိုး တံခါးဖွင့်ပေးလိုက်သည်။

“ရန် ... မင်း ဘာလာရစ်ပြန်ပြီလဲ၊ အေးအေးဆေးဆေး ပြန်သွားပါ ...”

“မပြန်ဘူးကွာ ... မင်းကို မေးစရာရှိလို့ လာတာပဲ”

“မေး ... ဘာမေးမှာလဲ”

“ဖြူဖြူစင်စင်နဲ့မင်း လက်ထပ်တော့မယ်ဆိုတာ ဟုတ်လား”

“ဟုတ်တယ်”

“ဘာ ...”





“ဘာဖြစ်လို့လဲ ရန် ...”

“မင်းတို့လက်ထပ်ပွဲကို ငါသဘောမတူဘူး၊ စင်ကို မင်းလက်မထပ်ပါနဲ့ကွာ ... ငါ့အရမ်းချစ်မြတ်နိုးတဲ့ မိန်းကလေးဖြစ်နေလို့ပါ မိုးရာ”

ရန့်စကားကြောင့် မိုးတော်တော်လေး စိတ်ပျက်ရသည်။ မိုးအဖေရဲ့ သံယောဇဉ်ကိုလည်း ရန်လုယူသွားတယ်။ အခု ... သူ လက်ထပ်မယ့် ဇနီးလောင်းကိုလည်း လာလုနေတယ်။ မင်း လွန်နေပြီ ရန်မခ။

“စင်ကို ငါက မင်းထက်အရင်ချစ်တယ်လို့ ပြောခဲ့တာ၊ ငါ အရယူဖို့ ကြိုးစားခဲ့တာကွ ... မင်းက လုယူခဲ့တာပဲ ...”

“ရန် ... မင်းပြန်ထွက်သွားပါ၊ ငါ ပြဿနာမဖြစ်ချင်တော့ဘူး ... ငါ့ဒက်ဒီ စိတ်ထိခိုက်ရမှာ ငါမလိုလားလို့ဘဲ ...”

“ဒါဆိုလည်း ပြဿနာတွေ ထပ်မဖြစ်ရအောင် ငါချစ်ရတဲ့ စင်ကိုပြန်ပေးပါ ... စင်ကိုတော့ ပြန်ပေးပါကွာ၊ ငါသေလိမ့်မယ်ကွ၊ မင်းက အစစအရာရာ ငါ့ထက်အသာစီးရနေတာပါမိုး ...”

“မပေးဘူးကွာ ... စင်ကိုငါ လက်ထပ်မှာ၊ မိဘတွေကိုတောင် ငါပြောပြီးပြီ ... စင်က မိဘတွေအသိပေးပြီးရင် လက်ထပ်မယ်”

“မင်း ... စင်ကိုမချစ်ပါဘူး၊ မင်းက အတ္တကြီးတယ်၊ မင်း စင်ကို ဘယ်လောက်အထိ တန်ဖိုးထားပြီး ချစ်နေနိုင်မှာလဲ ... မင်း မချစ်ပါဘူး။ ငါနဲ့တွဲလို့ မင်းအနိုင်ယူပြတာ ... လုယူချင်တာ”



www.burmeseclassic.com

www.burmeseclassic.com



"ရန် … မင်းနဲ့မဆိုင်ဘူး၊ မင်းပြောတာတွေလည်း လုံး၀မဟုတ်ဘူး … ဒါက ငါ့ကိစ္စပဲ … စင်ကိုယ်တိုင်က မင်းကိုမရွေးဘူးလေ၊ မင်းကို စင်က ပတ်သက်ချင်တာမှ မဟုတ်တာဘဲ … "

"ဘာ … ဘာဖြစ်လို့ မပတ်သက်ချင်ရမှာလဲကွ၊ စင်ဗိုက်သား ဝင်းဝင်းလေးပေါ်မှာ မှဲ့အနက်လေးတစ်လုံး ရှိနေတာတောင် ငါသိတယ်"

"ဘာပြောတယ် ရန်မခ … "

"မင်း မေးကြည့်လေ … လှန်ကြည့်ကွာ၊ မင်း … သိလိမ့်မယ် … ဒါဆို စင်နဲ့ငါ ဘယ်လောက်အထိ ရင်းနှီးပတ်သက်နေခဲ့လဲ"

"ရန် … မင်း … မင်း … "

"ခွပ် … "

"အား … "

"ခွပ် … ခွပ် … "

"ထိုးကွာ … မင်းကြိုက်သလောက် ထိုးစမ်းပါ၊ ဒါပေမဲ့ … မင်း စင်ကိုတော့ စွန့်လွှတ် … "

"မစွန့်လွှတ်ဘူးကွာ … စင် ဘာပဲဖြစ်ဖြစ် ငါလက်ထပ်မယ် မင်း ဘယ်တော့မှ မရစေရဘူး … "

ဒီတစ်ခါတော့ ဒေါ်သတကြီးနှင့် မိုးရင်ဘတ်မှ အင်္ကျီစကိုဆွဲယူပြီး လက်သီးနှင့်ထိုးဖို့ ရန် ရွယ်လိုက်စဉ် မာမီရောက်လာသည်။

"ရန်မခ … မင်းဘာလုပ်တာလဲ … သားကြီးကိုမထိနဲ့"

ဆူဆူညံညံအသံကြောင့် ယောကျ်ားမသိအောင် ထလာခဲ့ပြီး





သားကြီးအခန်းမှ ဖြစ်နေ၍ပိုမိုစိတ်ပူပန်သွားရကာ အခန်းထဲ ပြေး၀င်သွားတော့ သားကြီးမိုးထက်မြင့် အင်္ကျီစကိုဆွဲပြီး ထိုးမယ်ပြင်နေတဲ့သားငယ်ကို တွေ့လိုက်ရသည်။ ဒေါ်တာတာ့ မျက်လုံးတွေပြာဝေမှောင်မိုက်ရ၏။ အတင်းအကြပ် ဝင်ဆွဲရင်း သားငယ်အားပါးရိုက်ပြစ်လိုက်သည်။

"ဖြန်း"

"မင်း ဘာလုပ်တာလဲ လူမိုက် … ဘယ်လောက်ပဲ ဆိုးမဆိုးမ ရိုင်းတယ် … မလိမ်မာဘူး"

သားငယ်အား သေသေချာချာကြည့်လိုက်တော့ နှုတ်ခမ်းထောင့်မှ သွေးတွေစီးကျနေသည်။ ဘယ်လိုဖြစ်ကြတာလဲ။ တစ်ယောက်နှင့်တစ်ယောက် မသင့်မြတ်ကြပေမယ့် ထိုးကြိတ်ရန်ဖြစ်တဲ့အထိတော့ မဖြစ်ခဲ့ကြပေ။ ဖြူဖြူစင်စင်ကြောင့်လား။

"ထွက်သွားကြပါ … ကျွန်တော့်ကို လာမနှောက်ယှက်ကြပါနဲ့ဗျာ … သွားကြပါတော့ … "

"မာမီ တောင်းပန်ပါတယ် မိုးရယ် … မာမီ့သားရန်က လွန်တာပါ … မာမီ ဆုံးမပေးပါ့မယ်"

သူ ရှေ့မှထွက်လာတော့ မိုးကို ဒူးထောက်ရှိခိုးတော့မတတ် အခါခါတောင်းပန်နေရတဲ့ မာမီက ပြေးလိုက်လာပြီး သူ့လက်အား ဆောင့်ဆွဲ၍ သူ့အခန်းထဲ တွန်းပို့သည်။

"မင်း … မင်း … တော်တော်ယဉ်ကျေးမှု မရှိတာဘဲ ရန်အေခ၊



www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းထဲအထိ မင်းဘာသွားလုပ်တာလဲ ... ငါသိတယ်၊ သားကြီးက ရန်မရှာဘူး ... ”

“တော်ပါတော့မာမီ ... ကျွန်တော့်ကို အပြစ်တင်ရှုံ့ချတဲ့ စကားတွေ ဆက်မပြောပါနဲ့တော့ ... မကြားချင်လို့ပါ။ ကျွန်တော် ချစ်မြတ်နိုးရတဲ့ မိန်းကလေးကိုမှ လာလုတာတော့ လုံးဝမတရားတာဘဲ”

“ဘာပြောတယ် ရန်မခ ... ”

“ကျွန်တော် ဖြူဖြူစင်စင်ကို အရမ်းချစ်တယ် ... စတွေ့ထဲကပါ။ ကျွန်တော် လမ်းမှားပေါ်လျှောက်နေခဲ့တာကို လမ်းမှန်ပေါ် ပြန်တင်တည့်မတ်စေတဲ့ မိန်းကလေးပါ”

ဒေါ်တာတာ ရင်ဝကိုဖိ၍ သားငယ်ရဲ့ ခုတင်ပေါ်ထိုင်ချပြစ်လိုက်ရသည်။ အမလေး ... သေပြစ်ချင်လိုက်တာ။ ပြဿနာတွေက မအေးငြိမ်းနိုင်တော့ဘဲ အတောမသတ်အောင် မီးတောက်တွေ လောင်မြိုက်နေတော့မှာပါလား။ ဆိုးဝါးလွန်းတဲ့ ကံကြမ္မာတွေရယ်။ မိန်းကလေးတစ်ယောက်ထဲကိုမှ သားနှစ်ယောက်လုံးက ချစ်နေကြသည်။

“မာမီ ... သားတောင်းပန်ပါတယ်၊ စင်နဲ့မိုးကတော့ မဖြစ်ဘူး၊ မိုးကြောင့် စင်ဘဝတစ်လျှောက်လုံး စိတ်ဆင်းရဲချင်းတွေ သောကအပူမီးတွေ ခိုင်းပြီး ဖြတ်သန်းရတော့မှာပါ”

“မင်းဆက်မပြောနဲ့တော့ ရန်မခ ... အဓိပ္ပါယ်မရှိတာတွေ မိန်းကလေးကိုယ်တိုင်က သားကြီးကိုရွေးချယ်ခဲ့တာလေ၊ မာမီ





သိတယ် ... ဖြူဖြူစင်စင်က မင်းကိုမချစ်ဘူးဆိုတာ မိတ်ဆွေအဖြစ်နဲ့တောင် ပတ်သက်ချင်ပုံမှမရတာ၊ မင်းစွန့်လွှတ်လိုက် ... ”

“မာမီ ... ရန်ကို ငယ်ငယ်လေးထဲက မိုးထက်သာသွားမှာကြောက်နေလို့ သားဘဝတစ်ခုလုံးကို အနစ်နာခံ ဆုံးရှုံးခဲ့ရပေမယ့် သားကျေနပ်ပါတယ် ... ဒါပေမဲ့ ... စင်ကတော့ မဖြစ်ဘူး၊ သားစင်ကို ပိုင်ဆိုင်ခွင့်လေးတော့ပေးပါ ... စင်က ကျွန်တော့်ရဲ့ အတွင်းရေးမှူး အလုပ်ကနေ ထွက်လိုက်ပြီ၊ မိုးထက်မြင့်ကြောင့်ပဲ မာမီရယ် ... ရန်ကို ကယ်တင်ပေးပါ”

“မရဘူး ... သားကြီးမိုးဘက်က မှန်နေတာပဲ ကောင်မလေးကိုယ်တိုင်က ကြည်ကြည်ဖြူဖြူ လိုက်လာခဲ့တာပဲ ... လုံးဝပြဿနာမရှာနဲ့၊ ဘာပဲဖြစ်ဖြစ် သားကြီးကျေနပ်အောင် လုပ်ရမယ် ... မင်းလွန်နေတာ မာမီပြောထားပြီးပြီနော် ... မင်းမှာက ရွေးချယ်စရာ မိန်းကလေးတွေ အများကြီးပဲ၊ သားကြီးမိုးက သူ့ဒက်ဒီကိုရော စီးပွားရေးလုပ်ငန်းတွေရော မင်းလက်ထဲ အပ်ထားခဲ့တာပဲ”

“ကျွန်တော် တခြားဘာအမွေမှမလိုချင်ဘူး မာမီ ... ရယူဖို့လည်း လုံးဝစိတ်ကူးမရှိပါဘူး၊ ကျွန်တော့်စိတ်ရင်းပဲ ... မိုးကို ပြန်ပေးပါ့မယ်၊ ကျွန်တော့်အတွက် တန်ဖိုးအထားရဆုံး အလိုအပ်ဆုံးက ဖြူဖြူစင်စင်ပါ ... ”

“မင်း အသိရှိစမ်းပါ ရန်မခ ... မာမီဆုံးဖြတ်ပြီးသွားပြီ၊ မိန်းကလေးဆန္ဒက အဓိကဖြစ်နေတယ် ... မင်းကိုရွေးချယ်လို့လား၊ တော်ပြီ ... ငါဆက်မပြောချင်တော့ဘူး၊ မေ့ပစ်လိုက်တော့၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်သင့်တာက ဒေဝီခင်ပဲ ... မင်းကို ချစ်နေတာလေ၊ လိုလိုလားလား မိန်းကလေးဖြစ်ပေမယ့် အရှက်သိက္ခာကို မကြည့်ဘဲ မင်းကို လက်ထပ်ခွင့်တောင်းနေခဲ့တာလေ ... "

"မာမီ ... ဟို ... သားပြောတဲ့စကားတွေကို နားထောင်ပေးပါ"

"မင်းအကျင့်စရိုက်တွေကိုပြင်တော့ ... မင်းရဲ့အမူအကျင့်တွေကြောင့် မိန်းကလေးအထင်သေးနေတာလေ ... မိုးမှာ အပြစ်မရှိဘူး"

သားငယ်ရန်အား ဆက်မပြောချင်တော့ဘဲ အခန်းထဲကနေထွက်လာခဲ့သည်။

မိမိအိပ်ခန်းထဲရောက်တော့ သားငယ်ကို ရိုက်ခဲ့မိတဲ့ မိမိလက်ဝါးပြင်ကို နာကျင်မုန်းတီးစွာ ကြည့်မိခဲ့၏။ သားငယ် အပေါ် အမြဲရက်စက်နေခဲ့တာ အမေသိပါတယ်ရန်။ မင်းကို စိတ်ဓာတ်တွေ ယိမ်းယိုင်ပျက်ပြားစေဖို့ မာမီလုပ်ခဲ့တာလည်း အမှန်ပါပဲ။ မာမီ သတ္တိကြောင်နေခဲ့တာပါ။ မာမီနှလုံးသားတွေ ဘယ်လောက်အထိ နာကျင်ကြေကွဲနေရလဲ မင်းသိရဲ့လား သားငယ်။

အိပ်ရာပေါ်မှာ အိပ်ဆေးသောက်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာက ကိုသော်ထက်ပင်။

"မောင်ရယ် ... တာတို့မှားနေပြီထင်တယ်၊ သားနှစ်ယောက်လုံးရဲ့ဘဝက အပျော်တွေ ဆိတ်သုန်းပျောက်ကွယ်သွားခဲ့ကြရတာ တာတို့ကြောင့်လားဟင် ... "





ကိုသော်ထက်ကတော့ ကျန်းမာရေးမကောင်းသဖြင့် အခုတလော ဆေးတွေသောက်နေရသည်။

"မင်းက သားငယ်ကို အရမ်းဖိနှိပ်ထားတာ မှားတယ်တာ၊ သားကြီးအတွက်ကတော့ တွေးပေးတာ လုပ်ဆောင်ပေးခဲ့တာမှန်နေပေမယ့် သားငယ်က မြေဇာပင်လေး မဖြစ်သင့်ဘူးကွ"

မောင်ပြောခဲ့တဲ့စကားတွေက အမှန်တွေဆိုတာ သားငယ်ဘဝက တဖြည်းဖြည်း လမ်းမှားပေါ်လျှောက်နေခဲ့တော့မှ ဒေါ်တာတာသိလိုက်ရသည်။

မိမိအမှားတွေကြောင့်ပါ။ သားငယ်က မြေဇာပင်နုနုလေး။ အမှားတွေကို ပြင်ဆင်ဖို့ဆိုတော့လည်း နောက်ကျသွားပြီ ထင်တာရော၊ သတ္တိမရှိတာရော၊ သားကြီးမိုးကိုပဲ အနိုင်ပေးချင်တာရော ရှုပ်ထွေးကာ တွန့်ဆုတ်နေခဲ့သည်။

"စင် ... မင်းဘာထိုင်လုပ်နေတာလဲ မအိပ်သေးဘူးလားဟင် ... မင်း ငိုနေတာလား"

ဦးသော်ထက် လန့်နိုးလာတော့ သူ့ဇနီးတာတာက စားပွဲပေါ်မျက်နှာမှောက်ချ၍ ငိုကြွေးနေသည်။ ကြိတ်ပြီးမျက်ရည်တွေကျနေကြောင်း တွေ့လိုက်ရ၏။ အိပ်ရာကနေ လူးလဲထတော့ တာတာ မထဖို့ သတိပေးရင်း မိမိအနား ပြေးကပ်လာသည်။

"မောင်က နေမကောင်းသေးဘူးလေ ... အားတွေအရမ်းနည်းနေသေးတယ် ... မထပါနဲ့ အိပ်ပါ ... "

"တာတာ ... မင်းဘာဖြစ်နေတာလဲ ... သားငယ် ရန်ပြန်



www.burmeseclassic.com

www.burmeseclassic.com



မလာသေးဘူးလားကွာ၊ မင်း စိတ်ပူနေတာ မဟုတ်လား ... ဖုန်းရော ပိတ်ထားပြန်ပြီလား၊ မောင့်ကို အမှန်အတိုင်း ပြောပြစမ်းပါ။ မင်းတစ်ယောက်ထဲ ကြိတ်မှိတ်မခံစားပါနဲ့ ... မောင်တို့က အသက်ကြီးပြီလေ ... မျှဝေခံစားသင့်ပါတယ်"

ကိုသော်ထက်လည်း သိသင့်သည်ဟု တာ ထင်မိသည်။ သားနှစ်ယောက်ရဲ့ ပဋိပက္ခဖြစ်နေခဲ့၏။ နှစ်ယောက်လုံး တိုင်ပင်ဆွေးနွေးသင့်သည်။

"မောင် ... "

"ပြောပါ တာတာ ... "

"သားနှစ်ယောက်လုံးက ဖြူဖြူစင်စင်ကို ချစ်ကြိုက်နေကြပြီ၊ လက်ထပ်ဖို့ ကြိုးစားနေကြတယ်"

"ဒါလား ... ကိုယ်လည်း ရိပ်မိနေခဲ့ပါတယ်ကွာ၊ မင်းက ဘာဖြစ်လို့များ ဒီလောက်အထိ ဝမ်းနည်းကြေကွဲနေရတာလဲ"

စောစောက သားနှစ်ယောက်ရဲ့အဖြစ်အပျက်တွေကို ပြောပြလိုက်သည်။

"ဒီလောက်အထိတောင် ဖြစ်ကြတာလား ... အဓိက ဆုံးဖြတ်ရတာ မိန်းကလေးရဲ့ရွေးချယ်မှုပဲလေ"

"မိန်းကလေးက သားကြီးကိုပဲ ရွေးချယ်မှာပဲလေ မောင်"

ဦးသော်ထက်လည်း ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားရသည်။ သားငယ်ရန်လည်း မမှားပါဘူး။ သားကြီးမိုးကလည်း ဖြူဖြူစင်စင်ကိုမှ ချစ်မိပြီး လူပတ်ဝန်းကျင်နှင့်နီးစပ်မှု ရခဲ့ခြင်းဖြစ်၏။





အမှားအမှန်ကို ဆုံးဖြတ်သင့်တာက ဘယ်သူလဲ။

"မောင်တို့ အဖြစ်မှန်တွေကို ပြောပြသင့်တဲ့အချိန်ကို ရောက်လာပြီထင်တယ် တာရယ် ... "

"အဖြစ်မှန် ဟုတ်လား ... ပြောဖို့မဖြစ်သေးပါဘူးမောင်၊ ဘာဖြစ်လို့လဲဆိုတော့ သားကြီးလက်ခံပါ့မလား ... ပိုပြီး ခံစားသွားမလား။ စဉ်းစဉ်းစားစား လုပ်သင့်တယ် ... တာကတော့ သားကြီးထပ်ပြီး စိတ်ခံစားမှုဒဏ်ရာတွေ မရစေဖို့ဘဲ"

အတိတ်ကဖြစ်ရပ်တွေကို ဖွင့်ပြောပြဖို့ ဒေါ်တာတာ ဝန်လေးနေခဲ့ရသည်။ မိမိတို့ရဲ့ ရှုပ်ထွေးမှုတွေပဲ ပြန်ပြောပြရမှာက သားတွေ။ ပို၍ပြဿနာတွေ ရှုပ်ထွေးသွားမှာ စိုးထိတ်ကြောက်ရွံ့နေသည်။

*◆*

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၈ )

"ညည်း ... ရန်ကို ဘာဖြစ်လို့ မခြေမင် ဆက်ဆံနေရတာလဲ စင် ... ဒီကလေးက လူကြီးမိဘကို ဘယ်လောက်ရိုသေလဲ၊ သိတတ်တယ်"

"သူက အစအနောက် သန်ပြီး ဘာကိုမှ အလေးအနက်ထားတတ်သူလည်း မဟုတ်ဘူးမေမေ ... စင်က ယောက်ျားဆိုရင် တိကျလေးနက်မှုရှိမှ ကြိုက်တာ ... လူကြီးလူကောင်းလည်း ဖြစ်ရမယ်၊ ရန့်မခက သမီးမနှစ်သက်ဆုံး အမူအကျင့်တွေပဲရှိတယ်"

"ဟဲ့ စင် ... ပျော်ပျော်ရွှင်ရွှင် နေထိုင်တတ်တာပါ၊ မေမေ့အထင်တော့လေ တာတာက နှိမ်ထားတယ်ထင်တယ်၊ လင်ပါသားကိုပဲ အကောင်းပြောနေတယ်"

"ကိုမိုးထက်မြင့်ကလည်း တော်တာကိုး မေမေရဲ့ ... "

"ညည်းက ဘယ်လိုလုပ်သိသွားရတာလဲ ... မေမေတော့ သဘောမကျပါဘူးအေ ... တည်တည်ကြီးနဲ့ အေးစက်စက် အိမ်





ထောင်ရေးမှာ သူချစ်ကိုပဲရှာရတယ်စင်၊ မေမေ ပြောထားပြီးပြီနော်၊ ရန်နဲ့ပဲ သဘောတူတယ် ... တခြား ဘယ်လိုလူနဲ့မှ သဘောမတူဘူး၊ တာတာနဲ့ လူကြီးချင်း စကားပြောရမယ်"

"မေမေနော် ... စင်ကို အသိမပေးဘဲ ဘာမှမလုပ်နဲ့၊ သူ့ကို စင်မကြိုက်ဘူး ... သူ့အမေတောင် သူ့ကိုအမြင်ကြည်လင်တာမှ မဟုတ်တာ"

"ဘာပဲဖြစ်ဖြစ် မေမေက ရန်ကိုပဲ သမက်ရွေးပြီးသားနော် မိစင် ... မေမေ့ဆန္ဒကိုတော့ ဆန့်ကျင်မယ်လို့ မစဉ်းစားနဲ့၊ ရန်နဲ့ အဆင်ပြေအောင်နေ ... ရန်ပဲ မေမေ့သမက်လောင်းအဖြစ် ရွေးချယ်တယ် ... ဒါပဲ ... "

မေမေကလည်းလေ စင်နဲ့ပေါင်းရမယ့်ဟာ စင်ရွေးချယ်မယ်ဟု ပြောပြစ်ချင်ပေမယ့် မေမေ သွေးတိုးနေ၍ မပြောခဲ့တော့။ ဖေဖေကလည်း နယ်မှာ တာဝန်ကျနေသည်။ ဖေဖေက စင်ဘက်က။ ဘယ်လိုလုပ်ရမလဲ။ ကိုကိုက စင်မေမေကို ဖွင့်ပြောပြလိုက်ဖို့ အသေအချာမှာထား၏။ မေမေက ရန့်မခပဲတဲ့။

"ရန်ပဲနော် ... ညည်း လက်ခံရမယ်၊ ညည်းကို ရန်က အရမ်းချစ်မြတ်နိုးတာ မေမေ သိနေလို့ပါ ... ညည်း ဘဝတစ်သက်တာလုံးအတွက် အသင့်တော်ဆုံးပဲဟဲ့ ... ရန်ကုမ္ပဏီကနေ မထွက်နဲ့နော်"

မေမေ့ကို တုန့်ပြန်ပြောမနေတော့ဘဲ စင် ထွက်လာခဲ့သည်။ အလုပ်ကထွက်မယ်။

စင်ဘဝမှာ ကိုကိုပဲ အရေးကြီးတာပါ။ စင် ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



အထိ ရှုံးရှုံးသွပ်သွပ် မြှော်လင့်ထားခဲ့ရလဲ။ ရန်မခနဲ့စင် ဘယ်လိုလုပ်ပြီး ပျော်နိုင်ပါ့မလဲ။ လူရုပ်လူပွေ မိန်းမကိစ္စလည်း ရှုပ်သေးတယ်။ မေမေက ဘာသိလို့လဲ။ ရန်မခကို လက်ထပ်မှ တစ်သက်လုံး ဒူးနဲ့မျက်ရည် သုတ်နေရမှာသေချာသည်။

စင် ဆုံးဖြတ်လိုက်ပြီ။ ရန်မခဆီ မသွားတော့ဘဲ သွားစရာနေရာကလည်းမရှိ၍ ကိုကို့ဆီ ဖုန်းဆက်မိသည်။

"ကိုကိုလား စင်ပါ … အခုတစ်ယောက်ထဲလမ်းမှာလေ၊ ကိုကို့ကုမ္ပဏီကို လာခဲ့ရမလား"

"မလာနဲ့စင် … ဝန်ထမ်းတွေက ဝိုင်းနောက်ပြောင်ကြလိမ့်မယ်၊ ဒီမှာ ကိုကို အလုပ်တွေရှုပ်နေတယ် … မင်းကိုလည်းတွေ့ချင်တယ်၊ ပြောစရာရှိလို့ … ဒါပေမဲ့ … မင်းမလာခဲ့နဲ့ အိမ်မှာပဲနေလေ"

"ဟို … ဟိုလေ … "

"ဒါပဲနော်စင် … ဖုန်းချလိုက်ပြီ၊ ကုမ္ပဏီမှာ အရေးပေါ်အစည်းအဝေးရှိနေတယ် မအားဘူး … "

ကိုကိုက ဖုန်းပိတ်သွားသည်။

မေမေက ရန်မခကုမ္ပဏီကို အတင်းသွားခိုင်းနေလို့ဟုမပြောလိုက်ရဘူး။ စင် ဘယ်ကိုသွားနေရမလဲ၊ ကိုကိုကလည်းလေတကယ်ပါပဲ … စင်ပြောနေတဲ့စကားကိုတောင် ဆုံးအောင် နားမထောင်ဘူး။ မေမေက တစ်မျိုး … အချစ်ရေးထက် ကိုကို့ကုမ္ပဏီကိစ္စတွေကပဲ အရေးကြီးနေတာလား။

စင် တစ်ယောက်ထဲ ထိုင်ပြီး ငိုပစ်ချင်လာသည်။





"ဟော့ကောင်မလေး … အရမ်းချောတယ်၊ တစ်ယောက်ထဲထပ်တွေ့ပြန်ပြီ … မင်းနဲ့ကိုယ်တို့က ရေစက်ရှိကြတယ်ထင်တယ်"

စင် တစ်ယောက်ထဲ ယောင်လည်လည်နှင့်ဘယ်သွားရမှန်းမသိ ရပ်နေတုန်း ကားမှတ်တိုင်မှာတွေ့ပြီး နောက်ပြောင်နေကျကောင်တွေနှင့် ဆုံမိသွားသည်။

သေချင်တာပဲ … စင် ခေါက်ထီးရှိုးကို ကိုင်ထားပေမယ့်တကယ်တမ်းကျတော့ ကြောက်ဒူးတွေပင် တဆတ်ဆတ်တုန်ယင်ချင်နေ၏။ ပြေးပေါက်ကမရှိ။ ကောင်တွေက စင်နှင့်ရွယ်တူတွေဖြစ်ကြပေမယ့် အရက်တွေသောက်ထားကြပုံပင်။ စင် ဘာမှပြောမနေတော့ဘဲ မှတ်တိုင်မှာထိုးရပ်လာတဲ့ ဘတ်စ်ကား တစ်စီးပေါ် ပြေးတက်လိုက်တော့ အကောင်အုပ်စုထဲမှ တစ်ယောက်က တက်လိုက်လာသည်။

"မင်း ပြေးလို့မရဘူးလေ … အေးအေးဆေးဆေးနေနော်၊ ပြဿနာမရှာနဲ့"

သူက စင်အနား အတင်းအကြပ်တိုးကပ်ဖိထားရင်း တိုးတိုးလေးခြိမ်းခြောက်နေသည်။ စင် မလှုပ်ရဲ။ ပတ်ဝန်းကျင်ကိုလည်းအကူအညီမတောင်းရဲ။ သူ့မျက်လုံးတွေက ရဲတောက်ကာ စင်ကိုတစ်ခုခုလုပ်တော့မည့်ပုံပင်။ ကြောက်လာသည်။

"စင် … မင်းတစ်ယောက်ထဲလား … ကုမ္ပဏီသွားမလို့လား၊ ရှေ့မှတ်တိုင် ဆင်းရအောင်လေ … "

"ဟင် … ရန်မခ … "



www.burmeseclassic.com

www.burmeseclassic.com



"လာ ..."

ဘယ်ကနေဘယ်လို ရောက်လာမှန်းမသိတဲ့ ရန်မခက သူ့မလက်ကိုဆွဲပြီး သူ့ရင်ခွင်မှာ အပ်ထားသည်။ အမလေး တော်ပါသေးရဲ့။ စင်လည်း ဘာမှစဉ်းစားမနေတော့ဘဲ သူ့ရင်ဘတ်ကိုမှီ၍ ကားပေါ်မှဆင်းနိုင်ရန် အပေါက်ဝနား တိုးလိုက်သည်။

"ကိုယ် ... စင် ကားပေါ်တက်သွားတာ တွေ့လို့တက်လာတာပါ"

ရန်က မျက်နှာထားတင်းတင်းနှင့် ရဲစခန်းဖုန်းနံပါတ်ကိုနှိပ်၍ စင်အနားကပ်နေတဲ့ကောင်မြင်အောင် ပြလိုက်တော့ တွန့်ပြီးပြန်ခွာသွားသည်။

"လာ ... ရှေ့မှတ်တိုင်မှာ ဆင်းရအောင်"

"အင်း ... အင်း ..."

ရန်က ကြောက်ကြောက်ရွံ့ရွံ့နှင့် မျက်နှာလေးဖြူရော်နေတဲ့ စင်ကို ဖေးကာရင်း ကားပေါ်ကနေ ဆင်းလာခဲ့သည်။

"ဘယ်လိုဖြစ်ရတာလဲစင် ... မင်း သူတော်ကောင်းကို စော်ကားလို့ အန္တရာယ်နဲ့ရင်ဆိုင်ရတာ ... ကိုယ့်ဆီမလာဘဲ ဘယ်သွားမလို့လဲ"

"ရှင်ကရော ... ဘယ်လိုဖြစ်ပြီး ဘတ်စ်ကားပေါ်ပါလာရတာလဲ"

"မင်းကိုတွေ့လို့ပေါ့ ... ကိုယ့်ကားတောင် ဘတ်စ်ကားဂိတ်နားမှာ ရပ်ထားခဲ့တယ် ... မင်းကိုနောက်ယှက်နေတာ တွေ့လို့လေ၊





ဘတ်စ်ကားနောက်ပေါက်ကနေ တက်လိုက်ခဲ့တာ"

"ဟူး ... တော်ပါသေးရဲ့"

"ကျေးဇူးတင်တဲ့စကားလေးရော ... ထည့်မပြောတော့ဘူးလား"

"နေပါဦး ... စင်နဲ့မချိန်းဘဲနဲ့ ကွက်တိရောက်လာရအောင် ရှင် ဖန်တီးလိုက်တဲ့အကွက် မဟုတ်လား"

"စင် ... မင်းက ကိုယ့်ကိုဆို တော်တော်လေး အထင်သေးတာပဲ ... ကိုယ့်စိတ်ဓာတ်က အဲဒီလောက်အထိ အောက်တန်းမကျပါဘူး"

စင်မျက်ဝန်းအကြည့်တွေက သူ့ကိုမသက်ာတဲ့ပုံရိပ်တွေ လွှမ်းနေဆဲပင်။

သူကလည်း စင်က သူ့ကုမ္ပဏီကို မလာ၍ စင်ကို လာခေါ်ဖို့ မိုးထက်မြင့်ရဲ့ကုမ္ပဏီကို လာခဲ့တာပါ။ တိုက်ဆိုင်မှုကတော့ အံ့ဩစရာပင်။

စင် ဘာပဲပြောပြော ဘယ်လောက်ပဲပုတ်ခတ် စွပ်စွဲနေပါစေ ရန်ကတော့ စင်ကိုခွင့်လွှတ်နေပြီး နှုတ်ခမ်းစုထော်ထော် မျက်ဝန်းတင်းတင်းလေးနှင့် ကျေးဇူးတင်ရမှန်း မသိတဲ့အပြင် သူကပဲ ကြံစည်အကွက်ချ စီစဉ်ထားသလိုလို စွပ်စွဲချင်တဲ့ ဖြူဖြူစင်စင်အား အချစ်တွေအပြည့် ရှုစိုက်ကြည့်မိသည်။

"ဘာကြည့်နေတာလဲ ... ဒီမှာ သေချင်စိတ်တောင် ပေါက်သွားရတယ် ထားလိုက်ပါတော့ ... စင်အလုပ်ထွက်လိုက်ပြီလေ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနဲ့ချိန်းထားတာ သူအလုပ်များနေလို့ ခဏရပ်စောင့်နေတာပါ"

စင်ရယ် ... မိုးထက်မြင့်အကြောင်း ကိုယ်သိပါတယ်။ မိုးက အလုပ်ပဲလေ။ သူ့ရဲ့လုပ်ငန်းတွေ သူ့ဂုဏ်သိက္ခာတွေကို နည်းနည်းလေးမှအထိပါးခံတာမှမဟုတ်တာ။ ရန်ကတော့ စင်ကို သနားကြင်နာမိသွားသည်။

"မင်းက မိုးကိုအရမ်းချစ်တာပါလားစင် ... အင်းလေ ... ဒီကောင်က လူရှိန်အောင် နေထိုင်တတ်တယ်လေ၊ ကိုယ်နဲ့တော့ တခြားစီပဲ မဟုတ်လား"

ရန်မခ ကူညီတာကိုတော့စင်လည်းကြိတ်ပြီး ကျေးဇူးတင်မိသည်။ ဒါပေမဲ့ ... ထုတ်ပြောလို့မဖြစ်ဘူး။ သူကိုယ်တိုင် အကွက်ဆင်ထားတာများလား။ စင် သံသယမကင်းသေး။ ဒီလူက မဟုတ်မဟပ်တွေ ကြံစည်လုပ်ဆောင်တတ်သူ ဖြစ်နေ၏။ စင်နှင့်သူဘတ်စ်ကားဂိတ်ကို ပြန်လျှောက်လာကြတော့ ရပ်ထားတဲ့သူ့ကားလေးက မှန်တွေကွဲနေပြီး မျက်နှာတစ်ခုလုံး စိစိညက်ညက်ကြေနေသည်။

"ဟင် ... ရန်မခ ရှင့်ကားဘယ်လိုဖြစ်ရတာလဲ"

"ကျန်ခဲ့တဲ့ကောင်တွေ လုပ်သွားတာနေမယ်၊ ရပါတယ်ကွာ ဘာမှမမှုလောက်ပါဘူး၊ ဟော့ ... ကိုယ်က မင်းစိတ်ညစ်သွားမှာစိုးရိမ်လို့ မမှုဘူးပြောတာနော် ... မင်း ဒုက္ခရောက်အောင် လုံးဝမလုပ်ဘူး ... မင်းယုံ ... "

သူက ရယ်မောရင်းပြောနေသည်။ စင်နောက် လိုက်တဲ့





ကောင်တွေက ရန်မခနှင့်မသက်ဆိုင်ဘူးဆိုတာတော့ စင်ယုံသွားမိ၏။ သူ့ကား အဖိုးတန်ကြီး ဖျက်စီးခံလိုက်ရတာ မဟုတ်လား။

"ဟော့ ဖြူဖြူစင်စင် ... မင်းအကြည့်တွေက မယုံသင်္ကာနဲ့ မင်းကို ကိုယ်ချစ်တာမှန်တယ် ... လက်လွတ်အဆုံးရှုံးမခံနိုင်ဘူးဆိုတာလည်း မှန်ပေမယ့် မင်းစိတ်ညစ် စိတ်ရှုပ်ထွေးစေမယ့် အပြုအမူတွေ ကိုယ် လုံးဝမလုပ်မိဖို့ ဆုံးဖြတ်ထားပါတယ် ... မင်းယုံပါ"

"အင်း ... ယုံပါတယ်လေ ထားလိုက်ပါတော့ ... အခုစင်တို့ ဘာဆက်လုပ်ကြမလဲ"

"ထားလိုက်ပါ ... ကိုယ့်ကုမ္ပဏီကလူတွေ လာလိမ့်မယ်၊ ကိုယ်ဖုန်းဆက်လိုက်ပါ့မယ် မပူနဲ့ ... မင်းလျှော်ပေးစရာလည်းမလိုဘူး၊ မင်းကရော မိုးဆီသွားမှာလား၊ မိုးနဲ့ဘယ်မှာချိန်းထားတာလဲ မိုးမရောက်မချင်း ကိုယ်အဝေးကနေ မင်းကိုစောင့်နေပေးမယ်"

ကိုကိုနဲ့စင် နေရာအတိအကျ ချိန်းထားတာမှမရှိတာ။ ကိုကို့ဆီ ဖုန်းထပ်ဆက်တော့ ဖုန်းကမအားသေးပေ။ စင် ဘာဆက်လုပ်ရမလဲ။ အိမ်ပြန်လို့လည်း မဖြစ်ပေ။ ကိုကိုနှင့်မတွေ့မချင်း ဒီမှာစောင့်နေဖို့ပဲ ရှိသည်။

"ကိုယ် တောင်းပန်ပါတယ် စင်ရယ် ... မင်းနဲ့မိုး အကြားမှာ ကိုယ်နှောက်ယှက်ပြောဆိုမိတာတွေ မလုပ်တော့ပါဘူး၊ မင်းပျော်နေတာ မြင်ချင်လို့ပါကွာ"

စောစောက ရန်မခရှိနေတာ အကူအညီဖြစ်ခဲ့ပေမယ့် အခုတော့ ကိုကို တွေ့သွားမှာကို စင် စိုးရိမ်လာသည်။ သူ့ကားကိုတော့



www.burmeseclassic.com

www.burmeseclassic.com



တပည့်တွေလာသယ်သွားကြပြီ။ စင်ကိုတော့ တွေ့မသွားအောင် သူကခပ်လှမ်းလှမ်းမှာတွန်းပြီး ကားကိုရပ်ထားလိုက်၏။ ကားက စက်မပျက်ပေ။ စင် စိတ်ရှုပ်စိတ်အိုက်လာသည်။

"ကိုယ့်ကားလဲ သယ်သွားပြီ … မင်းဘယ်လိုလုပ်မှာလဲ၊ မိုးဆီဆက်လေ … ကိုယ်စောင့်ပေးပါ့မယ်၊ အားမနာနဲ့လေ"

စင်လည်း ဘယ်လိုလုပ်တော့မလဲ။ သူမနှင့်ခပ်ဝေးဝေးလေးမှာ စောင့်နေဖို့ပြောတော့ လူမရှိတဲ့ တဲပျက်လေးတစ်ခုမှာ သွားဝင်ထိုင်နေသည်။

သူမလည်း ကိုကို့ဖုန်းအလာကို စောင့်နေရင်း ခြေထောက်လေးပင် ညောင်းလာ၏။ ကိုကို ဘာတွေအလုပ်များနေလဲ။ တာဝန်ကြီးကြီးယူထားရတဲ့သူပဲလေ စင်သည်းခံရမှာပဲ။

စင် နာရီပေါင်းများစွာ စောင့်နေရပြီးမှ ကိုကို့ဆီက ဖုန်းဝင်လာ၏။

စင် ဘယ်မှာရှိနေလဲ ကိုကိုလာခေါ်မယ်တဲ့ စင်ပျော်သွားရပြီး ရန်မခအား ပြန်ရန် ပြောလိုက်သည်။

"ရန်မခ ပြန်လို့ရပြီနော် … ကျေးဇူးပဲ … ကိုကိုလာတော့မယ်တဲ့၊ မြန်မြန် ပြန်တော့ … စင်နဲ့ရှင့်ကို တွေ့သွားရင် ကိုကိုက မသက်မသာ ဖြစ်နေဦးမယ်"

"ကောင်းပါပြီ ဖြူဖြူစင်စင် ကောင်မလေးရယ် … သွားပါပြီ၊ နောက်ထပ်လည်း လုံးဝမနှောက်ယှက်တော့ဘူးဆိုတာ ကတိပေးပါတယ်၊ မိုး တကယ်လာမှာနော် တစ်မျိုးပြောင်းသွားရင်လည်း





ကိုယ့်ဆီ ဖုန်းဆက်"

"အင်းပါ"

သူ အငှားကားပေါ်တက်သွားမှ စင်သက်ပြင်းချနိုင်သည်။ မေမေ ပြောသလိုပဲ သူက စိတ်သဘောထားတော့ ကောင်းပါတယ်။ သူမကို ကူညီတဲ့အတွက်လည်း ကျေးဇူးတင်မိနေခဲ့၏။ ခဏကြာတော့ ကိုကိုကားလေးနှင့် ရောက်လာသည်။

"တက်လေ စင် … ပတ်ဝန်းကျင်က မြင်သွားရင် မကောင်းဘူး"

"ဟုတ်ကဲ့"

ကိုကို့ကားလေးပေါ် စင်တက်လိုက်သည်။ ကားကို ဝေါခနဲမောင်းထွက်လိုက်သဖြင့် စင်ကိုယ်လုံးလေး ယိမ်းထိုးသွားပြီး ရှေ့မျက်နှာစာနှင့်တိုက်မိတော့မလို့ ကိုကိုက ကားကိုပဲ ဂရုတစိုက်မောင်းရင်း လူရှင်းနေတဲ့ စားသောက်ဆိုင်ရှေ့ရပ်ပြီး ရှေ့မှဆင်းသွားကာ ဆိုင်ထဲဝင်သည်။

"ကိုကို သီးသန့်ခန်း မှာထားတယ် … လောလောဆယ်တော့ ပတ်ဝန်းကျင်ကို အသိမပေးချင်သေးဘူးစင်"

"ဟုတ်ကဲ့"

စင်ကတော့ ကိုကို့ရှေ့မှာ မခုတ်တတ်တဲ့ကြောင်လေးတစ်ကောင်လို စိုးရိမ်ထိတ်လန့်နေရတဲ့ ယုန်ဖြူလေးတစ်ကောင်လို ငြိမ်ဝပ်ပိပြားစွာ ကိုကို ဦးဆောင်ရာသို့ ဟုတ်ကဲ့ဆိုတဲ့ စကားလေးတစ်လုံးပဲ ပြောတတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



စားစရာတွေကအစ အဆင်သင့်မှာထားပြီးသား။ စင် အံ့သြပျော်ရွှင်သွားရ၏။ ကိုကိုက စင်ကိုအလေးအနက် ထားသားပဲ။ အခန်းလေးက အေးစိမ့်စိမ့်။ သူမရင်တွေ တဆတ်ဆတ် တုန်ချင်လာရသည်။

"ကိုကို့ကို စင်ပြောပြရဦးမယ် သိလား … ကိုကို့ကို စောင့်ရင်းလေ ပြဿနာတွေဖြစ်ရတယ် … ရန်မခ ရောက်လာလို့ပေါ့"

"ဘာပြောတယ်စင်"

သူမက အလိုက်ကန်းဆိုးမသိတတ်စွာ လမ်းမှာ ကိုကို စောင့်နေတုန်း ဖြစ်ပျက်ခဲ့တာတွေ ပြောပြတော့ ကိုကို့မျက်နှာက ဒေါသအရိပ်တွေ ယှက်သန်းညိုမဲသွားသဖြင့် စင်လည်း ပြောမိတာမှားပြီဟု တောင်းပန်ဖို့ ပြင်လိုက်စဉ် ကိုကိုက ဆတ်ခနဲကြည့်သည်။

"စင် … မင်းနဲ့ရန်က ဘာတွေလဲ … ဟုတ်ရောဟုတ်ရဲ့လားကွား … အကွက်တွေ ဖန်နေတာလား။ မနေ့ညက ရန်ပြောတယ်၊ မင်းရဲ့ဗိုက်သားဖြူဖြူဝင်းဝင်းလေးပေါ်မှာ မှဲ့နက်လေးတစ်လုံးရှိတယ်ဆို"

"ဘာ … ဘာပြောတယ်ကိုကို … "

"မင်းကို သူကစပြီး ချစ်ရေးဆိုခဲ့တာတဲ့၊ တကယ်ရော မင်းမှာမှဲ့ရှိလား"

"အဲဒါလေ … အဲဒါ … ရန်မခက စင်ဆေးခန်းသွားပြတော့ ဆရာဝန်ဟန်ဆောင်ပြီး စင်ကို စမ်းသပ်ဖို့ကြံစည်ခဲ့တာပါ စင်၊ စင်ဗိုက်အောင့်တုန်းကပါ ကိုကို … သူ့သူငယ်ချင်းက စင်တို့အိမ်နဲ့မျက်





စောင်းထိုးမှာ ဆေးခန်းဖွင့်ထားပါတယ်"

စင် ထစ်ထစ်ငေါ့ငေါ့နှင့် ကိုကို ယုံကြည်စေရန် ရှင်းပြနေမိသည်။ ကြည့်စမ်း … လူယုတ်မာ။ ပြောတော့ စင်ကို ဒုက္ခမပေးပါဘူးတဲ့ ပျော်ရွှင်စေချင်တာပါတဲ့လေ။ နောက်ထပ် စင်စိတ်ဒုက္ခရောက်စေမယ့်အလုပ်တွေ မလုပ်တော့ပါဘူးလို့ ကတိတောင်ပေးလိုက်သေးတယ်။

အင်းလေ … လဲသေပြစ်ချင်လောက်အောင် အသေသတ်ဖို့ ထိုးနှက်ထားပြီးပြီပဲ။ ကျွန်မက တစ်သက်တာလုံး စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် ရှင်လုပ်ကြံထားခဲ့ပြီးပြီပဲ ရန်မခ။ သူမရင်ဆိုင်ခဲ့ရတဲ့ ထိတ်လန့်တုန်လှုပ်ဖွယ် ဟိုကောင်တွေရဲ့နှောက်ယှက်မှုကလည်း သူ့ရဲ့လုပ်ကြံမှုပဲ ဖြစ်မယ်။ မုန်းစရာကောင်းလိုက်တာ။

လူယုတ်မာ … ကိုကိုက စင့်ကိုယုံပါတယ်။ ရန် ဘာပြောပြောပါ။ ကိုကိုက မင်းကို လက်ထပ်မယ်ဟုပြောခဲ့ပေမယ့် စင်ကတော့ မျက်နှာပူပြီး ရှက်လည်းရှက်၊ ဒေါသလည်းထွက်၊ ထူထူပူပူကြီးနှင့် အရသာရှိတဲ့ အစားအစာတွေကိုပင် မြိုချလို့မရတော့။ ကိုကို ဘယ်လောက်ပဲ ယုံတယ်ပြောပြော စင် စိတ်ညစ်နေရသည်။

✻◆✻

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

"မေမေ ... ရန်မခကို အထင်ကြီးမနေစမ်းပါနဲ့၊ လူလိမ်လူညာ လူယုတ်မာကြီး ... စင်ဘဝကြီးတစ်ခုလုံးကို တစ်သက်တာလုံး ကျွမ်းထိုးမှောက်ခုံဖြစ်အောင် မွှေခဲ့တဲ့သူပဲ ..."

"ဘာပြောတယ်စင် ... ညည်းကတော့လေ ရန်ကိုဆို အမြဲတမ်း အပြစ်မြင်နေတယ်၊ ရန်က ညည်းကို ချစ်မြတ်နိုးတယ်ဟဲ့၊ မေမေ သိတယ် ..."

"စင်မှာ ချစ်သူရှိတယ် မေမေ ... ကိုကိုမိုးထက်မြင့်ပဲ၊ သမီးတို့ချစ်သူတွေဖြစ်နေကြပါပြီ၊ မေမေ လက်ခံပေးပါ ... ရန်မခက လိုက်နှောက်ယှက်နေတာ၊ ကိုကို့ကိုစိတ်အနှောက်အယှက်တွေ ပေးနေတာ တမင် စင်ကို မချစ်ဘဲ နှောက်ယှက်နေတာပါ"

ရန်မခနှင့်ပတ်သက်တာတွေကို အကုန်လုံး မေမေသိစေရန် ဖွင့်ပြောလိုက်မိသည်။

"ဟုတ်ရဲ့လားသမီးရယ် ... ဒါပေမဲ့လည်း ရန်လေးက လူဆိုးလေးလို့ မေမေ မထင်ဘူး ... သမီးကိုယ်တိုင်က မနှစ်သက်တော့





လည်း မတတ်နိုင်ဘူးလေ၊ မိုးထက်မြင့်ကို လက်ထပ်ပြီးရင် သမီး ပျော်ရွှင်ရမယ်ထင်လား"

စင် အတိအကျတော့ အဖြေမပေးနိုင်။ ကိုကိုက လက်ထပ်မယ်ဆိုတော့ စင် အတောင်းတဆုံးဆန္ဒ ပြည့်ဝခဲ့တာပဲပေါ့။ ပျော်ရွှင်တာ မပျော်ရွှင်တာထက် ကိုကို့ကို ပိုင်ဆိုင်လိုခဲ့သည်။

"အိမ်ထောင်ပြု ဘုရားတည်၊ ဆေးမှင်ရေစုတ်ထိုး၊ ဤသုံးမျိုး ချက်မပိုင်လျှင် နောင်ပြင်ရန်ခက်သည့်အမျိုးတဲ့ သမီးစင်ရယ် ... မေမေတို့မှာ ဒီသမီးလေးတစ်ယောက်ပဲ ရှိတာပါ"

"စင် ကိုကိုနဲ့ပဲ လက်ထပ်မယ်မေမေ ... စင်ဆုံးဖြတ်ချက်ပဲ ... ရန်မခကိုတော့ လုံးဝငြင်းတယ်၊ စင်နဲ့သူ ဘယ်လိုမှမဖြစ်နိုင်ဘူးနော်မေမေ ..."

ရန်မခ နင် တော်တော်အကျင့်မကောင်းတဲ့လူ။ စင်ချစ်သူရှေ့မှာ အရှက်သိက္ခာကျစေမည့် စကားတွေ ပြောခဲ့သည်။ သူ့ကြောင့် ဖြစ်ရတာလေ။ စင်က အရှက်မရှိ လိုက်လှန်ပြနေခဲ့တာလား။ ကိုကိုနှင့်ပင် မျက်နှာချင်းဆိုင်ဖို့ စင်ခက်ခဲရသည်။

"ကိုကိုနဲ့လက်ထပ်ဖို့ပဲ လူကြီးချင်း ညှိနှိုင်းပေးပါမေမေရယ်၊ စင် အဖြစ်ချင်ဆုံးဆန္ဒပါ"

"ကောင်းပြီလေ ... မေမေစီစဉ်ပေးမယ်၊ ကိုကိုက လက်ထပ်ဖို့တောင်းဆိုတာ သမီးကို အရမ်းချစ်လို့ပါ ... သမီးစကားက ဘယ်လောက်အထိ ဆန္ဒပြင်းပြနေလဲဆိုတာ မေမေ သိလိုက်လို့ပါ"

"မေမေရယ် ... စင် ဝမ်းသာလိုက်တာ အရမ်းပျော်သွားပြီ"

စင်ရယ် ... မေမေတော့ စိတ်ပူတယ်။ သမီးအရမ်းချစ်တဲ့ယောကျ်ားတစ်ယောက်ဖြစ်နေလို့သာပေါ့။ မေမေက ရှင့်နဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



သဘောတူခဲ့တာပါ။ သမီးအကြောင်း မိမိအသိဆုံးပင်။ မကြိုက်တာကို လက်ခံမှာမဟုတ်။ မောင်မိုးထက်မြင့်က လူတော်လူကောင်းဖြစ်နေမယ့် လူမှုရေးအရ နားလည်မှုမရှိနိုင်တာက သမီးစိတ်သောက ရောက်နိုင်သည်။

"မေမေနဲ့အန်တီတာ စီစဉ်နော် ... ကိုကိုက ရှက်တတ်တယ်၊ အားလုံးအဆင်ချောမွေ့အောင် စီစဉ်ပေးပါ"

"အေးပါကွယ် ... သမီးလေး ပျော်ရွှင်နိုင်ဖို့ပဲ"

"မေမေ အခုပဲသွားလိုက်နော် ... စင်က ကိုကို့ကို တိကျတဲ့ အဖြေပေးရမယ်လေ"

"အင်း ... အင်း ... မေမေ သွားလိုက်မယ်"

မေမေ အိတ်တလုံးဆွဲပြီး ထွက်သွားသည်။ အဆင်ပြေပါစေ။ စင် မျက်လုံးလေးမှိတ် လက်အုပ်လေးချီပြီး ပါးစပ်ကလည်း ပွစိပွစိနှင့် ကိုကိုနှင့်လက်ထပ်ဖို့ ချောမွေ့ရေး ဆုတောင်းနေမိ၏။ ထိုအချိန်တွင် စင်အနားသို့ ခြေသံတစ်ခု လျှောက်လာသံကြားရပြီး သူမအနားတွင် ရပ်သွား၍ မျက်လုံးတွေ ဖွင့်ကြည့်မိသည်။

"ဟင် ... ရှင် ... ရှင် ... ရန်မခ ... "

"မင်း ဘာတွေဆုတောင်းနေတာလဲ စင် ... ဒီလောက် ဆုတောင်းပြည့်နေတာ ဘာတွေဆုတောင်းနေပြန်ရတာလဲ"

"ရှင်ရောက်လာတာနဲ့အတော်ပဲ ... ပြဿနာရှင်းရမယ်၊ ရှင် ကျွန်မအပေါ် ဘယ်လိုအညှိုးနဲ့ ထိုးနှက်ချင်ရတာလဲ၊ ကျွန်မ ဗိုက်သားပေါ်မှဲ့ရှိတာ ရှင်သိရတာ ... ကျွန်မကြောင့်လား၊ ရှင့်ကြောင့်လား ... ပြော ... "

"ဟာ ... ကိုယ် အရက်တွေမူးပြီးပြောမိတာထင်တယ်၊ အဲဒီ





ညက ကိုယ်အရမ်းမူးနေတယ် ... လူမှန်းတောင် မသိတော့ဘူး၊ ဒါကြောင့် ... ပြောမိတာထင်တယ်"

"ရှင် လာပြီး အကယ်ဒမီရှော့တွေ လာမလုပ်နေနဲ့နော် ... မှင်သေသေနဲ့ လိမ်ညာတဲ့ပညာတွေ ရှင်တစ်ဖက်ကမ်းခပ် ကျွမ်းတာပဲ"

"ကိုယ့်ကိုယုံပါစင် ... မင်းနဲ့မိုးကို ချစ်သူတွေအဖြစ် တွေ့ခဲ့ရလို့ ကိုယ်အရမ်းခံစားရတယ်၊ ပေါက်ကွဲခဲ့ရတယ် ... အရက်တွေ အလွန်အကျွံသောက်ခဲ့ပြီး ပြောမိတာပါ၊ ကိုယ်တောင်းပန်ပါတယ်၊ အဲဒီကိစ္စ ကိုယ်တာဝန်ယူပါ့မယ် ... မင်း ဖြူစင်ကြောင်း မိုးနဲ့ရှင်းမယ် ... ကိုယ် အမှန်တွေကို ပြောပြမယ်"

"ဟွန်း"

စင်ကတော့ သူ့ကိုတွေ့လိုက်သည်နှင့် မျက်စောင်း မီးတောက်တွေနဲ့ ပက်ဖြန်းတော့တာပဲ။ ကိုယ့်ကို ဒီလောက်တောင် မုန်းတီးနေလား စင်ရယ်။ ကိုယ်က မင်းထင်သလို လူယုတ်မာ၊ လူလိမ်တစ်ယောက် မဟုတ်ပါဘူးကွာ။

"စင်"

"ပြော"

"ကိုယ်က အမြဲတမ်း မိုးကို မယှဉ်နိုင်ခဲ့ဘူး ... နိုင်ရင်လည်း အရှုံးပေးရတယ်၊ ကိုယ်က မိုးထက်မသာအောင် မိုးပဲသားလိမ်မာဖြစ်အောင် ကိုယ်နေထိုင်ခဲ့ရတယ်"

"ဟင်"

"ဘာပဲဖြစ်ဖြစ် မာမီကိုယ်တိုင်က သားကြီးမိုးအတွက်ပဲ စဉ်း



www.burmeseclassic.com

www.burmeseclassic.com



စားတယ် … ကိုယ်ကတော့ သားမိုက် လူဆိုး … ပညာတစ်ပိုင်း တစ်စနဲ့အောင်မြင်စေခဲ့တယ်”

“ရန်နော် … ဘာတွေလာပြောနေတာလဲ မဟုတ်တာတွေ ရှင်ဘာပဲပြောပြော စင်ကယုံမယ်ထင်နေတာလား … သနားလည်း မသနားဘူး … ရှင်က လူဆိုးပဲ”

“မင်းပြောချင်တာပြောပါ စင် … ကိုယ်ကတော့ မင်းကို စိတ်မဆိုးဘူး၊ အပြစ်လည်း မတင်ရက်ဘူး … မင်းအမုန်းတွေကို ကိုယ်မခံယူချင်ဆုံးပဲ စင်ရယ် … ”

သူ့မကတော့ နှုတ်ခမ်းလေး စူစူလေးပဲ။ ရန်ကို ပြဿနာ ကောင်အဖြစ်ပဲ မြင်သည်။ ကိုကိုလည်း သနားစရာကောင်းတယ်။ မိထွေးက သားတစ်ယောက်ပါလာသေးတယ်။ ကိုကို့ခံစားချက်က ပိုပြင်းသည်ဟု ထင်သည်။

“အရင်ကဖြစ်ခဲ့တာတွေတော့ ထားလိုက်ပါစင်ရာ၊ နောက် ဆို မင်းနဲ့ကိုမိုးတို့လည်း လက်ထပ်သွားပြီဆိုတော့ ကိုယ်လူကောင်း လုပ်လို့ရပြီထင်တယ်”

“လုပ်သင့်တာကြာနေပြီ … ကိုယ့်ဘဝကို ထူထောင်တာပဲ ဆင်ခြေလက်ခြေတွေနဲ့ အပိုတွေလာပြောမနေနဲ့ … ရှင် ဘာကိစ္စ လာတာလဲ၊ မေမေ မရှိဘူး … အန်တီတာ့ဆီသွားတယ်၊ ကျွန်မနဲ့ ကိုကိုရဲ့မင်္ဂလာကိစ္စ ပြောမလို့ … ”

“မိုးက တကယ်ပဲ မင်းကိုလက်ထပ်တော့မှာပါလား၊ ကိုယ့် မာမီကြောင့် မိန်းမတွေကိုမုန်းနေတာလေ၊ ကိုယ့်မာမီက သူ့ကို အရမ်းချစ်ခဲ့တယ်၊ ထားလိုက်ပါတော့လေ … မိုးကုသိုလ်ကံကို ရန်





ဘယ်မှီမလဲ၊ ကိုယ်လာတာက ဆေးခန်းအတွက် ငွေလာပို့တာ၊ မင်းဆန္ဒအတိုင်း လူတိုင်းကို အခမဲ့ဆေးကုသပေးနိုင်အောင်ပါ၊ ကိုယ် အချစ်ဆုံးမိန်းကလေးနဲ့ တွေ့ခဲ့တဲ့နေရာ၊ ကိုယ့်ဘဝကြီးတစ်ခုလုံး အမိုက်မှောင်ဖုံးနေရာကနေ လင်းလက်တောက်ပနေတဲ့အလင်း ရောင်တွေပေးတဲ့နေရာမို့ ကိုယ်အစွမ်းကုန် ထောက်ပံ့မလို့ပါ”

“ဟွန်း … ကြီးကျယ်ခမ်းနားနေလိုက်တာ၊ ဒီမှာ စင်ကိစ္စ လည်း ကိုကိုအမြင်တွေ ကြည်လင်အောင် ရှင်းပေး … ”

“အိုကေ … အစွမ်းကုန် လုပ်ပေးမယ် … ”

“ဘာလဲ”

“မင်းဆန္ဒတွေ မင်းရဲ့ပျော်ရွှင်မှုတွေအတွက် ကျရာအခန်း ကနေ ကိုယ်တာဝန်ယူပေးပါ့မယ်”

မေမေပြောသလိုပဲ ရန်မခက လူဆိုးလူပေ လူယုတ်မာတစ် ယောက်တော့မဟုတ်ဘူးဆိုတာ စင် နည်းနည်းလေး လက်ခံမိချင် သည်။ စိတ်တော့ မကောင်းပါဘူးရန်ရယ်။ ကိုကိုနဲ့ရန်က စတင် တွေ့ဆုံခဲ့တာလေ။ ကိုကို့ညီတစ်ယောက်အနေနဲ့ မိတ်ဆွေတွေ ယောက်တော့ ဆက်ဆံနိုင်ပါတယ်။

“ကိုယ် … နိုင်ငံခြားမှာ ကုမ္ပဏီသွားဖွင့်မယ်၊ ဒက်ဒီ့ကုမ္ပဏီ ထက်ခွဲလေ … ဒက်ဒီနဲ့မာမီတို့ စိတ်ချမ်းသာရေးပဲ ကိုယ်လုပ်မယ်၊ ဆက်ကြီးကြပြီ … ကိုယ်ပိုပြီး နားလည်သိတတ်ရမယ်လေ၊ ကြာခင် သွားမှာပါစင်ရ … မင်းလည်း မျက်စိနောက်သက်သာ ပြီး မတွေ့မမြင်ချင်ဘူး မဟုတ်လား၊ မင်းကတွေ့ချင်တယ်ဆိုရင် တော့ ဖုန်းဆက်လိုက် … ရောက်ရာအရပ်က ပြန်ပြေးလာမယ်”

“မဆက်ပါဘူး … တွေ့လည်းမတွေ့ချင်ဘူး၊ တစ်သက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပြန်မလာနဲ့"

စင်စကားတွေက နောက်ပြောင်သလိုဖြစ်ရပေမယ့် ရန်နှ သားတွေ စူးရှနာကျင်သွားရသည်။ ယောကျ်ားတစ်ယောက်ဖြစ် ရန်ဘာဖြစ်လို့ မျက်ရည်ဝေ့ဝဲလာရတာလဲ။ စင်ကိုပြန်တော့မယ် လက်ပြနှုတ်ဆက်၍ ထွက်လာခဲ့သည်။

"စင်ရယ် ... မင်းဒီလောက်တောင်ပဲလား၊ ဖြစ်သင့်ပါတ မင်းနဲ့မိုးက ကိုယ်အရင်တွေ့ဆုံခဲ့ကြပြီး ရင်းနှီးကျွမ်းဝင်ခဲ့ကြတ ကွာ ... တကယ်တော့ မိုးက ကံမဆိုးပါဘူး၊ ကံကောင်းသူ အကောင်းဆုံးတွေအားလုံး မိုးပဲပိုင်ဆိုင်ထားသွားနိုင်တာလေ"

ရန်ကားပေါ်တက်ပြီး မောင်းထွက်လာခဲ့သည်။

သူလက်ထပ်ယူသင့်တာ ဒေဝီခင်လားပဲ။ အတွေးနှင့် ခေါင်းခါပယ်ဖျက် ပြစ်လိုက်၏။ အချစ်ဆိုတာ ဖြစ်ထွန်းပေါ်ပေ ချင်တိုင်း ဖြစ်ရတာမှ မဟုတ်တာ။

သူချစ်မြတ်နိုးရတဲ့ မိန်းကလေးက ဖြူဖြူစင်စင် တ ယောက်ထဲပဲ ပြောင်းလဲမပြစ်နိုင်။ ရယူပိုင်ဆိုင်မှု မရှိတာနဲ့ပဲ နော တစ်ယောက်ကိုပြောင်းလို့ မရနိုင်ပါဘူး။ မင်းဘယ်လောက်ပဲ မု တီးနေပါစေ ... ကိုယ်ကတော့ မင်းကို ချစ်မြတ်နိုးတယ်စင်ရ

သူပြန်ရောက်လာတော့ မိုးနှင့်စင်ကို လက်ထပ်ဖို့ မာမီ ရယ်မောပျော်ရွှင်စွာဖြင့် ဆွေးနေရသည်။

"သမီးစင်က ရွေးချယ်မယ်ဆိုရင် တာက ဘယ်လိုငြင်း မေရယ် ... ရှင်ဘုရင်ပုဆိုး ပိုးချည်းပဲပေ့၊ အကောင်းဆုံးတွေ ဖြစ် ရမယ် ... စိတ်ချ ... စင်ကိုလည်း ကျေးဇူးတင်တယ်လို့ ..."

သူ ဝင်လာတော့ မာမီက မကြည့်ပေမယ့် အန်တီမေ





နှုတ်ဆက်သည်။

"ရန် ... လာထိုင်လေ ... ဘယ်ကပြန်လာတာလဲ၊ ရပ်ကွက် ဆေးခန်းကလား"

"ဟုတ်ပါတယ် အန်တီမေ ... ဆေးခန်းအတွက် ငွေကြေး ထောက်ပံ့တာပါ၊ စင်နဲ့တောင် တွေ့လို့ပြောပြပါတယ်၊ အဆင်ပြေ မှာပါ"

"အဆင်ပြေပါတယ်ရန် ... အန်တီမေလည်း သမီးစင် အတင်းအကြပ် တောင်းဆိုနေလို့ပါ"

"စင် ရွေးချယ်တာပဲ ... ရန်တို့အားလုံး အစွမ်းကုန်ဖြည့်စွမ်း ပေးကြရမယ်လေ ... ရန် ဘာမှမဖြစ်တော့ပါဘူး၊ စင်ကိုလည်း တောင်းပန်ခဲ့ပါတယ်"

ဒေါ်မေသက်ထားကလည်း ရန်အတွက် စိတ်မကောင်းဖြစ် ရသည်။ မိမိဆန္ဒက ရန်ကိုပဲ သဘောကျတယ်။ ပျော်ပျော်နေတတ် တာကလွဲပြီး စိတ်သဘောထားကောင်း၏။ လူကြီးမိဘကိုလည်း ရိုသေကိုင်းရှိုင်းတတ်သည်ဟု ထင်သည်။

"မိုးထက်မြင့်က ယောက္ခမလောင်း လာတာတောင် ထွက် မနှုတ်ဆက်ဘူး၊ မာနကြီးနှင့် တာကလည်း သားကြီးမှသားကြီး မတရားလိုက်တာ ..."

ဒေါ်တာတာ သဘောမကျမိ။ သားကြီးမိုးထက်မြင့်က အခန်းထဲမှာရှိနေသည်။ ဒီနေ့က ကုမ္ပဏီ ပိတ်ရက်ပဲ။ ရန်ကလည်း သမီးစင်ကိုချစ်၍ ပျော်ရွှင်အောင်ထားပေးနိုင်မည်ဟု ဒေါ်မေသက် ထား ထင်နေသည်။

www.burmeseclassic.com



"ရန်ကို ခွင့်ပြုပါဦး အန်တီမေ ... ပြောစရာရှိတာတွေ ပြော ကြပါ၊ ရန် ဘယ်နေရာကပဲဖြစ်ဖြစ် တာဝန်ယူပေးပါ့မယ် ခိုင်းပါ"

"အေးကွယ် ... "

ရန် ထလာခဲ့သည်။ မာမီကလည်း အခမ်းနားဆုံးမင်္ဂလာပွဲ အတွက် အမြန်ဆုံး ပြင်ဆင်ပေးမည်ဟု ပြောတဲ့အသံက သူ့နောက် သို့ပြေးကပ်လိုက်လာသဖြင့် မနာလို မုန်းတီးတာမျိုး မရှိပေမယ့် မကြားလိုခဲ့ပေ။ သူ အခန်းထဲ ပြန်ရောက်လာသည်။

"မိုး ... မင်း ... မင်း တကယ်ပဲ စင်ကိုချစ်မြတ်နိုးလို့လား ကွာ၊ မင်းကြောင့် ... စင် စိတ်ညစ်ရရင်တော့ ရန် လုံးဝလက်မခံဘူး နော် ... ခွင့်မလွှတ်ဘူး ... "

သူတစ်ယောက်ထဲ စင်အကြောင်းတွေပဲ တွေးနေမိသည်။ မိုး မင်းကဘယ်လိုကောင်မျိုးလဲ။ စင်အမေ ရောက်လာတာတောင် လူမှုရေးအရ ထွက်မတွေ့ဘူး။ မင်းဘာမို့လို့လဲ။ အရမ်းကြီးကျယ် ခမ်းနားပြမနေစမ်းပါနဲ့။ အန်တီမေ ပြန်သွားတော့ မာမီက ကားနှင့် အတင်းလိုက်ပို့သည်။

"မပို့ပါနဲ့တာရယ် ... ကိုယ်ကအငှားကားနဲ့ ပြန်လို့ရတာပါ နေပါစေ ... "

"မေရယ် ... ပြောရမယ့်လူတွေလား၊ သမီးလေးအတွက် ကားတစ်စီး စီစဉ်ပေးမယ် ... အားနာစရာ မလိုဘူးနော်၊ ကိုယ့် သားကြီးဘဝကို စိုပြေလန်းဆန်းလာအောင် မင်းသမီးလေး စင်က လုပ်ပေးနိုင်တယ်လေ ... "

မိုးတစ်ယောက်ထဲပဲ မာမီ့သားလို့ သတ်မှတ်ထားတာလား





ရန်ကရောဗျာ ... မာမီ ကိုယ်တိုင် ဝမ်းနဲ့လွယ်ပြီးမွေးခဲ့တာပါ။ ရန် မတွေးချင်တော့။

သူ့ကြောင့် စင်ကို အနှောက်အယှက်တွေ မဖြစ် စေလိုပေ။ စင် ပျော်ရွှင်ဖို့ အရေးကြီးပါတယ်။ ဒါပေမဲ့ ... သူ့အရက် မသောက် တော့ဘဲ မိုးနှင့်တွေ့ဖို့တော့ လိုအပ်မည်ဟု ထင်သည်။

ညနေစောင်းမှာ မိုးအခန်းသွားခဲ့၏။ မိုး တံခါးဖွင့်ထားသဖြင့် ရန် ဝင်သွားသည်။

"မိုး ... ထိုင်မယ်နော်"

"ထိုင် ... "

"ရန် စကားနည်းနည်းပြောချင်လို့ပါ"

"အင်း ... ပြော ... "

တကယ့်ကို အေးစက်စက်ကောင်။ သူနှင့်မသင့်မြတ်တာ လူတွေနှင့်တွေ့လျှင် အဖက်မတန်သလို အေးစက်စက်ပြောဆိုဆက် ဆံနေတာပဲ။

"မိုးကို ရန်စကားနည်းနည်းတော့ ပြောချင်တယ်၊ သေသေ ချာချာ နားထောင်ပေးပါကွာ"

"ဖြူဖြူစင်စင်အကြောင်း လာမပြောနဲ့တော့ ... မင်းဘာမှ ဝင်ရောက်ပြောဆိုနေစရာ မလိုဘူးထင်တယ် ... ကိုယ်တို့က လက် ထပ်တော့မယ်"

"ဒါက ရန်နဲ့မဆိုင်တာမှန်ပါတယ်မိုး ... ကိုယ်ပြောပြချင်တာ က စင်အမေကို လူကြီးမိဘအနေနဲ့ မိုးအထက်ဆီးက မဆက်ဆံဖို့ ပါကွာ၊ လူမှုရေးအရပြောဆို နှုတ်ဆက်ဖို့ပါ"

"ဒါလည်း ကိုယ့်ကိစ္စပါပဲ ... ပြန်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"မိုး … ကိုယ်တို့က …"

"ဆက်မပြောနဲ့တော့ ရန်မခ … ပြန်ပါ၊ ငါ့ကိစ္စတွေမှာ ဝင်မပါဖို့ တောင်းဆိုပါတယ်"

မိုး ထလိုက်သည်။ သူ့အားနည်းချက်က လူတွေကို အရောတဝင် မနေတတ်တာဘဲ။ အဲဒါလည်း မင်းတို့သားအမိကြောင့်လေ ရန်မခ၊ ဟုတ်တယ် … မိုးထက်မြင့်က လူမှုရေးနားမလည်တဲ့ကောင်ပဲ။

ရန် အေးအေးဆေးဆေးပဲ ပြန်ထွက်သွား၏။ မိုးစိတ်ထဲမှာ ရှုးရှူးနင့်နင့်လေး ခံစားရပြီး သူမှားနေပြီဆိုတာတော့ သိလိုက်သည်။ စင်အမေကို တွက်တွေ့ဖို့ အကြိမ်ကြိမ် ကြံစည်ကြိုးစားပေမယ့် သူ့ရဲ့ လူမှုရေးညံ့ဖျင်းမှုကြောင့် အထမမြောက်ခဲ့။ ပြီးတော့လည်း … ဒက်ဒီဇနီးလည်း ရှိနေ၍ မိုးစကားမပြောချင်။

လူတွေနှင့် အံဝင်ခွင်ကျဖြစ်စေရန် မိုးအတော်လေး ကြိုးစားလေ့ကျင့်ယူရမည် ဖြစ်သည်။

❊◆❊

အခန်း ( ၂၀ )

ရန်မခ ပြန်ထွက်သွားတော့မှ စင်စိတ်တွေ တစ်မျိုးကြီးဖြစ်နေရသည်။ ဝမ်းနည်းမိသလိုလို ကြေကွဲနာကျင်ရသလိုလို။ ရန့်အတွက် စိတ်မကောင်းဖြစ်သွားမိတာလား။ ဘာဆိုင်လို့လဲ … ရန်က လူလိမ်။ မှင်သေသေနဲ့လိမ်နေတာပါ။ ရန်အကြောင်း သူမခေါင်းထဲဝင်လာတာ မောင်းထုတ်ပြစ်ရမည်။

မသနားပါဘူး … သူထွက် သွားတာ ကောင်းတယ်။ မျက်စိနှပ် နားရှုပ်နဲ့။ ကိုကို မိုးထက်မြင့်က တည်တည်ကြည်ကြည်နဲ့ နေတတ်တဲ့ဂုဏ်သရေရှိ လူကြီးလူကောင်းပဲ။ စင်ကိုချစ်သူဆိုပြီး အခွင့်အရေးမယူခဲ့။ လက်ဖျားလေးနဲ့တောင် မတို့ဘူး။

မေမေ ပြန်ရောက်လာသည်။

"မေမေ့ကို အန်တီတာက လိုက်ပို့ပေးတာလား၊ ကျေးဇူးတင်ပါတယ်"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အန်တီတာလည်း သူမအိမ်လေးထဲဝင်လာသည်။ စင်တို့အိမ်လေးရဲ့မျက်စောင်းထိုးမှာရှိနေတဲ့ ဆေးခန်းလေးအား သားငယ်ရန့် ထောက်ပံ့နေတဲ့ ဆေးခန်းလေးလားဟု မေးနေ၏။ အန်တီတာ မျက်ဝန်းတွေက ရုတ်ခြည်းပင် မျက်ရည်တွေ ပြည့်လာသည်။

"တကယ်တော့ သားငယ်ရန်ဘဝက အရမ်းသနားစရာ ကောင်းတယ်မေရယ် ... တာ မကောင်းတာပါ။ ညီအစ်ကိုနှစ်ယောက်ကို ခွဲခြားဆက်ဆံခဲ့တယ်၊ သားကြီးမိုးအတွက်ပဲ စဉ်းစားခဲ့တာ ... သားငယ်ရန်ကိုတော့ နှိမ်ထားမိတယ်၊ သားကြီး ဘယ်အရာမှ အသာစီးမနေရဘူးလို့ ကိုယ်က ရက်ရက်စက်စက် ပုံစံသွင်းခဲ့မိတာပါ"

အန်တီတာ ငိုသည်။ ရန်ပြောတာတွေက အမှန်တွေပါလားဟု စင်သိလိုက်၏။ မေမေကလည်း ရန့်ဘက်က ရပ်တည်နေသည်။

"သားငယ်ရန်က လူတော်ပါ ... သားဆိုးသားမိုက်ဖြစ်အောင် တာကိုယ်တိုင် ပုံသွင်းယူပြစ်တာ သားကြီးမိုး ခံစားချက်တွေ လျော့ပါးစေချင်တယ် ... အသာပေးခဲ့တာ"

"တာရယ် ... ရန်ကို မေကတော့ အရမ်းချစ်တယ်၊ သူပျော်အောင်နေခဲ့တာပါ၊ ဘာကြောင့် မင်းရက်စက်ခဲ့ရတာလဲ ... ရန်က မင်းသားလေ ..."

"ကိုယ်ပြန်တွေ့မယ် ... ကိုယ်တို့ကိုယ်ရေးကိုယ်တာတွေက ရှုပ်ထွေးပါတယ် မေရယ် ... သမီးလေးစင်လည်း ရွေးချယ်တာ





မှန်ပါတယ်၊ ရန့်အတွက် ခေါင်းထဲမထည့်နဲ့၊ မိုးကိုပျော်ရွှင်အောင် လုပ်ပေးနိုင်တဲ့သမီးကို ကျေးဇူးတင်ပါတယ်လေ"

အန်တီတာ ပြန်သွားတော့မှ မေမေက မိုးထက်မြင့် ယဉ်ကျေးမှု မရှိဘူးပြောနေသဖြင့် စင် စိတ်ဆိုးရသေးသည်။

"မေမေကတော့ တကယ်ပါပဲ ... စင်ချစ်သူကို အပြစ်ပြောတာတွေ မလုပ်ပါနဲ့တော့၊ ကိုကို့ကိုပဲ စင်လက်ထပ်မှာ"

လက်ထပ်ပွဲအတွက် အဆင်ပြေ၍ စင်ပျော်ရွှင်ကျေနပ်ရသည်။ မေမေကတော့ သမီးပျော်ရင်ပြီးတာပါပဲအေဟု ပြောပြီး သူ့အခန်းထဲဝင်သွား၏။ ဖေဖေကတော့ စင်သဘော စင်ရွေးချယ်ပါတဲ့။ အားလုံး အဆင်ပြေသွားပြီပဲ ကိုကို့ဆီ ဖုန်းဆက်သည်။

"ကိုကို ... မင်္ဂလာကိစ္စအားလုံး အဆင်ပြေတယ်သိလား၊ စင်မေမေနဲ့ကိုကို့မာမီတို့ အကြီးကျယ်အခမ်းနားဆုံး စီစဉ်မယ်တဲ့၊ ကိုကို ကုမ္ပဏီကို ဝင်လာရမလားဟင်၊ သူငယ်ချင်း ချစ်ချစ်ဇော်ကိုလည်း တွေ့ချင်တယ် ... ပြီးတော့ သန့်ရှင်းရေးက မဝတုတ်လေ တွေ့ချင်တယ် ..."

"စင် ... မင်း ဘာတွေဖြစ်နေတာလဲ၊ ကိုကို့ကုမ္ပဏီမှာက မင်းက နာမည်ပျက်နဲ့လေ ..."

"ဟင် ... ဘာနာမည်ပျက်လဲ၊ စင်သဘောနဲ့စင် ထွက်ခဲ့တာလေ ... ဘာလဲ စင်က ကိုကို့ကုမ္ပဏီမှာ သန့်ရှင်းရေးဝန်ထမ်းကောင်မလေး လုပ်သွားတယ်ဆိုပြီး လူသိမခံနိုင်ဘူးဖြစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လား"

ကိုကို လွမ်းတယ်။ စင် ဒေါသဖြစ်ရသည်။ စင်က ကြွားချင်နေပါပြီ။ ချစ်ကိုရော ကုမ္ပဏီက ဝန်ထမ်းတွေကိုရော … တကယ်ပါပဲ … ညနေမှ တွေ့ကြမယ်တဲ့။

လာပြန်ပြီ … ထုံးစံအတိုင်း ကိုကို အလုပ်တွေများနေလို့တဲ့။ စင် နားလည်ပေးပါတဲ့။ အိမ်မှာမို့ တော် သေးတာပေါ့။ ဟိုတစ်ခါက လမ်းမှာ ထိုအကြောင်းတွေ တွေးမိလာတော့ ရန် ရောက်လာ၍ တော်သေးသည်။

"ကိုကိုသာဆို အရှက်တွေ သိက္ခာတွေနဲ့ ဘတ်စ်ကားကြီးပေါ်တက်လိုက်လာမလား … စင်ကို ထားလိုက်မှာ … "

စင်တစ်ယောက်ထဲ မကျေမနပ်နှင့် ပြောနေမိသည်။ ကိုကို ကဒါဆိုဒါပဲ။ အလုပ်ကိစ္စက ဦးစားအဆင့်။ သူတာဝန် ပေါ့လျော့လိုက်ရင် ကုမ္ပဏီအတွက် ထိခိုက်နစ်နာမှုတွေများမယ်တဲ့။ ကိုကို မိဘပိုင် ကုမ္ပဏီကျတော့ ပြစ်ထားပြီးတော့ … စင် ရန်တွေ့ပြစ်ချင်လာသည်။

"ကိုကို့ကို စင် နားလည်ပေးရတော့မှာပေါ့လေ … အလုပ်များတဲ့လူကိုမှ စင်က ချစ်မိတာကိုး၊ မိဖြူဖြူစင်စင် ဘာဖြစ်လို့ ဒေါသဖြစ်နေကာလဲ … နင်အလေးစားဆုံး တန်ဖိုးအထားရဆုံး ယောကျ်ားလေ … "

သူမစိတ်ကို ဖြေပြီး ကိုကိုပြန်ဖုန်းဆက်မည့်အချိန်ကို စောင့်





နေမိသည်။

"သားငယ်ရန်က တကယ်တော့ သနားစရာကောင်းပါတယ် … သူ့ဘဝကို တာကိုယ်တိုင် လူဆိုးလူမိုက်ဖြစ်ဖို့ ပုံသွင်းထားလာခဲ့တာပဲ"

အန်တီတာပြောတဲ့စကားတွေကို ပြန်ကြားယောင်ပြီး ရန့်အကြောင်းတွေက စင်ခေါင်းထဲဝင်လာသည်။ နောက်ပြောင်တတ်ပေမယ့် လူ့လောကကြီးနှင့် အံဝင်ခွင်ကျဖြစ်သူပဲ။ စင်ကိုလည်း အကူအညီတွေ ပေးခဲ့၏။ ပြီးတော့လည်း ဆေးခန်းကို ထောက်ပံ့ပေးနေတယ်။ ကိုကိုလောက် အတ္တမကြီးဘူး။

အို … စင် ဘာတွေ စဉ်းစားနေတာလဲ။ ရန်ကို မေ့ပြစ်လိုက်ပါ။ စိတ်ရှုပ်စရာကောင်းတဲ့ လူပဲ။ ညနေစောင်းတဲ့အထိ ကိုကိုက ဖုန်းမဆက်ပေ။ စင်လည်း မဆက်ရဲ။ ကိုကို စိတ်ထဲမှာ စင်ကို အထင်သေးမှာ စိုးရိမ်မိသည်။

"စင် … သမီး ဘယ်မှမသွားဘူးလား။ မေမေနဲ့ဆေးခန်းလိုက်ခဲ့ဦး … သွေးတိုးပြန်ပြီထင်တယ်"

"ကိုကို ဖုန်းဆက်မယ်ဆိုလို့ စောင့်နေတာမေမေ … ကိုကိုဖုန်းဆက်ရင် စင်သွားရမယ်"

"အေးပါ … ခဏလေးပဲ မေမေ ခေါင်းတွေမူးနေတယ်"

"လိုက်ပို့ပေးမယ်လေ … "

ကိုကို့အတွက်လည်း စိတ်ကမဖြောင့်။ သူမကတော့ ပြင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ထားပြီးသားပဲ။ ကိုကိုလှမ်းခေါ်တာနဲ့ လစ်မယ်။ မေမေအမြန်နေကောင်းအောင် ဆေးခန်းပြထားရမယ်။ သူမ မေမေနှင့်ဆေးခန်းလိုက်ခဲ့သည်။

"အန်တီ နေမကောင်းလို့လား ... ဘာမှမပူပါနဲ့ ဆေးခန်းအတွက် ရန်က ဆေးတွေရော ငွေတွေရော အပြည့်ထောက်ပံ့သွားတယ် ... အခမဲ့နော် ... "

စင်က ရန်ကို ပိုက်ဆံယူချင်တဲ့လူကျတော့ ယူတယ်ပြော၍ အခမဲ့ကုသိုလ်ဖြစ် ဆေးကုသနိုင်ရန် စီစဉ်ပေးထားသည်။

"ဆေးကုသစရိတ်ကတော့ မျှဝေပေးသင့်ပါတယ်ကွယ်၊ ရေရှည် တည်တန့်နိုင်အောင်ပါ"

"ရန်ကတော့ ဆေးခန်းအတွက် ထောက်ပံ့နိုင်ဖို့ စီးပွားရေးလုပ်ငန်းတွေလုပ်မယ်တဲ့"

"သမီးစင် ... ညည်းတို့မင်္ဂလာဆောင်အတွက် ကုန်ကျမယ့်ငွေတွေ ဒီဆေးခန်းလေးမှာ လှူပါလား ... "

"မေမေကလည်း ... ကိုကိုက ရှိသေးတယ်၊ စဉ်းတော့စဉ်းစားရမယ် ... "

"ဖြူဖြူစင်စင်က လက်ထပ်တော့မယ်လား၊ ရန်မခတော့ကျန်ရစ်ဖြစ်တော့မယ် ... အသဲနှလုံးတွေ တစ်စစီ ကြေကွဲရပြီပဲ"

"ဘာဆိုင်လို့လဲ ဒေါက်တာ ... အလကားပါ၊ သူလား ခံစားရမှာ ... ဟော ... ကိုကို ဖုန်းဆက်ပြီ"





သူမ ဝမ်းသာအားရနှင့် ဖုန်းဖွင့်ပြီး နားထောင်လိုက်သည်။

"စင် လာခဲ့လေ ... ကိုကိုတို့ခြံကိုပဲ လာခဲ့လိုက်ပါ"

"ဟို ... ကိုကို"

"ဘာဖြစ်လို့လဲ ... "

"မေမေ နေမကောင်းလို့ ဆေးခန်းပြနေရတယ်၊ ခဏလေးစောင့်ပေးပါနော် ... စင် လာခဲ့ပါ့မယ်"

"ကောင်းပြီ ... စောင့်နေမယ်၊ မင်းလာချင်တဲ့အချိန် လာခဲ့ပါ၊ ကိုကိုက ရောက်နေပြီ"

"ဟုတ်ကဲ့"

ဟုတ်ကဲ့ဟု တရိုတသေ ဖြေပြီး စင်မေမေ့အနား ပြန်ရောက်လာသည်။

"ဘာတဲ့လဲ သမီး ... "

"ကိုကိုက သူတို့ခြံထဲကိုပဲ လာခဲ့ပါတဲ့ မေမေ ... "

"ဪ ... အင်း ... သွားလေ"

"မေမေက ... "

"သွေးနည်းနည်းတိုးတာပါ၊ ဆေးခန်းပြပြီးပြီပဲ ... ရပါတယ် မေမေတို့ပြန်ကြရအောင်၊ ဒေါက်တာ ရပါတယ် ... အရမ်းကြီးဖြစ်တာ မဟုတ်ဘူးနော်"

"သွေးကတော့ နည်းနည်းတိုးတာပါ အန်တီမေ အတွေးတွေလျှော့နော် ... လူစောင့်တော့ရှိသင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



စင် ဘယ်လိုလုပ်ရမလဲ။ ကိုကိုက မေမေ့အခြေအနေကို မမေးခဲ့။ ကိုကို လာရင်ကောင်းမှာပဲဟု တွေးမိပေမယ့် မတောင်းဆိုရဲ။ အိမ်ရောက်တော့ မေမေ အိပ်ရာထဲ လဲသွားသည်။

"စင် … သွားလေ … မေမေက ရပါတယ်၊ ဘေးအိမ်က မချို ခေါ်ထားမယ်၊ မေမေ့အတွက် စိတ်မပူပါနဲ့ … မြင်နေကျပဲလေ၊ မောင်မိုးထက်မြင့်က တိကျတယ်၊ အလုပ်များတဲ့သူလေ၊ စိတ်အနှောက်အယှက် မဖြစ်ပါစေနဲ့ သမီး … သွားလေ … "

"အင်းနော် … မေမေ … "

စင် စိတ်က မေမေ့ကိုလည်း စိတ်မချ။ ကိုကို့ဆီလည်း မသွားလို့မဖြစ်ဘူးလေ။ ဘေးအိမ်က မချိုအား အစောင့်ထားပြီး စင် တက္ကစီနှင့် ကိုကို့ဆီ ထွက်လာခဲ့သည်။ ခြံထဲရောက်တော့ ခြံထဲမှာ ရှိနေသူက ရန်ပင်။ စင်ကိုတွေ့တော့ အန်တီမေ နေမကောင်းတာတောင် မင်းကထားခဲ့ပြီးလာတာလားတဲ့။

"မင်းလွင် ဖုန်းဆက်တယ် … အန်တီမေ နေမကောင်းဘူးတဲ့"

သူမကတော့ ရန့်ကို တုန့်ပြန်မနေတော့ဘဲ ကိုကိုနဲ့တွေ့ဖို့ လာတာဟုပဲ ပြောလိုက်သည်။

"မိုး မရှိဘူး"

"ဟင် … "

"သူ့ကုမ္ပဏီက ဘကြီးမူးလဲလို့ ဖုန်းလာလို့ ထွက်သွားတယ်"





ကိုကို တကယ်ပဲ မရှိဘူးလား။ စင်တောင် သွေးတိုးနေတဲ့ မေမေ့ကိုထားခဲ့ပြီး လာခဲ့တာပါ။ စင် စိတ်မောသွားရသည်။

"သူ့ကုမ္ပဏီပိုင်ရှင် ဘကြီးပါ၊ စောစောကပဲ ဖုန်းလာလို့ ထွက်သွားတာပဲစင် … မင်းကို ကြိုတင်ဖုန်းမဆက်ဘူးလား"

"မဆက်ဘူး … ရပါတယ်လေ၊ ကိုကို့ကိစ္စက အရေးကြီးတာပဲ … စီးပွားရေးနဲ့ပတ်သက်နေတယ်၊ စင်က အရေးမှမကြီးတာ"

"မင်း စောင့်နေလေ … သူ့ဆီ ဖုန်းဆက်ကြည့်လိုက်၊ အန်တီမေ့အတွက် မပူနဲ့၊ ကိုယ်သွားကြည့်လိုက်မယ် … ဆေးကုသခွင့်လက်မှတ်မရပေမယ့် ဒီလောက်တော့ ကြည့်တတ်ပါတယ်"

"မေမေ့ကို ဘာမှပြောမပြပါနဲ့နော် … စင်အတွက် စိတ်ပူမှာစိုးရိမ်လို့ပါ … "

"ကိုယ့်ကို ယုံပါစင်ရယ် … မင်းအကြောင်းတွေ ဘာမှမပြောပါဘူး၊ မင်းစိတ်အနှောက်အယှက်တွေဖြစ်အောင် ကိုယ်မလုပ်တော့ဘူးလို့ ကတိပေးထားတယ်လေ … နည်းနည်းလေးဖြစ်ဖြစ် ကိုယ့်ကို ယုံပေးစမ်းပါ"

ရန် ထွက်သွားတော့လည်း မေမေ့အတွက် စိတ်အေးသွားရသည်။ ကိုကို မာမီက တိုက်ထဲဝင်ပြီး စောင့်နေဖို့ပြောနေမယ်။ စင်ကတော့ ခြံထဲမှာပဲ စောင့်နေလိုက်၏။ ကိုကို့ဆီ ဖုန်းဆက်ကြည့်ပေမယ့် ဖုန်းလိုင်းမအားဘူးပဲ ဖြေနေသည်။

"သမီးလေးစင် … ဘာစားမလဲ၊ တိုက်ထဲဝင်လေ … သား



www.burmeseclassic.com

www.burmeseclassic.com



ကြီးမိုးက အလုပ်များတယ်၊ စီးပွားရေးတော့ အရမ်းကြိုးစားတယ် သူက တာဝန်ကျေတယ်လေ”

ဒေါ်တာတာလည်း စင်ကိုအားနာမိသည်။ သားကြီးမိုးက ကုမ္ပဏီက ဘကြီးနေမကောင်းလို့ သွားနေရ၏။ သားကြီးက လူမှုရေးတော့ အားနည်းတယ်။ မိမိမှာလည်း ပြောဆိုဆုံးမခွင့် မရှိဘူး။

“စင် စောင့်နေပါ့မယ် အန်တီတာ … အားမနာပါနဲ့၊ ကိုကိုနဲ့ မတွေ့ဘဲနဲ့တော့ မပြန်ချင်ဘူး”

“စောင့်လေ … လိုအပ်တာရှိရင် အန်တီတာကို ပြောနော်”

“ဟုတ်ကဲ့”

ခြံကြီးထဲမှာရှိတဲ့ ဒါန်းကြီးပေါ်မှာထိုင်ရင်း ကိုကို့ကိုစောင့်နေမိသည်။ ဖုန်းကလည်း ဆက်သွယ်လို့မရဘူး။ ကိုကို့ဘကြီးများ ဘာဖြစ်သွားပြီလဲ။ မတွေ့ဘဲနဲ့လည်း စင်မပြန်ချင်။ ကိုကိုဘယ်လောက်အထိ စိတ်ဒုက္ခရောက်နေမလဲ။ သူမ စောင့်နေပေမယ့် ကိုကိုက ပြန်မလာခဲ့။ သူ့ထံ ဖုန်းဆက်သည်။

“မင်း ပြန်ပါစင် … ကိုကို မပြန်နိုင်တော့ဘူး၊ ဘကြီးဆေးရုံတင်ရတယ် … ကိုကို့ကို မစောင့်နဲ့တော့ ဆောရီးပဲစင်ရယ်”

“ကိုကို”

“နောက်မှနော်”

စင် စိတ်ညစ်သွားရသည်။ ထိုင်ပြီးပင် ငိုပြစ်ချင်စိတ်ပေါက်လာရ၏။ ကိုကို့ကိုလည်း ဘယ်လိုအပြစ်ပြောမလဲ။ လုပ်သင့်တာပဲ





လေ။ စင်ပြန်မည်ဟု နှုတ်ဆက်တော့ အန်တီတာက ပို၍ပို့ဖို့ပြင်ပေမယ့် စင်လူကြီးကို ဒုက္ခမပေးချင်တော့၍ အငှားကားနှင့်ပဲပြန်လာသည်။ စင် အိမ်ရောက်တော့ ရန်က ရှိနေသေး၏။ မေမေ အိပ်နေတယ်တဲ့။

“မင်း ပြန်လာပြီလား … မိုးနဲ့တွေ့လားစင်၊ အန်တီမေ နေကောင်းနေပါပြီ … မချို အပြင်သွားစရာရှိတယ်ဆိုလို့ ကိုယ်စောင့်ပေးနေတာပါ … ပြန်မယ်နော်”

ရန်ရှေ့မှာမို့ စင် ဟန်ဆောင်ရယ်မောပြလိုက်ရသည်။ ရင်ထဲမှာ မွန်းကြပ်ကြပ်ကြီးနှင့် ကိုကို့လုပ်ရပ်တွေအတွက် စင် မကျေမနပ်ဖြစ်ရကြောင်း ပြောပြချင်မိနေ၏။ မေမေ့ကို စောင့်ရှောက်ပေးနေလို့ ကျေးဇူးလည်းတင်မိသည်။

“ကောင်မလေး … မင်းအကြောင်း ဘာမှမပြောဘူးနော်၊ ပြဿနာမရှာနဲ့ဦး … အန်တီမေတို့တောင် မိုးက မင်းကိုစောင့်နေပါတယ်လို့ ပြောထားတယ် … အန်တီမေ စိတ်ထိခိုက်လို့ မဖြစ်ဘူးကွာ … ဂရုစိုက်ဦး … ”

ရန်က သူမကိုနှုတ်ဆက်ပြီး ပြန်သွားသည်။ မေမေကတော့ အိပ်မောကျနေဆဲပင်။ ကိုကိုရယ် … နေနိုင်လိုက်တာ။ ဘယ်လောက်ပဲ လူမှုရေးအားနည်းတယ်ပဲပြောပြော မေမေ့အခြေအနေတော့ မေးမြန်းသင့်ပါတယ်နော်။

“မင်းစိတ်တွေ အနှောက်အယှက်ဖြစ်အောင် ကိုယ်ထပ်



www.burmeseclassic.com

www.burmeseclassic.com



မလုပ်တော့ပါဘူးစင်ရယ် … ကတိနော် … ”

ရန် ပြန်သွားတော့မှ စင်အတွေးတွေထဲမှာ ရန့်အကြောင်းတွေပဲ လွှမ်းမိုးနေသည်။

ကိုကိုက ရတ်တရက်ကြီးစင်ကို လက်ထပ် ခွင့်တောင်းဆိုခဲ့တာ ရန်ကို အနိုင်မပေးချင်လို့လားဟင်။ ရန် ချစ်တယ်ဆိုတဲ့ မိန်းကလေးကို ရန့်လက်ထဲကနေ လုယူလိုက်တဲ့ သဘောလားကိုကို။

ရင်ထဲမှာ နာကျင်ရလွန်း၍ ရင်တစ်ခုလုံး ပွင့်ထွက်တော့မယ်။ စင် ဘယ်လိုမှဖြေမရ။ မျက်ဝန်းတွေလည်း ပိတ်မရ။

အိပ်စက် ခြင်းတွေ ပျောက်ဆုံးသွားသလို စင်ကြောင်ကြောင် စီစီနှင့် ကိုကို ဘယ်လိုချော့မလဲ၊ တောင်းပန်မလဲဆိုတာကို စောင့်မျှော်နေသည်။

✻◆✻

အခန်း ( ၂၁ )

“မိုး … မင်းကို ရန် ဝန်ခံစရာရှိတယ်၊ မင်းနဲ့တွေ့ဖို့ ရန်မြဲတမ်း ရှောင်နေတာ … မင်းက မအားဘူးလေ”

ဘကြီး မူးလဲလို့ သူဆေးရုံမှာစောင့်ပြီး ပြန်လာတော့ ရန်နှင့်တွေ့သည်။ ရန် အခုတလော အချိုးပြောင်းနေတာ သူတွေ့နေရ၏။ င်ကြောင့်လား … စင်ရော ဘာတွေဖြစ်သွားပြီလဲ။ သူတောင်းပန် ဝန်လေးနေရသည်။ အောက်ကျမလား။ သူ့ဂုဏ်သိက္ခာ မဲ့သွားလား အတွေးက အတ္တဆန်နေမလားဘဲ။

“မိုး”

“ပြောကွာ … ဘကြီးကြောင့် ကိုယ်စိတ်ပူနေတယ်နော်”

“မင်း ဒီလောက်အထိ စင်အပေါ်အတ္တမကြီးသင့်ဘူး၊ စင်မေလည်း ဆေးခန်းပြရာကနေ ဘေးအိမ်ကလူနဲ့အပ်ထားပြီး စင်ခဲ့တာ … မိုးဘက်ကလည်း နည်းနည်းလေးတော့ လူမှုရေးသိ



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ မင်း … စင်ကိုချစ်လို့ လက်ထပ်ခွင့်တောင်းတယ်ဆိုတာ ကိုယ်သိပါတယ်"

"မင်းပြောချင်တာ အဲဒါလား"

"မဟုတ်ဘူးမိုး … ခဏလေးနားထောင်ပေးပါကွာ၊ ရန်အရက်မူးတုန်းကပြောခဲ့တဲ့ စင်ဗိုက်သားလေးပေါ်မှာ မှဲ့ရှိတယ်ဆိုတာလေ … တကယ်ပဲ ရန်မူးပြီးပြောမိတာပါ၊ စင်ကိုနှောက်ချင်လို့ ကိုယ်ဆရာဝန် ဟန်ဆောင်လိုက်တာပါ"

"ပြီးသွားပါပြီရန် … ကိုယ့်စိတ်ထဲမှာ ဘာမှမရှိဘူး၊ စင်ကိုယုံတယ် … ဒါပဲလား … "

"ဟုတ်တယ်မိုး … ကိုယ်ကတော့ စင်ကိုသံသယမဝင်စေချင်တာပါ … အိမ်ထောင်ရေးသက်တမ်းတစ်လျှောက် ပျော်ရွှင်ချမ်းမြေ့စေချင်တယ်"

"ဒါပဲလား … "

"မိုး"

"တော်ပြီကွာ … မင်းဆီကနေ သင်တန်းပို့ချသင်ယူရအောင်ကိုယ် မညံ့ဘူး … "

သူကတော့ ရန်ကို ကျောခိုင်း၍ လက်ပြနှုတ်ဆက်ပြီး ထွက်လာခဲ့လေသည်။

ဟုတ်တယ် … မိုးရဲ့အားနည်းချက်တွေပဲ။ စင်ကို သူ့ကုမ္ပဏီမှာ သူ့ဇနီးလောင်းအဖြစ် ပြောပြဖို့ပင် သတ္တိမရှိ။ သန့်ရှင်းရေးဝန်ထမ်းမလေးဖြစ်နေ၍ ထုတ်မပြောရဲ။ စင် ရောက်လာမှာပင်



ထိတ်လန့်တုန်လှုပ်နေရ၏။

စိတ်ပင်ပန်းလိုက်တာ။

ဘကြီးကလည်း မိုးလက်ထပ်ဖို့ ဇနီးလောင်းကို သူတို့ရှာပေးမယ်တဲ့။

"မိုးနဲ့လက်ထပ်မယ့် ဇနီးလောင်းက သာမန်အဆင့်တော့ မဖြစ်နိုင်ဘူးနော် … ဘဘကြီးတို့ စိစစ်ရွေးချယ်ရမယ်၊ မင်းမှာချစ်တဲ့သူရှိနေရင်လည်း ခေါ်လာခဲ့ပါ"

စင်ကို ဘယ်လိုခေါ်ပြရမလဲ။ ရုပ်ရည်ချောမောလှပချစ်စရာကောင်းနေတာလေးတစ်ခုကို ရွေးချယ်မလား။ မဖြစ်နိုင်ပေ။ စင်က ပညာတော့တတ်သည်။ မိဘက အလယ်အလတ်။ ဘကြီးတို့အထင်ကြီးစရာအဆင့်မရှိနိုင်။ သူကတော့ စင်ကိုချစ်မြတ်နိုးမိတာအမှန်ပဲ။ စင်ကိုရွေးချယ်တာ ရန်ဆီက လုယူချင်တာလည်းပါနေခဲ့သည်။

"အား … စိတ်မောလိုက်တာ … မိုး မင်းဘာလုပ်မှာလဲ"

စင်ကို သူစွန့်လွှတ်လိုက်ဖို့ ဆုံးဖြတ်တော့လည်း တွေတွေဝေဝေကြီးပဲ။ အဆုံးရှုံးကမခံနိုင်ပြန်။ ကိုကို ဘာလုပ်ရမလဲစင်။ ခ်တို့သားအမိက သူ့ဆီက သူ့ဒက်ဒီကို လုယူသွားလို့ သူလည်းခ်ချစ်တဲ့ချစ်သူကို လုယူမိတဲ့သဘောပင်။ မင်းအရမ်းစိတ်သောကရောက်ရလိမ့်မယ် ဖြူဖြူစင်စင်။ ကိုကိုက အတ္တသမား။ လူမှုရေးလည်း မသိဘူး။ မင်းအမေလို အဆင့်ကိုတောင် တရိုတသေဆက်ဆံမှာ ဝန်လေးနေတယ်။

မိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ... စင်ကိုတော့ ချစ်မိသွားတယ်၊ မင်းက ဖြူစင်လွန်း တဲ့ ကောင်မလေးပါကွာ"

တကယ်တမ်းတွေးကြည့်တော့လည်း စင်ကိုလက်ထပ် နေခဲ့သည်။ သူ ချစ်မြတ်နိုးမိနေ၏။ ဝန်ခံပါတယ်စင်ရယ်။ ကို ချစ်မိသွားလို့ ရန့်လက်ထဲပါသွားမှာ သဝန်ကြောင်ပြီး ရတ်တရ ဆုံးဖြတ်မိလိုက်တာပါ။

"စင်ဆီ ဖုန်းဆက်ဖို့ ကိုကို တွန့်ဆုတ်နေတယ် ... ကို အဆင့်ကို ထည့်တွက်နေတယ်လေ၊ ဘကြီးက ကိုယ့်ကိုခေါ် ကိုယ့်အဆင့်ကို ကိုယ်ကတန်ဖိုးမြှင့်တင်ထားရမယ်တဲ့ ... သာ မိန်းကလေးကို စိတ်ကူးထဲတောင် မထည့်နဲ့တဲ့စင်ရယ် ..."

ကိုကို သတ္တိမရှိဘူး။ အရှက်တွေ ဂုဏ်သိက္ခာကင်းမဲ့ရမှာ ကြောက်နေတယ်။ စင်ဆီ ဖုန်းဆက်မလို့ပြင်ပြီးမှ ဖုန်းကိုပိတ်ထာ မိသည်။

"ကိုကို့ခေါင်းတွေ မူးနေတယ် ... ခန္ဓာကိုယ်က အရမ်းအာ နည်းနေသလိုပဲ ... ကိုကိုတောင်းပန်ချင်တယ်စင်ရယ်"

သူနှင့်လူ့လောကကြီးက အံဝင်ခွင်ကျ မဖြစ်။ ကုမ္ပဏီ လည်း သူ့အမိန့်၊ သူ့ဩဇာ၊ သူ့ဆန္ဒအတိုင်းပဲ ဖြစ်စေခဲ့သည်။

"စင်ကို တွေ့ဆုံရတာ ကိုကိုအရမ်းပူလောင်နေရတယ်၊ ဆုံး ဖြတ်ချက်တွေ ဝေ့ဝါးနေသလိုပဲ ... မင်း ကိုကို့ကို စတင်ချစ်မိသွာ တာကပဲ အပြစ်လား"

စင်က သူ့ကို စတွေ့ထဲက လေးစားအထင်ကြီးပြီး ခင်





ရင်းနှီးကျွမ်းဝင်လိုခြင်းက ပြစ်မှုကျူးလွန်လိုက်တာ မဟုတ်လား။ ကိုကို ... မင်းနဲ့မတွေ့ခင်က တစ်ယောက်ထဲနေထိုင်ရတဲ့ဘဝလေး ကို နှစ်သက်တယ်။ အေးချမ်းတယ်ကွ။ စင် ... မင်းနဲ့လက်ထပ်ပွဲ ကျင်းပရင် ကိုကိုမဖြစ်စေချင်ဆုံး မာမီတော့ကို ကိုယ့်အမေနေရာမှာ ထားရမယ်။ ကိုကိုကြိုးစားပြီး လက်ခံနိုင်အောင် အလေ့အကျင့်လုပ် ခဲ့ပေမယ့် မရဘူး။

"စင်ရယ် ... ကိုကို့ကို မေ့ပြစ်လိုက်ပါတော့ ... မင်းကိုချစ် မြတ်နိုးတန်ဖိုးထားခဲ့တာက ရန်မခပဲလေ ..."

သူ စင်ဆီဖုန်းဆက်၍ ပြောရန် အကြိမ်ကြိမ်ကြံစည်ခဲ့ပေမယ့် အထမမြောက်။ စွန့်လွှတ်ဖို့လည်း သူ့နှလုံးသားတွေက တားဆီးနေ သည်။ စင်ကို သူချစ်မိနေခဲ့တာပဲ။ သတ္တိရှိစမ်းပါ။ မင်းကိုယ်တိုင် စင်ကို လက်လွှတ်မခံနိုင်ဘူး မဟုတ်လား။ သူ့ခေါင်းတွေမူးဝေ နောက်ကျိလာ၍ အိပ်ဖို့ပဲ ကြံစည်နေသည်။

"မိုး ... အိပ်နေတာလား၊ ခဏလေးပါကွာ ... ခေါင်းအေး အေးထားပြီး ဆွေးနွေးကြရအောင်ပါ ... တံခါးထဖွင့်ပေးပါ၊ တောင်း ပန်ပါတယ်ကွာ ... ကိုယ်တို့ ညီအစ်ကိုတွေလို သဘောထားကြရ အောင်ပါ ... မင်းဖြစ်စေချင်တာတွေအားလုံး ရန်လိုက်လျောပေးပါ့ မယ် ... မင်းစိတ်တွေ ပျော်ရွှင်အောင် ရန်အမြဲတမ်း အသုံးမကျတဲ့ သားငယ်ဘဝ ခံယူလာခဲ့တာပါမိုး ..."

ရန် ဘာတွေလာပြောနေတာလဲ။ မင်းက မင်းအသုံးမကျ တာကို ငါ့ဆီပုံချဦးမလို့လား ရန်မခ။ ထားလိုက်ပါတော့ကွာ ...



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုလည်း ညီအစ်ဖြစ် ငါဘယ်တော့မှ မသတ်မှတ်ဘူး။ မင်းတို့က ကပ်ဖားကောင်တွေကွ။ မိုး မျက်လုံးတွေက မဖွင့်ချင်။ ရန်စကားတွေကို သူ့စိတ်ထဲကပဲ တုန့်ပြန်ချေပနေမိသည်။

"မိုး ... မိုးထက်မြင့် မင်းနားထောင်နေလား၊ ရန်လေ ... မင်းကို အစ်ကိုတစ်ယောက်လို ချစ်ပါတယ်ကွာ ... ရန် ချစ်မြတ်နိုးရတဲ့ ဖြူဖြူစင်စင်ကိုတောင် ပေးခဲ့တာပါ"

"မင်းမပေးလည်း မင်းရမှာမှ မဟုတ်တာဘဲ ရန်မခ ... စင်ချစ်နေတာက ငါလေ ... မိုးထက်မြင့်ပဲ ... မင်းကိုမှ မရွေးချယ်တာ၊ မင်း ဘယ်လောက်ပဲလုလု မရနိုင်ဘူး"

မိုး မပြောနိုင်။ မျက်လုံးတွေက အရမ်းလေးလံပြီး ဖွင့်မရ။ ရန် ပြောတာတွေ ကြားနေရပေမယ့် တုန့်ပြန်နိုင်ခြင်းလည်းမရှိ။ သူ့ အလွန်အမင်း အားတွေနည်းပြီး အိပ်ချင်နေသည်။

"စင်ကို မင်းတန်ဖိုးထားပါကွာ ... စင်တို့တစ်မိသားစုလုံးက ရိုးသားကြပါတယ် ... စင်ကို စိတ်သောကတွေ မပေးပါနဲ့၊ စင်က မင်းကို အရမ်းအထင်ကြီးပြီး ချစ်တာကွ"

မိုးထက်မြင့်ဆီက တုန့်ပြန်သံမကြားရပေ။ ဒီကောင်က လူတွေကို အဖက်လုပ်ချင်တာမဟုတ်။ အငြိုးအတေးတွေ အမုန်းတွေနဲ့ ပြည့်နှက်နေသည်။

"စင်ကို စိတ်ညစ်အောင် မင်းတစ်သက်လုံး လုပ်တော့မလားမိုးရာ ... မင်းအကျင့်တွေကိုပြင်ပေးပါ"

ရန် ပြန်ထွက်လာခဲ့သည်။ မိုးနှင့်အဆင်ပြေအောင် ဘယ်လို





လုပ်ရမှန်းမသိ။ မာမီကလည်း မိုးကို သားအရင်းထက်တောင် ချစ်ခဲ့၏။ မင်းသိဖို့ကောင်းပါတယ် မိုးရာ ... ငါကလည်း မင်းကို အစ်ကိုတစ်ယောက်အဖြစ်ပဲ သံယောဇဉ်ထားခဲ့ရတာပါ။ ယုံပါ မိုး။

"မင်း ... စင်ကိုတော့ တောင်းပန်သင့်ပါတယ်၊ စင် အမေမိဘကိုလည်း မင်းလေးစားသင့်တယ်"

စင်ကတော့ မိုးထက်မြင့်ရဲ့ ဖုန်းကို ဘယ်လောက်အထိမျှော်လင့်နေမလဲ။ တစ်ညလုံးလည်း အိပ်လို့ပျော်မှာမဟုတ်။ မိုးက ဖုန်းပိတ်ထားမှာသေချာသည်။ ရန် စိတ်ပူပြီး စင်ဆီ ဖုန်းဆက်မိသည်။

"စင်လား ... ရန်ပါ ... ကိုယ် လာခဲ့ရမလား၊ အန်တီမေရော ဘယ်လိုလဲ သက်သာရဲ့လားစင်"

"အင်း"

"စင်"

"ပြောပါ"

"မင်း တစ်ညလုံးရော အိပ်ရဲ့လား ... မိုးတောင် ပြန်မလာသေးဘူး၊ သူ့ဘာကြီး အသည်းအသန်ဖြစ်နေတယ်ထင်တယ်၊ စိတ်မပူပါနဲ့ ... "

"အင်း ... "

စင် မဖြေချင်ဘူး။ ကိုကို့ဖုန်းကို မျှော်နေကာမှ ရန်ဖုန်းက လာနေသည်။ ညကလည်း စင် အိပ်မပျော်။ ကိုကိုက ဖုန်းပိတ်ထား၍ ပိုပြီးပူရသည်။ ရန်က လာမယ်တဲ့။ လာပေါ့ ... မေမေလည်း နေမကောင်းသေးဘူး။ လူနာစောင့်ရတာပေါ့လေ။ ကိုကို ဖုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



ရင် စင်သွားရမယ်။

ရန် ရောက်လာသည်။

"မင်းမျက်ဝန်းလေးက ချောင်တောင်ကျနေပါလားစင် ... အချစ်က ဒီလောက်အထိတောင် အိုစာသွားစေတာလား"

ရန် နောက်လိုက်တော့စင် ရယ်ပြစ်လိုက်သည်။ မင်းကို ရယ်မောပျော်ရွှင်စေချင်တာပါ။ စင်မျက်ဝန်းလေး ချောင်ကျသွားတာတော့ အမှန်ပဲ။ အန်တီမေလည်း နိုးလာသည်။

"အန်တီမေ ... နေကောင်းသွားပါပြီရန်ရယ် ... ထိုင်ဦးနော် ရန် ထမင်းစားပြီးမှပြန် ... မင်း သူငယ်ချင်းနဲ့စကားပြောဦး၊ သမီးဆီကို မောင်မိုးထက်မြင့် ဖုန်းဆက်ထားလား ... တွေ့ဖို့ရှိလား"

"မရှိပါဘူး မေမေ ... ကိုကို့ဘကြီး မူးလဲလို့ ဆေးရုံတင်ရတယ်တဲ့ ရန်ပြောတာပဲ ... ခုထိတောင် ပြန်မရောက်သေးဘူးတဲ့"

"ဟုတ်လားကွယ် ... အန်တီမေ ကိုယ်ချင်းစာပါတယ်၊ ဒါဆိုလည်း မေမေတို့ ထမင်းလက်ဆုံစားကြတာပေါ့ စင်မှ အပြင်မသွားတာ"

"ကိုကို ဖုန်းဆက်ရင်တော့ သမီးသွားရမယ် ... ရန်ရှိနေလို့ မေမေ့အတွက် စိတ်ချရတယ်"

"အမလေး စင်ရယ် ... ညည်းကတော့လေ ရန့်ကို ဘယ်လို သဘောထားနေရတာလဲဟဲ့ ... "

"ရပါတယ် အန်တီမေ ... စင်သဘောဆန္ဒအတိုင်းပါပဲ၊ နိုင်းချင်တာ နိုင်းပါစေ ... "





မိုး အိမ်မှာရှိနေတာကို ရန့်ပြောပြဖို့ ခက်နေသည်။ စင် အရမ်းစိတ်ထိခိုက်ကြေကွဲသွားနိုင်၍ ဖြစ်သည်။ မိုး ... မင်းဖုန်းလေးတော့ ဆက်သင့်ပါတယ်ကွာ။ စင် သနားစရာကောင်းလွန်းတယ်။ အန်တီမေသာသိသွားရင် ... ။

စင် ပျော်ရွှင်စေရန် သူ စနောက်နေသည်။

"မိုး မဆက်သွယ်တော့ရင် ဘယ်လိုလုပ်မလဲ ဖြူဖြူစင်စင်၊ မင်းအသည်းတွေ ကွဲခတ်ခံရတော့မယ်ထင်တယ်၊ မင်းက ကိုယ့်ကိုမှ မရွေးချယ်တာ"

"ရန်နော် ... ပေါက်ကရတွေ လာပြောမနေနဲ့၊ စင်က မရိုးလောင်း ... လာနောက်မနေနဲ့၊ ရိုရိုသေသေ ဆက်ဆံစမ်းပါ"

"ဟုတ်ကဲ့ခင်ဗျ ... မရိုးကို ရိုသေပါတယ်၊ ခိုင်းစရာရှိရင်လည်း အားမနာတမ်း ခိုင်းပါ"

"ခိုင်းရမှာပေါ့ ရန်မခ ... ရှင်က ဆေးကျောင်းတစ်ဝက်တစ်ပျက်တက်ခဲ့တာဆိုတော့ လူနာစောင့်အလုပ်ပဲရမယ် ... "

မေမေက မရှိတော့ပေ။ ရန်ရှိနေ၍ ကိုကို့ဆီက ဖုန်းမျှော်နေရင်း စိတ်ပင်ပန်းနွမ်းနယ်မှုက သက်သာနေသည်။

"ဒီကောင် ဘာလုပ်နေလဲကွာ၊ သူ့ဘကြီး ပြန်မလွှတ်တာဘဲဖြစ်မယ် ... မင်းကိုတော့ စိတ်ပူနေမှာပါစင်"

"ကိုကိုက တကယ်နေနိုင်တယ်ဟယ် ... စင်မျှော်နေမယ်ဆိုတာ အတွေးလေးထဲမှာတောင် ဝင်မလာဘူးလား ... သိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မတွေးဘဲနေမလားစင်ရ … ဒီကောင်က စင်ကိုချစ်တယ်၊ ဒီလောက်ဘဝင်မြင့်ပြီး ဘယ်သူ့ကိုစွမှ စိတ်မဝင်စားဘဲနေတဲ့ကောင်က မင်းကိုချစ်ခွင့်တောင်းတယ်ဆိုတော့ စဉ်းစားကြည့်လေ … အချစ်က ဘယ်လောက်အထိ အဆောက်အအုံကြီး ဖြစ်နေမလားလို့"

"ရန်ကလည်းကွာ … တကယ်ပဲ … ပြောလည်းပြောတတ်တယ်၊ ကျေးဇူးပဲရန်ရယ် … ကိုကို့ဖုန်းကို မျှော်ယင်း စင် ရူးမတတ်ဖြစ်နေတာပါ"

ရန့်ကို ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်တဲ့စကားလေးကပဲ ပျော်ရွှင်ကြည်နူးခဲ့ရသည်။ စင်မျက်နှာလေး ပြုံးပြုံးချိုချိုလေးနှင့် ရန်နှင့်စိတ်လိုလက်ရ ပြောနေ၏။ ရန့်နေရာမှာ မိုးသာဆိုရင် စင် ဘယ်လောက်ပျော်လိုက်မလဲ။

"မိုးနဲ့စင်က ဖူးစာဖက်တွေပါ မပူနဲ့ … ပေါင်းဖက်ကြရမှာပဲ ဖူးစာရှင်မှန်ရင် ဘယ်သူပဲဖျက်ဖျက် မဖြစ်မနေဆုံပြီး ပေါင်းကြရတာပဲလေ"

"ရန်"

"ပြော"

"ရန်လည်း ဒေဝီခင်နဲ့ ဖူးစာဖက်တွေဖြစ်မနေဘူးလား"

"တော်ပါပြီစင်ရာ … ကိုယ်က လူရှုပ်လူပွေဆိုပေမယ့် ဒေဝီခင်လို နိုက်ကလပ်ပေါင်းစုံ ကျင်လည်နေတဲ့မိန်းမကိုတော့ ဇနီးမယားအဖြစ် မပေါင်းဖက်ချင်ဘူး … မကြိုက်လို့လေ … "

မိုးလပြည့်စာပေ



"သူတော်ချင်းချင်း သတင်းလွှေ့လွှေ့လေ … ဘာဖြစ်လဲ လူပျိုကြီးတော့မလုပ်နဲ့ … စားပြီး နားမလည်လုပ်ရင် အမြင်ကပ်လို့"

စင် ပြောချင်တာတွေပြောနေသည်။ သူကတော့ မိုးကို မေ့နေစေချင်သည်။ မိုးက အိမ်မှာရှိနေတာပဲ။ ဖုန်းလေးပင် မဆက်။ မင်းနေနိုင်လိုက်တာကွာ။ စင်မှာ ဘာအပြစ်ရှိလို့လဲ၊ အရမ်းချောပြီး အရမ်းချစ်စရာကောင်းတဲ့ ဖြူဖြူစင်စင်လေးပါ။

ရန် စဉ်းစားနေမိတာက မိုးထက်မြင့်အား လူမှုရေးတွေ နားလည်အောင် ဘယ်လိုလုပ်မလဲဆိုတာပဲ။ အတ္တကြီးတဲ့ကောင် … အငြိုးအတေးကလည်း ကြီးပါ့။

စင် ရယ်မောပျော်ရွှင်နေစေရန် စိတ်ထဲရှိတာတွေ ပြောဆိုနောက်ပြောင်ရင်း ရန်ကိုယ်တိုင်ပင် တဖြည်းဖြည်း အပူမီးတွေ ထတောက်တော့မတတ်။

✲◆✲

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၂ )

"စင်လား ... ကိုကိုပါ ... "

"အမလေး ကိုကိုရယ် ... စင် ဘယ်လောက်အထိ မျှော်နေရလဲ ... ရူးချင်နေပြီ၊ ကိုကို့အတွက် စိတ်ပူလို့လေ"

"ဆောရီးနော်စင် ... ကိုကို တောင်းပန်ပါတယ်ကွာ"

"ကိုကို ဘယ်မှာလဲဟင် ... စင် လာခဲ့မယ်၊ ကိုကို့နဲ့အရမ်းတွေ့ချင်လို့ပါ။ စင်လာခဲ့ရမလားဟင် ... အယ် ... ကိုကိုအလုပ်တွေများနေလားဟင် ... ဒါဆိုလဲ စင် မလာတော့ပါဘူးနော်"

"စင်"

"ရှင်"

"ကိုကိုတို့ လက်ထပ်ကြမယ်၊ မင်္ဂလာအခမ်းအနားတွေဘာတွေလုပ်မနေချင်ဘူး၊ တရားရုံးမှာပဲ ကိုယ်တို့နှစ်ဦးသဘောတူလက်ထပ်ကြရအောင်"

"ကိုကို ... စောစောက ဘာပြောလိုက်တာလဲဟင်၊ မင်္ဂလာ





ပွဲက လူကြီးတွေ စီစဉ်တော့မှာပဲဟာ"

"မင်္ဂလာပွဲကြီးကို လူကြီးမိဘတွေနဲ့ ခမ်းခမ်းနားနားလုပ်မှလက်ထပ်ရမှာလားကွ ... ကိုကို တိုက်ခန်းတစ်ခန်းစီစဉ်မယ်၊ ကိုကိုနဲ့စင် နှစ်ဦးသဘောတူ လက်ထပ်ကြမယ် ... မင်း ကျေနပ်လား။ လက်ထပ်ပြီးရင် ကုမ္ပဏီကနေ ထွက်မယ်၊ ကိုကို့မှာစုဆောင်းထားတဲ့ ငွေရှိပါတယ် ... ဘယ်သူ့အထောက်အပံ့မှ မယူဘဲရပ်တည်ကြမယ်"

"ဟို ... ကိုကို ... ဒါကတော့ စင်လေးမိဘတွေကို ပြောပြမှဖြစ်မယ် ... မေမေလည်း အခုတလော သွေးတိုးတိုးနေလို့လေ"

"ကိုယ့်ဘကြီးလည်း သွေးတိုးနေတာပဲ ... ဘကြီးရွေးချယ်မယ့် ကိုကို့သတို့သမီး အရည်အချင်းက စင်မဖြစ်နိုင်ဘူး၊ မင်းကိုခိုးပြေးမှာ ... ပြီးတော့ ဘယ်သူမှ စေ့စပ်ညှိနှိုင်းဆွေးနွေးဖို့မလိုဘူး၊ ကိုယ်တို့ သီးခြားရပ်တည်မယ်"

"ရှင် ... ကိုကို ... "

"မင်း လက်ခံမယ်ဆိုရင် ကိုကို့ဆီလာခဲ့ပါ။ ကိုကိုတွေ့နေကျနေရာမှာရှိမယ် ... မင်း မှတ်မိတယ်မဟုတ်လား၊ စားသောက်ဆိုင်ကြီးရဲ့ သီးသန့်အခန်းလေးထဲမှာလေ ... "

"ကိုကိုက စင်ကို ခိုးပြေးမှာလား"

"အင်း"

ကိုကိုက ဖုန်းကိုပိတ်သွားသည်။ ကိုကို ဘာတွေလုပ်နေတာလဲ။ ခပ်ကြောင်ကြောင်နဲ့ ... စင့်ကို ခိုးပြေးမလို့တဲ့။ စင်နှင့်ကိုကို့



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဘက်က အမျိုးတွေက သဘောမတူကြပုံပင်။

"စင် ... မိုးက ဘာတဲ့လဲ"

"ဟင့်အင်း ... ဘာမှမဟုတ်ပါဘူး"

"စင်မျက်နှာလေးလည်း မကောင်းဘူး၊ ညှို့မှိုင်းသွားရတယ်၊ မိုးက ဘာပြောလို့လဲစင် ... ဘာတဲ့လဲ ..."

"စင်နဲ့လက်ထပ်မယ်တဲ့ ... စင်သွားတွေ့ရမယ်ရန်၊ သူစောင့်နေတယ်၊ မေမေ့ကို ခဏလောက် စောင့်ကြည့်ပေးထားနော်"

"စိတ်ချပါ စင်ရာ ... ကိုယ်ရှိပါတယ်၊ ကိုယ်က ဆရာဝန်ဘွဲ့ မရပေမယ့် ဆေးကျောင်းမှာ ငါးနှစ်တောင်တက်ခဲ့ဖူးပါတယ်၊ စင်အမေ ဘာမှမဖြစ်ဘူး၊ စိတ်ချသွားပါ ... မင်း ပြန်မလာမချင်း ကိုယ်စောင့်ကြည့်ပေးနေမယ်"

"ကျေးဇူး"

"အိုကေ"

စင်ကတော့ ကိုကိုနှင့်သွားတွေ့ဖို့ပဲ ဆုံးဖြတ်ထားသည်။ ကိုကို့ဆန္ဒပဲလေ။ စင်က ချစ်မိနေတာပဲဟာ။ ကိုကို့အပေါ် နားလည်မှု အပေးနိုင်ဆုံး ချစ်သူဖြစ်ချင်သည်။

သူမ အဝတ်အစားတွေလဲ ပြင်ဆင်ပြီး ထွက်လာခဲ့ပေမယ့် ကိုကိုက တစ်ခါထဲ ခိုးပြေးသွားလျှင် မေမေ ဘယ်လိုခံစားရမလဲ။ သွေးတွေက ငယ်ထိပ်အထိများ တက်သွားမလားဘဲ။ စင် စိတ်တော့ ပူမိနေ၏။ ကိုကို့ကိုလည်း မစွန့်လွှတ်နိုင်ဘူး။ ရန်ဆီ ဖုန်းဆက်ပြီး အကျိုးအကြောင်းပြောပြရင် ကောင်းမလားဘဲ။





"ကိုကို့ဘကြီးက ကိုကိုလက်ထပ်ဖို့ကိစ္စကို ဦးဆောင်စီစဉ်ရလား ... မိဘတွေက သဘောတူပြီးပြီပဲ၊ ကိုကိုကလည်းလေ အခ်ပွာယ်မရှိလိုက်တာ"

စင် မွန်းကြပ်ပိတ်လောင်လာတဲ့ သူမစိတ်ကို ပြန်၍ထိန်းချုပ်သည်။ ကိုကို အခက်တွေ့စေမယ်ဆိုရင်တော့ ကိုကို့ကိုချစ်မိတဲ့ င်က လက်ခံလိုက်ဖို့ပဲရှိနေ၏။ စင်ကို ခွင့်လွှတ်ပါမေမေ။ သမီးစင် ်ကမ်မဲ့တဲ့အလုပ်ကို ချစ်သူအတွက် အချစ်သက်သေပြဖို့ ဆုံးဖြတ်ားပါတယ်။ ဖေဖေ့ကိုလည်း စိတ်ထဲကနေ တောင်းပန်မိသည်။

"ဟဲ့ စင် ... နင်ဘယ်သွားမလို့လဲ၊ အတော်ပဲ နင့်ကိုတွေ့ ဘာနဲ့ ပြောစရာတွေ အများကြီးပဲရှိတယ်"

"နေဦး ... နောက်မှတွေ့မယ်နော်ချစ် ... အခု ကိုကို ်းဆက်ခေါ်ထားလို့ သွားတွေ့ရမယ်၊ ဟဲ့ ချစ် ... မင်္ဂလာသတင်း ိလား ... စင်နဲ့ကိုကို လက်ထပ်တော့မယ်"

"ဟင် ... ဟုတ်လား ... လောလောဆယ်တော့ နင့်ကိုကို ့ုမ္ပဏီကနေ ထွက်စာတင်သွားတယ် ... ကုမ္ပဏီမှာ သန့်ရှင်းရေး ာလုပ်သွားတဲ့ ဖြူဖြူစင်စင်နဲ့ သဘောမတူလို့ ကုမ္ပဏီပိုင်ရှင်က ားခိုင်းထားတာလို့လဲ ပြောနေကြတယ်"

"ဟုတ်လား"

"စင်"

"ဟင်"

"မန်နေဂျာ ကိုမိုးထက်မြင့်နဲ့ တကယ်ပဲလက်ထပ်တော့မှာ



www.burmeseclassic.com

www.burmeseclassic.com



လား ... နင် သေသေချာချာစဉ်းစားဆုံးဖြတ်နော် ... မန်နေဂျာနဲ့ လက်ထပ်ပြီးရင် နင်ပဲသောကတွေ ခံစားရမယ်၊ မျက်ရည်နဲ့ဒူး သုတ်နေရမှာနော် စင်"

"စင် ဆုံးဖြတ်ထားပြီးပြီ၊ ဘာပဲဖြစ်ဖြစ်ဟာ နောက်မဆုတ်နိုင်တော့ဘူး ... စင် ချစ်မြတ်နိုးလေးစားရတဲ့သူလေ၊ နင်သိတယ်နော်ချစ်"

"နင်ကလဲဟာ ... တားမရဆီးမရပါလားဟာ၊ ချစ်တယ်ဆိုရင်လေ မန်နေဂျာ ကိုရန်မခကိုပဲ ရွေးချယ်မယ်၊ စင်ကို အရမ်းချစ်တယ်လေ ... စင်အတွက်ပဲ စဉ်းစားပေးနေတာပါ၊ တစ်သက်တာအတွက်တော့ မိန်းကလေးတစ်ယောက်အတွက် သူချစ်ကိုပဲ ရှာသင့်တယ် စင်"

"မသိဘူးဟာ ... နောက်လည်း မဆုတ်ချင်တော့ဘူး၊ ကိုရန်မခက မန်နေဂျာညီလေ ... "

"ဟယ် ... ဟုတ်လား ... မသိဘူးဟာ၊ တောင်းပန်ပါတယ် စင် ဘယ်သူ့ပဲ ရွေးချယ်ပါစေ ဘဝတစ်သက်တာအတွက်တော့ စဉ်းစားစေချင်တယ်ပာယ် ... "

အရေးထဲ လမ်းမှာ ချစ်နှင့်ဆုံနေရသေးသည်၊ မန်နေဂျာကို မချစ်မိဖို့ အမြဲတမ်းတိုက်တွန်းနေတတ်တဲ့ သူငယ်ချင်းချစ်နှင့် မတွေ့ဆုံဖြစ်တာ ကြာနေပြီဖြစ်၏။ ချစ်ကို ထားခဲ့ပြီး ကိုကိုစောင့်နေမည့် စားသောက်ဆိုင်ကြီးရဲ့ အခန်းလေးဆီ အပြေးရောက်လာခဲ့သည်။

"ညီမလေးက ဖြူဖြူစင်စင်လား ... ကိုမိုးထက်မြင့်က မှာ





သွားပါတယ်၊ သူ့ဘကြီးဆီက အရေးတကြီး ဖုန်းလာလို့ သွားပါတယ်တဲ့ ... သူဖုန်းဆက်လိုက်ပါ့မယ်တဲ့ ... မစောင့်နေပါနဲ့တဲ့"

"ရှင်"

ကိုကို လုပ်ပြန်ပြီ။

စင်က ကိုကို ဆော့ကစားစရာ ကော်ပတ်ရုပ်လေးလား။ ကိုကို သံပတ်ပေးမှ လည်ပတ်သွားလာလှုပ်ရှားနိုင်တဲ့ ဘက်ထရီထည့်ထားတဲ့ စက်ရုပ်တစ်ရုပ်လည်း မဟုတ်ပါဘူးနော်။ လူသားပါ။ နှလုံးသားခံစားချက်တွေနဲ့ ဖွဲ့စည်းထားတဲ့လူလေ။

"ကျွန်မ စောင့်နေမယ် ... ဒီနေ့ ကိုကိုနဲ့မတွေ့လို့ မဖြစ်ဘူး၊ ကျွန်မ ဘဝအတွက် ဆုံးဖြတ်ဖို့ အလွန်အရေးကြီးနေပါတယ်၊ ကိုကို ပြန်လာရမယ် ... ဟင့်အင်း ... ကျွန်မ လုံးဝမပြန်နိုင်ဘူး၊ ဒီမှာပဲ ကိုကိုလာတဲ့အထိ စောင့်ကိုစောင့်မယ်"

သူမ ဆုံးဖြတ်လိုက်သည်။ ကိုကို့ဆီ ဖုန်းဆက်တော့ ဖုန်းပိတ်ထားသည်။

ဒါ ... ဘာသဘောနဲ့ လုပ်ရတာလဲကိုကို။ တစ်လောကလုံး ရှင်တစ်ယောက်ထဲ အရေးကြီးနေတာလား။ ရှင့်ဘကြီးပဲ ... ရှင့်သွေးသားလားဟင်။ စင်အမေကရော သွေးမကြာခဏ တိုးတတ်ပြီး ကျွန်မ ပျော်ရွှင်ပါစေဆိုပြီး သူ လုံးဝသဘောမကျတာတောင် ကိုမိုးထက်မြင့်နဲ့ သဘောတူပေးခဲ့တဲ့ ကျွန်မအမေလေ။ ပြီးတော့ ရှိုးသားတဲ့ အဖေ။ မကြာခင် သမီးလက်ထပ်ပွဲအတွက် ခွင့်ယူပြီး ပြန်လာတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက ကျွန်မကို မီးတောက်တွေကြားထဲမှာ ခန္ဓာကိုယ်တစ်ခုလုံး လောင်မြိုက်ပြာကျသွားအောင် ထားပြစ်ရက်နေခဲ့တာလား။

သူမ စောင့်နေမည်။ ကိုကို့ဆီ ဖုန်းဆက်သည်။ မရ။

မက်ဆေ့တွေ အကြိမ်တစ်ရာလောက် ပို့ပြမ်နေမိ၏။ စင်စိတ်တွေ မောပန်းနွမ်းနယ်စွာဖြင့် စားပွဲပေါ် မျက်နှာလေးမှောက်ချသွားရသည်။

"ကျွီ ..."

"ဟင် ... ကိုကိုလား ..."

သူမ ရှိနေတဲ့ သီးသန့်အခန်းလေး ပွင့်လာ၍ ရတ်ချည်း အပျော်တွေ တိုးဝင်လာရပြီး ... စင် အပြုံးလေးနှင့် မော့ကြည့်လိုက်တော့ ရန်မခ ဖြစ်နေသည်။

"နင် ... နင် ... ဘယ်ကနေ ရောက်လာတာလဲ ရန်မခ၊ ဒီနေရာလေးမှာ စင်ရှိနေတာ ဘယ်လိုလုပ်သိနေရတာလဲ"

"စိတ်ကိုအေးအေးထားပါစင် ... ကိုယ်ပြောတာ နားထောင်ပေးပါ၊ မင်းရှိနေတဲ့နေရာကို ပြောပြလိုက်တာက မိုးပဲ ..."

"ဘာပြောတယ် ... ကိုမိုးက ဟုတ်လား ..."

"ဟုတ်တယ် ... ရန့်ဆီ ဖုန်းဆက်တာပါ၊ စင်ကိုဖျောင်းဖျပြီး ပြန်ခေါ်သွားပါတဲ့ ... နောက်မှ သူဖုန်းဆက်မယ်လို့ ပြောပေးပါတဲ့"

"ဘာ ..."

စင်ဒေါသတွေက ထိန်းချုပ်နိုင်စွမ်း ကင်းမဲ့စွာဖြင့် ဆောက်





တည်ရာမရ ပေါက်ကွဲခဲ့ရသည်။

သူ အရမ်းမုန်းတီးခဲ့တဲ့ ရန်မခဆီ ဘာဖြစ်လို့ အကြောင်းကြားခဲ့ရတာလဲ။ ကိုကို ဘာသဘောလည်းဟင်။ ရန်မခ လက်ထဲ လွှဲအပ်မယ့် သဘောလား။ ကျွန်မကို ရန်မခနဲ့ အနီးကပ်နေထိုင်တာ မကြိုက်လို့ အလုပ်ထွက်ခိုင်းခဲ့တာလေ။

"မရဘူး ... စင်ကို လျှော့တွက်ထားရင် မှားမယ်နော်၊ ကိုမိုးထက်မြင့်ကိုတွေ့မှဖြစ်မယ် ... ရှင်းရမယ် ... ရန်မခဆီ အကြောင်းကြားတာ ဘာသဘောလဲလို့ ..."

"စင် ... တိုးတိုးပြောပါကွာ၊ ခေါင်းအေးအေးထားပြီး ဖြေရှင်းကြမယ်လေ ... မိုးက အခက်အခဲတစ်ခုခုနဲ့ ရင်ဆိုင်ရလို့ဖြစ်လိမ့်မယ်၊ ပြန်ကြရအောင်ပါ ... အန်တီမေ့ကို ထားခဲ့ရတာ စိတ်မချဘူး၊ မင်း ဒီလောက်အထိ မပေါက်ကွဲပါနဲ့"

"ပေါက်ကွဲရမယ် ... ကျွန်မက ရှင်တို့ညီအစ်ကိုအတွက် ဘာလဲ ... လက်ပြောင်းလက်လွှဲလုပ်လို့ရတဲ့ ရောင်းကုန်ပစ္စည်းတစ်ခုလား"

"မဟုတ်ပါဘူးစင် ... အခြေအနေက ဘာမှန်းကိုမသိသေးတာပါ၊ မိုးဘက်ကနေ မင်းကို ဘယ်လိုအကြောင်းနဲ့မှ မစွန့်ပြစ်စေရပါဘူး ... ကိုယ် တာဝန်ယူတယ် ... တောင်းဆိုတာပါ ... မင်းအမေအတွက် ပြန်ကြရအောင်ပါ"

"မပြန်ဘူး ... ကျွန်မ သူရောက်မလာမချင်း မပြန်ဘူး၊ ဒီမှာပဲ ထိုင်နေမယ် ... ရှင်ပြန်တော့ ... ကျွန်မကို စွန့်ပြစ်လိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သရက်သီးအပုတ်တစ်လုံးလို သဘောထားမနေနဲ့၊ ပွဲလန့်တုန်း ဖျာလာမခင်းနဲ့နော်”

“စင် ဘာတွေပြောနေတာလဲ ... စိတ်ကိုထိန်းပါ၊ အခြေအနေတွေက မင်းထင်ထားသလို မဟုတ်ပါဘူး ... ဘာမှကိုမသိရသေးတာပါ”

စင် သောင်းကျန်းနေသည်။ ရန် ပြောနေတဲ့စကားတွေကိုလည်း နားမထောင်တော့။ အခန်းလေးထဲမှာ အရူးမလေးတစ်ယောက်ကဲ့သို့ ခုန်ပေါက်ပြေးလွှားနေ၏။ ရန်ကိုလည်း မုန်းတီးနာကြည်းတဲ့ မျက်ဝန်းတွေနှင့်စေ့စေ့ကြည့်ကာ ရန်မူတိုက်ခိုက်နေသည်။

“ကိုမိုးထက်မြင့်က ကျွန်မကို စွန့်ပြစ်လိုက်ပြီလား ... ရှင်း ရှင်းလင်းလင်း ပြောပြစမ်းပါ ... ကျွန်မ စိတ်ညစ်မှာစိုးရိမ်နေတာလား၊ ရှင်ကရော ... ဘာလဲ ... လူလိမ် လူညာ၊ ရှင့်ကို လုံးဝမယုံဘူးနော်”

“စင်ရယ်”

စင်ကို သူ ဘယ်လိုစကားလုံးတွေနှင့် နားဝင်စေရန် ရှင်းပြရမှန်းပင်မသိတော့။ စင်မျက်ဝန်းတွေက မာထန်ခါးသီးနေသည်။

“ရှင် ပြန်တော့နော် ... ကျွန်မကိစ္စတွေ ရှင်ဝင်ပါစရာမလိုဘူး၊ ကျွန်မကို သနားချင်ယောင်ဆောင်မနေစမ်းပါနဲ့ ကိုရန်မခ ပြန်ပါ ... ကျွန်မကိစ္စ ကျွန်မပဲ ဆုံးဖြတ်မယ်”

“ကိုယ်လည်း မပြန်နိုင်ဘူး ဖြူဖြူစင်စင် ... မင်းကို တစ်





ယောက်ထဲ မထားနိုင်ဘူး၊ မင်းကြိုက်သလို စွပ်စွဲပုတ်ခတ်လေ၊ ကိုယ် လုံးဝမပြန်နိုင်ဘူး”

“ထိုင်နေလေ ... ကျွန်မကတော့ မိုးထက်မြင့်ဆိုတဲ့လူ ရောက်မလာမချင်း စောင့်မယ်”

“မင်းအမေသေသွားတာ မင်းက မြင်ချင်နေတယ်ပေါ့စင်၊ ကောင်းပြီ ... မင်းနေခဲ့ ... ကိုယ်ကတော့ အန်တီမေ့ကို စိတ်မချဘူး၊ ကိုယ့်အမေတစ်ယောက်လို သဘောထားတယ်ကွာ ... ပြန်မယ်”

စင်က လှုပ်ရှားမှုမရှိဘဲ ငုတ်တုတ်လေးထိုင်ပြီး မိုးထက်မြင့်ကို စောင့်နေမည့်ပုံပင်။ ရန် ဘယ်လိုဆက်လုပ်ရမလဲ။ စင်ကိုလည်း စိတ်မချနိုင်။ မိုးက ဒီနေ့တော့ စင်ဆီ ဘယ်လိုနည်းနဲ့မှ ပြန်လာနိုင်မှာမဟုတ်လို့ ရန်ပဲဖျောင်းဖျပြီး ခေါ်သွားပါတဲ့။ မိုး ... မင်းဘာတွေဖြစ်နေလဲဆိုမေးမရ။ ဖုန်းပိတ်သွားသည်။

“ဖြူဖြူစင်စင် ... မင်းခေါင်းမမာစမ်းပါနဲ့ကွာ၊ ပြန်ရအောင်ပါ ... မိုးက ဆက်သွယ်မှာပါ၊ မင်းပဲ မိုးကို အနားလည်ဆုံးဆို၊ မိုး ဘယ်လိုတွေဖြစ်နေလည်းဆိုတာ မင်းသိလား”

“မသိဘူး ... မသိဘူး ... ဘာမှမသိချင်ဘူး၊ မြင်မြင်သမျှ အရာတွေကို ကျွန်မ ရိုက်ခွဲပြစ်ချင်တယ်”

“ရိုက်ခွဲပြစ်လိုက်လေ ... အပျက်အစီးတွေအတွက် ကိုယ့်တာဝန်ထားပါ ... မင်းပေါက်ကွဲလိုက်”

“ကျွန်မ ... မုန်းတယ်၊ မိုးထက်မြင့်ကို မုန်းတယ်၊ အဘွားကြီး



www.burmeseclassic.com

www.burmeseclassic.com



တဲ့လူ၊ ကိုယ်ချင်းစာတရား နည်းနည်းလေးမှ မရှိတဲ့လူ"

"စင်ရယ်"

စင့်အနားသို့ တိုးကပ်သွားပြီး တဆတ်ဆတ်တုန်ရီစွာ ခေါ င်း တွေနှင့် မျက်နှာပြင်လေးပေါ်မှာ မျက်ရည်တွေလိမ်းကျံငိုရှိုက်နေ သူမခန္ဓာကိုယ်လေးအား ပွေ့ဖက်မိသွားသည်။

"စင်ရယ် ... စိတ်ကိုထိန်းလိုက်ပါ၊ ကိုယ် မင်းကို ရိုးသား စင်စွာနဲ့ ပွေ့ဖက်နှစ်သိမ့်ပေးတာပါ၊ မင်းကို မိုးကစွန့်ပစ်မသွား ရပါဘူး ... ကိုယ် တာဝန်ယူပေးပါ့မယ်"

စင် ရုန်းကန်ဖယ်ရှားတွန်းထိုးခြင်း မပြုတော့ဘဲ သူ့ရင် မှာ မှီတွယ်ရင်း တသိမ့်သိမ့်ရှိုက်ငိုခဲ့သည်။

စင်ခန္ဓာကိုယ်လေးက အားပျော့ခွေယိုင်လဲပြိုမတတ် တည်နိုင်စွမ်းပင် မရှိနိုင်တော့။ စင်ကို သနားနေမိ၏။ ကိုယ် အစ် တစ်ယောက်လို မောင်တစ်ယောက်လို ချော့မော့နှစ်သိမ့်ပေးမိ ခဲ့တာပါ စင်ရယ်။

စင် အားပါးတရ ငိုရှိုက်ပြီးမှ မျက်ရည်တွေကို သုတ်ပေးမိ ချော့ချော့မော့မော့နှင့် အပြင်သို့ဖေးမတွဲယူလျှက် ခေါ်ဆောင် ခဲ့သည်။

*◆*

အခန်း ( ၂၃ )

"ကျွန်မ ကိုကို့ကို လက်မထပ်နိုင်တော့ပါဘူး၊ ဘယ်နည်းနဲ့မှ ကိုမိုးထက်မြင့်ကို စင်လက်မထပ်တော့ပါဘူး ... ကျွန်မ ဆုံးဖြတ်ချက်ကို အခိုင်မာဆုံးပဲ ဆုံးဖြတ်ချက်ချလိုက်ပါပြီ"

"စင် ... ဘာကြောင့်လဲ ... ကိုကို့ကို နားလည်မှုမပေးနိုင်တော့တာလား ... ရန်မခကြောင့်လား ... "

"မဟုတ်ဘူး ... ဘယ်သူ့ကြောင့်မှ မဟုတ်ပါဘူး၊ ကိုကို့အတွက်ပဲ ကျွန်မရှိနေလို့ ကိုကို့စိတ်တွေ ရှုပ်ထွေးနေရတာ မဟုတ်လား ... ကျွန်မက ကိုကိုလျှောက်နေတဲ့လမ်းပေါ်မှာ ခလုတ်ကန်သင်းတစ်ခုပါပဲ၊ စိတ်မပူပါနဲ့ စင် ချစ်သူရည်းစားမထားတော့ပါဘူး၊ ကျွန်မလည်း ကိုယ်ပိုင်စီးပွားရေးလုပ်ရမယ်လေ ... ဒါပါပဲနော်"

"စင် ... ဖြူဖြူစင်စင် ... "

ဖြူဖြူစင်စင်က သူ့ဆီဖုန်းဆက်ပြောခဲ့တာပဲ။ ရန်မခကြောင့်လား။

အခုတလော မိုးကျွန်းမာရေး မကောင်းချင်ဘူး။ ဒါသတွေ



www.burmeseclassic.com

www.burmeseclassic.com



က သူ့စိတ်ထဲမှာ ပေါက်ကွဲလွင့်စင်မတတ် မောနေတယ်။ နုံးခွေအားလျော့နေတယ်။ မိုး မကြိုက်ဆုံးပဲ။ သူက ကုမ္ပဏီကိစ္စတွေကို အားကျိုးမာန်တက်လုပ်ပြချင်ခဲ့သည်။ အိပ်ရေးတွေလည်း ပျက်တယ်။

စင်နှင့်လက်ထပ်ဖို့တောင် အကြောင်းအမျိုးမျိုးတွေ တွေးတောပြီး သတ္တိမရှိချင်တော့။ ခေါင်းတွေ ရှုပ်ထွေးလွန်းသည်။

"မင်း ... ဘာဖြစ်လို့ ပြောင်းလဲသွားရတာလဲစင်၊ အဓိပ္ပါယ်မရှိတာဘဲ၊ ရန်မခကို ငါအရှုံးပေးရမှာလား ... စင်ကို ဒီကောင်ဖြတ်ခုတ်လိုက်တာလား"

ရန်မခ လက်ထဲတော့ စင်ကို အပါမခံနိုင်ဘူး။ အရှုံးမပေးနိုင်။

မနေ့က စင်နဲ့ချိန်းထားပြီးမှ ဘကြီးက အတင်းအကြပ်ခေါ်ခဲ့သည်။ မင်းနဲ့ သန့်ရှင်းရေးကောင်မလေး လက်ထပ်မယ်လို့သတင်းကြားတယ်တဲ့ လက်မခံနိုင်ဘူးတဲ့။ ဘကြီး သေွးတက်ပြီး သေရမှာကို မင်းကြည့်ရက်ရဲ့လား မိုးထက်မြင့်တဲ့။

"ကိုကို့အမှားတွေပါ ... ကိုကို သတ္တိမရှိတာ၊ ပတ်ဝန်းကျင်ကို ရင်မဆိုင်ရဲတာပါ။ ဒါပေမဲ့ ... မင်းကိုတော့ လက်လွှတ်အဆုံးရှုံးမခံနိုင်တာ အမှန်ပဲ"

ဘာကြောင့်မှန်းမသိ။ ရန်မခနှင့် ဘာမှမဆိုင်ဘူးဆိုရင်တောင် စင်နဲ့အဝေးမခံနိုင်ဘူး။ ပိုင်ဆိုင်ထားချင်ပါတယ်ကွာ။ စင်ကိုတော့ ကိုကို ချစ်မိနေပါတယ်။

"မိုးထက်မြင့်"

"ဘာလဲ ရန်မခ"





ဒီကောင် ရန်မခ မလေးမစားနှင့် သူ့အခန်းထဲဝင်လာသည်။ သူ့မျက်ဝန်းတွေ ဝင်းဝင်းတောက်သွားရ၏။ မင်းက စင်ကို လုချင်တာ မဟုတ်လား။

"မင်း မနေ့ညနေက ဘာလုပ်တာလဲ ... မိန်းကလေးတစ်ယောက်ကို ချိန်းပြီး မင်းထားခဲ့တယ် ... မင်းအကြောင်းတွေပြပြီး ရှောင်နေတာပဲ၊ မင်းအတွက် ဖြူဖြူစင်စင်က အဆင့်နိမ့်ကျလွန်းနေလို့လား ... မင်းလုပ်ရပ်က လူမဆန်တော့ဘူး ... အဲဒါ မင်းသိလား"

"မင်း ... မင်းနဲ့ဘာဆိုင်လို့လဲ ရန်မခ၊ ငါ့ကိစ္စ ဆရာကြီးဝင်မလုပ်စမ်းပါနဲ့ ... ထွက်သွား ..."

"မသွားဘူးကွာ"

"မင်း ... မင်း ... ကဲကွာ"

ရန့်အင်္ကျီစကို ဆွဲပြီး မျက်ခွက်ကို လက်သီးနှင့်ထိုးပေမယ့် ရန်မခက ရှောင်လိုက်သည်။ မထိပေ။ သူ အရှိန်လွန်ပြီး လဲပြိုကျသွားတာ ပြန်ထမရ။ ခေါင်းတွေက မူးဝေနောက်ကျိနေတာ အမြင်တွေ ဝေဝါးနေသလိုပင်။

"မင်းကို လုံးဝခွင့်မလွှတ်နိုင်တော့ဘူး မိုးထက်မြင့်၊ မင်းက အကြီးဆိုပေမယ့် ဆုံးမရတော့မယ် ... မင်းကို မှတ်လောက်သားလောက်အောင် ဆုံးမပစ်မယ်"

ရန်က မိုးကိုဆွဲထူပြီး အင်္ကျီစကိုဆွဲယူ၍ လက်သီးကိုရွယ်လိုက်စဉ် မာမီနှင့်ဒက်ဒီတို့နှစ်ယောက် အခန်းထဲ ပြေးဝင်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားငယ် ရန်မခ ... မင်းဘာလုပ်တာလဲ၊ အဲဒါ မင်းအစ်ကို အရင်းပဲ မေမေမွေးထားတဲ့ သားကြီးပါ"

"ဗျာ"

"ဟင်"

ဒေါ်တာတာလည်း သားနှစ်ယောက် ပဋိပက္ခဖြစ်နေတာကို တော့ ဘယ်လိုမှ သည်းမခံနိုင်တော့ဘဲ အဖြစ်မှန်တွေကို ဖွင့်ပြောပြ ဖို့ပဲ ဆုံးဖြတ်လိုက်သည်။

"မိုးထက်မြင့်က မေမေ့သားကြီးပါ ... မင်းဒက်ဒီနဲ့က ငယ် ချစ်ဦးတွေဖြစ်ပြီး မှားယွင်းခဲ့မိပြီး မာမီ့မှာ ကိုယ်ဝန်ရှိခဲ့တယ်"

ဒေါ်တာတာ ဘာတွေလာပြောနေတာလဲ။ မိုးခန္ဓာကိုယ် အား အနိုင်နိုင်သယ်မ၍ မတ်တပ်ရပ်လိုက်သည်။

"ဒက်ဒီ ... ဘာတွေလာပြောနေကြတာလဲ၊ ထွက်သွားကြ ပါဗျာ ... ကျွန်တော် စိတ်ရှုပ်နေလို့ပါ၊ ထွက်သွားပါ ... "

"ဟုတ်တယ် သားကြီး ... မင်းမာမီ ပြောတာမှန်တယ် တာတာက မင်းကိုမွေးခဲ့တဲ့ အမေရင်းပဲ"

မိုး လက်မခံနိုင်။ ဒါဆိုရင်လည်း ဘာဖြစ်လို့ အခုမှလာပြော ပြရတာလဲ။ ဘာကြောင့်လဲ ... မိုး အော်ဟစ်မေးပြစ်ချင်သည်။

"လူကြီးတွေက သဘောမတူလို့ အတင်းခွဲပြီး မင်းဒက်ဒီ ကို တခြားမိန်းမတစ်ယောက်နဲ့ လက်ထပ်ပေးခဲ့တာပါ ... သားကို မွေးတော့ မောင့်ဇနီးမှာ ကိုယ်ဝန်မရနိုင်တာသိလို့ မွေးစားဖို့ပေး လိုက်ရတယ်လေ"

မောင့်ဇနီးထံ ကလေးကိုပေးတော့ သားကြီးမိုးထက်မြင့်





ဘဝ ကောင်းစားရေးအတွက် မိမိသားအဖြစ် ဘယ်လိုအကြောင်းနဲ့ မှ ထုတ်ဖော်မပြောပါဘူးလို့ သစ္စာရေတိုက်ပြီး ကြိမ်ဆိုစကားတွေနဲ့ ကတိပေးခဲ့ရသည်။

"ညည်း ... သစ္စာရှိနေ၊ ညည်းအသက်ရှင်နေတဲ့ကာလပတ် လုံး ညည်းသားလို့ ထုတ်ဖော်မပြောရဘူး၊ ညည်းသားရှေ့ရေး အတွက်ပဲ တာတာ ... နားလည်လား ... "

"ဟုတ်ကဲ့ပါ ... စိတ်ချပါမေရယ် မပြောပါဘူး ... ကျွန်မ သားလေးကိုသာ ချမ်းချမ်းသာသာနဲ့ ထူးချွန်ထက်မြက်တဲ့အထိ ကြီးပြင်းသွားရင် ကျေနပ်ပါတယ်"

"ညည်းအရင်းအနှီးတွေယူသွား ... ဘယ်တော့မှ ငါတို့အနား မလာခဲ့နဲ့"

"ကျွန်မ ဘာအရင်းအနှီးမှ မယူပါဘူး၊ ငွေလည်းမလိုပါဘူး၊ ထွက်သွားပါ့မယ် ... အဝေးဆုံးကိုပါ ... "

မိမိငွေတွေ မယူဘဲ ထွက်သွားခဲ့သည်။ ဘဝကို ရန်းကန်လှုပ် ရှားရင်းကနေ သားငယ်အဖေနှင့် တွေ့ဆုံလက်ထပ်ခဲ့ကြ၏။ သား ကြီး မွေးစားအမေလည်းဆုံး၊ မိမိခင်ပွန်းလည်းဆုံးမှ နှစ်ယောက် မျှော်လင့်ဘဲ ဆုံတွေ့ခဲ့ကြသည်။

"ဒက်ဒီဇနီးက အပျိုဘဝထဲက သားအိမ်မှာရောဂါရှိလို့ ထုတ် သားရတာ ဒက်ဒီကို မပြောပြဘူး ... ဒက်ဒီကလည်း မိဘအတင်း ပေးစားတာရော ဒက်ဒီ့ကိုလိမ်ညာလက်ထပ်တာရော ဒေါသဖြစ်ပြီး ဥပေက္ခာတွေနဲ့ နေထိုင်ခဲ့မိတာပါ၊ ဒါပေမဲ့ ... မိသားစုကိုတော့ စီးပွားရှာပြီး ချမ်းချမ်းသာသာ ထားနိုင်ခဲ့တယ်"

"ဟုတ်ပါတယ် ... မာမီက သားကြီးကိုမွေးခဲ့တာပါ၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



စာထိလည်း မေမေ မတတ်နိုင်တော့ဘူး၊ သားကြီး မိခင်ကိုပြစ်မှားနေတာ အကုသိုလ်တွေဖြစ်နေရပြီ၊ မမသီတာအပေါ်လည်း သစ္စာမဲ့တာတော့ မဟုတ်ပါဘူး … ရန် … မင်းတောင်ပန်လိုက်စမ်း၊ မိုးက မင်းအစ်ကိုအရင်းပဲ … မာမွီသား … ”

“ဗျာ”

“ဟင်”

မာမီတာက မိုးအမေအရင်းတဲ့။ မိုးကိုမွေးခဲ့သည်ဟုပြောနေသည်။

သူ တစ်နှစ်သားအရွယ်က မာမီနှင့်ပွေ့ချီရိုက်ထားတဲ့ ဓါတ်ပုံထုတ်ပြခဲ့၏။ သားကြီးမိုးထက်မြင့်နှင့် မေမေတဲ့။ မွေးသက္ကရာဇ်ပါ ရေးထားတဲ့ ဓါတ်ပုံလေးက ဟောင်းနွမ်းနေပေမယ့် ဆေးသားက ပီပြင်နေဆဲပင်။

မိုး နောင်တတွေကြီးစွာ ရနေမိရင်း မာမီတာ့ကို ဖက်ထားလိုက်မိသည်။

“မိုး မှားပါတယ်မာမီ … တောင်းပန်ပါတယ်နော်၊ မိုး စိတ်ထဲမှာ လက်မခံနိုင်ပေမယ့် မာမွီကို အမုန်းကြီးတော့ မုန်းမနေမိပါဘူး၊ စောစောက သားကို ဘာဖြစ်လို့ ပြောမပြကြတာလဲ … ကိုယ့်အမေအရင်းကို ရန်သူလို ဆက်ဆံမိနေတယ်”

“မာမီ ပြောပြခဲ့ချင်ပါတယ်၊ ဒါပေမဲ့ … သားကြီးရယ်၊ မင်းမာမီသီတာအပေါ် သစ္စာမမဲ့ချင်ပါဘူး … မာမီရဲ့အတိတ်ဇာတ်ကြောင်းတွေလည်း မသိစေချင်ခဲ့လို့ပါ၊ သားကြီးကို မာမီ ဘယ်လောက်အထိ ချစ်ခဲ့လဲ၊ အခွင့်အရေးတွေပေးခဲ့လဲ … သားငယ်ရန်ကိုတောင် သားကြီးထက်မသာစေရဘူး နှိမ်ထားခဲ့တာပါကွယ်”





“မာမီရယ်”

မာမီက သူ့ကိုပွေ့ဖက်ထားရင်း မျက်ရည်တွေလည်း စီးကျလာကာ နှစ်သိမ့်ချော့မြူနေသည်။

“သားကြီးဆန္ဒတွေ ဘာဖြစ်ချင်လဲ၊ မာမီဖြည့်စွမ်းပေးပါ့မယ် မာမီက သားကြီးကိုမွေးခဲ့တာကို သားဘကြီးသိပါတယ် … သူကိုယ်တိုင် မွေးစားစာချုပ်မှာ လက်မှတ်ထိုးစေပြီး ကျိန်ဆိုစေခဲ့တာလေ”

ဘကြီးက မာမီသီတာရဲ့အစ်ကိုကြီးပါ။ ယနေ့အထိ မာမီသီတာက မွေးစားခဲ့တာလို့ ပြောမပြခဲ့ပေ။ ဘကြီးနှင့်မိုးက သွေးသားပင် မတော်စပ်ခဲ့ကြ။ ဘကြီးက မိုးကိုတော့ချစ်သည်။

“မာမီရယ် … သားသိလိုက်ရတာ စိတ်ထဲမှာပျော်သွားရတယ်၊ ဘဝမှာ အပျော်လေးတွေ စတင်ရရှိသွားတာပဲ”

“ကိုမိုး … ရန်လည်း တောင်းပန်ပါတယ်၊ မင်းဘက်က ဘယ်လိုပဲ မုန်းတီးရန်ရှာနေပါစေ၊ ရန်စိတ်ထဲမှာ အစ်ကိုအရင်းလိုပဲ သတ်မှတ်ထားခဲ့တာပါကွာ၊ ယုံပါ … စောစောက စင်အတွက် မခံချင်ဖြစ်ပြီး ပြဿနာရှာမိတာလဲ ခွင့်လွှတ်ပေးပါ”

“ရပါတယ် ညီရာ … အစ်ကိုလည်း အတ္တကို ကြီးပါတယ်၊ နောက်ဆို တို့မိသားစု စည်းစည်းလုံးလုံး နေကြရအောင်၊ စင်ကိုလည်း မင်းကပဲ အရမ်းချစ်နေတာလေ … မင်းနဲ့ပဲ လက်ထပ်ကြပါ”

“ဟော့ မဖြစ်ဘူး … စင်က မင်းမှမင်းပဲ၊ မင်းကိုချစ်နေတာ မင်းယူရမယ်”

“မင်းယူပါ … မိုးက လူ့လောကကြီးနဲ့ သိပ်အံဝင်ခွင်ကျတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ အား … ခေါင်းတွေမူးတယ်၊ မျက်လုံးတွေပြာလာပြီ အား … ”

“သားကြီး”

“မိုး … ဘာဖြစ်တာလဲ”

“သားကြီးမိုး သတိထားပါ၊ မင်းအားတွေ အရမ်းနည်းနေတယ်ထင်တယ် … ဆေးခန်းပို့ရအောင် … ”

မိုးက ပြောနေရင်းနှင့် သတိလစ်သွားပြီး လဲပြိုသွားသဖြင့် ရန် ပြေးဖက်ပွေ့ယူထားလိုက်ရသည်။ ဆေးခန်းရောက်တဲ့အထိ မိုး သတိလစ်နေဆဲပင်။

ဖြူဖြူစင်စင်ဆီလည်း ဖုန်းဆက်လိုက်သည်။

ဆေးခန်းမှာ ကျန်းမာရေးစစ်ဆေးမှု အမြန်လုပ်တော့ မိုး ထက်မြင့်မှာ သွေးကင်ဆာဖြစ်နေပြီတဲ့။ သွေးဖြူဥတွေ များပြီး တစ်ပတ်လောက်ပဲ အသက်ရှင်နေနိုင်တော့မယ်တဲ့။

“ဖြစ်ရလေ သားကြီးရယ် … ဘယ်လိုဖြေရတော့မလဲ၊ မာမီ အသုံးမကျတာပါ၊ အစောကြီးထဲက ဖွင့်ပြောရမှာလေ … ပြောပြရမှာပေါ့၊ သားကြီးကို စိတ်သောကတွေနဲ့ ကြီးပြင်းစေခဲ့မိတယ်”

မိုးကို သွေးတွေသွင်းရသည်။ ရန်နှင့်သွေးတူနေ၏။ သွေးသွင်းလိုက်တော့မှ မိုး သတိပြန်၍ရလာခဲ့သည်။ စင်တို့သားအမိလည်း ရောက်လာခဲ့ကြ၏။ စင်ကတော့ အားလုံးထက် အကြေကွဲဆုံး ဖြစ်နေခဲ့သည်။

“ကိုကိုရယ် … စင်ကို ဘယ်တော့မှ ခွင့်မလွှတ်ပါနဲ့၊ စင် မှားပါတယ်၊ တကယ်ဆို ကိုကို့ကို စင် နားလည်မှုအပေးနိုင်ဆုံး





ဖြစ်ရမှာပါနော် … ”

ကိုကို့ကို လက်မထပ်တော့ဘူးဟု ပြောမိတဲ့ စင်ကိုယ်စင် ခွင့်မလွှတ်နိုင်ဆုံး ဖြစ်ခဲ့ရသည်။ တကယ်သာဆို ကိုကို့ကို စင်ချစ်ခဲ့တာပဲ။ စင်ပဲ စတွေ့တွေ့ချင်း အထင်ကြီးလေးစားမိသွားရကာ ကိုကိုနှင့် နီးစပ်ခွင့်ရစေရန် စင်က လုပ်ဆောင်ခဲ့သည်။

“စင်”

“ကိုကို”

“ကိုကို့စကားကို သေသေချာချာနားထောင်ပါ … ”

“ပြောပါ ကိုကို … စင် နားထောင်ပါ့မယ်၊ ကိုကို့ဆန္ဒက စင်ဆန္ဒပါပဲ … ပြောပါ”

“တကယ်လားကွာ … စင်က ကိုကို့စကားကိုလက်ခံပြီး လုပ်ပေးမှာလား”

“လုပ်ပေးပါ့မယ် … ပြောသာပြောပါ ကိုကို … ”

“ဒါဆို ကိုကို အရမ်းဝမ်းသာပြီး စိတ်ဖြောင့်ရပြီပေါ့”

“ကိုကို”

“စင်နဲ့ညီလေးရန်ကို လက်ထပ်ပေးချင်တယ် … ကိုကို့ဆန္ဒပါ၊ ဘယ်လိုလဲစင် မင်းပဲ ကိုကို့ဆန္ဒက မင်းဆန္ဒဆို … ”

“ကိုကို”

“မိုး”

“ကိုကို့ဆန္ဒပါ … ကိုယ် ဘာမှမဖြစ်ဘူးဆိုရင်တောင် စင်နဲ့ လက်ထပ်တာကို ဖျက်မှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုကိုက သတ္တိမရှိဘူး၊ စင်တို့မိသားစုကို အထင်သေးမိနေတယ် … ရန်ကတော့ စင်ကိုချစ်တယ်၊ ပျော်ရွှင်အောင်လည်း ထားပေးနိုင်တယ်၊ စင်



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်သင့်တာက ရန်ပါ ... ”

“ကိုမိုး ဘာတွေပြောနေတာလဲဗျာ ... အရင်ဆုံး ... မင်း ကျန်းမာရေးပဲ လုပ်စမ်းပါ၊ မကြာခင် လေယာဉ်ကွင်းဆင်းရမယ် နိုင်ငံခြားမှာ ဆေးသွားကုမယ်လေ”

“အင်း ... သွားတာပေါ့၊ ဒါပေမဲ့ ကိုကိုဖြစ်စေချင်တာလည်း မင်းတို့လက်ခံပေးရမယ်”

“ကိုကိုရယ် ... စင်ကို ဘာတွေလာပြောနေရတာလဲ ... စင် လုံးဝ လက်မခံဘူးနော်”

“မင်းက ကိုကို့ကို ခုထိ ဆန့်ကျင်နေတုန်းပဲလားစင်၊ မင်း ပြောတော့ ကိုကိုဆန္ဒက မင်းဆန္ဒပဲဆို ... ”

“ကိုကို”

“စင်ရော ညီရော လက်ခံပေးကြပါ၊ ကိုကိုရဲ့အကြီးမားဆုံး ဆန္ဒပါပဲကွာ”

မိုး ပြောသွားသည်။ စင်က လက်ခံမှာပါ။ ကိုကို စိတ်ချချင်တယ်။ ရန်ကိုလည်း ပေးဆပ်ချင်တာပါ။ ရန်က သူ့ကြောင့် အနိမ့်ခံဘဝနှင့်နေထိုင်လာခဲ့ရတာ မိုးသိနေ၏။ ဒါကြောင့်လည်း မိုးစိတ်တွေ ကျေနပ်ခဲ့ရတာပါ။ မာမီက သားကြီးအတွက်ပဲ စဉ်းစားပေးနေတာလည်း မိုးသိနေရတာပဲ။ ဖြူဖြူစင်စင်ကို ရန့် အရမ်းချစ်မြတ်နိုးနေသည်။

“သားကြီးရေ ... လေယာဉ်စီးရမယ် ... ခရီးစကြရအောင်ပါ”

ဒက်ဒီက ပြောသည်။ မိုးမသွားချင်ပါဘူး။ သူ့ဝေဒနာကို သူ အသိဆုံးပဲ။ လူ့လောကကြီးထဲ ရှေ့ဆက်ရှင်သန်ဖို့ မဖြစ်နိုင်တော့





ဘူး။ သူ့သက်တမ်းက ဒီလောက်ပဲလေ။ ကျေနပ်ပါတယ်။

သူ့မိသားစုလေးရဲ့ အမှန်တွေကိုလည်း မိုးသိခဲ့ရပြီပဲ။ မာမီကတော့ သူက မငိုပါနဲ့ပြောထား၍ မျက်ရည်တွေက မျက်ဝန်းတွေထဲမှာ ရပ်တန့်နေခဲ့သည်။

“စင်နဲ့ရန် ... မင်းတို့နှစ်ယောက် ဘယ်အချိန်ပဲဖြစ်ဖြစ်ပေါ့ကွာ၊ ရက်အကန့်အသတ်မရှိပါဘူး ... ကိုကို ပြောခဲ့တဲ့စကားကို လုပ်ဆောင်ပေးကြပါ၊ ကိုကိုကတော့ ရန်နဲ့စင်ကို ပျော်ရွှင်ချမ်းမြေ့စရာကောင်းတဲ့ မိသားစုလေးဘဝ ဖြစ်စေချင်တယ် ... ကိုကို့ဆန္ဒပါကွာ”

သူ ပြောရင်းနှင့် အသက်ရှူက ကြပ်လာပြီး မောလာသည်။ သွေးတွေ ဘယ်လောက်ပဲသွင်းသွင်း ခံနိုင်အားမရှိ။ မိုးခန္ဓာကိုယ်က ပျော့ခွေကျနေကာ လှုပ်ရှားတိုင်း အမောကဖောက်လာသည်။

“မိုး သတိထားနော် ... မင်းဘာမှ မဖြစ်ပါဘူး၊ ရန်နဲ့စင်ရဲ့ မိသားစုဘဝလေးကို မင်းမြင်တွေ့ချင်တယ်ဆို၊ မင်းကျန်းမာအောင် လုပ်ရမှာပေါ့ မိုးရ ... ”

မိုး နှုတ်ခမ်းတွေက ပြုံးသွားလေသည်။

အားလုံးကို နှုတ်ဆက်ပါတယ်။ မိသားစုက မိုးအပေါ် အစွမ်းကုန်ကောင်းခဲ့ကြတာပဲ။ ချစ်ရတဲ့ စင်ရောပဲ။ သူ့အပေါ် ချစ်မြတ်နိုးတဲ့စင်။

ရန် ... မင်းကတော့ မိုးနဲ့ပတ်သက်လာရင် ဆုံးရှုံးနစ်နာမှုတွေက အများကြီးပဲကွာ ဖြူဖြူစင်စင်ကို မင်းလက်ထဲ ငါကျေကျေနပ်နပ်ပေးအပ်ခဲ့ပါတယ်။ ပျော်ပျော်ရွှင်ရွှင်နေထိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပါကွာ။

မိုး မျက်လုံးတွေက တဖြည်းဖြည်းနှင့် အမှောင်ထုက အထပ်လိုက် ပိကျလာသည်။

"ကိုကို ... "

"မိုးရေ ... "

"သားကြီးမိုးရေ ... "

"မာမီတာ့ကို ထားခဲ့ပြီလား သားကြီးရယ် ... "

※◆※

## အခန်း ( ၂၄ )

အချိန်တွေက အရမ်းကို လျင်မြန်စွာ ကုန်ဆုံးသွားခဲ့လေသည်။ မိုး ဆုံးပြီး မကြာခင်မှာပင် ရန်မခတစ်ယောက် သူစီစဉ်ထားတဲ့အတိုင်း နိုင်ငံခြားကုမ္ပဏီကိစ္စတွေနှင့် သွားရောက်နေထိုင်ခဲ့၏။ စင်ကလည်း သူမအား အချိန်အတိုင်းအတာတစ်ခုလောက် ပေးပါတဲ့။ စင်ဆန္ဒအတိုင်း ရန်က လုံးဝအဆက်အသွယ်မလုပ်ဘဲ နေပေးခဲ့သည်။

"မိုးရေ... တကယ်ပါပဲကွာ၊ မင်းကို မေ့လို့မရနိုင်ဘူး၊ ရန်တို့ညီအစ်ကိုနှစ်ယောက်ရဲ့ ကံကြမ္မာက ဆန်းကြယ်လိုက်တာ"

ဒက်ဒီနှင့်မာမီကရော စင်မိဘတွေကရော သူတို့မျက်စိမမှိတ်ခင် သားကြီးမိုးထက်မြင့်ရဲ့ ဆန္ဒကို ဖြည့်စွမ်းပေးရမယ်တဲ့။ စင်က ငြင်းပယ်မှာပါ။ ရန်ကို ဒက်ဒီနဲ့မာမီက ပြန်လာဖို့ အတင်းအကြပ်ခေါ်နေ၍ ပြန်လာခဲ့ရသည်။

"သားငယ်နဲ့စင်ကို လူကြီးမိဘတွေ ကျန်းမာရေးကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်လေးမှာ လက်ထပ်ပေးမှဖြစ်မယ် ရန် ... "

"စင်ဆန္ဒကပဲ အရေးကြီးပါတယ်ဒက်ဒီ ... ရန် စောင့်နိုင်ပါတယ်၊ အတင်းအကြပ်ကြီးတော့ မစီစဉ်စေချင်ပါဘူး"

"ဒီကိစ္စက သားကြီးရဲ့ဆန္ဒလေ ... သူ အသေအချာမှာခဲ့တာပဲ၊ မာမီတို့ စိတ်အေးချင်တယ် ... အသက်အရွယ်တွေကြီးလာကြပြီ မြေးလေးတွေကိုလည်း မြင်တွေ့ချင်တယ်"

စင်လည်း အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်နေပါပြီ။ အရမ်းတည်ငြိမ်ရင့်ကျက်နေပြီဟု မာမီက ပြောပြသည်။

"သားက အကြောင်းမကြားဘဲ ရုတ်တရက်ကြီးပြန်လာတာကိုး ... စင်လေးတောင် မသိသေးဘူး"

ရန် တမင် ဘယ်သူ့ကိုမှ အသိမပေးဘဲ ပြန်လာခဲ့မိသည်။ စင်နှင့်ရုတ်တရက်ကြီး ရင်မဆိုင်ရဲသေးပေ။ စင်လာကြိုမှာမဟုတ်ဘူးဟုလည်း ထင်နေခဲ့၏။ ရန် မခံစားနိုင်လို့ဘဲ။

"ရန် သွားတွေ့လိုက်ပါ့မယ် မာမီ ... ဆေးခန်းလေးထဲ ပြင်ဆင်ထားတာတွေ ကြည့်ရင်းနဲ့မှ ဟိုကောင်ကြီး မင်းလွင်လည်းကလေးတွေ ဘာတွေတောင်ရနေပြီ ... သွားတွေ့ရမယ်"

"သားရန် ... "

"ဗျာ"

"မင်းဘက်ကနေ စင်သဘောထားချည်းပဲ လုပ်မနေနဲ့ဦးနော်၊ တောင်းဆိုသင့်တာလည်း တောင်းဆိုပါ ... စင်က မိန်းကလေး"





"ဟုတ်ကဲ့ပါ မာမီ ... "

ရန် တောင်းဆိုချင်ပါတယ်။ နိုင်ငံခြားမှာနေရတဲ့ နှစ်တွေမှာလည်း တစ်ရက်တစ်စက္ကန့်တောင် မမေ့လျော့ဘဲ စင်ကိုလက်ထပ်ခွင့် တောင်းဆိုခဲ့ပါတယ်။ စင်ပဲ မသိခဲ့တာပါ မာမီ။ မိုးကိုလည်း မျက်နှာပူတယ်။ အတင်းကြီးတော့ စင်ဆန္ဒမပါသေးဘဲနဲ့ လက်မထပ်ချင်ဘူး။ မိုးဆီက လုယူသလိုကြီး မဖြစ်စေချင်လို့ပါဗျာ။

"သားငယ်ရဲ့ ဆေးခန်းလေးကိုလည်း စင်က စောင့်ရှောက်ကြည့်ရှုပေးနေပါတယ်၊ ငွေကြေးလည်း ထောက်ပံ့တယ်၊ စင် မနေတော့ပေမယ့် ကုသိုလ်ဖြစ်ဆေးခန်းဆီ စင် မကြာခဏ ရောက်လာတယ်တဲ့"

ရန်ကို မမေ့ဘူး၊ မမုန်းဘူးဆိုရင်ဘဲ ရန် ပျော်ရွှင်ကျေနပ်ရပါတယ်စင်။ နိုင်ငံခြားကို သူထွက်သွားခဲ့တဲ့နှစ်တွေမှာ စင်ထံ တစ်ကြိမ်တစ်ခါပင် ဖုန်းမဆက်ခဲ့။ စင်ကလည်း မဆက်သွယ်ပေ။

"စင်ကိုတွေ့ရင်လည်း မရိုးတစ်ယောက်နဲ့တွေ့ဆုံရသလိုပဲ ရန် တရိုတသေ ဆက်ဆံပေးပါ့မယ်ကွာ"

စင်ကိုတွေ့ဖို့ ရန် သတ္တိမရှိ။ စင်က ရင့်ကျက်နေပါပြီတဲ့။ သူ့ကို မျက်စောင်းတထိုးထိုး ရန်တစောင်စောင်လုပ်မှာတော့ မဟုတ်ပါဘူး။ မာမ့်ကို ကြိုတင်ဖုန်းဆက်မပြောထားဖို့ ပြောရသည်။

"ကိုယ့်ရင်တွေတုန်နေတယ်စင် ... ကိုယ်နဲ့တွေ့ရင် ရန်လိုနေတဲ့ မင်းမျက်ဝန်းတွေ အရင်အတိုင်းပဲလားကွာ ... သိချင်လိုက်တာ"

သူ့ အတွေးတွေနှင့်ပင် ဖောချွေးတွေက ပျံ့ချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းထဲမှာ အဲကွန်းအအေးစက်ဆုံး ဖွင့်ထားတာတောင် ခန္ဓာကိုယ်က ပူလောင်နေခဲ့၏။ ကိုယ် ဒီလောက်အထိတောင် မင်းနဲ့တွေ့ဖို့ တုန်လှုပ်နေရတယ်။ မင်းနဲ့ရင်ဆိုင်ဖို့ တကယ့်ကို အဆင်သင့် မဖြစ်သေးတာပါ။ ညနေရောက်တော့ မင်းလွှင်ဆီ ဖုန်းဆက်တော့ ဆေးခန်းဖွင့်နေပြီ လာခဲ့တဲ့။ သူ ရောက်သွားသည်။

"ရန် ... မင်းကွာ အကြောင်းမကြား ဘာမကြားနဲ့၊ မင်းကို တွေ့လိုက်ရတော့ တို့ဆေးခန်းလေး ဖွင့်ကာစအချိန်လေးကို သတိရတယ် ... ဖြူဖြူစင်စင် ဆေးခန်းလာပြတော့လေ မင်းက ဆရာဝန်ဆိုပြီး ဗိုက်သားလှန်ပြခိုင်းတာ"

"တော်ပါတော့ကွာ ... ကိုယ်က မဆင်မခြင်လုပ်မိလို့ ဖြူဖြူစင်စင်က လူလိမ်ဆိုပြီး ခုထိမုန်းနေခဲ့တာလေ"

"မင်းနဲ့အဆက်အသွယ်မရှိကြသေးဘူးလားရန် ... "

"မရှိဘူး"

"ဟာ ... ငါးနှစ်တောင်လား"

"အင်း ... "

ဖြူဖြူစင်စင်က အရမ်းတည်ငြိမ်ပြီး အရမ်းလှပလာတယ်တဲ့။ ဆေးခန်းလေးဆီတော့ မကြာခဏ ရောက်လာတတ်ပြီး ကူညီတယ်တဲ့။

"မင်း ဖုန်းဆက်လိုက်လေ ရန် ... "

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ ... မင်းတို့နှစ်ယောက်ကို လူကြီးတွေက





အတင်းအကြပ် လက်ထပ်ဖို့စီစဉ်မယ်ဆို ... အန်တီမေနဲ့တွေ့လို့ ပြောတာ ... ကိုယ်တောင် အရမ်းဝမ်းသာနေတာကွ"

"စီစဉ်တာတော့ စီစဉ်တာပဲ ... ကိုယ်ကတော့ စင်သဘောကျ ဖြစ်စေချင်တယ်၊ အတင်းအကြပ် စီစဉ်မယ်ဆိုရင်တောင် ကိုယ်က ငြင်းရမယ်"

"ခုထိ စင်ကို အလိုလိုက်အကြိုက်ဆောင်ပေးနေတုန်းလားရန်ရာ ... နှစ်တွေလည်းကြာနေပါပြီ၊ အသက်အရွယ်တွေ ရလာပြီပဲ ... မင်း သတ္တိမရှိတာလား ရန် ... ယောကျ်ားပဲကွ ပြတ်ပြတ်သားသား တောင်းဆိုလေ ... "

သူ ဖုန်းလည်း မဆက်ရဲ။ ဖြူဖြူစင်စင်ဘက်က အရင်လိုပဲ မာမာထန်ထန်နှင့်ဆက်ဆံမှာ စိုးရိမ်ကြောက်ရွံ့နေခဲ့သည်။ ဆေးခန်းမှာ လူနာဟောင်းတွေနှင့်တွေ့ဆုံပြီး သူ့ကို ဝမ်းသာအားရနှုတ်ဆက်ကြ၏။ ဆုတောင်းပေးကြသည်။

"ကျေးရွာရှင်ကြီး စိတ်သဘောထားပြည့်ဝလိုက်တာ ကျန်းမာချမ်းသာပြီး လိုရာဆန္ဒတွေ ပြည့်ဝပါစေ"

အကြောင်းသိနေကြတဲ့ သူတွေက ဖြူဖြူစင်စင်နှင့်လည်း အမြန်ဆုံး အဆင်ပြေပါစေဟု ဆုတောင်းပေးကြသည်။ ပေးတဲ့ဆုနှင့် ပြည့်ပါစေဟု သူကလည်း ဆုတောင်းခဲ့၏။ လောလောဆယ်တော့ စင်ကိုပင် ဖုန်းဆက်အကြောင်းမကြားရဲသေးဘဲ အိမ်ပြန်လာခဲ့သည်။ မိဘတွေကလည်း ရန်တို့ကိစ္စ ငြိမ်ငြိမ်ပဲ နေကြ၏။ သူ အိပ်လို့မရ။ မိုးကိုရော စင်ကိုရော သတိရ တမ်းတမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးရယ် ... မင်းကို ရန်မူးပြီး ရစ်ခဲ့တာတွေ ပြဿနာရှာခဲ့တာတွေ တို့နှစ်ယောက်အရွဲ့တိုက်ရင်း ပြိုင်ဆိုင်ခဲ့ကြတာတွေ နောက်ဆုံး မိန်းကလေးတစ်ယောက်ထဲကိုတော့ တို့နှစ်ယောက် ပြိုင်ချစ်ပြီး လုခဲ့ကြတယ်နော်"

ထိုညက မိုးအခန်းထဲမှာ တစ်ညလုံးထိုင်နေခဲ့သည်။ မင်း သေမယ်မှန်းသိခဲ့ရင် ငါအရှုံးပေးပြီး မင်းစိတ်တိုင်းကျနေပါတယ်။ မိုးလင်းမှ မိုးအခန်းထဲမှပြန်ထွက်လာခဲ့ပြီး ပန်းတွေဝယ်၍ မိုးအုတ်ဂူလေးဆီ ရန် ထွက်လာခဲ့သည်။

"မိုး ... မင်းကိုလာနှုတ်ဆက်တာနော်၊ တစ်ခုလည်း ခွင့်ပန်ချင်တယ်၊ ဖြူဖြူစင်စင်ကိုလေ ငါချစ်နေဆဲပဲ၊ လက်ထပ်ဖို့လည်း အမြဲတမ်း မျှော်လင့်နေခဲ့တယ် ... မင်းကိုယ်တိုင်လည်း ဆန္ဒရှိခဲ့တာ မဟုတ်လား ... မိုး ငါကြိုးစားတော့မယ်၊ ရန်နဲ့စင်တို့ လက်ထပ်ကြတော့မယ်"

ပန်းစည်းလေးအား မိုးထက်မြင့် အသက်သုံးဆယ်ဆိုတဲ့ အုတ်ဂူလေးပေါ်တင်လိုက်သည်။ ရန်ရင်ထဲမှာ နာကျင်ခဲ့ရ၏။ ကံကြမ္မာတွေရဲ့ ရက်စက်မှုတွေနှင့်အတူ ညီအစ်ကို အရင်းတွေက ရန်သူတွေလို နှစ်ပေါင်းများစွာ နေထိုင်လာခဲ့ကြရသည်။

"ရန်နဲ့စင်တို့ လက်ထပ်မှာကို မိုးခွင့်ပြုပါကွာနော် ... "

သူ့အနောက်မှ ခြေသံကြောင့် သူလှည့်ကြည့်လိုက်တော့ ပန်းစည်းလေးကိုင်ပြီး စင်က ရပ်နေသည်။

"ဟင် ... မင်း ... စင် ... အဲ ... ဖြူဖြူစင်စင် မတွေ့ဖြစ်





ကြတာတောင် ငါးနှစ်လောက်ရှိပြီနော်၊ မိုးဆီကို လာတာလား"

ဖြူဖြူစင်စင်က မပြုံးမရယ်ပေ။ သူ့ကို ငေးကြောင်ကြောင်လေး ကြည့်နေသည်။

မင်း ... တကယ်ပဲ ရင့်ကျက်ပြီး ချောလာတယ်။ တည်တည်ငြိမ်ငြိမ်လေးနှင့် ပန်းစည်းကို မိုးအုတ်ဂူပေါ် တင်လိုက်၏။ ရန် ဘာဆက်လုပ်ရမှန်းပင် မသိတော့။ အတိတ်က မာနတွေ တစ်ခွဲသားနှင့် သူ့ကိုတွေ့တာနှင့် ရန်လိုနေတတ်တဲ့ကောင်မလေး ဖြူဖြူစင်စင်ကို တမ်းတ သတိရမိလာသည်။

"ကိုယ် ပြန်ရောက်လာတာ သုံးရက်လောက်ရှိနေပြီ ဖြူဖြူစင်စင် ... ဘယ်သူ့ကိုမှ အသိမပေးဘဲ ကိုယ်တစ်ယောက်ထဲ တိုးတိုးတိတ်တိတ် ပြန်လာခဲ့တယ်လေ"

ရန် အရင်အတိုင်းပဲလား။ စင်ကို ကြောက်ရွံ့နေဆဲပင်။ သိသားပဲ ... သူ့ကို နွေးနွေးထွေးထွေးနဲ့ စင်က မကြိုဆိုမှာစိုးလို့ မဟုတ်လား။

သူရောက်လာတာကို စင်လည်း မသိပေ။ မေမေက ရန်နဲ့ လက်ထပ်ပွဲ မောင်မိုးထက်မြင့်ရဲ့ဆန္ဒတွေအတိုင်း လူကြီးတွေ ကျွန်းမာရေးကောင်းတုန်း စီစဉ်ရလိမ့်မယ်ပြော၍ စင်လည်း လက်ခံရတော့မယ့် အနေအထားဖြစ်လာ၍ ကိုကို့ထံ ခွင့်ပန်ဖို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

"ဟွန်း ... သူကတောင် အရင်ပြောထားပြီးနေပြီ"

စင်လည်း ခုထိပင် ရန်မခနှင့်ရင်ဆိုင်ဖို့ အတော်လေး ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားနေရသည်။ အဆင်သင့် မဖြစ်သေးပါဘူး။ စင် ပန်းစည်းလေးကို အုတ်ဂူလေးပေါ်တင်ပြီး စိတ်ထဲကပဲ ခွင့်တောင်းမိနေ၏။ ပြီးတော့မှ ရန်နှင့်မျက်နှာချင်းဆိုင်လိုက်သည်။

"ဖြူဖြူစင်စင် ... နေကောင်းတယ်နော်၊ တကယ်တော့ မင်းက ကိုယ့်ရဲ့မရိုးလောင်းပါ ... ကိုယ် ရိုရိုသေသေ လေးလေးစားစား ဆက်ဆံရမယ်ထင်ပါတယ်"

စိတ်ထဲကမပါတာတွေ ရှင်ပြောနေတာ မဟုတ်လား ရန်မခဒါမှမဟုတ် အရင်လိုပဲ စင်ကိုနောက်ပြောင်နေတာလား။ ရန်မခလည်း တည်ငြိမ်ရင့်ကျက်မှုတွေ ဖြစ်လာသည်။

"ကိုယ်ပြောခဲ့တဲ့စကားတွေကို ဖြူဖြူစင်စင် ကြားလိုက်တယ် မဟုတ်လား ... ကိုယ့်ရင်ထဲက စကားတွေပါ ... မိုးသိစေချင်လို့လေ ... ဒါပေမဲ့ ... ဖြူဖြူစင်စင်ကတော့ ငြင်းပယ်နိုင်ပါတယ်၊ လူကြီးတွေရဲ့ဆန္ဒက ဆန္ဒပဲ ... မင်းဆန္ဒမပါဘဲတော့ ကိုယ်လက်မခံနိုင်ပါဘူး ... မင်းဘဝတစ်လျှောက်လုံး ပျော်ရွှင်ရယ်မောနေတာပဲ ကိုယ်အမြင်ချင်ဆုံးပါ"

သူ့မျက်ဝန်းတွေထဲမှာ ကြေကွဲဝမ်းနည်းရိပ်တွေ အပြည့်ဖုံးလွှမ်းနေသည်။ မျက်ရည်တွေတောင် ဝဲနေလားပဲ။ စင်ကို ချစ်နေဆဲပဲဆိုတာ စင်သိလိုက်ရ၏။

စင်က မိန်းကလေးပဲ။ တကယ်ဆို ရန့်ဘက်က အရင်ကလို ဇွတ်တရွတ်ကြီး တောင်းဆိုသင့်တာပဲ မဟုတ်လားလို့။

စင် ရယ်လည်းရယ်ချင်မိသွားရသည်။

ဗိုးလပြည့်စာပေ



"သွားတော့မယ် ... နောက်မှအဖြေပေးပါ့မယ် ... ဒါပဲနော်"

"စင် ... အဲ ... ဖြူဖြူစင်စင် ... မင်းအဖြေကို ကိုယ်စောင့်နေပါ့မယ် ... အချိန်ပေးနိုင်ပါတယ်၊ အမြန်ကြီးလည်း မဆုံးဖြတ်ပါနဲ့၊ လူကြီးတွေဆန္ဒလည်း ဆန္ဒပေါ့ ... မင်းနှလုံးသားထဲက အချစ်တွေနဲ့ ဆုံးဖြတ်စေချင်တာပါ၊ အတိတ်က အဖြစ်အပျက်တွေ မေ့ပျောက်ပြီး ကိုယ်က ဘဝသစ်ကိုပဲ မျှော်လင့်တောင်းတမိတာပါ"

"စင်ကလဲ အချစ်မပါဘဲနဲ့ မဆုံးဖြတ်ပါဘူးရန် ... အသက်အရွယ်တွေ ရလာကြပြီပဲ"

စင်က ပြောပြီးသည်နှင့် ကားလေးဆီ လျှောက်သွားကာ သူ့ကိုလှည့်မကြည့်တော့ဘဲ မောင်းထွက်သွားသည်။

ရန်စိတ်တွေ အဆိုင်းအဆမရှိအောင် လှုပ်ခတ်နေရ၏။ စင် ဘယ်လိုဆုံးဖြတ်မလဲ။ ရန်ကလဲ ရန်ပဲ ... အရင်ကလို စင်အား အတင်းအကြပ်တောင်းဆို ရမယ့်ကိစ္စ စင်ဘက်က ငြင်းပြစ်လိုက်ရင်ဒုက္ခ။

"စင်ဘက်ကသာ လက်မခံနိုင်ပါဘူး ... ကျွန်မ လုံးဝမချစ်နိုင်ပါဘူးလို့ ငြင်းပစ်လိုက်ရင်တော့ ကိုယ်ရူးသွပ်သွားနိုင်တယ် စင်ရယ် ..."

ရန်လည်း မိုးအုတ်ဂူလေးအား နှုတ်ဆက်ကျောခိုင်း၍ သူ့ကားလေးပေါ်တက်ပြီး မောင်းထွက်လာခဲ့သည်။

သူ့စိတ်တွေ တော်တော်လေး လှုပ်ရှားနေရ၏။ ဘယ်သို့မှ နေလို့မရသဖြင့် လူနာတွေကို သွားကြည့်ပေးနေတာပဲကောင်း

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ မင်းလွင်ကိုလည်း ရင်ဖွင့်ချင်၍ ညနေစောင်းသည်နှင့် ဆေးခန်းလေးဆီ ထွက်လာခဲ့သည်။

"မင်းလာတာနဲ့အတော်ပဲ ရန်ရေ ... ဒီည လူနာတွေများတယ် ... နည်းနည်းပါးပါးတော့ မင်းလည်းဆေးကုတတ်ပါတယ်၊ ဝိုင်းကူပါဦးကွာ ... "

"အိုကေ ... ကူညီမယ်"

တော်တော်လေး ညဥ့်နက်သွားမှ လူနာတွေ ရှင်းသွားသည်။

မင်းလွင်က ဆေးခန်းပိတ်ပြီး ကလပ်တစ်ခုခုကိုသွားဖို့ပြောနေ၏။ သူလည်း စိတ်ညစ်နေတာနှင့် အတော်ပဲ။

ဆေးခန်းပိတ်ကာနီးမှ လူနာရောက်လာတယ်ထင်သည်။ အပြင်မှ အစောင့်ကောင်မလေးက ဝင်သွားပါဆိုတဲ့ အသံကြားလိုက်ရ၍ မင်းလွင်နှင့်ရန် အပြင်မထွက်သေးဘဲ ဆက်ထိုင်နေရသည်။

"အား ... ကျွတ် ... ကျွတ် ... ကျွန်မ ဗိုက်တွေအရမ်းအောင့်နေလို့ ... အမလေး ... အား ... "

"ဟင် ... စင် ... ဖြူဖြူစင်စင် ... "

မထင်မှတ်ဘဲနှင့်ဆေးခန်းလေးထဲဝင်လာသူက ဖြူဖြူစင်စင် ဖြစ်နေသည်။

"ဒီလူနာလောက်တော့ မင်းကုပေးနိုင်တယ်ရန် ... မင်းပဲ စမ်းသပ်ပြီး ဆေးကုပေးတော့ ... "





မင်းလွင်က ရယ်မောပြောဆိုရင်း အပြင်သို့ထွက်သွားပြီ။ ဆေးခန်းအကူ ကောင်မလေးကိုလည်း ပြန်ဖို့ပြောလိုက်သလို သူလည်း နောက်ကျနေပြီရန်ရေ ပြန်နှင့်ပြီဟု အော်ပြော၍ ထွက်သွားသည်။

"ဘယ်လိုလဲ ဆရာဝန်ကြီး ... နာမည်က ဒေါက်တာရမ်းကု ဗိုက်အောင့်တာလေးတော့ ကုနိုင်ပါတယ်နော်"

"ရတာပေါ့ ဖြူဖြူစင်စင်ရာ ... ဗိုက်အောင့်တယ်ဆိုတော့ လူနာခုတင်ပေါ်တက် ... မင်းဗိုက်သားလေးကိုလှန် ... ကိုယ်စမ်းသပ်ကြည့်ရမယ်လေ ... ကဲ ... လှန်လိုက် ... "

"လူလိမ် ... "

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရယ်မောပစ်လိုက်ကြသည်။ ရန်ကတော့ ဒီတစ်ခါ နောက်ကျလို့ မဖြစ်ဘူး လက်သွက်မှဟုတွေးကာ ဖြူဖြူစင်စင်ရဲ့ခန္ဓာကိုယ်လေးအား သူ့လက်တွေနှင့်ဆွဲယူပွေ့ဖက်ပြစ်လိုက်သည်။

"ဟင် ... ဒေါက်တာရမ်းကုကြီး ဘာလုပ်တာလဲ ... လူနာနော်"

"ဘာပဲဖြစ်ဖြစ်ကွာ ... ဒီတစ်ခါတော့ ကိုယ်လက်နှေးလို့ မဖြစ်တော့ဘူး ... အချိန်တွေလည်း တစ်နာရီ တစ်စက္ကန့်တောင် မစောင့်ဆိုင်းချင်တော့ဘူး ... စင်နှလုံးသားထဲက အဖြေကိုသိပြီပဲ၊ စင်ကိုချစ်တယ် ... "

ဆေးခန်းလေးထဲမှာ သူတို့ချစ်သူနှစ်ယောက်ပဲ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင် ရပ်ကွက်ထဲကလူတွေလည်း တိတ်ဆိတ်ငြိမ်သက်စ ပြုနေပြီ။

ချစ်ရတဲ့ ဖြူဖြူစင်စင်ကို ရန်မခ ကြားလေသွေးရင့်တောင် ဝေးမှာကြောက်သည့်အလား တင်းတင်းကြပ်ကြပ် ပွေ့ဖက်လိုက် ပြီး အနမ်းမိုးလေးတွေ ရွာရင်း ...။

ရှင်မြတ်နိုး

BURMESE CLASSIC .com

www.burmeseclassic.com